www.burmeseclassic.com

သစ်စာပေ

# မောင်ညိုမှိုင်း(သန်လျင်)

# ကိုကြီးကျော် ပလီလွှန်းတယ်တဲ့

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ

BURMESE CLASSIC .com



မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဇေယျမင်းသျှင်၊
မြမင်းသခင်၊ ကျော်မင်းနိုင်၊ မောင်မြင့်မား (ဘိုကလေး)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၅၁၁၂၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၁၂၀၂၁၁

စီစဉ်သူ ။ ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၁၁၊ဖေဖော်ဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

**ပုံနှိပ်သူ**

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

ရ၉၅ • ၈၃
ကလောင်စုံ
မောင်ညိုမှိုင်း(သန့်လျင်)စီစဉ်သောကိုကြီးကျော်ပလီလွှန်းတယ်အပါအဝင် ဂန္ထဝင်ဝတ္ထုတိုများ/ ကလောင်စုံ –ရန်ကုန်၊ စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၃၁–စ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) မောင်ညိုမှိုင်း(သန့်လျင်)စီစဉ်သောကိုကြီးကျော်ပလီလွှန်းတယ်အပါအဝင် ဂန္ထဝင်ဝတ္ထုတိုများ

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ကိုကြီးကျော် ပလီလွှန်းတယ်...တဲ့<br>*မောင်ညိုမှိုင်း (သန့်လျင်)* | ၁ |
| ၂။ | ဗိုလ်တဲစောင့်တစ္ဆေမကြီးက ပေးသောအမွေ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၃ |
| ၃။ | ငါး × ငါးလီ = တစ်ဆယ့်ငါး<br>*ဇေယျမင်းသျှင်* | ၈၅ |
| ၄။ | နစ်မြှာမင်းသမီးလေးနှင့် ဆန်းကြယ်ကြမ္မာ<br>*မြေမင်းသခင်* | ၁၄၀ |
| ၅။ | လူနောက်လိုက်တဲ့ အပုပ်ကောင်<br>*ကျော်မင်းနိုင်* | ၁၈၂ |
| ၆။ | ထူးဆန်းသော မော်တော်ကား<br>*မောင်မြင့်မား (ဘိုကလေး)* | ၂၂၀ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

တစ်နေ့သောအခါ ကျွန်ုပ်တို့ငါးကြင်းအိုင်ရွာကြီးရှိရာသို့ ထူးခြားသော လူကြီးနှစ်ဦးတို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာလေ၏။

တစ်ဦးသောလူကြီးသည် နတ်ချင်းတစ်ပုဒ်ကို အော်ကြီးဟစ်ကျယ်ဆို၍ ကကြိုးနှင့် ဝင်လာလေ၏။

"ရွှေဖျဉ်းညီနောင် ××× ဓောင်တော်စီးပါလို့ ××× ရေလှိုင်းတွေက တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး ×××

နတ်နန်းရယ် ××× သာလှတယ် ××× ရွှေနန်းရယ် ××× သာလှတယ် ××× ဆီးကြိုပါ ××× ညီမများရယ် ××× ဆီးကြိုပါ ×× ညီတော်များရယ် ××× ယီးလေးလေး ××× ယီးလေးလေး ××× လေးယီးလေး ××× ယီးလေးယို ×××"





လူကြီးက စိတ်မနှံ့သူအရူးကဲ့သို့ ရှိနေ၏။ မျက်နှာက ရေး ထောင့်စပ်စပ်ဖြစ်ပြီး ဆံပင်ရှည်ဖွာလံကျဲများက သူ့နောက်ပခုံးပေါ်မှာ ဝဲကျကောက်နေ၏။

အဖြူနှင့်အနက်ရောနေသော နှုတ်ခမ်းမွေးစုတ်ဖွားဖွား ဂုတ်တုပ်များမှာ ကွမ်းတံတွေးများ ညစ်ပေကျံနေ၏။

အညာဖျင်ကြမ်းတိုက်ပုံ ချေးစော်နံကြီးကို ရင်ဘတ်ဖွင့်၍ ဝတ်ထားရကား ရင်ဘတ်ပေါ်မှ အင်းစမကွက်များကို လှတိုင်း အထင်းသား မြင်နေရ၏။

ပခုံးပေါ်မှာ လွယ်အိတ်ညိုဖောင်းဖောင်းကြီး လွယ်ထားလိုက်သေး၏။ အဆင်အကွက်မရှိ မဖေါ်တော့သော ပုဆိုးအောက်နားကွဲကို ဒူးပေါ်ပေါင်ပေါ်ဝတ်ထားရကား ခုန်၍များ က,လိုက်လျှင် လှုမြင်လို့ မကောင်း။

ပထမ သူသည် ရွာတော်ရှင် နတ်ကွန်းညောင်ပင်အောက်မှာ က၏။ ပြီးနောက် ရွာတော်ရှင်နတ်ကွန်းကို သုံးလေးပတ်လှည့်၍ သီချင်းဆိုပြီး ကပြန်၏။ သည့်နောက် ရွာတန်းရှည်ကြီးရဲ့ ဗဟိုလမ်းမကြီး အတိုင်း ဝင်လာခဲ့၏။

"သောက်တော်ဖူးရယ်နဲ့ ××× အိုမကျွာ ××× မင်းကျော်စွာရယ်မို့ ××× မကျော်လား ဟား ဟား ××× ဝေးရာကရှား ×××"

သူက ဝေးရာကရှားဟု ဆိုသော်လည်း ငါးကြင်းအိုင်ရွာ ခွေးအကောင်သုံးလေးဆယ်တို့သည် ဖြူတစ်ဗျင်းတောင်းနှင့် အရူးပုံပေါက်နေသော လူစိမ်းအဘိုးကြီးကို မြင်ကြသော် စားမတတ် ဝါးမတတ် ဝိုင်းကြ ဟောင်ကြ ဆွဲမလို လုပ်လေ၏။

ခွေးသံနှင့် သီချင်းသံကား သူလွှမ်းလိုက် ကိုယ်ယိမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ရွာလယ်မှာ ဆုံညည်နေ၍ ရွာလူ ကလေး လူကြီး မိန်းမများ ဘာဖြစ်လို့ပါလိမ့်ဟု ပြေးထွက်ကြည့်ကြကုန်၏။

အရူးလိုလို လူကြီးကိုမြင်သော ခွေးအုပ်မှ သေမှာစိုးပြီး ဝိုင်း၍ ခြောက်လှန့်မောင်းနှင်ကြသော်လည်း ...

ခွေးအုပ်ကြီးသည် အရူးလူကြီး မျက်နှာစိမ်းဒေါ်အသားကို မွဲတော်တည်ချင်လို့ထင့် မောင်းနှင်လွှတ်သော် နောက်သို့ရှုံ၏။ ရှုံပြီး ပြန်ဝိုင်းကြပြန်၏။ အချို့ခွေးများက လူကြီးကို ပြေးဟပ်၏။

လူကြီး ပုဆိုးစပြေသွား၏။

"အဘိုးကြီး ခွေးကိုက်လို့ သေလိမ့်မယ်"

"ဘယ်က အရူးလည်း မသိပါဘူးကွာ"

"မောင်းကြပါဟဲ့"

"မောင်းလို့ခြောက်လို့မှ မရဘဲဗျ"

ခွေးအုပ်က ဘယ်လိုဝိုင်းဝိုင်း လူများက ဘယ်လိုပြောပြော အရူးလိုလူကြီးကား လုံးဝဂရုမစိုက်။ သီချင်းကို ဆက်၍ဟစ်လေ၏။

"ညနေ ××× ညနေ ××× စည်တယ်လေ ××× စည်တယ်လေ ××× ကူနီကြော့ နတ်ကွန်း ×××

ကိုကြီးကျော် ××× ပလီလွန်းတယ် ×××

မောင်မောင်ကျော် ××× ပလီလွန်းသတဲ့ဗျာ ×××

ဖေဖေကျော် ××× ပလီလွန်းတယ်လို့ ဆိုချင်ကြပါရဲ့

ဆေးဆိုက်တဲ့ ကျွန်း ××× ဟွန်း ××× ဆေး ××× စိုက် ×× တဲ့ ××× ကျွန်း ××× ဟွန်း ××× ဟွန်း ××× ကျွန်း ××× ဟုတ်လေဗျို့"

သည့်နောက် ကွေးနေအောင်က၏။

---





ကိုကြီးကျော် နတ်ဝင်သလိုမျိုး ကလေ၏။

ခွေးအုပ်ကြီးသည် သူ့ကို ဝိုင်းတား၏။ ဝင်ဆွဲ၏။ ဆွဲသော်ရွာသူရွာသားများ ကလေးများ လန့်၍အော်ကြ၏။

သို့သော် ... အရူးလိုလူကြီးရဲ့ ခြေသလုံးသားပေါင်သားကို ဆိုက်မိ၊ ပုဆိုးကိုသာ ကိုက်မိကြလေ၏။

ဒီမှာ အရူးလိုလူကြီးက ခွေးများဘက်သို့လှည့်၍ ကပြန်လေ၏။ ခွေးများက သူ့ကိုကြည့်ပြီး ဟောင်ကြလေ၏။ သည့်နောက် မြေကြီးကို ဖနောင့်နှင့်တစ်ချက်ပေါက်ပြီး ခွေးများနောက်သို့ ပြေးလိုက်သောအခါ ဆိုးဝါးသောင်းကျန်းလှသော ခွေးအုပ်ကြီးသည် ကြောက်လန့်တကြားအော်၍ အိမ်အောက်အသီးသီးသို့ ပြေးဝင်ပုန်းပြီး အမြီးကုပ်ကာ မတိုးမကျယ် ဟောင်နေကြသည်ကို ကျွန်ုပ်တို့ ရွာသူရွာသားများ မြင်ကြရ၏။

"တယ်ဟုတ်တဲ့ ... အရူးကြီးပါကလား"

ဟု မှတ်ထင်လိုက်ကြလေသည်။

ဒီမှာ အရူးလိုလူကြီးက ဦးရာအိမ်ရှေ့ အပေါက်ဝမှာ ရပ်လိုက်ပြီး ...

"ဟေ့ ... အိမ်ရှင်တို့ ..."

"ဗျို့ ... အိမ်ကြီးရှင်တို့"

"ဘာတုံး ... ဘာတုံး ..."

"ထမင်းလေး ဟင်းလေးများကျန်ရင် ကြက်သားနဲ့ တစ်ပန်းကန်ကျွေးကြပါဟ"

"တော့်ကို ကြက်သားနဲ့ ကျွေးဖို့နေနေသာ ကျုပ်တို့တောင်ချဉ်ရည်ဟင်း အရည်ကျဲပဲ စားနေရတာ။ သွား ... သွား ..."

---



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း ချဉ်ရည်ဟင်းနဲ့ပဲ ထည့်ဟာ။ တစ်ပန်းကန် မောက်မောက်ပေါ့ဟာ နော်"

"ကြီးကျယ်လိုက်တဲ့ အရူးသူတောင်းစားတော်။ သွား ... သွား ... မရှိဘူး"

"မရှိလည်းနေဟာ။ ရှိတဲ့အိမ် တောင်းမယ်ဟေ့ ...

ရွှေဖျဉ်းညီနောင် ××× ဖောင်တော်စီးပါလို့ ×××"

ဒီလိုနှင့် ...

အရူးလိုလူကြီးသည် သူဝင်တောင်းချင်သည့်အိမ်ကို ဝင်၍ တောင်းလေ၏။

တောင်းပုံ မယဉ်ကျေး၍ ...

တောင်းပုံ အထက်စီးဆန်လွန်း၍ ...

ဘယ်သူကမှ တစ်ဖွန်းတစ်ဆုပ် မပေးကမ်းခဲ့ကြ။ အားလုံးက အော်ဟစ်နှင်ထုတ်ကြလေ၏။

✿ ✿ ✿

| ၂ |

❑

ဒီလိုနှင့် တစ်လမ်းဝင် တစ်လမ်းထွက် တစ်အိမ်ဝင် တစ်အိမ်ထွက် တောင်းရင်းက ငွေတိုးချေးစားသည့် ဦးဘိုးခြိုတို့ အိမ်ကြီးရှေ့သို့ ရောက်သွားလေ၏။

ထိုအချိန်က သူဌေးဦးဘိုးခြိုသည် အိမ်ရှေ့မှာ ဓမ္မပဒစာအုပ်ကို ဖတ်နေချိန်ဖြစ်၏။

"ဟေ့ ... သူဌေး"

သူဌေးဟုခေါ်သံကြား၍ ခေါင်းမော့ကြည့်လိုက်တော့ ခြံဝမှာ အရူးလို လူကြီးတစ်ဦးကို မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူဌေး ... နေကောင်းလားကွ"

"ဘာ ... ဘယ်လို ပြောလိုက်တယ်"

"နေကောင်းလားလို့ မေးတာပါကွ၊ ကောင်းရင် ကောင်းတယ် မကောင်းရင် မကောင်းဘူးပြောပေါ့ကွ"

သူဌေးဦးဘိုးချိုသည် ရွာနီးဝန်းကျင်ကပါ လေးစားရသည့်သူ ဖြစ်၏။ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများ၊ ငါးလုပ်ငန်းလုပ်သူများ သည် ငွေတိုးနှင့်မကင်းကြ။ ခြံဝသို့ရောက်လျှင် အိမ်ပေါ်သို့ရောက်လျှင် ရှိရှိသေသေ ကျိုးကျိုးယို့ယို့ ဆက်ဆံရ၏။

ခုကြည့်စမ်း ...။

ဘယ်ကမှန်းမသိရသည့် အရူးက သူလို ရွာသူဌေးမျက်နှာဖုံး တစ်ဦးကို မခန့်လေးစား လာပြောနေသောအခါ ဒေါသထောင်းခနဲ ဖြစ် သွားပါ၏။

သို့နှင့် မွေ့ပဒတာအုပ်ကို ချလိုက်ပြီး ...

"ဟေ့ ... အရူး၊ မင်း ဘာကောင်လဲ"

"အရူးပါဆို ... အရူးပေါ့ကွ ... သူဌေးရ"

"သွား ... မင်းအခု ငါ့ခြံရှေ့ကနေ ထွက်သွား"

"သွားမှာပါ သူဌေးရာ ... ဒီမှာကွ ... ထမင်းလေး ဟင်း လေးများ မရှိဘူးလားကွ ဟင်း။ ရှိသေးရင် ဝက်သားဟင်း လေးငါး ခြောက်တုံးနဲ့ တစ်ပန်းကန်လောက် ကျွေးပါလားကွာ ဟင် ... ဟင်"

"တောက် ... သောက်ရူးကများ ကြီးကျယ်လို့ကွာ။ ဟေ့ မြရှိန် ... မြရှိန် ..."

"ရှာ ... ဦးလေး ... ဘာဖြစ်လို့လဲ"

ဒီမှာ သူဌေးရဲ့မွေးစားသား မြရှိန်ဆိုသူသည် အပြေးရောက်





ခဲ့လာ၏။

"မြရှိန် ... ဟိုခြံဝက အရူးကို မောင်းထုတ်လိုက်စမ်း"

သည့်တွင် မြရှိန်က အရူးလို လူကြီးရှိရာသို့ လှမ်းလာခဲ့လိုက် ပြီး ...

"အရူးကြီး ..."

"ဟေ ..."

"သွားတော့ ..."

"ထမင်းလေး နှစ်ပန်းကန်လောက်"

"သွား ... တော့ ..."

"ဆာလွန်းလို့ပါကွာ ... ငါ့တူရာ"

"ဟာ ... သွားဟာ"

မြရှိန် အရူးလိုလူကြီးရဲ့ ရင်ဘတ်ကို တွန်းပစ်လိုက်ရာ အရူး လို လူကြီး ချာလည်၍ လဲကျသွားခဲ့၏။ သည့်နောက် မြရှိန်က ခြံတံခါး ကို ဆောင့်ပိတ်လိုက်သည်။

ဒီမှာ အရူးလိုလူကြီးက ဖုတ်ဖက်ခါ၍ ထလိုက်ရင်း ...

"သာဓုဗျာ ... သာဓု ... သာဓု ... ဟေ့ ... သူဌေး"

သူသည် သာဓုကို ကျယ်ကျယ်ခေါ်ရင်းက လျှာထပ်ရှည်ပြန် ၏။

"ဟေ့ ... သူဌေးရ ... မောင်ပေါက်ကျိုင်းစကားပုံတစ်ခု ရှိသကွ။ သွားပါများ ခရီးရောက်၊ မေးပါများ စကားရ၊ မအိပ်မနေ အသက်ရှည်သတဲ့ကွ။ ငါ့မှာ သွားပါများ ခရီးရောက်ပါရဲ့၊ မေးပါများ ဘာမှမပြောကြ၊ တောင်းပါများလည်း ခွေးဆွဲခံရသကွ။ မှတ်ထားကွာ အိပ်မနေ အသက်ရှည်သကွ။ ဟော့ကောင် ... သူဌေး မအိပ်မနေ



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်သကွ။ ကြားလား ... သွားပဟေ့”

အရူးလိုလို တိုက်ပုံရင်ကွဲနှင့် လူကြီးသည် ခြံတံခါးအပြင်ဘက်မှနေ၍ ပြောချင်ရာစကားများကို ပြေဆိုပြီးသောအခါ ...

“ကိုကြီးကျော် ပလီလွန်းတယ် ×××
မောင်မောင်ကျော် ပလီလွန်းတယ် ×××
ဟောဒီက ဖေကြီးကျော် ပလီလွန်းတယ်တဲ့ ××× ဟဲ့
ဆေးစိုက်တဲ့ ××× ကျွန်း ××× ဟွန်း ××× ဟွန်း ×××”

✿ ✿ ✿

[ ၃ ]

နောက်ဆုံး သူသည် ကျွန်ုပ်တို့အိမ်ရှေ့သို့ ရောက်ရှိလာခဲ့လေ၏။ ထိုအချိန်က ကျွန်ုပ်၏အမေသည် အိမ်တွင်းအုန်း အသစ်လဲရန်အတွက် အိမ်ရှေ့မှာ ပြင်ဆင်နေချိန်ဖြစ်၏။

အိမ်ပေါ်မှာလည်း ညွှန့်သည်မိန်းမကြီးနှစ်ဦးလည်း ရောက်နေ၏။

“ဟဲ့ ... သမီးတော်ကြီး၊ နတ်ကတော်မယ်နု ရှိလားဟေ့”

အရူးလိုလို လူကြီးက ခြံဝမှာရပ်ပြီး ကျွန်ုပ်၏အမေအမည်ကို မေးလိုက်၏။ နတ်ကတော်မယ်နုရှိလားဟု အော်မေးလိုက်၍ အမေရော ကျွန်ုပ်ရော ညွှန့်သည်များပါ လှည့်ကြည့်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏အမေသည် အမှန်ပင် နတ်ကတော် တစ်ဦးဖြစ်ပါ လေ၏။ အမေသည် ရွာတော်ရှင်နတ်ကနားကို တစ်နှစ်လျှင် တစ်ကြိမ် နတ်တော်လရောက်တိုင်း ကျင်းပသည်။ ဦးဆောင်၏။

ယုံကြည်ကိုးစားသူများရှိလျှင် နတ်ဗေဒင်ဟော (၃၇) မင်း ရှိရာပသသူများရဲ့ အကျိုးကို လိုအပ်သလို ကူညီဆောင်ရွက်ပေး၏။

"ဟဲ့ ... နတ်ကတော် မယ်နု"

အမေသည် ခြံဝမှ ပြုတ်စဖျင်းတောင်းနှင့် အရှုးလိုလိုလူကြီး ကို ကြည့်ပြီး ရယ်၍ပြောလိုက်၏။

"အဘ ... ဘာကိစ္စရှိလို့လဲ"

"ငါ ထမင်းဆာလို့ဟ။ ဘာဟင်းနဲ့ရှိရှိ ကျွေးစမ်းပါဟာ"

အမေသည် အရူးလိုလိုလူကြီးကို အတန်ကြာ အကဲခတ်နေ လိုက်သည်။

"အဘ ..."

"ဟေ ..."

"ထမင်းတော့ ကျန်ပါသေးရဲ့ရှင်။ ဟင်းက ငါးပိရေပဲရှိတယ် ရှင့်"

"အိမ်း ... ငါးပိရေရှိရင် ကြက်သွန်ဖြူကို တို့စရာလုပ်ပြီး စားရင် မြိန်တာပေါ့ဟ။ ကျွေးစမ်းပါ ... နန်းမတော်မယ်နုရ"

ကျွန်ုပ်အမေ နတ်ကတော် ဒေါ်မယ်နုသည် သူ့အား အရူးလို လူကြီးက (နန်းမတော်မယ်နု) ဟု မြှောက်၍ပြောလိုက်သဖြင့် လွန်စွာ သဘောကျသွားပြီး ...

"ဝင်ခဲ့ပါ အဘ"

ဒီလို အိမ်ပေါ်ခေါ်လိုက်သောအခါ အရူးလိုလူကြီးသည် ခြေ





ဆေးမကျွံကြီးနှင့် အိမ်ပေါ်သို့ တက်လာလိုက်ပြီး ဘုရားစင်ရှေ့အောက် မှာ ဒူးထောက်တင်ပြီး အားရပါးရ ထိုင်ချလိုက်လေ၏။

"အမယ်လေး ..."

"ဟောတော့ ..."

"မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား"

သို့ကလို ဒူးထောက်တင်၍ ထိုင်ချလိုက်သောအခါ ဒူးပေါ်ပေါင် ပေါ် ပုဆိုးအကွဲကြားမှ ဖွားဖက်တော်ကြီး တွဲလောင်းကျနေသည်ကို ညီသည်မိန်းမကြီးနှစ်ဦးဖြစ်သော ဒေါ်ဒေါ်ဝင်းနှင့် မကြီးအုပ်တို့ မြင် လိုက်ရသော် လန့်၍ အော်လိုက်ကြလေ၏။

"ဟဲ့ ... ဟဲ့ ... ညည်းတို့ ဘာဖြစ်လို့ အော်ရတာတုံးလ ဟ"

အရှုးလို လူကြီးသည် သူ့ကိုကြည့်ပြီး လန့်အော်ကြသည့် ဒေါ်ဒေါ်ဝင်းနှင့် ဒေါ်ကြီးအုပ်တို့ကို ကြည့်၍မေးလိုက်၏။

"တော့ ... ဟာတော် ... လုံအောင် ထိုင်ပါဦးတော် ... အကတည်း"

"ဟေ ... ဘာဖြစ်လို့ ... ဟာ ... ဟုတ်သားလဟ။ အဟေ ဟာ ... ဟေ ..."

လူကြီးသည် သူ့ကိုယ်သူငုံ့ကြည့်ပြီး အဖြစ်မှန်ကို သိသွား သောအခါ အားရပါးရ ရယ်ပြီး ပုဆိုးကို လုံအောင်ပြင်၍ ထိုင်လိုက် လေ၏။

မိန်းမကြီးနှစ်ဦး စုတ်ပြတ်နံ့ဟောင်ပြီး အချိုးမကျသည့် လူ ကြီးကိုကြည့်ကာ ပါးစပ်မှ ပွစိပွစိလုပ်ရင်း တစ်ဖက်လှည့် ဆေးလိပ်ဖွာ နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘ ..."

"ဟော ... သမီးတော်ကြီး"

"ဟင်းမရှိတာ အားနာလိုက်တာ အဘရယ်။ ရော့ ... ရော့ စားနော် အားမနာနဲ့။ ထမင်းကတော့ အများကြီးပဲ"

"အိမ်း ... ရတယ်ဟ။ ပေး ... ပေး ..."

အရှုံးလိုလူကြီးသည် ကျွန်ုပ်မိခင်လှမ်းပေးသည့် ငစိန်ဆ ကြမ်းထမင်းနှင့် ငါးပိရည်ကို ကြက်သွန်ဖြူလေးများ တို့မြုပ်ပြီး အား ပါးရ တီးလေ၏။ မည်မျှလောက်များ ဆာနေသည်မသိ၊ ထမင်းလုံ များ ပုဆိုးပေါ် ဖိတ်စင်ကျကုန်၏။

စားရင်း နင်နေရာ အမေက သောက်ရေ အမြန်ပြေးခပ်ပြီး ပေးရ၏။

"ဝ,ပြီလား အဘ"

"ထည့်ပါဦးဟ"

အမေက နောက်တစ်ပန်းကန် ထည့်ပေး၏။ ကြက်သွန်ဖြူ ကိုက်လိုက် ငါးပိရေဆမ်းလိုက်နှင့် မြိန်ရှက်စွာ စားလေ၏။ မကြာခင် ကုန်သွား၏။

"ရှိသေးလား ... သမီးတော်ကြီး"

"ရှင် ..."

"ထမင်းရှိသေးလားဟ"

"ရှိသေးတယ် အဘ၊ ယူဦးမလား"

"ထည့်ပါဦးဟ"

အမေက ထပ်၍ တစ်ပန်းကန် ပေါက်ပေါက်ထည့်ပေးပြန် ၏။ ဒေါ်ဒေါင်းနှင့် ဒေါ်ကြီးအုပ်တို့နှစ်ဦးက မျက်စောင်းထိုးကြည့်ပြီး





...ညီခင်းကို ရှုကြ၏။

"ဘယ်ကမ္ဘာက ငတ်ကြီးကျလာလဲ သိပါဘူးတော်"

"သုံးပန်းကန် ရှိသွားပြီအေ့။ အလကားရရင် ပန်းကန်ပါ ...မယ့်ရုပ်ကြီး"

"အဘ ..."

"ဟော ..."

"စားလို့မြိန်ရဲ့လားရှင်"

"အလှူအိမ်များ စားရတဲ့အတိုင်းပဲ မြိန်လိုက်တာကွာ။ ဟို ...ညှိသည်နှစ်ဦးရော ... လာလေ ... စားကြပါဦးလားဟ"

လူကြီးက ပလုပ်ပလောင်းစားရင်းက ဒေါ်ဒေါင်းနှင့် ဒေါ်ကြီး ...ုပ်တက်သို့ လှည့်၍ ထမင်းစားခေါ်လိုက်သောအခါ ဒေါ်ကြီးနှစ်ဦး ... ချိုသာစွာ ပြန်ပြောလိုက်လေ၏။

"တော့ဘာသာ မျိုဆို ... အားမနာ လျှာမကျိုးတော်"

"အန်ထွက်ပြီး သေဦးမယ်"

"အဟတ် ... အဟတ် ... သမီးတော်ကြီး ... နန်းမတော် ...ယ်နဲ့"

"ရှင် ... အဘ ဝ,ပြီလားဟင်"

"ရှိသေးလားဟဲ့"

"ရှင် ..."

"ဘုရားရေ ..."

"မယ်နုတော့ မွဲလောက်တယ်ဟေ့"

ရှိသေးလားမေး၍ ကျွန်ုပ်တို့အားလုံး အံ့သြကုန်ကြ၏။ ...ပ် ...လေးပန်းကန်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်ကြီး ဘယ်လောက်ရှိတုံးဟ"

"နှစ်ပန်းကန်စာလောက် ရှိသေးတယ် အဘ"

"အေး ... အကုန်ထည့်ခဲ့ဟာ။ ချိုးပါခြစ်ယူခဲ့"

ဒီလိုလည်း ပြောလိုက်ရော ဒေါ်ဒေါင်းတို့ မိန်းမကြီးနှစ်ဦးသည် အရူးလိုလူကြီးကို ကြောက်လန့်တကြား လှမ်းကြည့်ပြီး "မွ .. မွ" ဟု လုပ်၍ နောက်နားသို့ ရွှေထိုင်ကာ ကိုးမြို့ရှင်ပုံတော်ကို လက်အုပ်ချီပြီး ပါးစပ်မှ ပတွတ်ပတွတ် ရွတ်ဆိုနေကြ၏။

ဒီမှာ ကျွန်ုပ်၏မိခင်သည် အိုးထဲရှိ ထမင်းများအားလုံးကို ချိုးပါမကျန် စုခြစ်ထည့်ပြီး အရူးလိုလူကြီးအား သဒ္ဒါကြီးစွာဖြင့် ကျွေးလေ၏။

လူကြီးကလည်း လုံးဝ အားနာခြင်းမရှိ။ အကုန်လုံးကို ပြောင်တလင်းခါအောင် စားပြီးနောက် ဖရက်ကိုအဝသောက်ကာ ပုဆိုးခါးပုံစနှင့် နှုတ်ခမ်းပါးနား ချွေးများကို သုတ်လေ၏။

"သမီးတော်ကြီး ..."

"ရှင် ... အဘ'

"အဘ သွားတော့မယ်ဟ"

"အဘ ... အဘနာမည် ဘယ်လိုခေါ်လဲဟင်"

"အဘကို အဘလို့ပဲ မှတ်ထား။ ငါ့သမီးက အဘကို လိုလိုလားလား သဒ္ဒါကြီးစွာ ထမင်းတစ်နပ် ကျွေးသည့်အတွက် ငါ့သမီးကြီးပွားချမ်းသာပါစေဗျာ။ သမီးတော်ကြီး ..."

"ရှင် ... အဘ"

"နတ်ဒေဝါများကိုလည်း ဖလိနတ်စာနဲ့ ကုသိုလ်ပြုတာလည်း ပြုပေါ့ကွယ်။ ရတနာသုံးပါးလည်း မမေ့နဲ့။ ကြားလား"





"ဟုတ်ကဲ့ ... အဘ"

"ယက်သဲကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား၊ ကျန်တဲ့ငါးမှ ဘုရားမ,မည့် ကယ်မည့်အချိန်ကွ။ ရတနာမြတ်သုံးပါး အနန္တောအနန္တငါးပါး မြဲကြ။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ပြုနိုင်သမျှ ပြုကြ။ အမွှေကို ရှောင်၊ ဓမ္မကို ဆောင်ကွယ့်။ ဒုစရိုက်ကို ပယ်၊ သုစရိုက်ကို ဝယ်ကွယ့်။ တစ်နေ့ အဘ ငါ့သမီးရဲ့ ထမင်းတစ်နပ်ကျေးဇူးကို ထိုက်ထိုက်တန်တန် ဆပ်ခဲ့မကွယ်။ သွားပြီဟေ့"

အရူးလို လူကြီးသည် သူ့အင်္ကျီရှပ်နှင့် လုံးဝဆန့်ကျင်သော သူတော်ကောင်းစကားများကို ပြောဆိုပြီးနောက် ဘုရားဓါတ်ဘက်သို့လှည့်၍ ဦးတိုက်ပြီး ကျွန်ုပ်တို့အိမ်ပေါ်မှ ပြေးဆင်းသွားလေ၏။

ခြံအပြင်သို့ ရောက်သောအခါ နှုတ်ချင်းတစ်ပုဒ်ကို အသံဝါကြီးနှင့် အော်ဟစ်သီဆိုပြီး ရွာလမ်းမကြီးအတိုင်း ပြေးထွက်သွားလေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

# ၄

မွန်းလွဲပိုင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့ရွာထဲသို့ ထူးဆန်းသော လူကြီးတစ်ဦး ရောက်ရှိ၍ လာပြန်၏။

လူကြီး၏ ပုံသဏ္ဌာန်ကား မနက်ကရောက်လာသည့် တိုက်ပုံအင်္ကျီရင်ကွဲ လူအရှုးကြီးနှင့် ဟန်ပန်အမူအရာ ကွာလှ၏။

လူပုံက ဖြူဖြူသန့်သန့် ခန့်ခန့်ဖြစ်၏။

ယောဂီရောင် အင်္ကျီလည်ကတုံးလက်ရှည်နှင့် ဖြစ်၏။ ပုဆိုးကလည်း ယောဂီရောင်ပုဆိုးပဲ ဖြစ်၏။

ဆံပင်ကား ခါးပေါ်သို့တိုင်အောင် ဖားလျားကျနေရကား မိန်းမတစ်ဦး၏ ဆံပင်နှင့်ပင် တူသေး၏။





နာတော်ပေါ်ပေါ်၊ မျက်လုံးဝိုင်းဝိုင်း၊ မေးရိုးသွယ်သွယ်နှင့် အသက်ကား လေးငါးဆယ်ဝန်းကျင်ခန့်ဟု မှန်းရ၏။ သူသည် ရှမ်းလွယ်အိတ်ကြီးကို လွယ်ထားပြီး ကြေးစည်လေးကို တနောင်နောင်ထု၍ ရွာထဲသို့ ဝင်လာလေ၏။

"နောင် ...ဝေ ...ဝေ ...ဝေ ...ဝေ ..."

"လောကပါလစောင့် နတ်ဒေဝတာများ ကျန်းမာချမ်းသာကြပါစေ"

"နောင် ...ဝေ ...ဝေ ...ဝေ ..."

"ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာကြပါစေ"

"နောင် ...ဝေ ...ဝေ ...ဝေ ..."

"သတ္တဝါတွေအားလုံး ကျန်းမာချမ်းသာကြပါစေ"

"နောင် ...ဝေ ...ဝေ ...ဝေ ..."

"သုံးဆယ့်တစ်ဘုံသားအားလုံး ကျန်းမာချမ်းသာကြပါစေ"

"နောင် ...ဝေ ...ဝေ ...ဝေ ..."

သူသည် သို့ကလို မေတ္တာပို့စကားများကို နှုတ်မှရေရွတ်၍ ကြေးစည်လေးကို တနောင်နောင်ထုလိုက်နှင့် ဝင်လာသောအခါ ထုံးစံအတိုင်း ရွာခွေးများသည် လူစိမ်းမျက်နှာစိမ်း ဝင်လာသည်မို့ ဝိုင်းအုံ၍ ဟောင်ကြသူကြလေ၏။

ကျွန်ုပ်တို့ ရွာသူရွာသားများကား ဒီနေ့တစ်နေ့လုံး လူထူးလူဆန်း မျက်နှာစိမ်းများ ဝင်လာ၍ လွန်စွာအံ့ဩနေကြ၏။ သို့ဖြစ်၍ ထွက်ကြည့်ကြ၏။ စူးစမ်းကြ၏။

ခွေးများကလည်း ဆံပင်ရှည်လူကြီးကို မြင်၍ စူးစူးဝါးဝါး ဟောင်၍ ဝိုင်းကြလေ၏။ ဒီမှာ ဦးဆံရှည်ကြီးက သူ့ကိုကိုက်ရန် ပြေး



www.burmeseclassic.com

www.burmeseclassic.com



လာပိုင်းအုံကြသည့် ရွာခွေးများကို လွယ်အိတ်ထဲမှ ဘိန်းမုန့်များနှိုက်၍ ကြဲပက်ကျွေးလိုက်လေ၏။

ခွေးများသည် သူတို့ရှေ့သို့ ဘိန်းမုန့်စားစရာများ ကျလာသောအခါ အလုအယက် စားသောက်ကြလေ၏။ စား၍ကုန်သော် ဦးဆံရှည်ကြီးကို မော့ကြည့်ကြ၏။

"နောင် ... ဝေ ... ဝေ ... ဝေ ..."

လူကြီးက ကြေးစည်လေးကို ထုပြန်၏။ ပြီး ခွေးများကို စိုက်ကြည့်၏။

"သတ္တဝါတွေအားလုံး ကျန်းမာချမ်းသာကြပါစေ"

"နောင် ... ဝေ ... ဝေ ... ဝေ ..."

သည့်နောက် ဘိန်းမုန့်နှင့် ပဲကြားကြော်များကို ချေဖွဲ့ပြီး ခွေးများရှိရာသို့ ကြဲပက်ကာ ရှေ့ကို ခရီးဆက်လေ၏။ ခွေးများကလည်း သူ့နောက်မှ တကောက်ကောက် လိုက်ကြပြန်သည်။

ဦးဆံရှည်ကြီးသည် တစ်လမ်းဝင်တစ်လမ်းထွက် ကြေးစည်တနောင်နောင်နှင့် မေတ္တာပို့များကို ရေရွတ်ရင်း ပါသမျှမုန့်များကို ခွေးတွေ့တိုင်းကျွေးရကား ခွေးများနှင့် မျက်နှာစိမ်း လူထူးဆန်းတစ်ဦးတို့သည် ရှေးရေစက်နှင့် ပေါင်းဟပ်သိကြသည့်အလား ...

နာရီပိုင်းအတွင်း မိတ်ဟောင်းကျွမ်းဟောင်းများကဲ့သို့ ဖြစ်သွားကြသည်ကို ထူးခြားစွာ ကျွန်ုပ်တို့ တွေ့မြင်လိုက်ရလေသည်။

ထို ဦးဆံရှည်ကြီးသည် တိုက်ပုံရင်ကွဲနှင့် လူရှူးကြီးကဲ့သို့ မည်သည့်အိမ်မှ ဝင်၍ စားစရာလည်းမတောင်း အလှူလည်းမခံခဲ့။

ကလေးသူငယ်များကိုတွေ့လျှင် မုန့်များဝေ၍ သွားခဲ့ရကား ဒီကနေ့ ကျွန်ုပ်တို့ ရွာကို လူထူးလူဆန်းနှစ်ဦး ရောက်လာပါသော်လည်း





သန့်ပန်ပုံစံ အသွင်သဏ္ဍာန် လွန်စွာ ကွဲပြားခြားနားနေသည်ကို သေသေချာချာကြည့်လျှင် တွေ့မြင်နိုင်လေသည်။

မကြာခင် ဆံပင်ရှည်နှင့် လူထူးဆန်းကြီး ရွာထဲမှ ထွက်သွားလေ၏။

သို့သော် နေဝင်ရီတရောမှာ သူပြန်ရောက်လာ၏။

ရောက်လာပုံကား ရိုးရိုးမဟုတ်။

တောင်းကြီးတစ်တောင်းကို ထမ်း၍ ရွာထဲသို့ ရောက်လာခြင်းဖြစ်၏။ သူသည် ရွာလယ်မှာ တောင်းကြီးကိုချပြီးနောက် ကြေးစည်လေးကို တနောင်နောင် ထုလေ၏။

ကြေးစည်သံလေးကြားပြီး ဦးဆံရှည်ကြီးကို မြင်ကြသောအခါ ရွာခွေးများသည် အုမြူး၍ အသီးသီး ထွက်လာကြလေသည်။

ဒီမှာပဲ ဦးဆံရှည်ကြီးက တောင်းထဲမှ ငှက်ပျောဖက်ရွက်နှင့် ထုပ်ထားသော အထုပ်ကြီးများဖြည်၍ မြေပြင်မှာ ချလိုက်၏။

ထမင်းနှင့် ဟင်းများ။

ဟင်းကား ပဲကုလားဟင်းဖြစ်၏။ ပဲကုလားဟင်းနှင့် ထမင်းများကို နယ်ထားသည်။

"ကိုင်း ... သားတို့သမီးတို့ စားကြဟဲ့"

"စား ... စား ... သတ္တဝါများ ကျန်းမာချမ်းသာကြပါစေဗျာ"

ခွေးများသည် ပဲကုလားဟင်းနှင့် နယ်ထားသော ထမင်းဟင်းများကို အလုအယက် စားကြ၏။ အချို့လုစားရင်း အချင်းချင်းကိုက်ကြ၏။

"ဟဲ့ ... ဟဲ့ ... ရန်မဖြစ်နဲ့၊ မလုနဲ့။ ကောင်းကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြစမ်း''

ခွေးများသည် သူ့အသံကြောင့် ငြိမ်သွားပြီး ကောင်းမွန်စွာ စားသောက်ကြလေ၏။ သည့်နောက် အခြားလမ်းများသို့ တောင်းကြီး ထမ်း၍ သွားပြန်၏။ ပြီး ထိုနည်းအတိုင်း ကျွေးလေ၏။

သူသည် တစ်ရွာလုံးကို ပတ်၍လှည့်၍ တောင်းအပြည့် ထမင်း ထုပ်များကို ကျွေးလေ၏။

ကျွန်ုပ်တို့ရွာမှ လူများသည် ထူးထူးဆန်းဆန်း ခွေးများကို လိုက်ထမင်းကျွေးနေသည့် လူထူးဆန်းကြီးကို တအံ့တသြရှိကြလေ၏။

သို့နှင့် ကျွန်ုပ်တို့ရွာက လူအချို့က မေးကြ၏။

"ဦးကြီး ... ဘယ်လိုကြောင့် ခွေးတွေကို ခုလိုကျွေးရတာလဲ ဗျ''

"ကုသိုလ်ပေါ့ ... မောင်တို့ရာ။ ဒီသတ္တဝါများသည် ရှေးဘဝ ကုသိုလ်ကံအဆိုးကြောင့် အပါယ်လေးဘုံသား တိရစ္ဆာန်ဘဝ ရောက်နေ ကြတာကို။ ဒီအထဲမှာ ကျုပ်တို့ရဲ့ ဘဝဟောင်းက အမျိုးအဆွေများ ပါချင်ပါမှာပေါ့လေ။ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ အဟိတ်တိရစ္ဆာန် များကို ဒါနကုသိုလ်ပြုရခြင်း အကျိုးမှာ ကျုပ်တို့သေလွန်ပြီးနောက် တစ်ဘဝကူးချိန်မှာ ကောင်းသောအကျိုးကျေးဇူးကို ခံစားရမှာပဲလို့ ယုံကြည်ပြီး ကုသိုလ်ပြုရတာပဲဗျာ''

"ဦးကြီးနာမည်ကရော ဘယ်လိုခေါ်သလဲဗျာ''

"ဦးကြီးနာမည်လား ဦးကြီးပဲ ခေါ်ကြပေါ့ကွာ''

"ဗျာ ... ဦးကြီး ဟုတ်လား။ ဒါနဲ့ ဦးကြီးနေတော့ရောဗျာ''

"ဘယ်အရပ်မှာရယ်လို့ မဟုတ်ပါဘူးကွာ။ စေတနာဓာတ် ကျရာအရပ်မှာ ငွေ့စငွေ့န စုဆောင်းမိရင် ခုလိုလှူရတာပါပဲ''





"နေပါဦး ... ဦးကြီးရဲ့ လှူတွေကျတော့ ဘာလို့မလှူရတာ တုံးဗျ''

"လူက မိဘရှိရင် သားသမီး အသင့်စားရတယ်။ မယားကို လင်က အသင့်ရှာကျွေးတယ်။ တိရစ္ဆာန်က ရှာကျွေးမယ့်သူ မရှိဘူး။ အရှင်သခင် အိမ်ရှင်ကောင်းမှ ဟင်းကျန် ထမင်းကျန်စားရတာကို။ ဒါကြောင့်ပါကွယ်''

"အင်း ... ဒါလည်း ကောင်းတာပဲဗျာ''

ဒီလိုနှင့် လူထူးဆန်းကြီး ဦးဆံရှည်သည် နောင်နှစ်ရက်ဆက် တိုက် ရွာခွေးများကို နေ့ဝင်မိုးချုပ်ရောက်သည်နှင့် ထမင်းများ လာကျွေး ခဲ့လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

တစ်ညသောအခါ ဖြစ်၏။

ရွာလယ်လမ်းမပေါ်မှ သီချင်းဆိုသံကို ကြားလိုက်ရလေ၏။

"ရွှေဖျဉ်းညီနောင် ××× မောင်တော်စီးပါလို့ ××× ရေလှိုင်းတွေက တဖွေးဖွေး ×××

နတ်နန်းရယ်သာလှတယ် ××× ရွှေနန်းရယ်သာလှတယ် ××

ဆီးကြိုပါ့နှမများရယ် ××× ဆီးကြိုပါ့မောင်တော်များရယ် ××

ယိမ်းလေလေ ×××ယိမ်းလော့လေး ××× လေလေလေး ××× ယိမ်းလေး ယိမ်းလေး ××× ယို ×××"

အလို ...ဒါ ဟိုလူကြီးဘတိုက်ပုံရဲ့ သီချင်းသံပါကလား။ အရူးလိုလူကြီး။





ဘတိုက်ပုံရဲ့ သီချင်းသံကို ကြားကြသောအခါ ရွာခွေးများသည် အလျှိုလျှိုထွက်၍ ဟောင်ကြဟိန်းကြလေ၏။ အူလေ၏။

အရူးလိုလူကြီးသည် မီးမရှိ၍ မှောင်နေသော ရွာလယ်လမ်းမှ အော်သွား၏။

"ဟေ့ ... သားတို့သမီးတို့ ယက်သဲ့ကြား ငါးတင်၊ တင်တဲ့ငါးကြောင်စား၊ ကျန်တဲ့ငါးမှ ဘုံရားမလိမ့်မကွ။ ဒါန၊ သီလ၊ ဘာဝနာ မြဲမြဲကြ။ ရတနာမြတ်သုံးပါး အနန္တောအနန္တငါးပါး ရှိသေလေးစားကြ။ ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကိုဆောင်ကြ။ မှတ်ထားကြစမ်းဟေ့ ...။ သွားပါများ ခရီးရောက် ...မေးပါများ စကားရ ...မအိပ်မနေ အသက်ရှည်သတဲ့ကွ ... မအိပ်မနေ အသက်ရှည်သတဲ့ကွ ... မအိပ်မနေ အသက်ရှည်သတဲ့ကွ ဟေ့"

ဘတိုက်ပုံ အရူးကြီးသည် ရွာလမ်းများကိုဝင်ပြီး နတ်ချင်းကို ဟစ်၍ဆို၏။ ပြီးနောက် မအိပ်မနေ အသက်ရှည်သတဲ့ကွ ဆိုသော စကားကို ထပ်ကာတလဲလဲ ပြောပြီး ရွာထဲမှ ပျောက်သွားလေ၏။

ကျွန်ုပ်၏ မိခင်သည် လူထူးဆန်းကြီး ဘတိုက်ပုံများ ဝင်လာလေဦးမလားဟု မျှော်နေ၏။ သူငယ်အိပ်ဆိပ် ကြက်သာတွန်သွား၏။ ဘတိုက်ပုံကြီး ပေါ်မလာခဲ့။ မိုးလင်းသောအခါ ရွာထဲကလူများက နောက်သလို ရွတ်သလိုနှင့် အချင်းချင်းအော်၍ ပြောကြ၏။

"ဟေ့ ... ကိုပွေးဆင့်"

"ဘာတုံးလဟ ...ညာဏ်ကျယ်ရ"

"မအိပ်မနေ အသက်ရှည်သတဲ့နော်"

"မင်းပဲ မအိပ်ဘဲနေဟေ့။ ငါတို့ကတော့ တစ်ရေးနိုးမယ်"

"တစ်ရေးနိုးရင် ဘာလုပ်သတုံးဟ ...ကိုပွေးဆင့်"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ် ..."

"အမယ် ... အပေါ်တဲ့။ ဗျို့ ... မမှုမှု"

"ဘာတုံးဟဲ့ ... မသာကောင် ဧည့်ကျယ်ရဲ့"

"ခင်ဗျားယောက်ျား ကိုပွေး၊ တစ်ရေးနိုးရင် ဘာလုပ်သတုံးဗျာ"

"မှတ်ထား ... သေချင်းဆိုးကောင်ရေ။ ရေထသောက်တယ်ဟဲ့။ ရေထသောက်တယ်။ တစ်ညနေလုံးသောက်ထားတဲ့ အရက်ဒဏ်ကြောင့် ရင်ပူလို့ဟဲ့"

"ဟား ... ဟား ... ဟား ... ဟား ... တော်သေးတာပေါ့ မမှုမှုရာ။ ခင်ဗျားလည်း အသက်ရှည်ချင်ရင် မအိပ်မနေ နေနော် မမှုမှု"

"နင်တို့လင်မယားပဲ မအိပ်မနေ နေရင်း ဟိုဒင်း ... တယ်လေ ... အကုသိုလ်ကောင်နှယ် ... ငါ့ကို ငရဲအုံကြီးအောင် လုပ်နေပါပြီတော်။ သွားကွ ... သွား"

"ဟား ... ဟား ... ဟား ... ဟား ..."

ဒီလိုနှင့် ရွာထဲမှာ၊ အကြော်ဆိုင်မှာ၊ ကုန်စုံဆိုင်မှာ၊ အရက်ဆိုင်မှာ၊ ထန်းရည်ဆိုင်မှာ အရှုံးလိုလူကြီး ဘတိုက်ပုံရဲ့ "မအိပ်မနေ အသက်ရှည်နော် ... ကိုယ့်လူတို့" ဆိုသည့်စကားသည် နောက်ပြောင်စရာစကားလိုမျိုး နေ့ချင်းညချင်း ဖြစ်သွားခဲ့လေသည်။

❁ ❁ ❁

[ ၆ ]

❑

မနက်မိုးလင်းသောအခါ ရွာမှာ ဓားပြတိုက်ခံရသော သတင်းကို ကြားလိုက်ရတော့သည်။

"ဓားပြတိုက်လို့ဆိုဟော့"

"ဟုတ်တယ်ဗျို့ ...။ ရွာလယ်ဖျားအိမ်တဲ့"

"ဟ ... ဘယ်သူ့အိမ်လဲဟ ... အံပွားတို့အိမ်လားကွ"

"အံပွားက မိန်းမနဲ့ကလေးပဲ များတာဟ။ အခုအတိုက်ခံရတာ အတိုးပေးစားတဲ့ သူဌေးဦးဘိုးခြံအိမ်တဲ့ဟ"

"ဟေ ... ကုန်ရောလားဟ ... ပွေးဆင့်ရ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကုန်တာပေါ့။ ဦးဘိုးခြံရော သူ့မွေးစားသားရော ဓားပြရေ
က သေနတ်ဒင်နဲ့ ထုထောင်းသွားတာ သွေးသံရဲရဲပဲတဲ့"

မကြာခင် ... ရာအိမ်မှူး ဆယ်အိမ်မှူးများ ပြန်လာကြပြီ
သတင်းစုံကြားရတော့၏။ သူကြီးကား ... လူနှစ်ဦးကို လှည်းနှင့်တင်၍
မြို့ဂတ် (ရဲစခန်း) သို့ သွားလေပြီ။

ညက ကျွန်ုပ်တို့ရွာရဲ့ အရှေ့ဘက်က (သခွပ်ကုန်း) ရွာ
အလှူပွဲရှိ၏။ အမှုမှာ မြို့ကဆိုင်းပွဲပါ၍ ရွာကလူအတော်များများ သွာ
ကြ၏။

ဆိုင်း၊ အငြိမ့်မို့ ဟိုရွာဒီရွာလည်း သွားကြလာကြရကား ရွာ
အိမ်အတော်များများမှာ သက်ကြီးများသာ အိမ်စောင့်ကျန်လေ၏။

သူဌေးဦးဘိုးခြံ ပြောစကားအရ သန်းခေါင်ကျော်မှာ ဓားပြ
များဝင်လာကြသည်တဲ့။ အိမ်တံခါးကို ရဲတင်းနှင့် ခုတ်ထစ်ဖျက်ဆီးပြ
လူကို ကြိုးနှင့်တုပ်၍ ပစ္စည်းတောင်းကြ၏။

မပေးဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေ၍ သေနတ်ဒင်နှင့်လည်
ကောင်း၊ ဓားနှောင့်နှင့်လည်းကောင်း၊ ခြေထောက်နှင့်လည်းကောင်
ထုနှက်ကန်ကျောက်ကြရကား ...

နားထင်နှင့် ဦးခေါင်းက သွေးဖြိုင်ဖြိုင်ကျမှ ပစ္စည်းများရှိရာ
ပြောပြလိုက်ရတော့သည်။ ရှိသမျှ စုထားသမျှ အကုန်ပါသွား၏။

ဓားပြများကို မှတ်မိလားဟု မေးသောအခါ မျက်နှာကို လက်
နှိပ်မီးနှင့်ထိုးထား၍ ဘာမှမမြင်ရပါဟု ဆိုသည်တဲ့။

နေ့ခင်းလောက်မှာ မြို့ဂတ်မှ အမှုထမ်းများရောက်လာပြီ
အတိုက်ခံရသည့် သူဌေးဦးဘိုးခြံအိမ်ကို စစ်ဆေးကြ၏။

ဦးဘိုးခြံနှင့် မွေးစားသားလည်း ပတ်တီးဒဏ်ရာများနှင့် ပြန်




လာကြ၏။

ရဲအမှုထမ်းများက ရွာ၌ နာမည်ပျက်ရှိသူများကို ခေါ်ယူ၍
စစ်ဆေးကြ၏။ ရွာနီးဝန်းကျင်မှ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်များကို
ခေါ်၍ စစ်မေးကြ၏။

အားလုံးက ဆိုင်းပွဲမှာ ရောက်နေကြသဖြင့် ဘာမှမသိပါဟု
ထွက်ဆိုကြ၏။

ဒီမှာ ရဲအမှုထမ်းများက မွေးစားသားလုပ်သူကို မသင်္ကာ၍
မေး၏။

"မင်းနာမည် မြရှိန်နော်"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းက အိမ်ရှင်ဦးဘိုးခြံနဲ့ ဘယ်လိုတော်စပ်သေးသလဲ"

"ဟုအရင်းပါ ခင်ဗျာ။ မိဘများမရှိတော့လို့ ဦးလေးဘိုးခြံ
က သားအဖြစ် မွေးစားထားပါတယ်"

"ဒီအိမ်ကိုရောက်တာ ဘယ်လောက်ကြာပြီလဲ မြရှိန်"

"နှစ်နှစ်လောက်ရှိပါပြီ ခင်ဗျ"

"မင်းမှာ ရည်းစားရှိသလား"

"အဲ ... အဲ ..."

"ပြောပါ"

"မ ... မ ... ရှိပါ ... ဘူးခင်ဗျ"

"မင်း အရက်သောက်တယ်ဆို"

"အဲ ... အဲ ... နည်းနည်းပါးပါးပါ ခင်ဗျ"

"ဖဲလည်း ကစားသေးတယ် မဟုတ်လား"

"အဲ ... အဲ ... တစ်ခါတစ်ရံမှပါ ခင် ... ခင် ... ဗျ"


www.burmeseclassic.com

www.burmeseclassic.com



ရဲအမှုထမ်းများက မွေးစားသားမြရှိန်ကို မသက်သာသလို စိုက်ကြည့် အကဲခတ်နေကြ၏။ ဒီမှာ သူဌေးဦးဘိုးခြိုက ဝင်ပြောရတော့၏။

"ရဲအုပ်မင်း ခင်ဗျ"

"ပြောပါ ဦးဘိုးခြို"

"ဒါ ... ဒါ ... ကျွန်တော့် တူသားပါ။ နည်းနည်းပါးပါး သောက်ထားပေမယ့် ဒီလိုမျိုးတော့ လုပ်မယ်မထင်ပါဘူးခင်ဗျ"

"ဒါနဲ့ ဦးဘိုးခြိုနဲ့ စကားများဖူးသူများ ရှိပါသလားခင်ဗျ"

"ထူးထူးထွေထွေ များရတဲ့လူတော့ မရှိပါဘူးခင်ဗျ"

"သူကြီး ..."

"ခင်ဗျာ ... ရဲအုပ်မင်း"

"ရွာထဲကို လူစိမ်းသူစိမ်း အဝင်အထွက်များ ရှိသေးလား ခင်ဗျာ"

"လူစိမ်းသူစိမ်း ..."

"ဟုတ်တယ်"

"အင်း ... လူစိမ်းသူစိမ်း ... အဲ ... အဲ ... သတိရပြီ ခင်ဗျ။ ပြီးခဲ့တဲ့ နှစ်ရက်သုံးရက်လောက်က ရွာထဲကို လူထူးလူဆန်း နှစ်ဦး ရောက်လာတယ် ... ရဲအုပ်မင်းရဲ့"

"ပြောပါဦး .... သူကြီးရဲ့၊ ဘယ်လိုလူတွေလဲ။ နာမည် ဘယ်လိုခေါ်သလဲ"

"တစ်ဦးက အသက် (၆၀) ဝန်းကျင်၊ ဖျင်ကြမ်းတိုက်ပုံရင်ကွဲ နဲ့ လူတစ်ကိုယ်လုံးမှာလည်း အင်းစမကွက်တွေနဲ့"

"နာမည်ကရော"





"မသိဘူး ... အရှုးလိုလူပဲ။ နောက်တစ်ယောက်က ဆံပင်ရှည်ခါးပေါ်ကျနဲ့ အသားဖြူဖြူ၊ ခန့်ခန့်ချောချော အသက် (၄၀) ကျော်လောက်ရှိမယ်"

"သူ့နာမည်ရော ဘယ်လိုခေါ်သလဲ"

"အဲဒါလည်း မသိဘူးဗျ"

ဒီမှာ သူကြီးဦးမင်းသာက သူတို့နှစ်ဦးရဲ့ ရောက်လာပုံ၊ လှုပ်ရှားပြုမူပုံများကို အစအဆုံး ပြောကြလေသည်။

"မနေ့ညတုန်းကတော့ အရူးလိုလူကြီးက တစ်ရွာလုံးလှည့်ပြီး ညဘက်မှာ အော်ပြောသွားတယ်"

"ဘယ်လိုပြောလို့တုံး"

"သွားပါများ ခရီးရောက် ... မေးပါများ စကားရ ... အိပ်မနေ အသက်ရှည်တဲ့ ... အထူးသဖြင့် မအိပ်မနေ အသက်ရှည် ဆိုတဲ့စကားကို လျှောက်အော်ပြောပြီး ထွက်သွားတာပဲ"

"အခု ... အဲဒီလူနှစ်ယောက် ရွာထဲမှာ ရှိသေးလား"

"မသိဘူးခင်ဗျား"

ဒီမှာ ရာအိမ်မှူးငထိန်က ...

"အရူးလို လူကြီးတော့ ရွာပြင်သင်္ချိုင်းကုန်းပေါ်မှာ ရှိသေးတယ် ခင်ဗျ"

"ရှိလား။ ကိုင်း ... သူကြီး ... လာဗျာ။ ကျုပ်တို့ အဲဒီကို သွားကြစို့"

သူကြီးနှင့် ရဲအမှုထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများသည် ရွာပြင်သင်္ချိုင်းရှိရာသို့ ထွက်လာခဲ့လိုက်ကြ၏။

ကျွန်ုပ်တို့ ရွာသူရွာသားအချို့ကလည်း မလှမ်းမကမ်းမှ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ကြည့်ရှုခဲ့ကြ၏။

ရဲအမှုထမ်းများ သင်္ချိုင်းအတွင်းသို့ ရောက်ရှိသွားသောအခါ အရှုးလိုလူကြီး ဘတိုက်ပုံသည် အုပ်ဂူတစ်ခုပေါ်မှာ သီချင်းဆို၍ အားရပါးရ ကနေလေ၏။

"အောင်မင်္ဂလာစိန် ××× မိုးတွေဝင်းလို့ထိန် ××× အောင်ငြိမ်းတက်ခေတ်စိန် ××× နေ့ရောညရော ××× အရောင်မမှိန် ××× အောင်ငြိမ်းတက်ခေတ် ××× စိန် ××× စိန် ××× စိန် ××× စိန် ××× ယခုနှစ်မှာ ××× ထွက်ပေါ်လာတဲ့ ××× စိန် ×××"

"ဘာတဲ့တုံး ... မင်းသားကြီးရေ ... အေ့ ... ဂေ့"

အရူးကြီး ဘတိုက်ပုံက အုတ်ဂူပေါ်မှာ ဇာတ်မင်းသားကြီး "အောင်ငြိမ်းတက်ခေတ်စိန်" ရဲ့ သီချင်းကို ဟစ်၍ကနေ၏။

အောင်မြေပြင်မှာ ရွာစဏ္ဍာလကြီး 'ငချက်' က မူးမူးနှင့် လက်ခုပ်တီး၍ အားပေးနေ၏။ အနီးမှာ သင်္ချိုင်းခွေးနှစ်ကောင်လည်း ရှိနေ၏။

ရွာလူကြီးနှင့် ရဲအမှုထမ်းများကိုမြင်သော် စဏ္ဍာလငချက် လန့်သွား၏။

"ဟော့ ... အဘိုးကြီး"

"အဘိုးကြီး ... အကရပ်ပါဦးဗျ"

"ဩော် ... သားသားတို့ အုံနဲ့ကျင်းနဲ့ အားပေးချီးမြှင့်ဖို့ လာကြတာလား။ ထိုင် ... ထိုင် ... ထ ... ထ ... ထ ... အဲ ... အဲ

အောင်မင်္ဂလာစိန် ××× မိုးတွေဝင်းလို့ထိန် ×××"

သူကြီးက ရာအိမ်မှူးငထိန်ကို မေးဆတ်ပြလိုက်၍ ငထိန်က အရူးကြီးကို ဂူပေါ်မှ ဆွဲချခေါ်လာခဲ့၏။





"ဟာ ... ဟာ ... ဒါ ဘာလုပ်တာလဲဟ"

"ခင်ဗျားကို မေးစရာရှိလို့"

"ကဖြီးမှ မေးလကွာ"

"လျှာမရှည်နဲ့ ...။ သွားတွေ ပြောင်းထဲရောက်သွားမယ်။ ကြီး ... ရဲအုပ်မင်း မေးပါခင်ဗျာ"

ဒီမှာ ရဲအုပ်က အရူးကြီးကို စ၍မေးတော့၏။

"ဘကြီး ..."

"ဟော ..."

"ဘကြီးနာမည် ဘယ်လိုခေါ်သလဲ"

"မသိဘူးကွ"

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေပါဗျာ"

"ဟ ... မသိလို့ မသိဘူးပြောတာ။ ငါမလိမ်ဘူးကွ"

"ခင်ဗျား ဘယ်အရပ်ကလဲ"

"အခု ဒီရောက်နေတာ သင်္ချိုင်းကုန်းအရပ်သားပေါ့"

"ခင်ဗျား ဒီကို ဘာလုပ်ဖို့ရောက်လာတာလဲ"

"ငါက ခြေဦးတည့်ရာ လျှောက်သွားနေတာပဲဥစ္စာ။ ဒီရွာမှာ ဆိုင်ကချင်လွန်းလို့ ရောက်လာတာပေါ့"

ရဲအုပ်မင်းသည် လူကန့်လန့်လို အရူးကြီးကို အကဲခတ်ပြီးနောက် ...

"ရှာကြစမ်း"

ဟု အမိန့်ပေးလိုက်ရင်း ရဲသားများက လူကြီး၏လွယ်အိတ်ကြီးကို လှန်သွန်၍ ရှာကြလေ၏။

လွယ်အိတ်ထဲမှာ ငှက်ပျောသီးများ၊ မတ်စေ့များ၊ ခေါ်တာစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနှင့် အင်းစမများရေးထားသည့် စာအုပ်သေးသေးတစ်ခု ထွက်ကျလာခဲ့၏။

ရဲအုပ်က ၎င်းပစ္စည်းများကို သေသေချာချာ စစ်ဆေးကြည့်၏။

"ဘကြီး ... "

"ဘာတုံး"

"ဘကြီးကို မေးစရာရှိလို့ပါ"

"မေးလေကွာ"

"ဆံပင်ကျောဝဲနဲ့ ခွေးတွေကို ညဘက် အစာလိုက်ကျွေးတဲ့ လူကို သိလား"

"ဟင့်အင်း ..."

"မညာပါနဲ့ ...။ ဘကြီးနဲ့အတူ လာခဲ့ကြတာ မဟုတ်ဘူးလား"

"မဟုတ်ပေါင်ဗျာ ...။ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွားပါ"

"ဘကြီး ... ကျွန်တော်တို့ကို အကူအညီပေးပါဗျာ"

ရဲအုပ်က အရူးလိုလူကြီးကို လေသံပျော့နှင့် ချော့၍ ပြောလိုက်သောအခါ ...

"နေပါဦး ... မင်းတို့က ဓားပြလိုက်ဖမ်းတာလား"

"ဟုတ်တာပေါ့ဗျာ ... ဘကြီးသိလားဟင်"

"သိပ်သိတာပေါ့ကွ"

"သိရင်ပြောစမ်းပါ ... ဘကြီးရ"

"ငါ့အစကတည်းက ပြောသားပဲကွ ... မအိပ်မနေ အသက်





ရှည်လို့ ကြိုပြောရဲ့သားနဲ့ တစ်ရွာလုံးမအိပ်ဘဲ ဟိုဘက်ရွာ မွဲသွားကြည့်ကြတော့ ခံရတာပေါ့။ အဲဒီဓားပြထဲက တစ်ယောက်ကို ငါဖမ်းထားတယ်"

"ဗျာ ..."

"ဟုတ်ရဲ့လားကွာ"

"ရဲအုပ်မင်း အရူးပါဗျာ။ ကြည့်ယုံ ချင့်ချိန်ပြီးမှ ယုံပါဗျာ"

သူကြီးနှင့်အဖွဲ့က ရဲအုပ်မင်းကို ဝင်ပြောကြ၏။ ရဲအုပ်မင်းက စဉ်းစားနေ၏။

ဒီမှာ အရူးလိုလူကြီးက သူကြီးဘက်သို့ လှည့်ကြည့်ရင်း ..

"မင်းက သူကြီးလားကွ"

"ဟုတ်တယ်"

"ဘာသူကြီးလဲကွ ... ဟေ ... အဟေ ..."

"ရွာသူကြီးဗျ ... ရွာသူကြီး"

"ဟာ ... ဟာ ... ဟ ... ရွာသူကြီး ဖွတ်ကျားပါကွာ။ ကိုယ့်ရွာဓားပြတိုက်တာတောင် မိုးလင်းမှသိတဲ့ လူကများ။ အဟတ်"

"ဘကြီး ... ဘကြီး ဓားပြကိုဖမ်းထားတာ တကယ်ပဲလားဗျာ ဟင်"

"တကယ်ပေါ့ ရဲအုပ်မင်းရယ်၊ လာ ... လိုက်ခဲ့"

ဒီမှာပဲ ... အရူးလိုလူကြီးသည် သချိုင်းကုန်းအတွင်းသို့ ပြေးဝင်သွားရကား ရဲအုပ်နှင့်အဖွဲ့သည် ဟုတ်သော်ရှိ မဟုတ်သော်ရှိ နောက်မှ အပြေးလိုက်သွားကြ၏။

အရူးလိုလူကြီးဘတိုက်ပုံသည် တစ်နေရာသို့ ရောက်သောအခါ ရပ်လိုက်ပြီး လက်ညှိုးထိုးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူပြသည့်နေရာကား ဖက်ကိုး၍ မှုစာလန်ပြီး လူရိုးများမှုစာ ကျဲနေသည့် လူသေမြှုပ် ကျင်းဟောင်းတစ်ခုဖြစ်၏။

ၑင်းကျင်းပေါ်မှာ သွပ်ပြားတစ်ချပ်ဖုံးထား၏။ သွပ်ပြားပေါ်မှာ ခေါင်းပျဉ်သစ်သားဟောင်းအစများနှင့် အုတ်ခဲတစ်လုံး ဖုံးထား၏။

"ဘယ်မှာလဲဗျ ... ဘကြီးရ"

"အဲဒါကို လှန်လိုက်၊ ဟိုကောင် ... သူကြီး လှမ်းကြည့်လေကွာ"

သူ့လိုသူကြီးကို အရှူးက အော်ငေါက်၍ ခိုင်းသဖြင့် သူကြီး ဦးမင်းသာ ဒေါပွသွား၏။ ဒီမှာ ရဲအမှုထမ်းတစ်ဦးက ခေါင်းကျင်းပေါ်မှ ကျောက်ခဲများ၊ သစ်သား၊ ပျဉ်များနှင့် သွပ်ပြားကို ဖယ်ရှားလိုက်သောအခါ ...

"ဟာ ..."

"ဟင် ..."

"ဟော ..."

"ဟ ... ဟ ..."

"အထဲမှာ လူတစ်ယောက်ဗျ"

အားလုံး မြင်လိုက်ရသည်ကား ... လူသေကောင်မြှုပ်သည့် ကျင်းဟောင်းထဲမှာ လူတစ်ယောက် မှောက်ခုံကြီးဖြစ်နေ၏။ လက်နှစ်ဖက်ကို ကြိုးနှင့် နောက်ပြန် ကျောလှန်ကပ်၍ တုပ်ထား၏။ ဒါမှမကသေး ခြေထောက်နှစ်ချောင်းကိုလည်း ကြိုးနှင့် ပူးချည်ထားလေ၏။

"ဆွဲထုတ်ကြဟေ့"





ရဲအုပ်က အမိန့်ပေးလိုက်သဖြင့် ရဲသားများက မြေကြီးကျင်းထဲမှ မှောက်လျက်လူသားကို ဆွဲဖယ်လိုက်သောအခါ ...

"ဟော ..."

"ဟာ ..."

"ဟိုလူကြီးပါလား"

"ဟ ... ဒါ ... ဒါ ... ခွေးစာလိုက်ကျွေးတဲ့လူ မဟုတ်သားဟေ့"

"ဟုတ်တယ် ... ဟုတ်တယ် ... ဆံပင်ရှည်ကြီးနဲ့"

အားလုံး အံ့သြကုန်ကြ၏။ ကျင်းထဲမှလူကား အခြားမဟုတ်။ လွန်ခဲ့သည့်ညများက ကြေးစည်လေး တနောင်နောင်နှင့် ရွာခွေးများကို မုန့်များ၊ ထမင်းများ လိုက်ကျွေးခဲ့သည့် ဆံပင်ရှည်ခါးကျုံ့နှင့်လူကြီး ဖြစ်နေသောကြောင့်တည်း။

"အဲဒါ မင်းတို့ရွာကိုတိုက်တဲ့ ဓားပြထဲက တစ်ယောက်ပဲ"

ဓားပြဆိုသူ ဆံရှည်ကို ခြေကြိုး ဖြည်ပေးလိုက်သောအခါ မျက်နှာမှာ ရွှံ့များ မြေကြီးများ ပေကျံနေ၏။ ပါးစပ်ထဲမှာလည်း အဝတ်တစ်ခုဆို့ထား၍ ဆွဲထုတ်ပေးလိုက်ရ၏။

သူကြီးအပါအဝင် ရဲအမှုထမ်းများသည် ကွမ်းဝါးနေသော မှိုးအကွဲ၊ တိုက်ပုံရင်ကွဲနှင့် အရူးလိုလူကြီးကို ကြည့်လိုက်၊ ဓားပြကို ကြည့်လိုက်နှင့် လွန်စွာ အံ့သြနေကြလေသည်။ ဓားပြသည် အရူးလိုလူကြီးကိုကြည့်၍ အံ့သြချောက်ချားဖြစ်နေ၏။

ဒီမှာ ရဲသားတစ်ဦးက လူသေမြှုပ်သည့် ကျင်းထဲသို့ ဝင်၍ ရှာဖွေလိုက်သောအခါ ခြောက်လုံးပြူး သေနတ်တစ်လက်နှင့် လက်ပတ်သက်စားအချို့ကို တွေ့ရှိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းပစ္စည်းများက ခေါင်းဘယက်ဆွဲကြိုးတစ်ကုံး၊ လက်ကောက်နှစ်ကွင်းနှင့် ကျောက်တန်းစီ ဆံထိုးတစ်ချောင်းတို့ ဖြစ်လေသည်။

"ဟော့ကောင် ... မင်းနာမည် ဘယ်လိုခေါ်သလဲ"

ရဲအုပ်မင်းက စိုးရိမ်ကြောက်ရွံ့နေသည့် ဓားပြဆံရှည်ကို မေးလိုက်သည်။

"စာကလေးလို့ ခေါ်ပါတယ်"

"မင်းတို့ ဘယ်နှယောက်အဖွဲ့လဲ"

"လေးယောက်အဖွဲ့ပါ"

"ကျန်တဲ့ဓားပြတွေ နာမည်ပြောစမ်း"

"ဓားကြီးဘစိန်၊ လံဘားသိန်းဝင်းနဲ့ နှစ်လုံးပြူးလေးမောင် ပါ ခင်ဗျ"

"အခု ဒီကောင်တွေ ဘယ်မှာလဲ"

"ဝေစုခွဲယူပြီး ထွက်သွားကြပါပြီခင်ဗျ"

"သူတို့စုရပ် ဘယ်အရပ်လဲ"

"( ..... ) ပါ"

ဒီမှာ ရဲအုပ်မင်းက အရူးလိုလူကြီးရှိရာသို့ လှမ်းလာလိုက်ပြီး ...

"အဘ ..."

"ဘာတုံးကွ"

"အဘခင်ဗျား ... သေနတ်ပါတဲ့ဓားပြကို အဘ ဘယ်လို လုပ်ပြီး လက်ရဖမ်းပါသလဲ ခင်ဗျား"

"ဒီမှာ ... လူကလေး ရဲအုပ်မင်းရဲ့၊ သေနတ်ပဲပါပါ၊ အကြောက်





ခဲပါပါ၊ အရေးကြီးတာ ဓားပြကို မင်းတို့ရရင် ပြီးရောမဟုတ်လား။ နေဦး ... ငါ နောက်တစ်ခုပြောမယ်"

အရူးလို အဘိုးကြီးသည် ပြောရင်းမှ ဓားပြ (စာကလေး) ရှိရာသို့ ခြေလှမ်းကြဲကြီးနှင့် လှမ်းလာလိုက်ပြီး ဓားပြရဲ့မျက်နှာကို သေသေချာချာ ကြည့်လိုက်၏။ စာကလေး လွန်စွာမှ ကြောက်လန့်နေ၏။

"ဟော့ကောင် ... ကတုံး"

"အင် ... အင်"

အဘိုးကြီးရဲ့ခေါ်သံကြောင့် ဓားပြစာကလေး လန့်ကြောက်သွား၏။

"ဟော့ကောင် ... ကတုံး၊ မင်းဟာ မြင်းယောင်ဆောင်တဲ့ ခြသေ့ပါကွ။ မင်းတို့လို အတုအယောင်ကောင်တွေကြောင့် အစစ်အမှန် ကျင့်ကြံသူတွေ၊ သာသနာပြုသူတွေ၊ သူတော်ကောင်းတွေ၊ ရောယောင်ပြီး နာမည်ပျက်ရတယ်။ ဒီမှာ ... ဟော့ကောင် ... ကတုံးက ကတုံးပဲကွ။ ကိုင်း ... လာလေရော့"

သို့ကလိုပြောပြီး ဓားပြဆံရှည်ရဲ့ ဆံပင်ရှည်ကြီးကို အပေါ်မှန်၍ ဆောင့်ဆွဲတင်လိုက်သောအခါ အားလုံး ပို၍ အံ့ဩကုန်ကြလေသည်။

အကြောင်းကား ...

အဘိုးကြီး ဆောင့်ဆွဲတင်လိုက်သဖြင့် ဆံပင်ရှည်ကြီး ကျွတ်ထွက်သွားလေ၏။ ဆံပင်ရှည်ကြီး ကျွတ်ထွက်သွားသောအခါ ဓားပြသည် ကတုံးပြောင်နှင့်ဖြစ်နေသည်ကို အားလုံး မျက်ဝါးထင်ထင် မြင်လိုက်ရလေသည်။

အားလုံးသော လူများသည် အရူးဟုတင်စားရသော လူကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ နက်နဲလှသော လုပ်ရပ်များကို ကြည့်ပြီး ထူးဆန်းအံ့ဩနေချိန်မှာပဲ ...

"အဘခင်ဗျား ... ကျွန်တော် အဘကို အရမ်းပဲ အံ့ဩလေးစားခဲ့ရပါပြီ ခင်ဗျ။ အစကနဦးတုန်းက ကျွန်တော် အဘကိုရော သူဌေးဦးဘိုးခြံရဲ့ မွေးစားသားကိုရော သက်ာမကင်း ဖြစ်ခဲ့ရပါတယ်။ အခု အဘကိုယ်တိုင်က တရားခံတစ်ဦးကို လက်နက်ရော တိုက်ရာပါ ပစ္စည်းများရော မိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ ရဲသက်တမ်းတစ်လျှောက်မှာ အဘလိုလူစားမျိုးကို တစ်ခါမှ မတွေ့ဖူးပါဘူးအဘ။ ရဲရာဇဝင်မှာ ဂုဏ်ဝင်မှတ်တမ်းတစ်ခု တင်ကျန်ရစ်ရအောင် ဒီဓားပြကို အဘ ဘယ်လို လက်ရဖမ်းခဲ့တယ်ဆိုတာ ပြောပြပါအဘ ခင်ဗျား"

"ဟား ... ဟား ... ဟား ... ဟား ... ရဲရာဇဝင်မှာ ဂုဏ်ဝင်မှတ်တမ်းတစ်ခု ကျန်ရစ်ခဲ့ရအောင် ... ဟုတ်လား ... ဟား ဟား ... ဟား ... ဟား ... ကျေးဇူးပါပဲ ... လူကလေးရယ်။ အဘ နာမည်မကြီးချင်ဘူး။ ဂုဏ်ပြုမခံချင်ဘူး။ ဒီကောင်ကို ဘယ်လိုဖမ်းခဲ့ရတယ်ဆိုတာ ဒီကောင်ကတဲ့ကိုသာ မေးကြည့်ပါတော့ကွာ"

သို့ကလိုပြောပြီးနောက် လူထူးဆန်း အရှုးလိုလူကြီး ဘတိုက်ပုံသည် အုတ်ဂူတစ်ခုပေါ်သို့ သွားထိုင်နေကာ ကွမ်းယာငါးရင်း အုတ်ဂူကို လက်ဝါးနှင့်ပုတ်၍ သီချင်းတစ်ပုဒ်ကို ညည်းနေလေ၏။

✿ ✿ ✿

[ ၇ ]

❑

အောက်ပါအကြောင်းအရာများကား ရဲအုပ်မင်းက သူကြီးနှင့် ကျေးရွာလူအများရှေ့မှာ စစ်ဆေးလိုက်စဉ် ကတုံး ခေါ် ဓားပြ တာကလေး ပြန်ပြောပြသည့် ဓားပြတိုက်ရခြင်း ဖြစ်စဉ်အကျဉ်းချုပ် ဖြစ်ပေသည်။

"ကျွန်တော်ရယ်၊ ဓားကြီးဘစိန်ရယ်၊ လဲဘားသိန်းဝင်းနဲ့ နှစ်လုံးပြူးလေးမောင်တို့ဟာ ဒီငါးကြင်းအိုင်ရွာက သူဌေးဦးဘိုးခြံအိမ်ကို ဓားပြတိုက်ဖို့ အကွက်ချ စီစဉ်ခဲ့ပါတယ်။ ဦးဘိုးခြံအိမ်မှာ သူ့မွေးစားသားနဲ့ သူ နှစ်ဦးပဲရှိတာကို သိရတယ်။ သူ့မွေးစားသားက အရက်သမား သာသာအကောင်ပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးဘိုးခြံက ရွာထဲမှာနေတော့ ဝင်တိုက်ရခက်နေတယ်။ ရွာခွေးတွေ အတော်ဆိုးမှန်းလည်း သိရတယ်။ ဒါကြောင့် ကျွန်တော်က ယောဂီဝတ်စုံနဲ့ ဆံပင်အတုအရှည်ကြီးစွပ်ပြီး အဲဒီရွာက ခွေးများနဲ့ မျက်မှန်းတန်း ယဉ်ပါးသွားရအောင် ကာဒိုလ်ပြုသလိုလို၊ ယတြာချေသလိုလို၊ ဓာတ်စာကျွေးသလိုလိုနဲ့ ညနေဝင်ရီတရောမှာ ခွေးများကို အစားအစာများ ကျွေးခဲ့လိုက်တယ်။

သုံးရက်ဆက်တိုက် ကျွေးလိုက်တော့ လူစိမ်းသူစိမ်းမြင်ရင် ကိုက်ချင်ဝါးချင် ဟောင်ချင်တဲ့ခွေးများဟာ ကျွန်တော့်ကို မျက်မှန်းတန်းမိပြီး ယဉ်သွားပါရော။ ကျွန်တော်လာရင် စားရမှာပဲလို့ သိသွားကြရော ...

သုံးရက်မြောက်ညဟာ ဟိုဘက်ရွာမှာ ဆိုင်းအငြိမ့် အလှူပွဲရှိတဲ့ညပဲ။ ဒါ ... အကွက်ပဲ။ ဒီရွာသားများ ပွဲကြိုက်၊ ဆိုင်းကြိုက်မှန်း သိထားတာကိုး။ ရွာသူရွာသားများ ဟိုဘက်ရွာဆိုင်းပွဲကို သွားနေချိန် ညဉ့်သန်းခေါင်မှာ ကျွန်တော်တို့ ထမင်းထုပ်များ ယူငင်လာခဲ့လိုက်တယ်။

ခွေးများက ကျွန်တော့်ကိုမြင်တော့ အနီးကို ကပ်လာကြတယ်။ ဒါနဲ့ ပါလာသမျှထမင်းများကို နေရာအနှံ့ ချကျွေးလိုက်တယ်။ အဲဒီအစာထဲမှာ အိပ်ဆေးများပါတော့ ဒီညခွေးတွေ လုံးဝ မဟောင်နိုင်ကြတော့ဘူး။ ငိုက်ပြီး အိပ်ပျော်ကုန်ကြရော။

ခွေးများကို အစာကျွေးစဉ်က ကျွန်တော်က ဆံပင်အရှည်ကြီးနဲ့ပါ။ ဒါမှ ... ခွေးများက မှတ်မိကြတာကိုး။ ဓားပြတိုက်တော့ ဆံပင်ရှည်အတုကို ချွတ်ထားလိုက်တယ်။ မတော် ... အိမ်ရှင်များက ဆံပင်အရှည်နဲ့ လူတစ်ဦး ပါတယ်ဆိုရင် ကျွန်တော့်ကို မသင်္ကာဖြစ်ကြမှာ





ဒီမှာပဲ .. ကျွန်တော်က သူဌေးဦးဘိုးခြံအိမ်ကို ဝင်တိုက်ပြီး ...တ်ရာပါ ပစ္စည်းများကိုယူလို့ သချိုင်းကုန်းလမ်းကနေ ပြန်အထွက် ...ချင်းပဲ ကျွန်တော်က ဝေစုတောင်းလိုက်တယ်။

တစ်စုတစ်ဝေးတည်း ရောင်လို့ မဖြစ်ဘူးလေ။ ချက်ချင်း လူ ...ရှောင်တိမ်းရမှာ။ ဒီမှာ ဓားကြီးဘစိန်က အခုရဲအုပ်မင်းတို့ တွေ့ရ ... လက်ဝတ်လက်စားများကို ပေးပြီး ထွက်သွားကြတယ်။

ဝေစုယူလမ်းခွဲပြီးရော ဆံပင်ရှည်အတုကို ပြန်စွပ်ပြီး သချိုင်း ...အရှေ့လမ်းက အထွက် ...

"ဟိတ်ကောင် ..."

"အမယ်လေး ..."

ကြည့်လိုက်တော့ ... ဆံပင်စုပ်ဖွားနဲ့ သချိုင်းကုန်းထဲက ခုန် ...ထွက်လာတဲ့ လူကြီးတစ်ဦး အင်္ကျီရင်ကွဲကြီးနဲ့၊ လူက စုတ်ပြတ်နေတာ

ဒါနဲ့ ခြောက်လုံးပြူးသေနတ်ကို ထိုးချိန်လိုက်တယ်။

"ခင် ... ခင် ... ဗျား ... ဘယ် ... သူ ... လဲ"

"ငါ ... ငါ ... တစ္ဆေ"

"ဘာ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဒီသချိုင်းက ...စ္ဆေလေ။ မနေ့ကမှ မြေမြှုပ်ခံရတဲ့ လတ်လတ်ဆတ်ဆတ်တစ္ဆေ"

"သွား ... သွား ... ခင်ဗျား ... သွားနော်"

"ဟေ့ကောင် ... မင်းတို့ဝေစုထဲက ငါ့ကို တစ်ဝက်ပေးစမ်း"

"ဘာ ... ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့တိုက်ရာပါကို ဝေစုခွဲနေတာ ငါ အကုန်မြင်တယ် သိတယ်။ အဲဒါ တစ်ဝက်ပေး”

“အို ... ဘာလို့ပေးရမှာလဲ။ တစ္ဆေနဲ့ ရွှေနဲ့ ဘာဆိုင်လို့ သွားနော် ... မသွားရင် တစ္ဆေရော လူရော နားမလည်ဘူး ပ လိုက်မယ်”

“ဟား ... ဟား ... ဟား ... ဟား ... တစ္ဆေလည်း ရွှေ မက်တာပဲကွ။ တစ္ဆေရွှေရရင် အဲဒီရွှေကို တစ်ယောက်ယောက်ပေး ကုသိုလ်ပြု၊ ငါ့အတွက် အမျှဝေနိုင်းမယ်လေကွာ။ ဒါမှ ငါ သချိုင်း တစ္ဆေသရဲဘဝကနေ လွတ်မြောက်မှာ။ ကိုင်း ... တစ်ဝက်ပေးရင်ပေး မပေးရင် အကုန်လုယူမှာနော်။ ပေးစမ်း ...”

ဒီမှာပဲ ဆံပင်စုတ်ဖွား ဖိုးရိုးဖားရားနဲ့ တစ္ဆေဆိုသူအဘိုးကြီး က လက်ဝါးကိုဖြန့်ပြီး ရှေ့ကိုတိုးလာချိန် ...

“ကျုပ် ... ကျုပ် ... ပစ် ... ပစ် ... လိုက်မယ်နော်”

“ပစ်ပါ ... ပစ် ... စမ်းပါ ... ရော့ ... ပစ်လိုက်”

တစ္ဆေလူကြီးဟာ အကျီရင်ဖွင့်ပြီး ရှေ့သို့ ဖွတ်တိုးလာ တယ်။ ပြေးရင်လည်း သူက လိုက်မယ့်ပုံပဲ။ ပစ်ရင်လည်း သေနတ် ကြောင့် ကျုပ် ဒုက္ခရောက်ရမည့်ကိန်း။

သူနဲ့ ကျွန်တော် လက်တစ်ကမ်း ရောက်နေပြီ။

နောက်ဆုံး မထူးပါဘူးဆိုပြီး ဖြစ်ချင်ရာဖြစ်၊ သေနတ်မောင်း ခလုတ်ကို ညာလက်ညှိုးနဲ့ ဖိညှစ်ချလိုက်တယ်။

“ချောက် ...”

“ဟင် ...”

“ပစ်လေကွာ ... ပစ် ... ပစ်”





“ချောက် ...”

“ဟာ ...”

“ဟား ... ဟား ... ဟား ... ဟား ... ထပ်ပစ်ပါဦးကွ”

“ချောက်”

“ဘုရားရေ ...”

သုံးချက်ပစ်ကာ တစ်ချက်မှ ကျည်မထွက်ဘူး။ ကျွန်တော် ကျည်အသစ် ထည့်ထားတာပါ။ ကျည်ဆန်မထွက်လို့ ကျွန်တော်အံ့ဩနေချိန်မှာပဲ တစ္ဆေလိုလူကြီးဟာ လှစ်ခနဲ ခုန်ဝင်လာပြီး ကျွန်တော်ရဲ့ သေနတ်ကိုင်လက်ကို လိမ်ချိုးမြှောက်တင်လို့ သချိုင်းထဲကို ထမ်းခေါ် သွားပါရော။

ကျွန်တော် ကြောက်လွန်းလို့ ရုန်းကန်ပြီး သေနတ်နဲ့ သူ့ခေါင်းကိုထုနေချိန်မှာပဲ တစ္ဆေကြီးက ကျွန်တော့်ကို ကိုင်ပေါက်လိုက်တယ်။

“အောင်မလေးဗျ ...”

လူရော သေနတ်ရော တခြားစီဖြစ်သွားတယ်။ ထွက်ပြေးဖို့ ကြံစည်နေချိန်မှာပဲ တစ္ဆေကြီးရဲ့လက်ဝါးကြီးက ကျွန်တော့်ကျောပေါ်ကို အုန်းခနဲကျသွားပြီး မှောက်လျက်လဲကျသွားခဲ့တယ်။

ဒီမှာ တစ္ဆေကြီးက ကျွန်တော့်လက်နဲ့ ခြေများကို အသုဘသုံး နိုးဆံကြိုးများနဲ့ ချည်နှောင်ပြီး ပါးစပ်ကို တွေ့ရာအဝတ်စုတ်များ ဆို့လို့ လူသေကောင်မြှုပ်တဲ့ ကျင်းဟောင်းထဲမှာ မှောက်ချထည့်လိုက်တယ်။

ကျွန်တော် ကြောက်လွန်းလို့ ရုန်းကန်အော်ဟစ်ပေမယ့် ဘယ်သို့မှ ရုန်းလို့ အော်လို့ မရတော့ဘူး။ ပစ္စည်းအချို့ ကျင်းထဲကိုကျလာတယ်။ သေနတ်လည်း ဘယ်လိုမှ လှမ်းကိုင်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက် အပေါ်ကနေ သွပ်ပြားလိုအရာနဲ့ မြေကျင်းကို အုပ်လိုက်ရော မှောင်ကျသွားရော။ ပြီး အပေါ်ကနေ တစ်စုံတစ်ခုနဲ့ ဖိတင်သံမျိုးလည်း ကြားရတယ်။

တစ်ညလုံး ပုပ်စော်နံနေတဲ့ လူသေမြှုပ်ကျင်းကို မျက်နှာအပ်ပြီး နေရချိန်မှာ ညည်းသံလည်း ကြားရတယ်၊ ရယ်သံလည်း ကြားရတယ်။ လူကိုလာလှုပ်သလိုလည်း ခံစားရတယ်။ ပြီး . . . ကျောပေါ်တက်စုန်သလို ခံစားရတယ်။

အဲဒီလို ကြောက်မက်ဖွယ်ရာ ခံစားချက်များကို တွေးလျက်အသည်းပျက်မတတ် ခံစားနေလိုက်တာ။ အခု . . ကျင်းပေါ်ပြန်ရောက်သည့်အချိန်အထိပါပဲဗျာ''

ရဲအုပ်မင်းက ခေါင်းတညိတ်ညိတ် လုပ်နေ၏။ သူကြီးနှင့်ရာအိမ်မှူးများက ကြားရသောစကားများကြောင့် အုပ်ဂူပေါ်မှ အရူးလိုလူကြီးကို ယှမ်းလှမ်းကြည့်နေ၏။

ဒီမှာ ရဲအုပ်မင်းက စားပြတိုက်သည့် ခြောက်လုံးပြူးသေနတ်ကို ဖွင့်၍ စစ်ဆေးလိုက်သည်။

''ကျည်ဆန်သုံးတောင့် အ,သွားပြီပဲ''

သည့်နောက် ရဲအုပ်မင်းသည် ဘတိုက်ပုံ အရူးလိုလူကြီးရှိရာအုတ်ဂူသို့ ချဉ်းကပ်သွားလိုက်သည်။

''အဘ . . .''

''ဟင်''

''အဘကို ကျွန်တော်တို့ အရမ်းလေးစားသွားပြီဗျာ''

''လေးစားစား၊ ငါးစားစား ငါ့အလုပ် မဟုတ်ဘူးကွာ''

''အဘကို မေးစရာတစ်ချက် ရှိသေးတယ် အဘရဲ့''





''ဟော့ . . . လူကလေး မင်းတို့ ဓားပြလည်း မိနေပြီဥစ္စာ။ တစ်မနက်လုံး ငါ့ကို မေးစရာမကုန်သေးဘူးလားကွ ဟေ''

''အဘ''

''ဘာတုံး . . . ဘာတုံး . . . ဘာတုံးကွာ . . . ချီးမှုပဲ''

''အဘ သေနတ်ပြီးသလား''

''ဟေ . . . ငါ သေနတ်ပြီးသလား . . . ဟုတ်လား''

''ဟုတ်ကဲ့ . . . ညတုန်းက ဓားပြကတုံးက အဘကို ဟောဒီသေနတ်နဲ့ သုံးချက်ပစ်သတဲ့။ ကျည်ဆန် လုံးဝမထွက်ဘူးလို့ ပြောတယ်။ စစ်ဆေးကြည့်တော့ ကျည်ဆန်က အသစ်ချပ်ချွတ်ချည်းပဲ။ အဘဘာကယ်ပဲ သေနတ်ပြီးသလား''

''မသိဘူး . . . အဲဒါ ငါမသိဘူး''

''ကျွန်တော် စမ်းကြည့်ချင်တယ်''

''ဟာ . . . ဟာ . . . မ . . . မ . . . လုပ်နဲ့ . . . မလုပ်ကြနဲ့။ . . . မတော် . . . မအ,တဲ့ကျည်ထွက်ပြီး မှန်ခဲ့ရင် . . . ငါ . . . ငါ . . တလကီးယားနေမယ်''

''ဟား . . . ဟား . . . ဟား . . . ဟား . . . နောက်တာပါအဘရာ။ ဒါနဲ့အဘ . . . အဘနဲ့ဆက်သွယ်နိုင်မယ့် လိပ်စာလေး ပြောခဲ့ပါခင်ဗျာ''

''ဟေ . . . ဘာကိစ္စ''

''တရားခံအားလုံးကို မိပြီးရင် ရုံးတင်တရားစွဲရမယ်။ အဲဒီကျရင် အဘက သက်သေခံရမယ်လေ''

''ဟ . . . လူကလေး၊ ငါက အရူးကွ . . . အရူး။ အရူးကတရားရုံးမှာ သက်သေခံလို့ ရလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"အဘ မရှူးပါဘူးဗျာ။ အဘက လူပုဂ္ဂိုလ်ထူးပါ။ လူကောင်း ပါ"

ဘတိုက်ပုံကြီးသည် ရဲအုပ်မင်းကို ကရုဏာသက်စွာ လေးလေး စွာ ကြည့်ရင်းမှ ...

"လူကလေး ရဲအုပ်မင်း၊ အဘလေ လောကီအရှုပ်အထွေး တွေနဲ့ ကင်းဝေးရာမှာ နေချင်တယ်လူကလေး ရဲအုပ်မင်းရယ်။ ဒါပေမဲ့ လူတွေကို သံယောဇဉ်မပြတ်နိုင်လွန်းလို့ တစ်ခါတစ်ခါ လူ့ကိစ္စတွေ မမျှော်လင့်ဘဲ ဝင်ဝင်ပါခဲ့ရတယ်။

အဘကို ခွင့်လွှတ်ကြပါ။ ဒီမျှနဲ့လည်း ကျေနပ်ကြပါ။ လူ အချို့က ငါ့ကို ပလီလွန်းတယ်လို့ ဝေဖန်ကြတယ်။ ငါ ဒီဓားပြင်နဲ့ ရွာထဲဝင် နေဝင်ရီတရော ခွေးစာလိုက်ကျွေးကတည်းက မသက်သာသလို ရှိနေတာ။ အဲဒီလို မသက်သာလို့ မအိပ်မနေ အသက်ရှည်လို့ တစ်ရွာလုံး ကို သတိလိုက်ပေးခဲ့ပါရဲ့ သဘောမပေါက်ကြဘူး။

အင်းပါလေ ... အရှူးစကားကိုးကွ။ အကောင်းတွေ ဘယ် အလေးအနက်ထားမလဲ။ ပွဲသွားကြည့်ကြသတဲ့။ အင်း ... ဒါလည်း မအိပ်မနေပါပဲကွာ။ ဟွန်း ... တော်သေးတာပေါ့ လူကလေးရယ်၊ တစ် ရွာလုံး တိုက်မသွားပေလို့။ ဒီမှာဟေ့ ... မင်းတို့အားလုံး မှတ်ထား ကြ ...

ယက်သဲ့ကြား ငါးတင် ... တင်တဲ့ငါး ကြောင်စား ... ကျွန်တဲ့ ငါးမှ ဘုရားမ,မှာကွ။ အပျော်အပါး မမက်ကြနဲ့။ ရတနာမြတ်သုံးပါး ဖက်ကြပါ။ ဒါနနဲ့ သီလ၊ ဘာဝနာ မြဲကြပါ။ ဒုစရိုက်အမှုကို ရှောင်၊ သုစရိုက်အပြုကို ဆောင်၊ အားလုံး အောင်ရမယ်ဟေ့။ ဒါကြောင့်လေ

ရွှေဖျဥ်းညီနောင် ××× ဖောင်တော်စီးပါလို့ ××× ရေလှိုင်း





...မှာ တဖွေးဖွေး ××× ရေလှိုင်းတွေက တဖွေးဖွေး ××× နတ်နန်း ...သာလှတယ် ××× တို့မြန်မာ ရွှေနန်းကြီးက သာလှတယ် ××× ...ကြီးပို့နှမများရယ် ××× ပြေးကြို့ပို့ ညီတော်များရယ် ××× ယီးလေ ... ××× ယီးလေးလေ ××× ယီးလေးယီးလေး ××× ယို ×××"

အရူးလိုလူကြီး ဘတိုက်ပုံသည် သူပြောချင်ရာ မှာချင်ရာမှာ ...ချပ်ရ ပြောပြီးနောက် ရွှေဖျဉ်းညီနောင် နတ်ချင်းကို အော်ဟစ် ...ဆိုကာ လွယ်အိတ်ကြီးကောက်လွယ်၍ သချိုင်းကုန်းအတွင်းမှ ပြေး ...ထွက်သွားလေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၈ |

❑

ညနေစောင်းသောအခါ သူကြီးအိမ်မှ သတင်းတစ်ခု ကြားရ၏။ ရဲအုပ်မင်းနှင့်အဖွဲ့ ကြိုးပမ်းမှုကြောင့် ဓားပြများအားလုံးကို နေ့ချင်းညချင်း လက်ရဖမ်းမိသည်ဆိုသည့် သတင်းပဲဖြစ်၏။

တစ်ရွာလုံးကား အရူးလိုလူကြီး ဘတိုက်ပုံကို ကျေးဇူးဆပ်ကြလေ၏။ သူတို့က ထမင်းတစ်လုပ် ကျွေးရပေးရမှာ ဝန်လေးခဲ့သော အရူးလို လူကြီးကောင်းမှုကြောင့်သာ ဓားပြများကို အခုလို အလျင်အမြန် ဖမ်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုကြလေ၏။

သို့နှင့် လူထူးဆန်းအရူးကြီးကို တွေ့လို၍ သချိုင်းကုန်းမှာ သွားရှာပါသော်လည်း လုံးဝ မတွေ့ကြရတော့။





ည(၈)နာရီခန့်ရှိသောအခါ ကျွန်တော်တို့ အိမ်ခြံဝဆီမှ ...

"နန်းမတော်မယ်နု ...အိပ်ပြီလားဟေ့"

ကျွန်တော်တို့သားအမိ အိပ်ရာဝင်စ ပြုနေပါပြီ။ အမေက ဘုရားရှိခိုးနေ၏။

"ဟေ့ ...မယ်နု အိပ်ပြီလားဟ"

"ဘယ်သူတုံး"

"ထမင်းကြမ်းနဲ့ ငါးပိရေစားတဲ့ အရူးကြီးပါဟ"

"ဟင် ...အဘ ...ခဏလေး ...အဘရေ ...ခဏလေးနော်"

အမေရော ကျွန်ုပ်ပါ ဝမ်းသာသွားကြပြီး တံခါးကို ဖွင့်ပေးလိုက်သောအခါ အဘတိုက်ပုံကြီးကို မြင်လိုက်ရလေသည်။

"အဘ အိမ်ပေါ်ကိုတက်ပါရှင့်"

"မတက်တော့ဘူး သမီး။ အဘပြန်တော့မယ်"

"ဟင် ...ပြန်တော့မယ်။ အဘ ...ထမင်းစားပါဦး အဘရဲ့၊ ဒီနေ့ ဟင်းရော ထမင်းရော အသင့်ပါပဲ အဘရဲ့"

"ကျေးဇူးပါပဲ ...မယ်နုရယ်။ ငါ့သမီးတော်ကြီးက လူကိုလူလိုမြင်သကွယ့်။ စေတနာသဒ္ဓါတရားလည်း ထက်သန်သကွဲ့။ ဒါကြောင့် အဘက သမီးကို လက်ဆောင်ပေးဖို့ လာခဲ့တာတာ။ ရော့ ..လက်ဖြန့်"

အမေက လက်ဝါးဖြန့်လိုက်သည်။ ဘတိုက်ပုံကြီးက အမေ့လက်ဝါးထဲသို့ မတ်စေ့လေးတစ်စေ့ ထည့်ပေးပြီး သူ့လက်ဝါးနှင့် "ဖျပ်" ဟုမန်းကာ ရိုက်ပေးလိုက်၏။

"သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အဘ"

"ဒီမတ်စေ့ကို ရိုရိုသေသေ သိမ်းထား။ ပယောဂကိစ္စမှာပဲ သုံးသုံး။ အရောင်းအဝယ်ကိစ္စမှာပဲသုံးသုံး၊ ရေစင်ရေမန်းနဲ့ ငါ့သမီး ဉာဏ်ရှိသလိုသုံး။ ငါ့သမီး ဒီနေ့ကစ ကြီးပွားချမ်းသာ အောင်မြင်ပြီ ဟော့။ နတ်ဒေဝါများလည်း ဗလိနတ်စာ မှုဇော်ပါ။ ရတနာသုံးပါးလည်း ပန်း၊ ရေ၊ ဆီမီး မညှိုးစေနဲ့။ သွားပဟော့ ... သမီးတော်ကြီးနဲ့ မြေး လေးရေ"

"အဘ ..."

"အဘ ..."

ကျွန်တော်တို့ ဘယ်လိုပင် အော်၍ခေါ်ခေါ် ဘတိုက်ပုံကြီး သည် ချာခနဲလှည့်ပြီး မှောင်ရိပ်ထဲတိုးဝင်၍ ပျောက်ကွယ်သွားလေ၏။

ထူးဆန်းသည်ကား ...

ဘတိုက်ပုံ လှူထူးဆန်းကြီးပေးသွားသည့် မတ်စေ့လေး အမေ့ လက်ထဲရောက်သည့် အချိန်မှစ၍ ကျွန်ုပ်၏ မိခင်ကြီးသည် အကြား အမြင်များ ပို၍ ထက်မြက်လာခဲ့သည်။

အမေရဲ့ဟောပြောချက်များ မှန်ကန်လွန်း၍ မြို့မှလူများပင် လာရောက်မေးမြန်းရကား "နတ်ကတော် မယ်နု" မှသည် အကြား အမြင် ဒေါ်နုဟု နာမည်ကျော်ကြားလာခဲ့ရကား ဝင်ငွေများ အလျှံ အပယ်ရထားခဲ့၏။

ရသမျှမှ ဖဲ့၍ အမေက ရဟန်းသံဃာများကို လှူဒါန်း၏။ ဆင်းရဲသူဆင်းရဲသားများကို အဝတ်အထည်များ ပေးကမ်း၏။

ရွာမှာ တံတားထိုး၏။ ဘုရားတည်လျှင် ရှေ့က ပါဝင်ခဲ့၏။

တစ်နေ့သောအခါ ရွာသူဌေးဦးဘိုးခြုံကြီးကပင် မေးလာ၏။





"ဟဲ့ ... မယ်နု နင်တို့ဘာလို့များ ဒီလောက် လှူနိုင်တန်းနိုင် နေရသတုံးဟဲ့"

ဒီမှာ အမေနုက အရှုးလိုလူထူးကြီး ဘတိုက်ပုံကို ထမင်း တစ်နပ်ကျွေးပြီးနောက်ပိုင်း အဘက မတ်စေ့လေးတစ်စေ့ ချီးမြှင့်သွား ခဲ့ကြောင်း၊ ၎င်းမတ်စေ့လေး ရပြီးချိန်မှစ၍ လုပ်ငန်းများတိုးတက်အောင် မြင်ပြီး ခုလို လှူနိုင်တန်းနိုင်ကြောင်း ပြောပြလိုက်၏။

သူဌေး ဦးဘိုးခြုံ အံ့ဩသွား၏။

"၎င်းမတ်စေ့လေး ပြစမ်းပါဟဲ့ မယ်နုရဲ့။ မမြင်ဖူးလို့ပါ"

ဒီမှာ အမေက လည်ပင်းမှ ပရိတ်ကြိုးနှင့် ခေါက်ချွဲထားသည့် မတ်စေ့လေးကို ပြလိုက်သောအခါ ...

ဦးဘိုးခြုံက ထူးဆန်းသည်ဆိုသော မတ်စေ့လေးကို ကြည့် ပြီး ...

"မယ်နု ... အဲဒီမတ်စေ့ ငါ့ကို ပြန်ရောင်းပါလားဟ"

"အစ်ကိုဘိုးခြုံက ဘယ်လောက်ပေးမှာလဲ"

"တစ်ရာဟာ"

"နည်းတာပေါ့တော်"

"ဒါဖြင့် နှစ်ရာဟာ"

"အို ... ဒီလောက်ငွေများတော့ စာမဖွဲ့ပါဘူး"

"ကိုင်း ... ငါးရာယူလိုက်ဟာ။ ဘယ့်နှယ် ..."

"အစ်ကိုဘိုးခြုံ"

"ဘာလဲ ရောင်းမှာလား"

"ကျွန်မ အဘချီးမြှင့်သွားတဲ့ ဟောဒီမတ်စေ့လေးကိုတော့ .. ငါးရာပေးလည်း မရောင်းဘူး၊ ငါးထောင်ပေးလည်း မရောင်းဘူး၊ ငါး



www.burmeseclassic.com

www.burmeseclassic.com



သောင်းပေးလည်း မရောင်းဘူး။ အိုမတော် . . . ရွှေပုံပေး ငွေပုံပေးသဲ လုံးဝကို မရောင်းဘူး။ ကျွန်မ မရှိရင် ဒါ ကျွန်မသားအတွက် အဘရဲ့ အမွေ''

အမေစကားဆုံးသောအခါ သူဌေးဦးဘိုးခြံ ခေါင်းငိုက်စိုက်ချ၍ ပြန်ဆင်းသွားလေ၏။ အမေ့ကို ကျွန်ုပ် ပို၍လည်း လေးစားသွားခဲ့ရ၏။


နောင်အခါ သူဌေးဦးဘိုးခြံသည် ရွာထဲမှာ စကားထူးတစ်ခု ပြောလေ့ရှိလေ၏။ ၎င်းစကားကား . . .

''ငါ သောက်သုံးမကျလို့ဟ။ အစကနဦးက ဒီအရူးလို လူကြီး က ငါ့အိမ်မှာ ထမင်းလာတောင်းစားတာ။ ငါက အရူးအစစ်မှတ်ပြီး ထမင်းမကျွေးဘဲ ငါ့မွေးစားသားကို မောင်းထုတ်ခိုင်းလိုက်တာ။ သည် တုန်းက အရူးလိုလူကြီးက ''မအိပ်မနေ အသက်ရှည်ကွ . . . သူဌေးရ'' လို့ပြောသွားတာ အဓိပ္ပာယ်ကို နားမလည်ခဲ့ဘူး။

အဲဒီနောက် အိပ်မောကျချိန် အနကြမ်းအစီးခံရတာပဲ။ ဒါ ပေမဲ့ သူကောင်းလို့ ငါ့ပစ္စည်းတွေ ပြန်ရခဲ့တယ်။ တကယ်လို့သာ အဲဒီ အချိန်တုန်းကများ မယ်နုတို့ သားအမိလို ငါသူ့ကို ထမင်းတစ်နပ် စေတနာနဲ့ ကျွေးမိခဲ့ရင် ငါလည်း မယ်နုလို သိဒ္ဓိဝင်မတ်စေ့လည်းရပြီ ခုလောက်ဆို ဇောတိကသူဌေးကြီးလို ဖြစ်ချင်ဖြစ်မှာ။ ခုတော့ လူပီသ ပြီး စေတနာကောင်းတဲ့မယ်နု သိပ်ကို ကံကောင်းသွားပြီကွာ''

ဟူသတည်း။

မောင်ညိုမှိုင်း(သန်လျင်)



www.burmeseclassic.com

[ ၁ ]

ကျွန်ုပ် သစ်တောအရေးပိုင်ဦးနေအောင်သည် ကသာမြို့တွင် အခြေစိုက်၍ နှစ်အတော်ကြာ တာဝန်ထမ်းဆောင်လာရာမှ သစ်တောဌာနရုံးချုပ်က ပြောင်းရွှေ့လာသည့် ကျွန်ုပ်နှင့်အဆင့်တူ ဦးလှဘူးကို စင်ကိုင်းတိုင်း၊ သစ်တောလုပ်ငန်းများအား တာဝန်လွှဲပြောင်းပေးပြီး နောက်တစ်နေ့တွင် ကချင်ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် မြစ်ကြီးနားမြို့သို့ မီးရထားဖြင့် ခရီးထွက်ခဲ့ပါသည်။

အဖွဲ့လိုက် ပြောင်းရွှေ့ရခြင်းဖြစ်သဖြင့် ကျွန်ုပ်၏အဖွဲ့တွင် တောအုပ်ဖော်မင်း၊ လက်နှိပ်စက်စာရေးကလေးကျော်စိန်ဝင်းနှင့် ကားမောင်း၊ ထမင်းချက် တပည့်ကျော်အောင်ဘုတို့အပြင် စည်သည့်အဖြစ် တစ်ပွဲစားမှဆိုးကိုအင်နီလည်း လိုက်ပါလာပါသည်။





ကျွန်ုပ်တို့အဖွဲ့အား ဦးလှဘူးတို့အဖွဲ့အပြင် မြို့ခံမိတ်ဆွေများကလည်း ဘူတာရုံသို့ လိုက်ပို့ကြသည်။ နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ကသာမြို့ကြီးအား ပုထုဇဉ်သဘာဝ လွမ်းဆွတ်မိပါသည်။

ကျွန်ုပ်တို့ အပြန်အလှန် နှုတ်ဆက်နေကြစဉ် နေ့လယ်(၁၂) နာရီခန့်၌ မန္တလေး၊ မြစ်ကြီးနား၊ အဆန်ရထားကြီး ကသာဘူတာသို့ ဝင်ပါသည်။ တောအုပ်ဖော်မင်းက မန္တလေးဘူတာသို့ လှမ်း၍ကြိုတင် BOOKING လုပ်ထားသဖြင့် အထူးတန်းလေးယောက်ခန်းတွဲတွင် နေရာရသည်။ ကိုအင်နီက သီးခြားခုံတွင် ထိုင်ရသည်။

နေ့လယ်(၁၂)နာရီကျော်တွင် အဆန်ရထားကြီး ကသာဘူတာမှ စတင်ထွက်ခွာသည်။ ကျွန်ုပ်တို့ မိတ်ဆွေများအား နှုတ်ဆက်ပြီး ကသာမြို့မှ ခွာခဲ့ရတော့သည်။ ကသာကမ်းနားရှိ ဧရာဝတီမြစ်ကြီး၊ ကသာကိုနောက်ခံပြုနေသော ဖက်ဆွတ်တောင်တန်းကြီး မင်းဝံတောင်တန်းကြီးနှင့် လွယ်ကူးတောင်တန်းတို့အား ကျွန်ုပ်ငေးမောကြည့်ရင်း လွမ်းဆွတ်တမ်းတမိတော့သည်။

မင်းခစားကမ်းနားသစ်ပင်၊ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရမည်။ သူ့အန်စားရဲရမည်ဟူသော စကားပုံများအတိုင်း ကျွန်ုပ်တို့ လုပ်ဆောင်နေကြရခြင်း ဖြစ်ပေသည်။ ရထားကြီးမှာ တဖြည်းဖြည်း အရှိန်ရလာသဖြင့် မိုးညှင်း၊ မိုးကောင်းဘူတာစဉ်များကို ကျော်လာခဲ့သည်။ ကျွန်ုပ်တို့အားလုံး အတွေးကိုယ်စီဖြင့် စကားမဆိုမိကြပါ။

ရထားကြီးမှာ တောင်တက်ခရီးဖြစ်၍လား မသိ၊ အလွန်နှေးသည်။ ဘူတာတစ်ခုတွင်ရပ်လျှင် အတော်ကြာသည်။ နောက်မှသိရသည်မှာ ပြည်ထောင်ဘူတာအနီးတွင် အစုန်ရထားလမ်းချော်သဖြင့် တွဲများ ရှင်းလင်းဖယ်ရှားနေရသောကြောင့်ဟု သိရသည်။ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားဘူတာရောက်တော့ ညမိုးချုပ်စပြုနေပြီ။ ရထားကြီးလည်း ခရီးဆုံးပါပြီ။ နွေဦးရာသီဖြစ်သော်လည်း ညချမ်းချိန်ဖြစ်၍ မြစ်ကြီးနားမြို့မှာ နှင်းတွေဝေပြီး ချမ်းအေးလှသည်။

ဘူတာသို့ မြစ်ကြီးနားသစ်တောဌာနမှ တောအုပ်ဦးမြင့်အောင်က ဂျစ်ကားနှစ်စီးဖြင့် လာကြိုနေသည်။

"ဆရာဦးနေအောင်တို့ နောက်ကျတယ်နော်။ ကျွန်တော်တို့ ညနေ(၄)နာရီကတည်းက လာကြိုနေတာ"

"ဟုတ်ပါရဲ့ ဦးမြင့်အောင်ရယ်။ ပြည်ထောင်ဘူတာအနားမှာ အစုန်ရထားလမ်းချော်လို့တဲ့။ အဲဒါကိုစောင့်နေရတာနဲ့ ကြာနေတာပါ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့လည်း သတင်းကြားပါတယ်။ အဲဒါကြောင့်လည်း စောင့်နေတာပါ။ ကဲ . . . ကားပေါ်ကြွပါ ဆရာ။ အရေးပိုင်ဆရာဦးစံရွှေလည်း ဗိုလ်တဲမှာမျှော်နေလောက်ပါပြီ"

ပစ္စည်းများအား ကားပေါ်မျှတင်ပြီး ကျွန်ုပ်တို့လူစုခွဲ၍ စီးကြသည်။ ဘူတာအနီးတွင် စားသောက်ဆိုင်တန်းများရှိပြီး ရထားအဆင်းဖြစ်၍ လူစည်ကားလှသည်။ လမ်းပေါ်၌ ဆိုက်ကားနှင့် နောက်တွဲယာဉ်တပ် ဂျစ်ကားကလေးများက ဥဒဟိုပြေးလွှားနေကြသည်။

ဘူတာရုံနှင့် ဈေးအနီးတွင် လူစည်ကားလှသော်လည်း ဈေးကျော်၍ ဆေးရုံဘက်ရောက်သည်နှင့် လူပါးသွားသည်။ စက်ဘီးစီးသူအချို့နှင့် လမ်းလျှောက်သူများကိုသာ တွေ့ရတော့သည်။ နာရီစင်ကိုကျော်သည်နှင့် လမ်းမီးတိုင်များ မီးမလင်းတော့ဘဲ လမ်းဘေးရှိအိမ်များမှ မီးရောင်ကိုသာ မြင်ရတော့သည်။

လမ်းဘေးနှစ်ဘက်တွင်လည်း ခြံဝင်းကျယ်ကြီးများနှင့် သစ်တောကြီးကိုသာ အမှောင်ထဲ၌ မြင်နေရသည်။ ကားမီးရောင်ကြောင့်





ရှုရာလမ်းမည်းမည်းကိုတော့ ထင်ရှားစွာ မြင်ရသည်။ သို့သော် လမ်းကျဉ်းသည်။ ကားနှစ်စီးရှောင်သာရုံသာ ဖြစ်သည်။

ကျွန်ုပ်တို့ကားများ ဦးတည်ထွက်လာကြသည့်မှာ မြစ်ဆုံလမ်းအတွက် ပိုးစာခြံဘက်သို့ဖြစ်သည်။ မိနစ်(၂၀)ခန့်ကြာမှ သစ်တောဘက်သို့ ရောက်သည်။ လက်ဝဲဘက်သို့ချိုးကွေ့ပြီး ခြံကျယ်ကြီးသို့ဝင်၍ ရှေးဟောင်းဗိုလ်တဲကြီးတစ်ခုရှေ့သို့အရောက်တွင် ကားများရပ်သည်။

"ကဲ . . . ဆရာဦးနေအောင် ရောက်ပါပြီခင်ဗျာ။ ဗိုလ်တဲပေါ်တက်ကြပါ။ ကျွန်တော်တို့ စားဖို့သောက်ဖို့ အသင့်စီစဉ်ထားပါတယ်။ ဆရာ…ရွှေလည်း အပေါ်မှာရှိပါတယ်ခင်ဗျား"

ကျွန်ုပ်တို့ အုတ်ကြွပ်မိုးထားသော ရေနံရည်ဝနေသည့် သစ်သားဗိုလ်တဲကြီးပေါ်သို့ တက်ခဲ့ကြပါသည်။ လျှပ်စစ်မီးရှိသော်လည်း မီးရောင်မှာ နီကြင်ကြင်သာလင်းနေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

ကျွန်ုပ် ဧည့်ခန်းသို့ဝင်လိုက်သည်နှင့် စောင့်မျှော်နေဟန်တူသော သစ်တောအရေးပိုင်ဦးစံရွှေက နေရာမှထပြီး ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက် ကြိုဆိုပါသည်။

"လာဗျို့ ... ကိုနေအောင်။ ကျုပ်မျှော်နေတာကြာပြီ။ ရထားက အတော်နောက်ကျတယ်နော်"

"ဟုတ်ပါတယ် ဆရာ။ ပြည်တောင်ဘူတာနားမှာ အစုန်ရထားလမ်းချော်နေလို့ တွဲတွေကိုရှင်းလင်းနေရတာမို့ စောင့်နေရလို့ ကြာသွားတာပါ။ ဆရာ ... နေကောင်းရဲ့နော်"





"အင်း ... ကျုပ်က လေးဖက်နာရှိတော့ ဒီကအေးတဲ့ရာသီဥတုနဲ့ မတည့်ဘူးထင်ပါရဲ့ဗျာ။ ညနေစောင်းတာနဲ့ တစ်ကိုယ်လုံးကိုက်ခဲလာတာပဲ။ ဒါကြောင့်လည်း ပင်စင်နီးလာတာနဲ့ ရန်ကုန်ရုံးချုပ်ကို ပြောင်းရွှေ့ဖို့ စာတင်ရတာပါ၊ ကဲ ... ထိုင်ကြဗျာ။ စားဖို့သောက်ဖို့ အဆင်သင့်လုပ်ထားပါတယ်"

ထိုစဉ် တောအုပ်ဦးမြင့်အောင် ဗိုလ်တဲပေါ်သို့တက်လာပြီး ဧည့်သည်များအား နေရာချထား၍ ...

"ဆရာတို့ ရေချိုးကြဦးမလား၊ အဆင်သင့်လုပ်ထားပါတယ်"

"မချိုးတော့ပါဘူး။ ကိုယ်လက်သုတ်သင်ရုံလောက်ပါပဲ။ ပြီးတာနဲ့ စားကြသောက်ကြတာပေါ့။ ဆရာဦးစံရွှေစောင့်နေရတာ အားနာပါတယ်"

"ဟုတ်ပါတယ် ဆရာ။ ဒီကရာသီဥတုက ညပိုင်းဆို အတော်အေးတော့ နေရာဒေသအပြောင်းအလွဲမှာ ရေမချိုးတာကောင်းပါတယ်။ အလေ့အကျင့်အရ အတိုင်ကျသွားတော့လည်း ချိုးလို့ရပါတယ်"

ကျွန်ုပ်တို့ မျက်နှာသစ်၍ ကိုယ်လက်သုတ်သင်ပြီး ဝိုင်းစ,ကြသည်။ ဌာနတွင်းဝန်ထမ်းများဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦးသိကြသော်လည်း ကျွန်ုပ်တို့၏ဧည့်သည် တစ်ပွဲစားမှဆိုးကိုအင်နီနှင့်တော့ မသိကြသေး၍ ကျွန်ုပ်က မိတ်ဆက်ပေးရသည်။ အရေးပိုင်ဦးစံရွှေက မှဆိုးအလုပ်ကို စိတ်ဝင်စားသူမဟုတ်သဖြင့် ကိုအင်နီကို လက်ဆွဲနှုတ်ဆက်သော်လည်း စိတ်ဝင်စားဟန်တော့မပြပါ၊ တောအုပ်ဦးမြင့်အောင်ကသာ ကိုအင်နီကို အလေးပေးဂရုစိုက်ပုံရသည်။

"ကဲ ... ဆရာတို့ သုံးဆောင်ကြပါ။ ဒါက ချေသားခြောက်ကြော်၊ ဒါကတော့ ဆတ်သားဟင်းပါ၊ ဒါက ကျောက်ငါးကြင်းကြော်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကတော့ ဒေသထွက်လတ်ဆတ်တဲ့ အသီးအနှံတွေကို ကြော်ထား တာပါ။ အရက်ကတော့ ရမ်ပါပဲ။ ဒီမြို့မှာ တရုတ်ပြည်ကလာတဲ့ အရက် အစုံရှိပေမဲ့ မီသိန်းဓာတ်များလို့ ကျွန်တော်တို့ မသောက်ကြပါဘူး။ ဒေသထွက်အရက်တွေလည်း ရှိပါတယ်။ ပြင်းလွန်းတော့ မသောက် နိုင်ပြန်ဘူး။ ဒါကြောင့် သောက်နေကျရမ်အရက်နဲ့ပဲ ညှိခံရတာပါ"

"ရပါတယ်ဗျာ။ တောထဲသွားရင်လည်း ဒေသထွက်အရက် တွေကိုပဲ သောက်ရမှာပါ၊ တန်ဆေး လွန်ဘေးဆိုတဲ့ စကားပုံအတိုင်း မှုတရုံတော့ သောက်သုံးမှ ဒီက ရာသီဥတုနဲ့ ကိုက်ညီမှာပေါ့"

"ဟုတ်ပါတယ် ...ဆရာဦးနေအောင်၊ ဆရာဦးစံရွှေက ရောဂါကြောင့် သောက်သုံးတာနည်းတော့ အသစ်အမြစ်တွေကိုကိုက်ပြီး ခံစားရတာပါ။ အေးတဲ့ရာသီဥတုရှိတဲ့ဒေသတွေမှာ အရက်သောက်သုံး ခြင်းဟာ ဆေးဖြစ်ဝါးဖြစ်တော့ ကျန်းမာရေးကို အထောက်အကူပြုနိုင် ပါတယ်"

ကျွန်ုပ်တို့စားကြသောက်ကြတော့ ဦးစံရွှေက ဖြည်းဖြည်းချင်း သာ စားသောက်နေသည်။ အမြည်းများမှာ လတ်ဆတ်၍ အရသာရှိပါ သည်။

"ဦးမြင့်အောင် ...ဒီတောကောင်သားတွေက ဘယ်ကရတာ လဲ"

"ဆရာဦးနေအောင်ရေ မြစ်ကြီးနားမြို့က တောတောင်ဝိုင်းနေ တာဗျ။ အနီးအနားရွာတွေက လာရောင်းကြတာပဲ။ မနက်ခင်း မြစ်ကြီး နားဈေးမှာ တောကောင်သားတအား အသီးအနှံအစုံရတယ်။ များများပြော ဆိုရင်လည်း မြစ်ကြီးနားမြို့ပေါ်တင် စစ်စစ်ရနိုင်တယ်။ မြစ်ကြီးနားမြို့ ဟာ ပျားမြို့တော်ပဲလေ။ ရေစင်ကြီးတွေ၊ တိုက်အိမ်ဟောင်းကြီးတွေ





သစ်ပင်ကြီးတွေပေါ်မှာ ပျားအုံတွေ အပြည့်ပဲ။ ဆရာတို့လာတာ မိုးချုပ် နေလို့ မမြင်ရတာပါ"

"မနက်ဖြန်မနက်စောစော လှေလာရင်း လမ်းလျှောက်ကြရ အောင်ဗျာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်လိုက်ပို့ပါ့မယ်"

ဦးစံရွှေ ။ "ကိုနေအောင်ရေ ကျွန်တော်ကတော့ မြို့နယ်ကသစ်ကွက် တွေနဲ့ အလုပ်ဝတ္တရားတွေကို အမြန်ဆုံးလွှဲချင်တယ်ဗျာ။ ဒီမှာတစ်ရက် နေရရင် ကျုပ်အတွက် တစ်ရက်ဝေဒနာပိုခံစားရသလို ဖြစ်နေတယ်။ ကျုပ်က အလုပ်က နုတ်ထွက်သွားတာလည်းမဟုတ်တော့ သစ်တော ချုပ်ကို ခင်ဗျားအချိန်မရွေး ဆက်သွယ်နိုင်ပါတယ်။

ဒီက တာဝန်အားလုံးကိုလည်း တောအုပ်ဦးမြင့်အောင်က တာဝန်ယူပြီး ဖြေရှင်းပေးပါလိမ့်မယ်။ အခုလည်း ကျုပ်က ဒီမှာထိုင်နေ ပေမဲ့ နယ်မဆင်းနိုင်ပါဘူး။ ဦးမြင့်အောင်ကိုပဲ တာဝန်လွှဲပြောင်းထား တာပါ။ မြစ်ကြီးနားကလည်း ကိုနေအောင်အုပ်ချုပ်ခဲ့တဲ့ စစ်ကိုင်း တိုင်းလောက် အလုပ်မများပါဘူး။ ဒါကြောင့် နားလည်မှုပေးပါ၊ ကျုပ်ရဲ့ ကျန်းမာရေးအခြေအနေအရ ရန်ကုန်ရုံးချုပ်ကို အမြန်ဆုံး ပြန်ချင်ပါ တယ်ဗျာ"

"စိတ်ချပါ ..ဆရာဦးစံရွှေ။ ကျွန်တော်မြစ်ကြီးနားမြို့ပေါ်က ရုံးကိစ္စ ဦး၊ ရေး ထောက် တာဝန်တွေကိုပဲ စစ်ဆေးပြီးတာနဲ့ ဆရာ ဦးစံရွှေ ရန်ကုန်ကိုပြန်နိုင်ပါပြီ။ နယ်ဆင်းစစ်ရမယ့်တာဝန်တွေကတော့ တောအုပ်ဦးမြင့်အောင်နဲ့ပဲ လုပ်လိုက်ပါ့မယ်။ ကျွန်တော့်ကို မနက်ဖြန် ခန်ဘက်ခါ အချိန်နှစ်ရက်လောက်တော့ပေးပါ။ ကျွန်တော်စစ်ကိုင်း တိုင်းကို ဦးလှဘူးနဲ့လွှဲတာ တစ်လလောက်ကြာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုနေအောင်ရေး၊ ကျုပ်ရဲ့ ကျန်းမာရေးအခြေ အနေကြောင့်ပါ။ ပြဿနာတစ်စုံတစ်ရာ မရှိပါဘူး။ လွှဲပြောင်း လက် စာရင်းတွေကိုလည်း စနစ်တစ်ကျ အသင့်လုပ်ထားပါတယ် ကိုနေအောင် ဦး၊ ရေး ထောက်ကိစ္စတွေကို ကြိုက်သလိုစစ်ဆေးနိုင်ပါတယ်"

ကျုန်ုပ်တို့သောက်ပိုင်းပြီးတော့ စားပိုင်းဆက်ကြသည်။ ဟင်း များက အတော်စုံလင်သည်။ မြစ်ကြီးနားမြို့ပေါ်မှ အကောင်းဆုံးအသား အစာများကို မှာယူထားဟန်တူပါသည်။ စားပြီးသည်နှင့် အသီးအနှံ များကိုစား၍ အချိတည်းကြရင်း တောအုပ်ဦးမြင့်အောင်က မြစ်ကြီးနားမြို့ နှင့် ပတ်ဝန်းကျင် ကချင်ပြည်နယ် သစ်တောများအကြောင်းကို ပြောပြ သည်။ အတော်ညဉ့်နက်မှ ကျုန်ုပ်တို့ အိပ်ရာဝင်ခဲ့ကြသည်။

✿ ✿ ✿

| ၃ |

❑

နောက်တစ်နေ့တွင် ကျုန်ုပ်မနက် (၆) နာရီခန့်တွင် အိပ်ရာက ထ၍ ဘုရားဝတ်ပြုအပြီးတွင် တောအုပ်ဦးမြင့်အောင် ရောက်ရှိလာ သည်။ တောအုပ်ကိုဇော်မင်းလည်း အသင့်ဖြစ်နေ၍ ကျုန်ုပ်တို့သုံးဦး လမ်းလျှောက်ထွက်ခဲ့ကြသည်။

ပိုးစာခြံ ရဲဘက်စခန်းကိုကျော်ပြီး ရွှေစက်ရွာကိုကျော်၍ ကမ်း နားဘက်သို့ လမ်းလျှောက်ခြင်းဖြစ်သည်။ ကမ်းနားတွင် နို့မလိုင် သက်ဖက်ရည်နှင့် နံပြားပူပူနွေးနွေးကို စားကြသည်။ မြစ်ကြီးနားမြို့ မှာ နွားနို့ပေါသဖြင့် အလွန်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန့်တွင် ကျွန်ုပ်တို့ အကျဉ်းဦးစီးဌာန ရဲဘက်စခန်း ဖြတ်လျှောက်ရင်း ကိုဇော်မင်းက စကားစသဖြင့် ကသာမြို့တွင် မိတ် ဖြစ်ခဲ့ရသည့် ထောင်မှူးကြီးဦးသိန်းဝင်းသတင်းအား စုံစမ်းရန် ကျွန် တို့ရဲဘက်စခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။

စခန်းရုံးခန်းမှာ အုတ်တိုက်အဝါကလေး ဖြစ်သည်။ ဝင်း အတော်လှမ်းသည်။ စခန်းပတ်လည်တွင် တောင်ယာစိုက်ခင်း ပြင်ဆင်ထားသော်လည်း အပင်များပေါက်နေခြင်းကို မတွေ့ရ ပေါင်များကိုသာ ပတ်လည်မြင်နေရသည်။

ရဲဘက်ဆူးကြိုးစခန်းကတော့ အနောက်ဘက်ခပ်လှမ်းလှမ်း တွင် ရှိနေသည်။ ကျွန်ုပ်တို့အား အစောင့်ကမေး၍ ဖြေပြီး စခန်း ခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။ ထိုစဉ် အသားဖြူဖြူနှင့် ခပ်ဝဝလူ ထွက်လာပြီး ...

"ဘာကိစ္စများရှိပါသလဲ ဆရာတို့၊ ထိုင်ကြပါခင်ဗျား"

ကျွန်ုပ်တို့ ဧည့်ခန်းဆက်တီများပေါ်တွင် ထိုင်လိုက်ကြရင်း-

"ကျွန်တော်တို့က သစ်တောဌာနကပါ။ ကျွန်တော်က သ တောအရေးပိုင် ဦးနေအောင်ပါ၊ ဒီကဆရာတွေက တောအုပ်ဦးမြင့်အောင် နဲ့ ဦးဇော်မင်းပါ"

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ်။ ကျွန်တော်ကတော့ ရဲဘက်စခန်းတာဝန်ခံ ဦးငွေစံပါ။ ကိစ္စကိုအမိန့်ရှိပါ ခင်ဗျား"

"ကျွန်တော်တို့အဖွဲ့ ကသာမြို့က ပြောင်းလာတာပါ။ မြစ်ကြီး နားက သစ်တောအရေးပိုင် ဦးစံရွှေနေရာကို အစားထိုးတာဝန်ထမ်း ဆောင်ဖို့ပါ။ အခုလာတာကတော့ ကသာထောင်မှာ တာဝန်ကျသွားတဲ့ ကျွန်တော်တို့မိတ်ဆွေ ထောင်မှူးကြီးဦးသိန်းဝင်းအကြောင်း သိချင်လို့





ဆရာဦးငွေစံ"

"သြော် ... ကိုသိန်းဝင်းရဲ့ မိတ်ဆွေတွေကိုး။ ဟုတ်ပါတယ်။ ကိုသိန်းဝင်းက ကျွန်တော်နဲ့လည်း အပတ်စဉ်တူ သူငယ်ချင်းပါ။ ကသာ ထောင်ကနေ အင်းစိန်ထောင်ကို ပြန်ဝင်ပါတယ်။ အင်းစိန်ကနေ ကျွန် တော်တို့ ဒီပိုးစာခြံစခန်းကိုရောက်ပါတယ်။ ဒီစခန်းကမှ ဆရာဦးနေ အောင်တို့မရောက်ခင် တစ်လလောက်ကမှ ဆွမ်ပရာဘွမ်စခန်းကို ထွက် သွားပါတယ်"

"ဦးသိန်းဝင်းတို့စခန်းက မြစ်ကြီးနားနဲ့ အတော်လှမ်းသလား ဆရာ"

ထိုစဉ် အပြင်မှပြန်လာသော အသားညိုညိုအရပ်မြင့်မြင့် လူ တစ်ဦးဝင်လာပြီး ...

"သြော် ... ဧည့်သည်တွေရောက်နေတာကိုး၊ ဆောရီးဗျာ"

"ဦးကျင်မောင်သန်း ထိုင်ဦးဗျာ။ ဒါ ဆွမ်ပရာဘွမ်စခန်းထွက် သွားတဲ့ ထောင်မှူးကြီးဦးသိန်းဝင်းရဲ့ မိတ်ဆွေတွေလေ။ ခင်ဗျားက အတူလိုက်သွားဖူးတော့ ဆွမ်ပရာဘွမ်စခန်းအကြောင်း ကျွန်တော့်ထက် ပိုသိမှာမို့ ရှင်းပြလိုက်ပါဦး။ အခုမှပြောင်းလာတဲ့ သစ်တောအရေးပိုင် ဦးနေအောင်တို့အဖွဲ့တွေပါ။ ဟိုဘက်တစ်ခြံကျော်မှာတင်နေကြတာလေ"

"သြော် ... ဟုတ်ကဲ့ ဦးနေအောင်။ တွေ့ရတာ ဝမ်းသာပါ တယ်။ ကျွန်တော်က ဒုတိယထောင်ပိုင် ကျင်မောင်သန်းပါ။ အမှန်က ဆွမ်ပရာဘွမ်စခန်းကို ကျွန်တော်ပြောင်းရမှာပါ။ ကျွန်တော်က ရန်ကုန် ကပြောင်းလာမယ့် အမျိုးသမီးကိုစောင့်နေရင်း ကိုသိန်းဝင်းက ကျွန်တော့် ကိုယ်စား ဆွမ်ပရာဘွမ်စခန်းကို လိုက်သွားတာပါ။

ဆွမ်ပရာဘွမ်စခန်းကို 'ဒရခရဲဘက်စခန်း' လို့လည်း ခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒရုခချောင်းဘေးမှာ တည်ထားသို့ 'ဒရုခစခန်း' လို့ခေါ်တာပါ မြစ်ကြီးနားကနေ (၈၅)မိုင် ဝေးပါတယ်။ လမ်းကကြမ်းပြီး နယ်မြေ မအေးချမ်းသေးတော့ ကျွန်တော်တို့ (CONVOY) ယာဉ်တန်းနဲ့သွားတာ (၆) ညအိပ် (၇)ရက်တောင် ကြာပါတယ်''

''လမ်းအတော်ဆိုးတယ် ထင်ပါရဲ့ ဦးကျင်မောင်သန်းရယ် ကျွန်တော်တို့မိတ်ဆွေကြီး ဦးသိန်းဝင်းတော့ အတော်ဒုက္ခရောက်နေပြီ ထင်ပါရဲ့''

''ဦးသိန်းဝင်းက စခန်းတာဝန်ခံပါ။ ဒုက္ခမရောက်နိုင်ပါဘူး ခလရ (၃၇)လည်း စခန်းအနီးမှာပဲ ရှိပါတယ်။ အစားအသောက်တော့ ဆင်းရဲမယ်ထင်တယ်ဗျ။ ဘာဖြစ်လို့လည်းဆိုတော့ တောပိုင်းပြီး တော ကောင်ပေါပေမဲ့ နယ်မြေမငြိမ်းချမ်းသေးတော့ တောလည်ရဲမှာမဟုတ် ဘူး။ တစ်ကလည်း ခွင့်ပြုမှာမဟုတ်ဘူး''

''အေးဗျာ ... ဆွမ်ပရာဘွမ်တောဆိုတာ ကျွန်တော်အုပ်ချုပ် ရတဲ့ နယ်မြေထဲမှာပါပါတယ်။ တစ်ခေါက်လောက်တော့ ကျွန်တော်လည်း အရောက်သွားချင်ပါတယ်။ CONVOY ယာဉ်တန်းက ဘယ်တော့ထွက် ဦးမလဲ''

''တစ်လတစ်ခေါက်ထွက်ပါတယ် ဦးနေအောင်၊ လစဉ် လကုန် ခါနီးထွက်ပါတယ်။ ဆရာတို့လိုက်ချင်ရင် ထွက်မယ့်နေ့ ကျွန်တော် အကြောင်းကြားပါမယ်''

''ဟုတ်ကဲ့ ... ဆရာဦးငွေစံ ကျွန်တော်တို့အဖွဲ့တွေလည်း ဦး ရေး၊ ထောက် တာဝန်တွေကို လွှဲပြောင်းလက်ခံရဦးမှာမို့ လကုန်လောက် မှ ဖြစ်နိုင်မှာပါ။ အခုလောလောဆယ်တော့ မြစ်ကြီးနားမြို့ပေါ်က လုပ် ငန်းတာဝန်တွေကို လက်ခံပြီးတာနဲ့ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း





ခေါ်ဘူးဒဲမြို့နယ်တွေဘက် ဆင်းရမှာပါ။ အပြန်ကျမှ ဆွမ်ပရာဘွမ် ဘက်လှည့်ရမှာပါခင်ဗျား''

ထိုစဉ် အမျိုးသမီးတစ်ယောက် အခန်းထဲမှထွက်လာပြီး ကော်ဖီ နှင့်မုန့်များ လာချပေးသည်။

''သုံးဆောင်ကြပါရှင်''

ဦးငွေစံ ။ ''ဦးကျင်မောင်သန်းအမျိုးသမီးပါ ဆရာဦးနေအောင်။ ဦးကျင် မောင်သန်းက ခန္တီးဘက်ထွက်မှာပါ''

''ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ် ခင်ဗျား''

''ဟုတ်ကဲ့ရှင့်''

ကျွန်ုပ်တို့ စားသောက်ပြီးသည်နှင့် ပြန်ရန်နှုတ်ဆက်ရသည်။

''ဆရာဦးငွေစံနဲ့ ဦးကျင်မောင်သန်းတို့လည်း လာလည်ကြ ပါဦး။ မနက်ဖြန်နဲ့သန်ဘက်ခါ လုပ်ငန်းတာဝန်တွေလွှဲပြီးတာနဲ့ ကျွန် တော်တို့သစ်တောအရေးပိုင်ဦးစံရွှေကို နှုတ်ဆက်ပွဲလုပ်မှာ။ ဆရာတို့ ကြွကြပါဦး။ ကျွန်တော့်ဌာနက ကျစ်ကားနဲ့ လာကြိုနိုင်းပါ့မယ်''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာဦးနေအောင်''

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ကျွန်တော်တို့ သစ်တောဗိုလ်တဲသို့ပြန်ခဲ့ကြပါသည်။ ထိုနေ့က သစ်တောအုပ်ဦးမြင့်အောင် ကြိုတင်စီစဉ်ထားသော ဦး၊ ရေး၊ ထောက်ဆိုင်ရာစာရင်းဇယားများအား စစ်ဆေးကြသည်။ နေ့လယ်စားသောက်ချိန်မှ ကိုအင်နီနှင့်ဆုံဖြစ်ရာ ကိုအင်နီမှာ မလန်းဆန်းဘဲမှိုင်နေ၍ မေးမြန်းကြည့်မိသည်။

''ကိုအင်နီ ...နေမကောင်းဘူးလား။ ကျွန်တော်တို့လည်း အလုပ်များနေလို့ ခင်ဗျားကို ဂရုမစိုက်မိဘူးဗျာ''

''ဆရာ ...ငါနေကောင်းပါတယ်။ ဒါပေမဲ့ စိတ်နေမကောင်းဘူး''





''ဘယ်လိုဖြစ်လို့လည်း ကိုအင်နီ''

''ဒီဗိုလ်တဲအစောင့်က ငါ့ကိုတစ်ညလုံး ဒုက္ခပေးနေတယ်။ ...အိပ်မရဘူး''

''ဘယ်သူလဲ ကိုအင်နီရဲ့။ ဗိုလ်တဲအစောင့် အဘိုးကြီးလား''

''မဟုတ်ဘူးဆရာ။ ဗိုလ်တဲအစောင့် ဒေါ်မေရီတဲ့။ ကပြားမ ...''

''မဟုတ်တာ ကိုအင်နီရယ်။ အစောင့်အဘိုးကြီးက မိသားစု ...ဆောင်မရှိပါဘူး။ သစ်တောရွာနဝန်ထမ်းပါ။ ပင်စင်တောင် နီးနေပြီ''

''အစောင့်အဘိုးကြီးကို ပြောတာမဟုတ်ဘူး ဆရာရဲ့။ ပရ...လောကသား ဗိုလ်တဲအစောင့်ကိုပြောတာ။ တစ်ညလုံး ငါ့ခြေထောက်...ကိုဆွဲပြီး လာလာနှိုးနေတယ်။ ဖွတ်မှိတ်ပြီးအိပ်ပြန်တော့လည်း အိပ်မက်...ထဲအထိ ဒုက္ခလိုက်ပေးတယ်။ တော်တော်ဆိုးတဲ့ဟာမကြီး''

ကျွန်ုပ်တို့ နေ့လယ်စာစားသောက်ပြီး၍ သိမ်းဆည်းရန် အောင်...နှင့်အတူပါလာသော ဗိုလ်တဲအစောင့်ကြီးက နားစွင့်နားဖျား ကြား...သွားသည်နှင့် ...

''ဆရာတို့ ...ဘာတဲ့ ...ဒေါ်မေရီတဲ့လား''

...နိုဝ် ။ ''ဟုတ်ပါတယ် ဆရာကြီး။ ဒီကကိုအင်နီက ပရလောကသား ...ဗိုလ်တဲအစောင့် ဒေါ်မေရီလို့ပြောနေပါတယ်''

''အင်း ...ဒေါ်မေရီက ပေါ်လာပြန်ပြီကိုး။ သူ မကျွတ်...သေးဘူးထင်ပါရဲ့''

''ဆရာကြီးက ဒေါ်မေရီကို သိသလား။ သိရင်လည်း အကျိုး...အကြောင်းပြောပါဦး''

''ဟုတ်ကဲ့ ...ဒေါ်မေရီက အင်္ဂလိပ်ခေတ်နှောင်းပိုင်း သစ်



www.burmeseclassic.com

www.burmeseclassic.com



တောအရေးပိုင် မစ္စတာစမစ်ရဲ့ဇနီးပါ။ ကျွန်တော်လည်း လွတ်လပ်ရေးရပြီးမှ အလုပ်ဝင်တာဆိုတော့ မမီလိုက်ပါဘူးခင်ဗျား။ ဒါပေမဲ့ ကျွန်တော့်ရှေ့က ဒီဗိုလ်တဲအစောင့်ကြီး ဦးမရန်းနော်ပြောဖူးလို့ သိရတာပါ။

ဒေါ်မေရီက မစ္စတာစမစ်နဲ့စကားများပြီး ဒီဗိုလ်တဲပေါ်မှာပဲ အိပ်ဆေးအသောက်လွန်လို့ သေသွားတာပါ။ သူ့လက်ဝတ်လက်စား ရွှေငွေတွေကိုလည်း ဒီဗိုလ်တဲရဲ့ တစ်နေရာမှာ မြှုပ်နှံထားတော့ မကျွတ်မလွတ်ဘဲ တစ္ဆေမကြီးဖြစ်နေတယ်လို့ သိရပါတယ်။ လူတိုင်းကိုလည်း ခြောက်လှန့်လေ့မရှိပါဘူး ဆရာ။ ကျွန်တော် ဒီဗိုလ်တဲမှာ အလုပ်လုပ်လာတာ နှစ် (၄၀)လောက်ရှိပါပြီ။ ရောက်စက အခြောက်ခံရပေမဲ့ နောက်တော့ မခြောက်တော့ပါဘူး ဆရာ။ မိတ်ဆွေဖြစ်သွားတယ်လို့ ပြောရမယ် ထင်ပါရဲ့"

"ဘယ်လိုဗျ ...။ တစ္ဆေမကြီးနဲ့ မိတ်ဆွေဖြစ်သွားတယ် ... ဟုတ်စ"

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်က ထမင်းကျန်ဟင်းကျန်ကို အမြဲတမ်းကျွေးပြီး မိတ်ဆွေဖွဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ တစ္ဆေမကြီးမိတ်ဆွေဖြစ်သွားကြပြီး ကျွန်တော့်ကို မခြောက်တော့ပါဘူး ဆရာ"

"ဒီကဆရာကြီးနာမည် ဘယ်လိုခေါ်သလဲဗျ"

"ဦးတင်ရွှေလို့ခေါ်ပါတယ် ဆရာ"

"ဦးတင်ရွှေရော၊ တစ္ဆေမကြီးဒေါ်မေရီကို မြင်ဖူးပါသလား"

"အိပ်မက်ထဲမှာပဲ မြင်ဖူးတာပါဆရာ။ အဖြူရောင်ဂါဝန်ရှည်ကြီးဝတ်ပြီး ဆံပင်ကရွှေရောင်၊ အင်္ဂလိပ်အစစ်မဟုတ်ဘဲ တရုတ်သွေးပါလို့ အရပ်ပုပုဝဝပါ"





ကိုအင်နီ ။ "ဟုတ်တယ်။ အိပ်မက်ထဲမှာ ငါမြင်တာလည်း ဒီအတိုင်းပဲ။ နှုတ်ခမ်းနီကလည်းဆိုးထားလိုက်တာမှ ရဲနေတာပဲ။ တော်တော်အမြင်ကတ်ဖို့ကောင်းတဲ့ ရုပ်မျိုးပဲ။ အသက်က (၅၀) လောက်ရှိပြီ။ သူ့ကိုယ်သူ သူချောင်တုန်းပဲထင်ပါရဲ့"

"ကိုအင်နီရယ်၊ ခင်ဗျား သူ့တစ်ပါးအပေါ်မှာ မကောင်းမြင်တတ်တဲ့စိတ်မရှိတာ ကျွန်တော်သိပါတယ်။ အခုမှ ကွယ်လွန်သွားရှာသေသူကို ဘာကြောင့် အမြင်ကတ်နေရတာလဲ။ စိတ်ကိုလျှော့ပါဗျာ။ အမျှအတန်းဝေပြီး မေတ္တာပို့ပါ"

"ဆရာမသိသေးလို့ပါ။ ငါ့ကို တစ်ပွဲစားလို့ခေါ်တာလည်း ဂမ္ဘီရပညာနဲ့ ဆက်နွယ်နေလို့ပါ။ ဒါကလည်း မွေးကတည်းက အင်ပင်တောထဲမှာမွေးလို့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေက ချီးမြှင့်ဟန်တူပါတယ်။ ဒီပညာကြောင့်လည်း ပရလောက,က ဒေါ်မေရီက ငါ့ကို ညာစမ်းတာပေါ့။ တကယ်တမ်းကလည်း တစ်ပွဲစားဆိုတာက ပရလောကသားတွေနဲ့ ဆက်စပ်နေတဲ့ ပညာပဲလေ။ သာမန်လူတွေနဲ့ မတူဘူးပေါ့ဆရာရယ်"

"အေးဗျာ ... တခြားလူတွေဘာမှမဖြစ်ဘဲ ခင်ဗျားနဲ့ကျမှ ဖြစ်ရတယ်လို့ ထူးတော့ အတော်ထူးဆန်းနေတာပဲ ကိုအင်နီရေ"

ထိုစဉ် လက်နှိပ်စက်စာရေးကလေး ကျော်စိန်ဝင်းက ကျွန်ုပ်အား လက်ကုတ်ခေါ်သဖြင့် ကျွန်ုပ်တို့ဗိုလ်တဲအောက်သို့ ဆင်းလာကြပြီး ဗိုလ်တဲအနောက်ဘက်မှ သရက်ပင်ကြီးအောက်အရောက်တွင် ...

"ဆရာ ... ကျွန်တော်လည်း ညက ဒေါ်မေရီကို အိပ်မက်ထဲမှာ မြင်လိုက်ရတယ်။ သူတို့ပြောသလို ပုံစံမျိုးပဲ။ ကျွန်တော့်ကိုလာတော့ သားလို့ခေါ်တယ်။ သူ့ကို ပေါင်မုန့်တစ်လုံး၊ ဝိုင်နီတစ်ပုလင်း၊ အမဲသား



www.burmeseclassic.com

www.burmeseclassic.com



နှပ်ဟင်းနဲ့ကျွေးပါတဲ့။ ရတနာတွေမြှုပ်ထားတဲ့နေရာကိုပြမယ်လို့ ပြောတယ်လေ။ နောက်ပြီး ကျွန်တော်က လိပ်ပြာလှသတဲ့။ တစ်ယောက်တည်း တောနက်ထဲမသွားနဲ့။ လိပ်ပြာလှသူကို ပရလောကသားတွေက စိတ်ဝင်စားတယ်လို့လည်း ပြောသေးတယ်ဆရာ"

"မင်းကလည်း တစ်မျိုးပါလား။ မင်းလိပ်ပြာလှတယ်ဆိုတာတော့ ဟုတ်နိုင်တယ်။ မင်းမှတ်မိသေးသလား။ ဇန်းမောက်ဘက်သွားတုန်းက ပိန္နဲကုန်းယာယီစခန်းမှာ မင်းပျောက်သွားတာလေ။ ရှာပုန်းတခေါ်သွားတယ်၊ နတ်ဝှက်တယ်ဆိုတာနဲ့ ငါတို့ပိန္နဲကုန်း ရွာသူကြီးအစီအစဉ်နဲ့ ကန်တော့ပွဲပေးရှာတော့မှ (၃)ရက်အကြာမှာ ပြန်တွေ့တာလေ"

"ကျွန်တော်မှတ်မိပါတယ် ဆရာ။ အခုကျွန်တော်ဘာလုပ်ရမှာလဲသိချင်လို့ ဆရာကိုမေးရတာပါ"

"ယုံတာမယုံတာ အပ,ထား ကျွေးလိုက်ပေါ့ကွာ။ အစာငတ်နေရှာသူကို ကျွေးမွေးရတာ ကုသိုလ်ရပါတယ်။ ညနေကျရင် အောင်ဘာဈေးသွားရင် ဝယ်ခိုင်းလိုက်ပေါ့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ ဗိုလ်တဲပေါ်သို့ပြန်တက်လာကြပြီး စာရင်းဇယားများအား စစ်ဆေးကြရပြန်ပါသည်။ ဦးစံရွှေ ရန်ကုန်သို့ ပြန်နိုင်ရေးအတွက် ကျွန်ုပ်တို့ ကြိုးစားနေကြခြင်း ဖြစ်ပါသည်။ ညကျတော့လည်း တောအုပ်ဦးမြင့်ဦးအောင်က အရက်ဝိုင်းကလေး လုပ်ပေးပြန်ပါသည်။

လုပ်ငန်းတာဝန် လွှဲပြောင်းခြင်းမှာ တစ်ဝက်ကျိုးပြီဖြစ်၍ ဦးစံရွှေလည်း ဝမ်းသာနေသဖြင့် ထိုညက ညစာကို အတော်စားသောက်နိုင်ပါသည်။ ယနေ့ညတော့ ညဥ့်နက်မခံတော့ဘဲ ကျွန်ုပ်တို့ စောစောအိပ်ရာဝင်ကြပါသည်။





နောက်တစ်နေ့မနက် ကျွန်ုပ်နှင့်ကိုဖော်မင်း မနက်(၆)နာရီခန့် အိပ်ရာက ထ၍လမ်းလျှောက်ရန် ထွက်လာကြစဉ် စာရေးကလေး ကျော်စိန်ဝင်းနောက်က အပြေးလိုက်လာပြီး ...

"ဆရာ ... ဆရာတို့နေကြပါဦး။ ကျွန်တော်စကားပြောစရာရှိလို့ လိုက်ခဲ့မယ်နော်"

"လာ ... လာ ... ကျော်စိန်ဝင်း၊ ငါတို့ဒီနေ့တော့ဝေးဝေးမလျှောက်ဘူး။ ရွှေစက်ရွာဘက်သွားပြီး လက်ဖက်ရည်သောက်မယ်။ ပြီးတာနဲ့ပြန်လာပြီး အလုပ်တွေကိုအပြီးသတ်အောင် လုပ်ရတော့မှာ"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်သိပါတယ်။ ပြောစရာရှိလို့ပါ"

"ကဲ ... လမ်းလျှောက်ရင်း ပြောကွာ"

"ဆရာဦးနေအောင်ကို ကျွန်တော်ပြောထားသလိုပဲ မနေ့ညက ဒေါ်မေရီကို သူစားချင်တာတွေ ကျွေးလိုက်တယ်ဆရာ။ အဲဒါညက ကျွန်တော့်ကို အိပ်မက်ပေးတယ်။ ဆရာနဲ့ ကျွန်တော်စကားပြောခဲ့တဲ့ ဆရက်ပင်ကြီးနဲ့ ရေတွင်းကြား အလယ်ဗဟိုတည့်တည့်မှာ ကျောက်ငုတ်တစ်ခုရှိသတဲ့။ အဲဒီကျောက်ငုတ်ကိုဖယ်ရှားပြီး တူးပါတဲ့"

"အဲဒီကျောက်ငုတ်ကရော တကယ်ရှိသလား"

"ရှိတယ်ဆရာ။ ကျွန်တော် သွားကြည့်ပြီးပြီ။ တကယ်ရှိတယ်ဆရာ"

"အင်း ... မင်းလည်း ဒေါ်မေရီနဲ့ ပဋ္ဌာန်းဆက်တွေထင်ပါရဲ့။ အခုတော့ မတူးနဲ့ဦး။ ဖာတ်လမ်းရှုပ်မယ်။ အလုပ်တွေ လွှဲပြောင်းပြီး ဦးစံရွှေတို့ပြန်မှ စိတ်တိုင်းကျတူးပေရော့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က ကျွန်ုပ်တို့လမ်းလျှောက် လက်ဖက်ရည်
သောက်ပြီးအပြန်တွင် 'ထောက်'ဆိုင်ရာပစ္စည်းများကို လွှဲပြောင်း
သည်။ မော်တော်ယာဉ်၊ အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်း
ပါဝင်သည်။ စစ်ကိုင်းတိုင်းလို မြေပြန့်မဟုတ်ဘဲ တောင်ပေါ်ဒေသဖြ
စက်ယန္တရားကြီးများမပါဝင်။

သစ်တိုက်ကား (၃)စီး၊ ဂျစ်ကား(၂)စီးနှင့် သစ်တော
အတွင်းရှိ အဆောက်အအုံများ၊ မော်တော်ဘုတ်(၂)စီးသာ ဖြစ်သည်
ညနေစောင်းတွင် လွှဲပြောင်းခြင်းလုပ်ငန်း ပြီးစီးသည်။ မှတာအို၊ မ
ဘော့၊ 'နောင်မွန်။ ခေါ်ဘူဒဲမြို့နယ် သစ်တောများကိုတော့ ဦးစံ
ပြန်မှ တောအုပ်ဦးမြင့်အောင်နှင့် ကွင်းဆင်းစစ်ဆေးရဦးမည် ဖြစ်
သည်။

ထိုညနေက အရေးပိုင်ဦးစံရွှေကို နှုတ်ဆက်ပွဲလုပ်မည်ဖြစ်
ပြည့်စုံစေရန် ကျွန်ုပ်နှင့် ကိုဖော်မင်းတို့ကိုယ်တိုင် မြစ်ကြီးနားဈေးသ
သွား၍ စားစရာအမြည်းများနှင့် နိုင်ငံခြားအရက်များဝယ်သည်။ အသ
ဖြစ်သည်နှင့် ကိုဖော်မင်းအား အကျဉ်းဦးစီးဌာနမှ ထောင်ပိုင်ဦး
နှင့် ဦးကျင်မောင်သန်းတို့အား ဂျစ်ကားတစ်စီးဖြင့် သွားခေါ်ခိုင်းရသည်

ပွဲစတော့ ည(၇)နာရီခန့်ရှိပြီ။ အတော်လည်း ပျော်
ကောင်းပါသည်။ အကျဉ်းဦးစီးဌာနနှင့် သစ်တောဌာန အတွေ့အကြုံ
လုပ်ငန်းများအကြောင်း ဖလှယ်ကြသည်မှာ လွန်စွာစိတ်ဝင်စား
ကောင်းလှသည်။ ညစာစားပွဲသိမ်းတော့ ည(၁၂)နာရီခန့်ပင် ရှိခဲ့ပြီ

✿ ✿ ✿

[ ၅ ]

❑

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့အားလုံး မနက်(၅)နာရီ
နံ့စောစောထ၍ ပြင်ဆင်ကြရသည်။ သစ်တောအရေးပိုင် ဦးစံရွှေ
ကုန်ပြန်မည်ဖြစ်၍ လိုက်ပို့ကြရန် ဖြစ်ပေသည်။ Breakfast စား
သောက်ကြပြီး ဂျစ်ကား(၂)စီးဖြင့် မနက် (၇)နာရီရထားအမီ ဘူတာသို့
ထွက်ခဲ့ကြသည်။

မြစ်ကြီးနားမြို့ မနက်ခင်းမှာ နှင်းများဝေနေသည်။ သို့သော်
သမြို့များထုံးစံအတိုင်း လူအသွားအလာက စည်ကားနေပြီဖြစ်သည်။
ဦးစံရွှေအတွက် အဖော်ရစေရန် သစ်တောဝန်ထမ်းတစ်ဦးအား ဦးမြင့်
အောင်က စီစဉ်ထားပေးသဖြင့် အဆင်ပြေလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်(၇)နာရီ ရထားထွက်တော့ ကျွန်ုပ်တို့ ဦးစံရွှေအား... ဆက်ပြီး ပြန်ခဲ့ကြသည်။ အလုပ်လွှဲပြီးဖြစ်သဖြင့် တောအုပ်ဦးမြင့်အော... က ...။

"ဆရာဦးနေအောင် ... တစ်လက်စတည်း ကရိန်နော်အ... ဖြေစခန်းဘက်သွားပြီး ရှမ်းစာကလေးများ စားရအောင်"

"သွားလေ ... ဦးမြင့်အောင်၊ အချိန်အအား ရသွားပြီပဲ အ... ဖြေရင်းပေါ့။ အတော်ဝေးသလား"

"မဝေးလှပါဘူး။ ရွှေစက်ရှာ စီတာပူရပ်ကွက်ကိုလွန်တာ... ရောက်ပါတယ်"

ယခုမှပင် ကျွန်ုပ် ကားလမ်းနှစ်ဖက်အား သတိပြုမိရာ ရေ... ကြီးများ၊ အုတ်အဆောက်အအုံဟောင်းကြီးများ၊ သစ်ပင်ကြီးများပေါ်... ဆန်ကောပိုင်းသဏ္ဍာန်ခန့် ပျားအုံကြီးများခွဲနေသည်ကို အံ့မခန်းမြ... တော့သည်။ မြစ်ကြီးနားမြို့သည် ပျားမြို့တော်ဆိုသည်ကို ကျွန်ုပ်လက်... လိုက်ရပြီဖြစ်ပေသည်။ တစ်မြို့လုံးလည်း သစ်ပင်ကြီးများ၊ ခြုံကျယ်ကြ... များဖြင့် စိမ်းစိုနေသည်။ ရာသီအလိုက်ပွင့်ကြသောပန်းများ၊ သီးကြသော... အပင်များကလည်း တစ်မြို့လုံးကို အလှအဆင်တန်ဆာဆင်ပြီး ဝေ... နေသည်။

ကျွန်ုပ်တို့စီးလာသော ဂျစ်ကား(၂)စီးသည် မကြာမီ ကတ္တ... လမ်းမှဖဲခွာ၍ ဧရာဝတီမြစ်ကမ်းပါးမှ အေးချမ်းသာယာလှသော သ... တောအုပ်ကလေးဆီသို့ ဦးတည်မောင်းလာခဲ့သည်။ သစ်ပင်ကြီးများ လ... ယှက်ထိုး၍ အရိပ်ကောင်းလှသော ဧရာဝတီကမ်းဘေးမှ အပန်းဖြေစခ... ကလေးဖြစ်ပေသည်။ တောအုပ်ဦးမြင့်အောင်မှ ခေါ်ဆောင်၍ မြစ်က... ဘေးအစွန်ဆုံး ဆိုင်ကလေးရှေ့ရှိ သစ်ရိပ်အောက်တွင် တည်ခင်းထ...





...ည့်စားပွဲခုံများတွင် နေရာယူ၍ ထိုင်လိုက်ကြသည်။

ထိုနေရာမှကြည့်လျှင် ဧရာဝတီမြစ်ကြီးသည် အနောက်ဘက် ...မ်းပါးအထိ (၆)ဖာလုံခန့် ကျယ်ပြန့်သည်။ ကမ်းပါးမှ မြစ်ရေစီး ...ကြောင်းအထိ ပေ (၁၀၀') ကျော်ခန့် နက်သည်။ ကမ်းခြေတွင် ကျောက် ...ခဲ၊ ကျောက်ဆွယ်များဖြစ်ပေါ်နေပြီး မြစ်အလယ်ကြောတွင် ကျယ် ...သော သောင်ခုံကြီးပေါ်ထွန်းနေရာ ကလေးလူကြီးအများအပြား ...ကျင်နေကြသည်။ ပြောရလျှင် သဘာဝဆန်သောပန်းချီကားတစ်ချပ် ...ကြည့်ရှုခံစားနေရသလိုပင် ဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့ အနားယူအပန်းဖြေရင်း ရှမ်းခေါက်ဆွဲနှင့် ...ဖက်ရည်အချို့ကို သောက်စားကြပြန်သည်။ သာယာလှသော ...ဝန်းကျင် သဘာဝအလှကြောင့် နေရာမှပင်မထချင်။ ထိုစဉ် အေး ...သော မြစ်ပြင်လေကလေး တိုက်ခတ်လာသဖြင့် ပို၍ကြည်နူးမိပြန် ...သည်။

မြစ်ဆုံကိုမရောက်ဖူးသေး၍ မသိသော်လည်း မြန်မာပြည်တွင်း ...သာယာလှပလွှမ်းသော အပန်းဖြေစခန်းကလေးတစ်ခု ဖြစ်ကြောင်း ...တော့ ကျွန်ုပ်တို့ လက်ခံကြရမည်ဖြစ်သည်။ မြန်မာပြည်မြောက်ပိုင်း ...နှင့် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြ၏။ တောတောင်သဘာဝ သာယာ ...သ၏။ ယဉ်ကျေးမှုအရ ရိုးသားပွင့်လင်းကြ၏။ ရွှေ ကျောက်စိမ်းနှင့် ...ိုးတန်သစ်များလည်း ထွက်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ကျွန်ုပ်တို့စားသောက်ရင်း (၂)နာရီခန့်အနားယူ အပန်းဖြေ
ကြသည်။ မခွာနိုင်မခွဲရက် သာယာအေးချမ်းသောစခန်း ကလေးဖြစ်
ကျွန်ုပ်တို့ အတော်နှင့်မထဖြစ်ပါ။ မွန်းတည့်ချိန်ရောက်လုနီးမှ ကိုအင်
က ...

"ဆရာဦးနေအောင် ... ငါ ထမင်းဆာပြီ။ ပြန်ကြစို့လား"

"ဩော် ...ဟုတ်ပေသားပဲ။ (၁၂)နာရီတောင် ထိုးခါနီး
ပကောလား။ ကိုအင်နီသိပ်ဆာနေရင် ဒီမှာပဲ စားကြမယ်လေ"

"မဟုတ်ကော ဆရာ။ ငါ အိမ်ထမင်း အိမ်ဟင်းပဲ အား
ပါးရှားစားချင်တာ။ ဆိုင်ထမင်း ငါနဲ့အာမတွေ့ကော ဆရာ"





"ကဲ ...ဒါဆိုရင်လည်း ပြန်ကြတာပေါ့။ အေးချမ်းသာယာ
...န်းလို့ ကျွန်တော့်အတွေးတွေ မြစ်ဆုံဘက်ရောက်သွားတာဗျ။ ကရိန်
...ဘ်အပန်းဖြေစခန်းတောင် ဒီလောက်သာယာရင် ဧရာဝတီမြစ်ကြီး
...ဲ့ မေခမလီခမြစ်ဆုံအလှက ပိုသာယာလှပမယ် ထင်ပါရဲ့ဗျာ။ ဦးမြင့်
...အာင်ရေ တစ်နေ့လောက်လိုက်ပို့ဦးဗျာ"

"ဟုတ်ကဲ့ ဆရာဦးနေအောင်။ ကျွန်တော် တစ်ရက်စီစဉ်ပေး
...မယ်။ လမ်းလည်းသာပါတယ်။ မြစ်ကြီးနားကနေ တန်ဖဲရွာကို (၂၈)
...င်၊ တန်ဖဲရွာကနေ မြစ်ဆုံကို တစ်မိုင်ပဲဝေးပါတယ်။ မန်စီန်ရွာ၊ နောင်
...န်းရွာ၊ လမုန်ဖွတ်ရွာ၊ ဦးဗျစ်ကတောင်းရွာ၊ အလယ်ရွာ ဒွန်ဂန်က
...ထောင်ရွာ၊ ကျိန်ခရန်ရွာကိုကျော်တာနဲ့ တန်ဖဲရွာကို ရောက်ပါတယ်။
...မြစ်ဆုံမှာ တစ်နေကုန်အနားယူ အပန်းဖြေကြရင်း ညနေမှပြန်လာ
...ကြတာပေါ့နော်"

"ကောင်းပါတယ်ဗျာ။ မြစ်ဆုံမှာ အနားယူအပန်းဖြေပြီးမှ
...တာအိုဘက် ခရီးထွက်ကြတာပေါ့။ ကဲ ...ပြန်ကြရအောင်။ ကျွန်
...တော်တို့မှုဆိုးကျော်ကြီးက ဆာနေပြီတဲ့လေ"

ကျွန်တော်တို့ မြစ်ကြီးနားသစ်တောဗိုလ်တဲသို့ ပြန်ခဲ့ကြပါသည်။
...နေ့လယ်စာစားပြီးသည်နှင့် ကျွန်ုပ်ကအဖွဲ့များအား စာရေးကလေး
...ကျော်စိန်ဝင်း၏ ရတနာသိုက်အကြောင်း ပြောရတော့သည်။ အားလုံး
...ထဲတွင် ကိုအင်နီက အလွန်အံ့ဩနေပါသည်။

"ဆရာ ဦးနေအောင်ရယ် ဟုတ်ရော ဟုတ်ရဲ့လား။ ဒီဟာမ
...ကြီးက အလွန်ရိုင်းတာနော်"

"ရိုင်းမရိုင်း လက်တွေ့ကြည့်ကြတာပေါ့ဗျာ။ အပန်းကြီးတော်
...ဝိုက်လို့။ ကျော်စိန်ဝင်းနဲ့အောင်ဘုက ရိုပ်သာစောင့်ကြီး ဦးတင်ရွှေသိ



www.burmeseclassic.com

www.burmeseclassic.com



က ပေါက်တူးနဲ့သံတူးရွင်းတွေ သွားငှားလိုက်''

''ဟုတ်ကဲ့ ဆရာ''

မကြာမီ ကျော်စိန်ဝင်းတို့ပြန်လာသဖြင့် ကျွန်ုပ်တို့အဖွဲ့လိုက် မိုလ်တဲကြီး အနောက်ဘက်သရက်ပင်အောက်သို့ သွားကြသည်။ သရက် ပင်ကြီးအားဝိုင်းပတ်၍ သစ်သားထိုင်ခုံရိုက်ထားသဖြင့် အဆင်ပြေ သည်။ သရက်ပင်နှင့်အုတ်ရေတွင်းကြားတွင် ကျော်စိန်ဝင်းပြောသည့် ကျောက်ငုတ်တစ်ခုကို တွေ့ရသည်။ အစဦးဆုံးကျောက်ငုတ်ကို သံတူး ရွင်းများဖြင့် စတင်ဖယ်ရှားစေရတော့သည်။

ကျောက်ငုတ်မှာ ခြစည်းရိုးတိုင်ပေါင်း ဖြစ်ပုံရသည်။ သံ မနက်ပါ (၂')ပေခန့်အနက်၌ပင် ကျောက်ငုတ်ကြီး ကျွတ်သွားသည်။ ကျွန်ုပ်က အောင်ဘုနှင့်ကျော်စိန်ဝင်းအား ပတ်လည်တွင်းဝချဲ့ပြီး သံတူး ရွင်းများဖြင့် အသာအယာ တူးဆွခိုင်းရတော့သည်။

(၃')ပေအနက်အခန့်တွင် ကြွေအိုးကလေးတစ်လုံး ပေါ်လာ သည်။ ဟင်းချိုထည့်သော အဖုံးပါ ကြွေအိုးကလေးဖြစ်သည်။ ကျော်စိန် ဝင်းက ယူလာပေးသဖြင့် ကျွန်ုပ်ဖွင့်ကြည့်ရာ အထဲ၌ ဆွေးမြည့်နေ သော ကတ္တီပါအနီအစကလေးကို ဖယ်ရှားလိုက်သည်နှင့် လော့ကက် သီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ စိန်လက်စွပ်တစ်ကွင်းနှင့် ကျော့ခေါင်းတုံး ရွှေဒင်္ဂါးပြား အပြား (၂၀)တိတိ ထွက်လာသည်။

လော့ကက်သီးတွင် မေရီဟု ထောင်လိုက်ရေးထိုးထားသည်။ လော့ကတ်သီးကို ဖွင့်ကြည့်ရာ အထဲ၌ မည်းနက်တောက်ပြောင်သော ပုလဲနက်တစ်လုံးကို တွေ့ရတော့သည်။ ကျော်စိန်ဝင်းမှာ အလွန်ဝမ်း သာနေရှာသည်။

''ကဲ . . . ကျော်စိန်ဝင်းရေ မင်းတော့ ထောပြီ။ ပိုင်ရှင်အတွက်





ဆောင်းမှုကုသိုလ်ကလေး လုပ်ပေးဖို့တော့ မမေ့ပါနဲ့။ သူတို့ဘာသာ ထုံးစံအတိုင်းလည်း ခရစ်ယာန်ဘုရားကျောင်းကိုသွားပြီး ကုသိုလ်လှူ ။ တို့ဘာသာထုံးစံအရလည်း မိုလ်တဲပေါ်မှာ ဘုန်းတော်ကြီး (၅)ပါး သောက်ပင့်ပြီး ဆွမ်းကျွေးအမျှဝေပါ''

''ဟုတ်ကဲ့ . . . လုပ်ပါ့မယ်ဆရာ။ ဒါပေမဲ့ ဒီပစ္စည်းတွေက ကျွန်တော်တစ်ယောက်တည်း မပိုင်ပါဘူးဆရာ။ ဆရာတို့ ဦးစီးလုပ်ပေး ဖို့ရတာပါ။ ဆရာတို့နဲ့လည်း ဆိုင်ပါတယ်''

''ဒေါ်မေရီက မင်းကိုပဲပေးတာပါ ကျော်စိန်ဝင်းရယ်။ မင်းနဲ့ ပဲ ထိုက်ပါတယ်။ ထိုက်လို့ပေးတာကိုယူပါ။ ကိုအင်နီနဲ့ဆိုရင် အိပ်မက် ထဲမှာ ရန်တောင်ဖြစ်နေရသေးတယ် မဟုတ်လား''

ထိုအချိန်တွင် တောအုပ်ဦးမြင့်အောင်နှင့် ရိပ်သာအစောင့် ကြီးဦးတင်ရွှေတို့ရောက်လာကြပြီး အကျိုးအကြောင်းသိသည်နှင့် . . . ဦးတင်ရွှေ ။ ''ဟုတ်ပါတယ် . . . ကိုကျော်စိန်ဝင်းရယ်၊ ကျွန်တော် မိုလ်တဲမှာ နှစ်ပေါင်း(၄၀)လောက် လုပ်လာခဲ့တာပါ။ ဒေါ်မေရီကိုလည်း ညီစွာပြီး ကျွန်တော် ထမင်းကျန်ဟင်းကျန်တွေ မကြာခဏ ကျွေးခဲ့ဖူး ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုမပေးခဲ့ဖူးပါဘူး။ ကိုကျော်စိန်ဝင်းနဲ့ ထိုက် လို့ရတာပါ''

ကျွန်ုပ် ။ ''ကဲ . . . ကျော်စိန်ဝင်းရေ၊ ဒီကမိုလ်တဲစောင့်ကြီး ဦးတင်ရွှေ ကလည်း ပင်စင်နီးပြီးဆင်းရဲတော့ ထောက်ပံ့တဲ့အနေနဲ့ ရွှေဒင်္ဂါး(၃)ပြား ပေးလိုက်၊ အောင်ဘုနဲ့ကိုအင်နီကိုလည်း (၃)ပြားစီ ဝေပေးလိုက်။ တစ်ပြား ကိုတော့ မနက်ဖြန်မြစ်ကြီးနားဈေးဘက်သွားရောင်းပြီး ငါ့ဆရာတော ပြောခဲ့သလို အလှူအတန်းလုပ်။ တကယ်လို့ ဒေါ်မေရီ မကျွတ်သေး ရင်လည်း မကြာမထာ အလှူအတန်းလုပ်ပြီး အမျှဝေပေါ့ကွာ



www.burmeseclassic.com

www.burmeseclassic.com




"ဒါနဲ့ . . . ဆရာတို့အကျင်ကော ဆရာ"

"ငါတို့က ဆင်းရဲတဲ့ သူတွေမဟုတ်ကြတော့ မလိုပါဘူးကွာ အဲ . . . ဒါပေမဲ့ မင်းမကျေနပ်သေးရင်တော့ ညစာတစ်ပွဲ စီစဉ်ပေးပေါ့ကွာ . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

"အောင်မယ် . . . ဒီနေ့ ချုပ်သစ်နှစ်ဆယ်တောင် တိုးသပေါ့။ ထောင်အပြင်က ခုနှစ်ရက်သားသမီးတွေတော့ မိုးလင်းမိုးချုပ် ခေါင်းပြားအောင် အိပ်ခွင့်ရနေရကြပြီပေါ့။ တို့ထောင်ထဲကိုတော့ ချီးထုပ်ကြီးတွေ၊ ဆူးလုညှင်းကြီးတွေ တရဟော လိမ့်ဝင်လာတော့တာပဲဟ၊ . . . ချီးတဲ့မှ။

တံခါးထောင်မှူး ဦးထွန်းဟန်၏အသံကို ကြားရ၏။ သူ 'ပ'ချင်တာကို မရရအောင် အရယူတတ်ပေမဲ့ နိစ္စဓူဝ'ဂျီ'ကျဖို့ကိုပဲ အမြဲ ချောင်းနေတတ်သူမို့ 'ယူကျို' ဟု 'နာမည်တစ်လုံးနှင့်လူ' ဖြစ်လာလေသော ဦးထွန်းဟန်ကြီး၏ အသံဖြစ်၍ အသာနားစွင့်ထားမိ၏။





သူသည် တံခါးကြီးထောင်မှူး (Gate Jailor) ဖြစ်သလို ထောင်၏အမှုချိန်ပြ သက်ရှိပြဒါးတိုင်ကြီးလည်း ဖြစ်၏။ သူ့ပါးစပ်က ပေါက်ပေါက်ဖောက်သလို ထရစပ်ထွက်ကျလာနေသည့် စကားသံတွေကို နားဆင်၍ သည်ကနေ့တစ်နေ့တာ ထောင်တွင်း ရာသီဥတုအခြေအနေကို မျက်ရမ်းမှန်းဆတွေးမျှော်၍ ရနိုင်ကောင်းသည်။

ထောင်ပိုင်ကြီး တစ်စုံတစ်ရာကို ဒေါပေါင်းနေလေသလား။

ထောင်ပိုင်လေး စိတ်လက်မကြည်မသာ ဂျစ်တိုက်နေသလား။

ထောင်မှူးကြီး စိတ်အလိုမကျ၍ ပြဿနာကို မီးခွက်ထွန်းရှာနေသလား။

ထောင်မှာ 'မိုးမီးလောင်မည့် အရေးကိစ္စကြီး' တစ်ခုခု ဖြစ်နေလေရော့သလား။ ဘာလား . . . ညာလား၊ အဝှာလား . . . ဟိုသင်းလား။ လား . . လား . . .။ ထိုသည့် 'လား'တွေအတွက် အဖြေကို 'ယူကျိုကြီး' ဦးထွန်းဟန်၏ စကားသံတွေထဲမှာ အရိပ်ပြအကောင်ထင်တော်၍ရသည်။ ဤသည်က သည်ထောင်ကြီးမဟာ၏ ထုံးစံ။

"မင်းနာမည်"

"ပေသီး"

"အဖေနာမည်"

"ကိုတာတေ . . . ဗျ"

"ဘာအမှုလဲ"

"(၅) (၁) ဗျ"

"ဘာ (၅) (၁) လဲကွ၊ အမှုကိုပြော"

"အဲ . . . အဲ . . . ဟို . . . ဟို . . ."

"အောင်မာ . . . မင်းကိုမင်း နိုင်ငံရေးပုဒ်မ (၅)မှုး ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



သလား၊ ဘုရားဒကာသားရဲ့၊ မင်းရဲ့သောက်မူက (ဇာခေါင်း) လုပ်မှု ကွ …ချီး''

''ဟုတ်ကဲ့ …ဟုတ်ကဲ့၊ ဟို …ပြည့်တန်ဆာ …ပြည့် တန်ဆာ''

''အစကပြောလိုက်ရင် ပြီးရောပေါ့ကွ၊ ဘာလဲ …ဟန်ကြီး ပန်ကြီး မှဒ်မဟုဒ်ထီးတွေကိုများ ပြောလို့၊ တကတည်း …အကောင် က''

ကြားကြားသမျှ သမ္မရိုသအမေပါင်းတို့ ပြုးကော့ဗော့ ဖြစ်ကြ ရသည်။ ဟုတ်လည်း ဟုတ်၏။ တတ်ယောင်ကားတို့က ဗိုဇ်၍ အဆော ကျယ်ချင်တတ်ကြသည်က လောကဓမ္မတာပေကို။

''ဟဲ …ပေ့၊ နောက်တစ်ယောက်''

''ကျွန်တော့်နာမည် ဒေါင်းနီ''

''အောင်မယ် …အလာသားပါကလား၊ မင်းကကော ဘာမှု လဲ''

''အဲ …ဟို …ဟို …အမှုပဲ''

''တယ် …နာရင်းကို ဗိတ်တီးလိုက်ရ သွားချေ၊ ယိုးအယား က,သွားရော့မယ်၊ ဇာခေါင်းများ ရှက်တော်မူနေရသေးတယ်လို့၊ ဘာ အမှုလဲ ပြော''

''ဟုတ် …ဟုတ်၊ ပြည့်တန်ဆာမှုဒ်မပါ''

''သွား …ဟိုမှာ သွားထိုင်''

''ဟုတ်''

ထောင်ဟူသည် တံခါးမကြီး (Main Gate) တစ်ပေါက်တည်း သာရှိ၏။ ဝင်လျှင်လည်း ထိုပေါက်မှ ဝင်၊ ထွက်လျှင်လည်း ထိုပေါက်မှ





ထွက်၊ ပုလင်းများ၊ ဘူးများ၌ အပေါက်အဝတစ်ခုတည်း ရှိဘိသကဲ့ သို့တည်း။ အနီကြောင့်ပင်လျှင် ထောင်တံခါးမကြီးကို 'ဘူး, ဘူးတံခါး, ဘူးဝ'ဟု ကင်ပွန်းတပ်၍ အခေါ်အပြော'တွင်'လျက် ရှိနေကြချေသည် ထပုံ။

အနီထောင်၏ ခံတွင်းဝ၊ ဘူးဝနှင့်တူသော တံခါးပေါက်မ ကြီးသို့ ဝင်သမျှ၊ ထွက်သမျှ အကျဉ်းသား,အချုပ်သား၊ မွစ္စည်းမစ္စယ ကိုသမျှ စစ်ဆေးမေးမြန်း၊ စမ်းသပ်ရှာဖွေခြင်းကို ရှောင်၍မလွှတ်သာ။ တံခါးတာဝန်ကျ ရှာဖွေရေးဝန်ထမ်း၊ တံခါးစာရေး၊ တံခါးတပ်ကြပ်ကြီး၊ တံခါးထောင်မှူးတို့က သိန်းစွန်ငှက်ရဲမျှား အစာချောင်းဘိသို့ ရူးရဲ ပြူးပြုသော မျက်စိမျက်လုံးဖြင့် တချစပ်, တလဆေ ခေါက်ထောက် ကြည့်ခြင်း၊ စစ်ဆေးခြင်းကို ခံကြရမည် ဝကန့်ဖြစ်၏။

အဝတ်အစား ကြိုကြိုကြားကြားတွေသာမက (Body Search-ing) ဟုခေါ်သည့် ခံပင်များမှ၍ ခံတွင်းကိုဟ၍ ကြည့်ခြင်း၊ ပါးစောင် ကို ခပ်ဆတ်ဆတ် ပုတ်၍ ရိုက်၍ ရှာခြင်း၊ နွားကုန်သည်လက်ထဲက နွားကြီးတွေနှယ် သွားများကို အကုံးလိုက်ပေါ်အောင် ရေ့ထားစေ၍ သွား၌ နိုင်လွန်ကြိုးဖြင့် ချည်လျက် ဗိုက်ဆံ (သို့မဟုတ်) ဘိန်းမှုံထား ခြင်း ရှိ, မရှိကို ထောက်လှမ်းခြင်း၊ သည့်ထက်သည် လိုအပ်ခဲ့ပါက ဒများပြည်သူ မမြင်ကွယ်ရာ သီးသန့်ရှာဖွေခန်း၌ ထိုင်ချည့်ထချည့် လုပ်စေခြင်းဖြင့် (မရှိသေ့စကား၊ ကန်တော့ပါခင်ဗျာ) စအိုအတွင်း နွားကြေး (သို့) စာ (သို့) ဘိန်းသွင်း 'လျှောင်' လာခြင်းများ ရှိ/မရှိ စေ့စေ့စပ်စပ် ရှာဖွေခြင်းတို့ကို ခံကြရမည်ဖြစ်၏။

(ဘယ့်နှယ် ခင်ဗျာ၊ ထိုထိုဤဤ အလီလီဖြင့် ထိုသို့မျှ တင်း တင်းနှံ့နှံ့ အရှာအဖွေမပြုခဲ့လျှင် (Abave the avarage) ဟုဆိုအပ်သော



www.burmeseclassic.com

www.burmeseclassic.com



'လူလွှန်မသား' ကိုအဂုာ မအဂုာ အကျည်းသား၊ အချုပ်သားတို့၏ ညာဏ်နီ၊ ညာဏ်ဝါ၊ ညာဏ်ပြာ၊ ညာဏ်နက်၊ ညာဏ်တက္ကနီ ကာလာရေ အောက်မှာ 'အကျည်းထောင်' ကြီးတစ်ခုလုံး လုံးလုံးလျားလျား သွတ် သွက်ခါ ရေစုန်မျောရချည်ရဲ့။ ဟုတ်စ ခင်ဗျား)

ကြည့်ပ ...။ ယခုပင်လျှင် တံခါးထောင်မှူး ဦးထွန်းဟာန် ကြီးနှင့် သူ့တံခါးအဖွဲ့တွေ သူတို့၏ ပင်မတာဝန်တွေကို သဲသဲမဲမဲ ဆေ ကုန်ရေခမ်း ထမ်းဆောင်နေကြချေ၏ မဟုတ်ပေလော။

တရားခံလာအပ်သည့် ရဲအုပ်နှင့်အတူပါလာသော တရားသူ ကြီး၏ ရုံးမိန့်အမိန့်ကို ဖတ်လိုက်၊ အချုပ်သားများကို စစ်ဆေးလိုက် လုပ်ပြီး တစ်ပြိုင်နက်တည်းတွင်လည်း ပစ္စည်းရှာဖွေခြင်း၊ ခန္ဓာကိုယ် အနှံ့ ရှာဖွေခြင်းတို့ကို ဖယ်ဆက်သလို လုပ်နေကြရ၏။

"ဦးထွန်းဟာန် ... ခေါ်လာပါဦး"

ဘူးတံခါးကြီးအတွင်း၊ ထောင်ပိုင်လေးဦးထွန်းလှစိန်၏ ရုံးခန်း နံဘေးကပ်လျက်၊ ဦးစီးထောင်မှူးကြီးရုံးမှ ထောင်းမှူးကြီးဦးဆန်နီ၏ အသံက ဟိန်းခနဲ ထွက်လာသည်။ ဦးထွန်းဟာန်ကြီးလည်း လက်ခံပြီး ချုပ်ရိမန့်များကို လက်တွင် တစ်ထပ်ကြီးပွေ့လျက် ထောင်မှူးကြီးရှေ့ ရောက်ရှိပြန်၏။

"ပြည့်တန်ဆာပုဒ်မနဲ့ ချုပ်သစ် ဘယ်နှစ်ယောက်ပါသလဲဗျ"

"အားလုံး ရှစ်ယောက်ပါ ထောင်မှူးကြီး။ ဒီပြင်လူတွေက တော့ ရိုးရိုးအမှုတွေချည်းပါ"

"အေးဗျာ ... အဲဒီရှစ်ယောက်ထဲမယ် ဘိန်းစားတွေ အမှန် ပါလာလိမ့်မယ်။ ဒီအလုပ်မျိုး လုပ်စားတဲ့လူတွေဟာ ဘိန်းဖြူ၊ ဘိန်းမဲ အရက်စတဲ့ မူးယစ်ဆေးဝါးတစ်ခုခုနဲ့ မကင်းတတ်ကြဘူး။ တစ်ခုမျှ





ငြိပဲ။ အညာက ရေပုံးချိတ်ကြီးတွေလိုပေါ့။ ဒီတော့ ထောင်ထဲ မူးယစ်ဆေးဝါးတွေ ဝင်မလာလေရအောင် ဒီမောင်တွေကို သေသေ ရှာပြီး စောင့်ကြည့်ထားဗျာ။ အချုပ်ရုံးရော အချုပ်အဆောင်မှူး ပြောထားလိုက်ဦး။ ဟုတ်လား"

"ဟုတ်ကဲ့ ... ထောင်မှူးကြီး"

ကိုင်း ... ဆင်အိပ်ရာ ဆိတ်နိုး။ ထောင်မှူးကြီး၏ နားက ည်း ပါးလိုက်သည်မှ လှစ်လို့၊ ရွှေတောင်စက္ကူကတောင် 'အဘ .. ဘ' ခေါ်ရလောက်ပေ။ 'ဘိန်းစား'သံ ကြားကတည်းက သူ့နားထဲ မီးကင်းက သံချောင်းမြွေသံတွေနှယ် အန္တရာယ်သတိပေးသံ 'ဒေါင် င် ... ဒင်ဒင်' တွေကို တစီစီတည်ည့ ကြားထားပြီးနေပြီ။ 'ချက်' နားခွက်က မီးတောက်နေပြီ။ သည်တော့ 'ကင်းဦးကင်း၊ ကြက်ဦး က်' လက်မနေးရအောင် ကြိုကာတန်တာတွေကို ကြိုကာထားရ ာ့မည်ပ။

'လူကိုလူချင်း၊ လူကလူချင်း၊ လူနှင့်လူချင်း' စီမံခန့်ခွဲ အုပ် ချုပ်ရသည့် ထောင်အုပ်ချုပ်ရေးအလုပ်၌ လူပေါင်းတစ်ရာ ညတ်လာခဲ့ ည် တရားခံကို အုပ်ချုပ်ထိန်းသိမ်းရသည်က အခက်အခဲမရှိ။ နည်း လမ်းတွေ စည်းတွေကမ်းတွေရှိသည်။ သီးသန့်ထိန်းသိမ်း ပုဂ္ဂိုလ် ကိုလည်း အထူးတလည် နားရွက်ကားလောက်အောင် သတိထား ရာမလို။ သူ့ဆေးနှင့်သူ။

အနာနှင့်ဆေး တည့်အောင်ပေးက ပျောက်ရေးမခက်လှ။ လူဆိုး ကိုက် ကြမ်းကြမ်းရမ်းရမ်း သမ္မတလူကြမ်းပေါင်းစုံ လူပေလူတေ တ်ကြီးများကို စောင့်ကြပ်ထိန်းသိမ်းရာ၌ပင်လည်း ဘာဒုက္ခမျှ ယနိုင်တွေရှိပ။ ခက်ခက်လွန်းလို့။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . ဘိန်းစားအကျဉ်းသား ဆိုသည်ကမှ တကယ့်ကို ပြဿနာထုပ်ပွေ့လျက် ထောင်တွင်းသို့ မခေါ်ပင့်ချေဘဲ ဒုတ်ဒုတ်ထိ ရောက်လာခဲ့ကြသည့် ဒုက္ခအိုးကြီးများတည်း။

ဟုတ်ပါလေ . . .။

ဘိန်းစားအကျဉ်းသားသည် ဘိန်းကို ရသလို ရှာကြံတတ်သည်။

ရှာကြံ၍မရလျှင် သူတစ်ပါးပစ္စည်းကို အလစ်သုတ်ဖို့လည်း ဝန်မလေး။ ထောင်မှထုတ်ပေးထားသည့် ထောင်ပုံစံအဝတ်အစား၊ အိပ်ယာဒလီခင်း၊ ခြုံစောင်၊ အိပ်ခင်း စသည်စသည်တို့ကိုလည်း သူ့အမေ့လင်ထံက အမွေရသည့်ပစ္စည်းပမာ သဘောထားလျက် ရတတ်သမျှ ဈေးနှင့် ပေါပေါလောလော ရောင်းစားပစ်တတ်လား ရောင်းတတ်ရဲ့။ ပိုက်ဆံ ရပေါက်ရလမ်းမြင်သည့် ထောင်တွင်း ပေါက်တတ်ကရအလုပ်ဟူသမျှကို မရှက်မကြောက် လုပ်လည်း လုပ်တတ်ပြန်ချေသေး၏။

'မြေပေါ်ချလျှင် မီးလောင်၊ ရေထဲထားလျှင် ရေခန်း' အားကြီးဒုက္ခပေးသည့် 'ပြဿနာကြီးဦးခေါင်း' လို့ သူရောက်လေရာရာ ထောင်ကျဆောင်၊ အချုပ်ဆောင်များ၌ ထောင်တွင်းရိုက်မှုပဲဖြစ်မလား၊ လူသတ်မှုဖြစ်မလား၊ ထွက်ပြေးကြံစည်မှုဖြစ်လား . . . ဘာလား ညာလား 'လားတွေထပ်' လျက် ကွင်းဆက်ကိစ္စတွေ တသီကြီးကို ကမ္ဘတ်ကင်းလျောက် နားတစွင့်စွင့် ရင်တခုခုံ တအုံနွေးနွေးနှင့် နေရချေ၏။ အိပ်မပျော်ဆေးကို အပေးကြီး ပေးတတ်ချေ၏။

အပြင်လောကတွင် ဘိန်းစားသည် မိဘကို ဒုက္ခပေးသည်၊ သားနှင့်မယားကို ထမင်းငတ်စေသည်။

ပတ်ဝန်းကျင်မှာ ရှိရှိသမျှ ဘယ်သူ့ဘယ်သူ့ပစ္စည်းမျှ အလွတ်





မပေး။ လွယ်လွယ်အလစ်သုတ် အပျောက်ရိုက်တတ်ကြသည်။

တိုင်းကြီးပြည်ကြီးခမျာ သူ့ထံက အကူအညီ တစ်ပြားသားမှမရ၊ အနှောင့်အယှက်တွေကိုသာ ဖောချင်းသောချင်း စားပိုးနှင့်မတတ် ထတ်လေသည်။ ရေသွားရေဘော . . . ကုန်းသွားကုန်းဘော၊ ဟိုး မိုးခါကလေယာဉ်ပျံနှင့် ပြေးလျှင်တောင် အင်ဂျင်မျက် အတောင်ပံညှောင်းလျက် စောက်ထိုးမိုးမျှော် ဒုက္ခပေးဦးမည့်သူများပေတည်း။

"နေဦးဗျ . . .။ အဲဒီမောင်တွေကို 'မန္တလာအုန်း' တို့ 'နတ်သန်းရင်' တို့ သီးခြားတိုက်ရှိပါရောလား။ နောက်မှရှိတဲ့ နှစ်ကြီးကျဉ်းသားတွေရယ်၊ 'ဖော်ကောင်' အချုပ်သားတွေရယ်၊ မိန်းမလျာခွေးတွေရယ် စောင့်ကြည့်ထားရမယ့် 'ကျော်ဖော' တွေရယ်ကို ထားတဲ့ တိုက်ဟာကော . . ."

"ဟုတ်ကဲ့ . . . ထောင်မှူးကြီး။ (၃) တိုက်ပါ ခင်ဗျာ။ တိုက်တာဝန်ခံက ထောင်မှူးဦးလှိုင်ထွန်းပါ"

"အဲ . . အဲဒီတိုက်ကို ပို့လိုက်ဗျာ။ အဲဒီမှာ တစ်ပတ်လောက်စောင့်ကြည့်ထား။ ထူးခြားမှုရှိ၊ မရှိ သတင်းပို့ပါလို့ပြော။ ဘယ်သူနဲ့မှ အဆက်အသွယ် မရှိစေနဲ့။ ဒီမောင်တွေကို လာဆက်တဲ့သူရှိရင်လည်း စောင်သာဖမ်း . . . ဟုတ်လား။ ကျုပ်အမိန့်မရဘဲ ဒီဘိန်းစားတွေ အိပ်ထောင်ဘက်ကို ပြောင်းမပေးလိုက်ကြနဲ့"

ကဲ . . . မှတ်ကရော။ ထောင်မှူးကြီးက ပေသီးတို့၊ ဒေါင်းနီ ဘိန်းစားသံသယ လူတစ်သိုက်ကို တိုက်ကိုပို့ဖို့ အမိန့်ပေးလိုက်လေပြီ။

'ဘိန်းစား' ကို တိုက်ပိတ်ထားလျှင် ဘိန်းရရန် ဘယ်လိုမျှ မမြင်တော့၍ လူရိုက်ခံရသလို မြွေပွေးအကိုက်ခံရသလို 'အမေ



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါ … အဘကယ်ပါ … ရှာထိပ်က ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်ကြီး … ကယ်တော်မူပါ’ ဟု အလန့်တကြား တအော်တည်း အော်ကြတော့၏။

‘အရိုးကွဲပါပြီ ခင်ဗျ။ သေပါပြီ အရပ်ကတို့’ စသည့်စသည် သနားရမလိုလို၊ မုန်းရမလိုလို အသံနက်ကြီးတွေဖြင့် တလစေအော် နေသံတွေကို နားပင်းခမန်း မခံသာအောင် ကြားကြရချိန်မှည်မှာ။

ပြီးတော့ကော … တွဲ၊ ဟုတ်ကဲ့၊ နောက်တော့ ဘိန်းချိုးတွေ ဘိန်းဝမ်းတွေ တရပေါ ပါ,တော့သည်။ ဘိန်းရင်းတွေထ, ဘိန်းအပူ တွေ ကပ်တော့သည်။

“ထောင်ဆရာဝန် … ခေါ်ကြပါဦးဟ။ ဒီအတိုင်းတိုင်း ပစ်ထားလိုက်ပြန်ရင်လည်း နေရင်းထိုင်ရင်း မာလကီယားသွားဦးမယ်။ ဘိန်းသက်နေသေးရင် အရေးမဟုတ်ပေတဲ့ အဓိပတိ ဘိန်းစားရင့်မကြီးဆိုရင်တော့ ဘိန်းမရရင် တကယ်သေတတ်တယ်ဟ”

အရပ်ကူပါ လူ့ဝိုင်းတွေနှင့် သခွပ်ပင်ကြီး မီးတကျိုကျိုလုပ်တတ်ကြလေသည် မဟုတ်လော။

“ကဲ … တော့ … မင်းတို့ချုပ်သစ်တွေထဲမှာ ဘိန်းစားများ ဘယ်နှစ်ယောက်ပါသလဲ။ ကိုင်း … ကိုင်း … ထကြစမ်း။ ဘိန်းပါလာခဲ့ရင်၊ ပိုက်ဆံပါလာခဲ့ရင် ကောင်းကောင်းမွန်မွန်အပ်ကြ။ အကျဉ်းသား ကိုယ်ပိုင်အပ်ငွေအဖြစ် မှတ်တမ်းတင်ထားပေးမယ်။

ဟော … ဟောဒီသံတံခါးက ခြေတစ်လှမ်းကျော်သွားပြီးမှ တွေ့ရရင်တော့ နောကတစ်မှုပဲကိုယ့်လူ။ အကျဉ်းထောင်ဒဏ်ဥပဒေပုဒ်မ (၄၂) အရ အလကားမတ်တင်း အမှုတစ်မှု ထပ်ပြီးတိုးလာလိမ့်မယ်မောင်။ ကဲ … အပ်ဖို့ရှိကြသလား”

---

စိတ်ကူးသစ်စာပေ



“မရှိ”

“ဟုတ်ပြီ … ဘိန်းစားရောပါသလား”

“မပါပါဘူး”

“အလဲ့ကွယ့် … အကုန်လုံးက ဘုရားဒကာတွေချည်းကိုး။ မေးမိတာကိုက ထွန့်ဟာန်အများပါ မသောင်းရယ် … ဟုတ်ပ”

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

"ကဲ ... အားလုံးနားထောင်ကြစမ်း၊ မင်းတို့ကို ထော
ထောင်မှူးများက အပြင်မှာ နေရထိုင်ရတာ ပျင်းတဲ့အခါ ထောင်
တစ်ချိုတစ်မောင်းလောက်လေး လာပြီးစားလှည့်ကြပါ၊ သောက်လှည့်ကြ
လို့ ဖိတ်စာလိုက်ဝေလို့များ မင်းတို့တွေ တစ်စုတစ်ဝေးကြီး ထော
ရောက်လာခဲ့ကြသလား ဘုရားဒကာ ... မသာလောင်းတို့"

ဝင်ဝင်ချင်း ဆောက်နှင့် နာနာထွင်းသလိုပ။

အချုပ်ရုံးမှာ ချုပ်သစ်မှတ်ပုံတင်ခြင်းအမှုကို အူပေါင်းလော
နှင့် ခါးချည့်အောင် ဒုက္ခရစရိယာကျင့်ခဲ့ရပြီးနောက် ကျွန်ချုပ်သစ် (အ





ကြ အချုပ်အိပ်ထောင်ဆီသို့ လန်းလန်းလန်းလန်း ထောင်ကြွထောင်
ကြွ ချိတက်သွားကြစဉ်အခိုက် ပေသီးတို့ ဘိန်းစားသံသယ ရှစ်ဦးသား
ချော 'နတ်ချီး' ဟု ဘယ်လိုက ဘယ့်နှယ်မှန်းမသိသည့် ဘွဲ့နာမည်ကြီး
နှင့် မဲကြုတ်ကြုတ် ညစ်ထပ်ထပ် တောက်ျိုးကန်း တုပ်ကွေးမိထား
သလို ရှုည်ကိုင်းမွဲခြောက်သော အရိုးပဒေသာပုဂ္ဂိုလ်ကျော် အတ္တသော
ကြီးခါနောက်သို့ ကုပ်ကုပ်ပါအောင် ခပ်သုတ်သုတ် တရွတ်သီထိုး လိုက်
ပြဲရရှာလေ၏။ ထောင်မှူးကြီး အမိန့်ပေကိုး။

ကိုယ့်အကြောင်း ကိုယ်သိသူများမို့ နှုတ်လုန်၍ မတိုးရဲ။ ကိုယ်
က ခပ်တည်တည် ကက်ကက်လန်လုပ်လေပြီးကာမှ ကိုယ့်သောက်
ကြောင်းတွေ ဖုံးမနိုင်ဖိမရ မစင်ပုံခဲနှင့်ပေါက်သလို အနံ့တွေ တပေါင်
ပေါင်ထွက်ပြီး ပေါ်ပေါက်လာရေက ဟုတ်ပေ့ဖြစ်ဦးတော့မည်။ သည်
တော့ တေတေဂနိုတ် တိတ်တိတ်ကလေး နေနေရသည်ပ။

ကဲ ... အဲသည်မှာ သည်သတ္တဝါကြီး (အဲလေ ... ဟုတ်
ပေါင်) နတ်ချီးသန်းရင်နှင့် တည့်တည့်တိုးရခြင်းဖြစ်၏။ နတ်ချီးက
'တိုက်တန်းဆီး' တဲ့။

"ဟင် ... ပြောကြဦးလေ ... နင်တို့အပေါက်ကြီးတွေက"

တုတ်တုတ်မျှ မလှုပ်မိကြစေနှင့်၊ ညီစေ။ ယိမ်းတိုက်ထားသလို
ချစ်ယောက်သားငြိမ်လို့။

"ကဲ ... ဒီလိုမဖိတ်မကြားပါဘဲနဲ့ စာချုပ်ချုပ်ထားတဲ့အတိုင်း
ဒီနေ့ဒီအချိန် ဒီထောင်ကြီးမယ် ကျောချင်းကပ် ရင်ချင်းအပ်ပြီး ကိုယ့်
အိမ်ကိုယ့်ရာလို နေဖို့ထိုင်ဖို့ ဖြစ်လာကြတာဟာ ဘယ်လို ရေးရှေးအဝ
သံသရာက ဘုရားသွားဖက် ကျောင်းသွားဖက် သံယောဇဉ်နှယ်ခဲ့ကြ
လို့လဲတဲ့ ... ဟုတ်ကဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဖြန်း"

"အမေ့"

"ဟုတ်တာကို ဟုတ်လို့ပြောရမှာများတောင် မှတ်မေ့ ပ
မေ့ စဉ်းစားနေရသေး။ မင်းပါးစပ်က ထွက်ရမဲ့အသံဟာ ဒီလော
သောက်ဖိုးတန်နေရသလား မျောက်လောင်းရဲ့"

"..."

ဒေါင်းနီတစ်ကောင်ဖြင့် ကျောကော့လျက် အတန်ငယ်အိ
လေပြီ။ ဖြူလည်း စပ်ဖျင်းဖျင်းကလေး ဖြူသွားချေ၏ နုတ်ခိုးတို့၏ ဩ
ပုပုလောင်လောင်ကြီးတွေက သူတို့နားတွင်းကို သံချည်ပုတွေစီးသ
စီးဝင်ပေဦးတော့မည်။

"မင်းတို့တစ်တွေဟာ အပြင်မှာ ဘာဖြစ်လာကြသလဲဆို
ငါတို့နဲ့မဆိုင်။ အပြင်မှာ ငါဘာကောင် သူဘာကောင်ဆိုတာတွေ
မတွက်နဲ့။ ဝိပဿနာပွားသလိုမျိုး ယခု ... ယခု တွေ့နေတဲ့
အကြောင်းကိုပဲ စဉ်းစား။ ထောင်ဘာဝနာကိုပဲ ပွား ... ဟုတ်သလား"

"တင်ပါ့"

"အာ ... ဒီကောင်၊ ငါလုပ်လိုက်ရ ... ချိုး"

"ဟို ... ဟို ... ယောင်သွားလို့ပါ ကိုနုတ်ခိုးရယ်"

"တော် ... တော် ... ဟော့ကောင်"

"ဟုတ်"

"ဒီနေရာကို ဘာပြုလို့ အကျဉ်းထောင်ခေါ်သလဲ ဒါကိုသ
အရေးကြီးတယ်။ တိုတိုနဲ့ ဗိုက်ထဲရော၊ ခေါင်းထဲရော၊ ခြေထော
ကော၊ လက်ကော၊ မျက်စိကော ရှိသမျှ ဒွါရတွေကနေ မှတ်ထား





ထောင်ဆိုတာ၊ အကျဉ်းဆိုတာဟာ မကျယ်ဘူးလို့သာ မှတ်"

ကောင်းချာ ...။ နိပ်ဟာ ...။ 'တိုက်တာန်းစီး' ကိုရွှေနုတ်ခိုး
အကောင်းစားပုဂ္ဂိုလ်ကြီးက ရှင်းပြကာမှပဲ ထင်းခနဲ လင်းရပေတော့
၏။ 'အကျဉ်းဆိုတာ မကျယ်လို့ ...တဲ့'။ ဂဏှာပဲ ... မှတ်လော့။
ကောင်းလှပေတဲ့ ... ကောင်းစွ။

"အဲ ... အဲဒီတော့ ထောင်ဆိုတာ ကျဉ်းတယ်၊ ကျဉ်းတော့
လွတ်လပ်ဘူး။ လွတ်လွတ်ကျယ်ကျယ် ကိုယ့်အိမ်မှာလို နေချင်သပ
ဆိုရင်တော့ ဟောဟိုကမြင်နေရတဲ့ အုတ်ရိုးကြီးကိုပဲ ကျော်ခွတက်ကြ
ပေတော့။ ငါတော့ ဒါပဲပြောတတ်တယ်"

"ဟာ ..."

"ဟယ် ..."

'ချောက်ပဲ၊ ဂွပဲ။ တိုက်တာန်းစီး နုတ်ခိုးကဖြင့် အရှုံနဲ့ ပင့်
နေပြန်ပါပြီ။ အကုန် ကာလနာတိုက်ကုန်တော့မှာပဲ။ ဘယ်လိုကြီးပါ
လိမ့်' ဟု ပေသီးတို့၊ ဒေါင်းနီတို့မှာ ရင်မလင်းဘဲ ဂယောင်ကယင်ဖြစ်
ကုန်ကြလေ၏။

"အုတ်ရိုးကျော်တက်ပြီးမှ 'မိန်းမရေ ... ငါပြန်လာပြီဟေ့'၊
'သားရေ ... မောလိုက်တာကွယ်။ အဖေ့ကို ရေတစ်ခွက်လောက်ပေး
စမ်း' လို့ ... လုပ်ပေါ့။ မင်းတို့အမေ့လင်ရဲ့တွေက ဖိမ်နဲ့ လက်ပိုက်
ကြည့်နေမလားလို့။ ဟုတ်စ ... မျောက်လောင်းတို့"

'ရော ... သင်းကွာ ခပ်ရွှံရွှံ စောင်းဖွဲ့ဖွဲ့ ပြောနေပေတာကိုး'
ဟု အလင်းဓာတ်ရလေမှသာ ရင်ချောင်ရတော့၏။

"ကဲ ... တိုတိုပဲပြောကြစို့ရဲ့၊ ဒီထောင်ကို ကိုယ့်အိမ်ကိုယ့်ရာ
မှတ်ပြီး ရောက်လာကြမှဖြင့် ပရမ်းပတာ ဖာသာလဝါတော့ နေလို့မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါင်ရေ။ ထောင်မှာလည်း ထောင်ကျကြ်းကမ်း။ တိုက်မှာလည်း တိုက် စည်းကမ်းဆိုတာ ရှိသေးများ။ ကိုယ့်အိမ်ကိုယ့်ရာမှာ အကျင့်မကောင်း တဲ့ကလေးကို ဖအေ၊ မအေများက တင်းပါးကို ခပ်စပ်စပ်ကလေးနှ ပြီး မဆုံးမရပေဘူးလား ...ကဲ''

''ဆုံးမရပါတယ် ခင်ဗျ''

''ဟုတ်ပြီ ...။ အဲသလိုအသံမျိုးမှ ကြိုက်တယ်။ ဒီထော ထောင်မှာ၊ ပေါ်ဒီတိုက်မှာ နေတတ်စားတတ် များများ လိမ်လိမ်မာ ရှိရလေအောင် ကျုပ်က ခင်ဗျားလေးတို့ကို ဘာနဲ့မှား ရိုက်ရိုက်ပြီ ဆုံးမရမလဲတဲ့။ ကိုင်း ...''

''အယ် ...''

''အာ ...''

''ပေါက်တူးရိုးပဲ ကောင်းလေမလား။ ဒါမှမဟုတ် နှစ်ပ လည်ကပဲ တော်မလား။ ဆရာတွေကိုင်တဲ့ ရာဘာတုတ်ကြီးကပဲ ဒ မလား''

''အဲ ...အဲဒါကတော့ ...ဟဲ ...ဟဲ ...ဟဲ ...''

ပေသီးတို့လူစုခမျာ မျက်တောင်ကလေးတွေ ပုတ်ခတ်ပ ခတ် တဖျပ်ဖျပ်ပြုလျက် မရယ်ချင့်ရယ်ချင် မချိသွားဖြဲ တဟဲဟဲ 'ဂ နေကြရ၏။ သူတို့နှင့်ခပ်လှမ်းလှမ်း တိုက်နံရံ၌ ထောင်ထားသ ပေါက်တူးအရိုးကျုတ် တစ်လက်မခွဲအလုံးရှိ ပိတောက်သားအနှစ်တု က သူတို့ကို မျက်စောင်းတထိုးထိုးပေကိုး။

''ဟိုနောက်ဆုံးက သုံးယောက်၊ ထစမ်း''

''ခင်ဗျာ ...''

''ထစမ်း ...ဆို''





ပေသီး၊ ဒေါင်းနီနှင့် ရွှေတီးတို့ သုံးဦးမှာ မျက်စိသူငယ်နား သူငယ်နှင့် မျက်နှာသိမ်ရွက်ခန်း ဖြစ်သွားကြရှာ၏။ ဗြုံဟ်ကြီးကိုးလုံး တစ်တွေးတစ်လုံးကြီး ပူးလေပြီဟု သူတို့ ချောက်ချောက်ချားချား တွေး မိကြ၏။

''ငါ့အထင်တော့ နင်တို့သုံးကောင်ဟာ ဘူရှိမ်းတယ်ထင်တာ ပဲ။ ဘူရှိမ်းရင်လည်း ဘူရှိမ်းတယ်ပေါ့။ မှန်မှန်သာပြော''

''အဲ ...ဟိုလေ ...ကျွန်တော် ...ကျွန်တော်တစ်ခါတစ် လေတော့ ဆေးကစားတတ်ပါတယ် ခင်ဗျ''

''ဘာ ...ဘာ ...ဘာရယ် ...''

''တစ်ခါတလေ ဆေးကစားပါတယ်လို့''

''အံမယ်လေး ဟဲ့လေး။ ဘိန်းစားတာများ 'ဆေးကစား'တယ် ရယ်လို့ပဲ တခမ်းတနားရှိလိုက်ချည် လူရာ။ ရယ်ချင်လိုက်ပါဘိ ဖတ် တ်မော ..ရင်ဘတ်နောက်ကကျော။ တကယ့် 'ပြင်ညာကျော်' ကြီး ကိုး။ ယဥ့်လဲယဥ့်လိုက်ပဟာ ...တကတည်း''

''ဟီး ...ဟီး ...ဟီး''

''ဟဲ ...ဟဲ ...နို ...နေပါဦး။ ငါ့လူကဘာယ် အရပ်သား ပုံးဟ''

''ကျွန်တော်က မိုးမိတ်ဘက်ကပါ''

''အေး ...အေး ...ဟုတ်ပြီ၊ ဘာလုပ်စားသလဲ''

''ဆင်ဦးစီးလုပ်ပါတယ်''

''ကောင်းရော့ပေကွာ၊ ဆင်ကျွေးရမယ့်ဘိန်းကို နင်ချည်း သောက်ပင်းချ မျိုဆို့ပစ်ပြီး မိမ်ကျနေခဲ့တာကိုး''

ခုနက်က မျက်နှာသေအခွက်ကလေးများ စပ်ဖြီးဖြီး တဟီး



www.burmeseclassic.com

www.burmeseclassic.com



ဟီး ဖြစ်လာကြပြန်၏။

"ကဲကွာ ... တို့ဒီထောင်ထဲမယ် ဆင်ဦးစီးအလုပ်လည်းမ
ဆင်လည်းမရှိ၊ ဘိန်းလည်းမရှိ။ ကဲ ... ကိုရင့်ပြဿနာကို ဘယ်န
လုပ်ကြမှာတုံး"

"အဲ ... ဟိုလေ ... ကျွန်တော် မစားဘဲလည်း နေနိုင်
တယ်"

"သာဓုပါမောင် ... သာဓုပါ ...။ နောက်ဆုံးသာဓုတစ်ခွ
တော့ မင်းဖင်ခေါင်းက ဘိန်းချေးတွေ တရဟောထွက်ကျလာမှပဲ ပြော
ဖူးရိုးနဲ့ဆိုရင်း ခေါ်ကြတာပေါ့။ ဟုတ်စ ... ငါ့လူ"

"အင် ..."

ပေသီးခမျာ ယနေ့ဖြင့် ကံမကောင်းချေတကား။ ဘယ်လ
ကို ဘယ်လိုရွေးလျှောက်လျှောက် ချောက်ထဲကိုပဲ ဒက်ထိကွက်
တည့်တည့်ကြီး ကျ,ကျနေရလေသည်ကိုး။

"ကဲ ... ဟောဒီဘက်က ငါးဆယ်ကျော် ခြောက်ဆယ်ပို
အရွယ်တော် တစ်ဆိတ်ဟိုင်းနေတဲ့ မောင်ရင်ကြီးတို့ကတော့ ဆင်ဦး
ချည်းပဲလား။ ဆင်အလုပ်ဝင်မလုပ်ဘဲ ဆင်စားရမယ့်ဘိန်းကို ကြော
တောင်ဝင်နှိုက်တဲ့ ဘိန်းစားချည်းပဲလား"

"အဲ ... ကျုပ်တို့က သစ်သမားတွေပါ"

ဦးမိုး၊ ဘိုးအေးဖေ၊ ဘိုးကံရနှင့် ရှမ်းကဒူးကလေးအောင်
တို့က တစ်ခွန်းမခံ ခပ်သုတ်သုတ် အဖြေပေးကြသည်။ စက်ကွင်း
သူတို့ဖက် တစ်ကျော့လာပြန်ချေပြီတကား။

"အဲဒီတော့ ..."

"ကျုပ်တို့ ဘိန်းတော့ စားခဲ့ဖူးပါတယ်။ အဲ ... နို့ပေ





ပြတ်နေပါပြီ"

"ခေါင် ..."

"အံမာလေးဗျာ ... သေပါပြီ"

"ထောင်ထဲမှာ 'ကျုပ်' ကိစ္စကိုပဲ ပြော။ 'ကျုပ်တို့' ကိစ္စဆို
မရှိဘူး။ ကြားလား ...။ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲနေ၊ သူများကိစ္စ
ဝင်တိုဝ မလုပ်နဲ့။ အမိုက်မှပေ့တဲ့ ဆူးလှည်းလုပ်ရင် အိမ်ထောင်က
ပြတ်လှည်းခံရပြီး ဟောဒီ 'ပြစ်ဒဏ်တိုက်' ထဲမှာပဲ လွတ်တဲ့အထိ
အောင်း ညောင်းသွားရလိမ့်မယ်၊ ဘာမှတ်လဲ"

"ဟုတ် ... ဟုတ်"

"မင်းတို့ဘိန်းစားတွေ ထောင်ထဲရောက်လာတာဟာ ဘိန်းဖြတ်
ချိန်ကောင်းပဲ။ အစိုးရစရိတ်နဲ့ ထောင်ထဲမှာ စားလိုက်သောက်
ဘိန်းဖြတ်ရမှာ။ ဒီဘိန်းနှိပ်စက်လို့ မင်းတို့တစ်ဘဝလုံး လူညွန့်
နေတာ။ ဒီတော့ ဘိန်းမရှိတဲ့ ဒီအရပ်မှာ ဖြတ်လို့အကောင်းဆုံးပဲ။
ကြမယ် မဟုတ်လား"

"ကျွန်တော်တို့ ဘိန်းပြတ်နေတာ ကြာပါပြီ"

"ကောင်းပါလေ့ဗျာ ...။ နောက်မှ ရုံးချိန်းထွက်ရင် ဘိန်း
ဦးမှာလား။ ကဲ ..."

"မသွင်းပါဘူး"

"အောင်နယ်လေးဟဲ့ ... ဒီစကားကြားချင်လိုက်တာ ခင်ဗျား
လားအစ်ကို ... ကျမနဲ့နီးတဲ့ ရွှေကိုးညို .... ဟဲ ... ဟဲ ..
..."

"ဟဲ ... ဟဲ ..."

"ဟီး ... ဟီး ... ဟီး ..."



www.burmeseclassic.com

www.burmeseclassic.com



ဘုမသိဘမသိ ကြောက်ကြောက်နှင့် 'ဟီး' လုံး 'ဟဲ'လုံး ရိုက်နေကြတုန်း အကုသိုလ်ဂြိုဟ်ဆိုးက ဆိုင်းမဆင့်ဗုံမဆင့် မြန်းခနဲ ရုတ်ခြည်းပေါက်ချလာတော့၏။

"ဆရာအုန်း ... ဆရာအုန်း ..."

"ဟေလကွာ ..."

"တန်းစီး ... တန်းစီး အစ်ကိုသန်းရင်"

"အေး ... ဒါဒီမှာပေါ့။ လူသစ်ပုံစံပြနေတယ်ကွ"

"ထောင်မှူးကြီး လွှတ်လိုက်လို့ဗျို့"

"ဟေ ..."

သွားကျိုးကျော်မိုးသည် ထောင်မှူးကြီးဗာရာဖြစ်၏။ လူယုံ လူရင်းခေါက်ခေါက် အတွင်းနေတပည့်ကြီးဖြစ်၏။ ထောင်မကြီးတစ်ရှု ပြုပြင်အောင် ပတ်စပို့မဆောင် ဗီဇာမလိုဘဲ ကိုးကုန်းကိုးကျင်း တံခါး မရှိ ဓားမရှိ ဝင်စေထွက်စေ ရထားသူဖြစ်ပါတည်း။ ကျော်မိုးမို့လာ ပြီဆိုလျှင် 'အမိန့်တော်ပါတယ် ... အမိန့်တော်ပါတယ် ... အမိန့် တော်နာခံ၊ တိတ်စေ ... စမြောင်' အပေါက်မျိုးချည်းဖြစ်သည်။ သူ ယူလာသမျှ အမိန့်တွေကလည်း ကောင်းသတင်း မွှေးစေမှုမပါ။

"ဒီလို ... ဒီလိုတဲ့ ဆရာအုန်းရေ"

"အင်း ... လုပ်ပါဦး"

"ခုနကပို့လိုက်တဲ့ ချုပ်သစ်တွေရဲ့ အဝတ်အစားတွေကို ထောင် ပုံစံနဲ့ လဲဝတ်ခိုင်းပြီး ထောင်ဆေးရုံမှာ စစ်ခိုင်းလိုက်တယ်လေ"

"အင်း ... အင်း ..."

"အဲ့ဒါ ... အဲဒီအဝတ်အစားတွေ အားလုံးမှာ ဘိန်းမည်းထု ရေဖျော်ပြီး သုတ်လိမ်းအခြောက်ခံလာခဲ့သတဲ့ဗျ။ ရေနဲ့စိမ်လိုက်တော့

ချက်လာလိုက်တဲ့ ဘိန်းရည်တွေမှ အားကြီးပဲ ... တဲ့"

"အေး ... ထင်သားပဲ။ ဒီကောင်တွေမျက်လုံးဟာ မရိုးပါ ဘူးဆို။ ကာလီကာမှာ သိပ်ဉာဏ်များတဲ့အကောင်တွေ။ ကဲ ... ဒီတော့ ထောင်မှူးကြီးက ဘာတဲ့တုံး"

"အဲဒီဘိန်း ဘယ်လိုရလို့ သွင်းတာလဲဆိုတာရယ်၊ ထောင် ထဲက ဘိန်းစားတဲ့ သူတို့အဆက်အသွယ်တွေရယ်၊ ပြီးတော့ ဘိန်း သွင်းတဲ့လမ်းကြောင်းရယ်ကို ပေါ်အောင်ဖော်ပေတော့ ... တဲ့ဗျား"

"အေး ... အေး ... သိပြီ။ ဒီပုံအတိုင်းဆို 'သုံးကားပေါင်း လင်း'ဆိုတဲ့ ရွှေဘကြီးရဲ့ဇာတ်ထုပ်ဟောင်းကြီး ကြည့်ရပြန်ပြီပေါ့ ကွား။ ကားထုပ်တွေက ဟောင်းနေတော့ တုန်ခြင်းမှုန်ခြင်း သည်းခံ ပေါ့ ... ဟဲ ... ဟဲ ... ဟဲ ..."

"ကျွန်တော်သွားပြီ အဘအုန်း။ ထောင်မှူးကြီးကို ဘာများ လိုက်ဦးမလဲ"

"အေး ... တစ်ညမကူးစေရဘူးလို့၊ အဆောင်ကဘိန်းစား တွေကို ဒီကနေ့ထောင်မပိတ်ခင် ရအောင်မယ်လို့ ဟုတ်ပလား"

"ဟုတ်"

သွားကျိုးကျော်မိုးမှ တိုက်ခန်းကို ကျောမခိုင်းလိုက်ရသေး၊ ခန်းအတွင်းဆီမှ ကျောပြင်ကို ဗျောတင်လေသည့် ဗျောသံ၊ စည်သံ ကြော်သံတို့ ဆူဆူညံညံ ကျွက်ကျွက်လန်၍သွားတည်း။

✿ ✿ ✿

www.burmeseclassic.com

# | ၃ |

❑

"ဆရာ . . . ဆရာ . . ."

"ဗော . . . ဘာလဲဟ . . . ဒွေးအောင်"

"ဟော . . . ဟိုတစ်နေ့က တိုက်ကထွက်လာတဲ့ 'ဘိန်းခိုး ပေသီး' မဟုတ်လားဆရာ"

"အင်း . . . ဟုတ်ပါပြီတဲ့၊ ဘာဖြစ်သတုံး ဟကောင်ရ"

"အောင်မယ် . . . ဒီမောင် သိပ်မဆိုးဘူးဆရာ"

"ဟော . . . ဘယ့်နှယ်ကြောင့်"

"ဟိုမှာလေ . . . ဘိန်းခိုးက ဘုရားရှေ့မှာ ပုတီးတွေဘာတွေ စိပ်လို့၊ 'မန္တလာအုန်း' တို့ 'နတ်ချိုး' တို့ကို စိတ်နာတာနဲ့ ဘိန်းတကယ် ပြတ်သွားပြီနဲ့ တူတယ်ဆရာ။ ဟဲ . . . ဟဲ . . . ဟဲ . . ."





ထောင်ကျအိပ်ဆောင် အမှတ် (၂) စည်းကမ်းထိန်း 'ဘားပြ ...အောင်' က အိပ်ဆောင်ရှေ့မှ အာရုံခံတန်ဆောင်းထဲရှိ ကိုးတောင် ...စေတီကလေးနှင့် စကျင်ကျောက်သား ဆင်းတုတော်ကလေးဆီ ...သွားနေသည့် အကျဉ်းသား 'ကျသစ်' အား လက်ညှိုးထိုးပြရင်း ...ရာထောင်မှူးကို သတင်းပေးနေ၏။

ထောင်ထဲ၌ 'စည်းကမ်းထိန်း(စကထ)' ဆိုသည်မှာ အပြင် ... လူ့လောကထဲမှ ပုလိပ်အလုပ်၊ ရဲအလုပ်၊ စီ-အိုင်-ဒီ အလုပ်မျိုး ... လုပ်ရသူပေတည်း။ ထောင်မှူးတိုင်း၊ အဆောင်မှူးတိုင်း စိတ်ချ ...ကြည်ထိုက်သော ထောင်တွင်းစီအိုင်ဒီ ခါးပိုက်ဆောင်တစ်ဖွဲ့ကို ...သိုသပ်မွေးထားရ၏။ ထောင်တွင်းမှာ 'စကထ' တွေ ခြေချင်းလိမ် ...တတ်သည်။

"ဟဲ့ကောင်ရဲ့ . . . မင်းလည်း စည်းကမ်းထိန်းပါး မဝသေး ...ဘူး။ ဒီမှာ . . . ထောင်တွင်းဘုရားဒကာဆိုတာ ဘိန်းရောင်းတယ် ... ဆင်းတုတော်တွေမှာလည်း သူတို့အကိုးအကွယ်ခံပြီး ရေတော်၊ ...တော်၊ ဆွမ်း။ ကွမ်းအလှူခံရတာ တယ်စားသာရှာတာမဟုတ်ဘူး။ ...ဘိန်းဝှက်တာကို မတုန်မလှုပ် ကြည့်နေရရှာတယ်။ အဲဒါ . . . ...ထောင်ထုံးစံပဲ။

ကဲ . . . မယုံရင် ကျောင်းမှန်းကန်မှန်းသိရအောင် ပုတီးစိပ် ...တဲ့ ဘုရားဒကာနောက်ကို မင့်လူတစ်ယောက်ကို မျက်ခြည်မပြတ် ...င့်ကြည့်ဖို့ လွှတ်ထားပေတော့။ ဘိန်းသမားဘိန်းစားရဲ့ မာယာနဲ့ ...ယာယ်ကို လျော့မတွက်နဲ့။ ဒီမောင်တွေ လက်ကွက်စိပ်တယ်နော်။ ...အထင် မမှားရင်တော့ မင်းကောင်တွေလက်ထဲ ဘိန်းရှိနေဖို့များတယ် ...ကောင်းလို့ ဟန်မပျက်လို့ မယုံစားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

ပေသီးတို့ပဲ ကံဆိုးမိုးမှောင်ကျလေသည်လား။ စီအိုင်ဒီ ရွှေ
အောင်ပင်လျှင် ပြေးရင်း ချီးပုံဟပ်မိလေသည်လား၊ ထ, ထွက်သွား
မှ ထမင်းတစ်အိုးကျက်ခန့်မကြာသေးခင် ဘုရားဒကာဘိန်းချီးကို ဘိန်
တစ်မူးသားခန့်နှင့် လက်ရဖမ်းမိခဲ့လေသည်။ ပဲလှော်ကြားဆားညှပ်
ဘုရားဘုတ်ကိုင် 'ဘိုကေကြည်'ပါ တရားခံစာရင်းတွင် အဆစ်ပါလာ
လေ၏။

"ကဲ ... ဘုရားဒကာကြီး၊ အမိန့်ရှိစမ်းပါဦး။ ဘိန်းပြတ်တာ
ကြာပါပြီဆို၊ ဘိန်းမစားတော့ပါဘူးဆို။ ဒီဘိန်းက ဘယ်ကရလာရပြ
တုံး။ ဟောတော်မူပါဦး"

"ဟုတ် ... ဟုတ်ကဲ့၊ အဲဒါက ... ကျွန်တော် လမ်းသွာ
ရင်း ကောက်ရတာပါ ဆရာတော်မှူး။ ကျွန်တော်ဘိန်းမစားတော့
တာ အမှန်ပါခင်ဗျ"

"အေး ... ဟုတ်မယ် ... ဟုတ်မယ်။ တို့ထောင်ထဲမှာ ဘိန်
တွေ ခဏခဏ မိုးပေါ်က သူ့အလိုလို ဘိန်းမိုးရွာပြီး ကောက်ရလွန်
အားကြီးလို့ ရောင်းရောင်းစားနေရတာ ငွေတွင်းကြီးတွေ၊ ငွေတော
ကြီးတွေကို ပေါက်ကရော။ နောက်များ အဲဒီလိုဘိန်းကို ကောက်ရရင်
မင်းနဲ့ငါ စပ်တူရောင်းကြရအောင် ... ဟုတ်လား။ ဟမ်ဘောစီဖေ
လကွာ"

ပေသီးသည် မျက်တောင်ကို လိပ်တစ်ကောင်လို ပုတ်ခတ်
ပုတ်ခတ် စုံခတ်နေလေ၏။

"ကဲ ... ဒီက ဘုရားလူကြီး 'ဘိုကေကြည်'ကလည်း ဘယ်
နှယ် ကျော်မကောင်းကြားမကောင်း ဘိန်းတရားခံစာရင်းထဲ 'အဆစ်





...လာရပြန်တာလဲ"

"အဲ ... ကျွန်တော်နဲ့က ဘာမှမဆိုင်ပါဘူး ခင်ဗျာ။ ကျွန်
...တော့် ဘုရားတန်ဆောင်းထဲမှာ သူ့ကို မကြာခဏတွေ့နေရလို့ ထင်
...ကြီးနဲ့ ..."

"မသာကြီး ... မှန်မှန်မပြောဘူး၊ သေချင်ပြီထင်တယ်"

... ဟော့ ... ဟော့ ... နေဦး ... ဟကောင်ရ။ အချိန်တန်
...တော့ နှားပိန်ကန်ပါလိမ့်မကွ ... ငါ့လူရ။ မင်းကလည်း စိတ်ချည်းပဲ။
...ကောင်တွေ 'မန္တလာအုန်း' တို့ 'နတ်ချိုး' တို့ ပြစ်ဒဏ်တိုက်ကိုဖြင့်
...တစ်ခေါက်တစ်ကျင်း မျက်စောင်းကလေး ထိုးခွင့်ပေးလိုက်စမ်းပါဦး ..
...ညီရ။ အချိန်တွေ စောပါသေးတယ်။

သီလကြောင်ကို 'နေမိဘုံခန်း' နှင့် မြှောက်၊ 'ငရဲခန်း' နှင့်
...ချောက်သည့်နယ် ဘိန်းတရားခံနှစ်ပွေအား ပြစ်ဒဏ်တိုက်သံ လှန့်ချိ
...လိုက်သည်နှင့် တီကိုဆားနှင့်ပက်သလို ထွန့်ထွန့်လူးသွားတော့၏။

"ကျွန်တော် အမှန်အတိုင်း ပြောပါမယ်ဆရာ။ အမှန်က
...ကောက်ရတာ မဟုတ်ပါဘူး။ မနေ့တုန်းကလွတ်သွားတဲ့ အလုပ်ဘက်
...ကွန်းရုံက အိုက်စံကြီးက ပေးခဲ့တာပါ။ ကျွန်တော်ကြောက်လွန်းလို့
...ပြိမ်ပြောရ လွှတ်ခနဲ ထွက်သွားတာပါ"

"ဟုတ်ပါတယ် ... ဆရာထောင်းမှူး၊ ဒီအကောင်ပေသီးက
...ကျွင်ရုပ်ပွားတော်ရဲ့ ပလ္လင်အောက်မှာ သူ့ဘိန်းလာကပ်ထားလို့ ကျွန်
...တော် သတင်းပို့မလို့ဟာ ... နည်းနည်းနောက်ကျသွားတယ်။ မောင်ရွှေ
...ကောင်တို့က လက်ဦးသွားလို့ အခုလို ..."

"တော် ... တော် ... ခင်ဗျားတို့ဘိန်းပုံပြင်တွေက ဒီထောင်
...နယ် ခေတ်မမီတော့ဘူး။ တောရောက်မှပြောတော့။ ဘိန်းဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ရသလဲ၊ ဘယ်လိုသွင်းသလဲဆိုတာကို အတိအကျမဖော်ရင် တိုက်ထဲမှာ ပဲ ဝါဆိုပေတော့ . . . ကိုယ်တော်တို့။ ဟုတ်စ"

"ဆရာ . . . ဆရာ"

ဘိန်းဆရာပေသီးနှင့် 'ဘိုကေကြည်'တို့နှစ်ဦးသားမှာ 'ဆရာ ဆရာ' တစာစာတ,ရင်း ချွေးသေကောင်လင်းတဆွဲဘိသို့ ချွေးအောင် တို့ အဆောင်စည်းကမ်းထိန်းတစ်ခု လက်ဝယ်၌ ယက်ကန်ယက်ကန် နှင့် မျက်စိတစ်ကမ်းဆီ ပြစ်ဒဏ်တိုက်သို့ ပါတော်မူရှာပြန်လေသ တည်း။

ခြော် . . . ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ။

ဖြစ်ကြောရှည်တတ်လွန်းသည့် ဘိန်းသံသရာပါပေတကား။

✿ ✿ ✿

၂ ၄ ၂

❑

"ကဲ . . . အဲဒါပဲ ကိုဇော်မြင့်ရေ၊ အခုတစ်လော ဘိန်းမည်း သမားတွေကို တော်တော်ဖိဖိစီးစီးကလေး ပိုက်စိပ်တိုက် နှိပ်ကွပ်ပစ် လိုက်တော့ နည်းနည်းငြိမ်သွားသဗျ။ ရဲအချုပ်ကလွှဲပေးတဲ့ 'ချုပ်သစ်' 'ထူသစ်'တွေလည်း ဦးထွန်းဟန်ကြီးတို့ တံခါးအဖွဲ့က 'ကွိ'ခနဲ ဆွဲစေ နိုင်ခဲ့ကြလို့ ဟောတစ်ယောက် . . . ဟောတစ်ယောက် . . . ကတွတ် ပေါက်က ဗျိုင်းစောင့်သလို ဖော်နိုင်ခဲ့တယ်။

အဲ . . . နောက်မှုရုံးထွက်တို့၊ အချုပ်ရုံးခြနိတို့ ဆိုရင်လည်း 'နွှလာဆုန်း' တို့၊ 'နတ်ချိုး' တို့ ပြစ်ဒဏ်တိုက်က သတင်းကွင်းဆက် တွေ အဆက်မပြတ်ဖော်ထားနိုင်တော့ မလှုပ်နဲ့ လှုပ်လိုက်ရင် 'ဖွ'ခနဲ မိတာချည်းပဲ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ဆရာ။ ထောင်ထဲမှာ 'တောထ'နေတဲ့ 'ဘိ
ပုန်းစား' နဲ့ 'ဘိန်းကုန်သည်တွေ' ကို ရှင်းပစ်နိုင်ခဲ့ရင် ထောင်လည်
ကျက်သရေတိုးပေတာပေါ့"

"ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေတဲ့ မဟုတ်သေးဘူးဗျ"

"ခင်ဗျာ ... ဘယ်လိုဆရာ"

"ဒီလိုလေ ... ကိုဖော်မြင့်ရဲ့၊ အမည်းတွေဘက်ကို ဗိုလ်
တဲ့အခါ အမည်းကောင်တွေ ငြိမ်ကုပ်သွားတာတော့ မှန်ပါရဲ့။ အဲ ...
ဒါပေတဲ့၊ ဦးနှင်းတော့ ပဲ့ထောင်ဆိုသလို 'အဖြူ' နဲ့ 'ဘောလုံး' တွေ
သောင်းကျန်းလာကြပြန်ရော။ အခုတစ်လော ထောင်ဆေးရုံဘက်
နေ နံပါတ်ဖိုးနဲ့ စိတ်ကြွဆေးပြားတွေ အရောင်းအဝယ်လုပ်နေတယ်
လို့ သိုးသိုးသန့်သန့်သတင်းတွေ ထွက်နေတယ်ဗျ"

"အယ် ..."

"ပြီးတော့ အဲဒီသတင်းက ကျုပ်တို့က ကြိုပြီးရခဲ့တဲ့ သတင်
မဟုတ်ဘူး ခင်ဗျားရဲ့။ ညွှန်ကြားရေးမှူးကြီးဆီကို သူမြုပ်နှံထား
သတင်းပေးတွေက သံတော်ဦးတင်တော်မူလိုက်လို့ ရှာကျော်ရှက်တို
ပြီး ပဲ့တင်သံပြန်လာတဲ့ သတင်းဗျ"

"အဲ ... အဲ ... ကောင်းကြရော"

"အဲဒါ ကျုပ်နဲ့ခင်ဗျား ထောင်ပိုင်ကြီးတို့ကို ညွှန်မှူးက
ပြီး ဝမ်နိမ်ပေးလိုက်ပြီဗျ။ လက်သည်တရားခံကို ခုနစ်ရက်တစ်ပ
အတွင်း ဖော်နိုင်ရင်ဖော်၊ မဖော်နိုင်ရင်တော့ သူကိုယ်တိုင် မန္တ
သင်တန်းကျောင်းက သင်တန်းသားတွေနဲ့ ဆင်းမွှေမတဲ့။ အိပ်ရာလိ
ပြင်ပြီး နှုတ်ထွက်စာ ရေးထားကြပေတော့ ... တဲ့ဗျို့"

"ဗုဒ္ဓေါ ... ရာဇသံ ပြင်းလှချေကလားဆရာ"





"အဲဒါ ... ကျုပ်နဲ့ခင်ဗျား ဆရာထောင်ပိုင်ကြီးတို့ တိုင်ပင်
ပြီး ခင်ဗျားကို သီးသန့်လျှို့ဝှက်တာဝန်တစ်ခု ပေးချင်တယ်"

"ဟုတ်ကဲ့ ... ဆရာ"

"ဆေးရုံက ခင်ဗျားတို့အလုပ်ရုံနဲ့ ကပ်နေလေတော့ ခင်ဗျား
သေသေချာချာ စောင့်ကြည့်ပေးဗျာ။ ပြီးတော့ ဆေးရုံဆောင်အဆောင်
ကိုမြင့်အောင်လေးကို ယာယီတာဝန်တစ်ခုခုနဲ့ ရက်သတ္တတစ်ပတ်
လောက် ထောင်အပြင်လုပ်ငန်းတစ်ခုမှာ ခိုင်းထားလိုက်မယ်။ ခင်ဗျား
ကို ယာယီဆေးရုံအဆောင်မှူးအဖြစ် တွဲဖက်အမိန့်ထုတ်ပေးလိုက်
မယ်ဗျာ။ ခင်ဗျား လုပ်ရကိုင်ရ ပိပိစီးစီးရှိရအောင်။ ဘယ့်နှယ်လဲ"

"မှန်ဝေတာနဲ့မကြုံ၊ တုတ်ဝေတာနဲ့မှ ဒက်ထိကြုံရပြီနဲ့ တူ
ပဲဆရာရေ။ ဒီတစ်ချီ တွတ်ပီတို့ ကံကောင်းနိုင်ပါဦးမလား မသိ
... ဟူး"

သက်ပြင်းပူပူတစ်ခုကို တထွေးတလုံးကြီး မှုတ်ထုတ်ပစ်လိုက်
သည်။ ကျွန်တော့်ကံဇာတာက သည်ထောင်မှာ သည်လိုမျိုး၊ အမြဲ
'ပဲလှော်ကြား ဆားညပ်' ကိန်းချည်း ကြုံရလေ့ရှိ၏။ ယခုလည်း
ပြန်ချေပြီ၊ ဘာတဲ့ ...'နောက်တစ်ခါ လာပြန်ချည်သေး ...
... ဟေ ... ဝါး' ဟုသာ စိတ်လွတ်လက်လွတ် အော်ပစ်လိုက်ဖို့
ကောင်းတော့သည်။ 'ဟူး ...'။

"ခင်ဗျားမှာက တပည့်တပန်းအအုံအကျင်း ကောင်းပါတယ်
။ ခင်ဗျားကောင်တွေက ခေသူမဟုတ်တွေချည်းပါ။ မြွေးပွေးသိန်း
ခင်ဗျာ၊ ကံလှဗျာ၊ မိုးကျရွှေကိုယ်ဗျာ၊ ကြောင်တစ်ရာဗိုလ်ဖော်ဝိဇ်
ငရှိဗျာ၊ မင်းမင်းနဲ့ဘိုဘို စောရည်နောင်ဗျာ ...ကဲ 'ဇ' ခဲ့လူ
ချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခင်ဗျားရဲ့ အလုပ်ရုံစည်းကမ်းထိန်းအဖွဲ့က သိုင်း သိပ်သိပ် ဝိဝိပြားပြားရှိတယ်။ ထောင်ထဲမှာ လားလားလားလား လည် လျှားလတ်လျှားလည်း သိပ်ခြေမဖွာဘူး။ သူတို့ကိုလည်း ကျွန်တော့် အဆောင်က မောင်တွေက နည်းနည်း 'ဖြဲ'ချင်ကြတယ်"

"တာဝန်ပေးမှဖြင့် လုပ်ရတော့မှာပါပဲ ဆရာရယ်၊ သိပ်ပြ လည်း အစွန်းနဲ့ 'ပင့်' မနေပါနဲ့တော့"

"ဟဲ ...ဟဲ ...ဟဲ ...ကိုဇော်မြင့်က လုပ်ပြီ"

"ဒါနဲ့ဆရာ ...ကျွန်တော် အချိန်ဘယ်လောက်ရမလဲ"

"တစ်ပတ်"

"အင်း ..."

"ဘာလဲ ...နည်းလို့လား။ ဈေးမဆစ်နဲ့ ...ကိုယ့်လူ အဲဒါ ကျုပ်တို့ဆရာသမား ညွှန်မှူးကြီးက အတိအကျ သတ်မှတ် ထားတဲ့ အမိန့်ခင်ဗျ"

"ကြိုးစားကြည့်ရမှာပေါ့ ဆရာရယ်"

"ကိုင်း ...ကံကောင်းပါစေဗျာ ကိုဇော်မြင့်လေး။ ဒီတစ် အောင်ခဲ့ရင်တော့ (လားချိုးကြီး)မှာကြိုက်လား၊ 'ကိန်ကြည်'မှာကြိုက် လား၊ ဝိုင်းကြီးတစ်ဝိုင်း ပေးပါဦးမယ်"

"တကယ်လား ဆရာ"

"တကယ်ပေါ့ဗျ ...ခင်ဗျားကလဲ"

"အိုကေ ...ဆရာရေ ...အိုကေ"

"အိုကေ"

❀ ❀ ❀

| ၅ |

❑

"ကြည်စိန်ရေ"

"အေး ...သူငယ်ချင်း ...ဘာရှိလဲ"

"ဆေးရုံက တို့ဟိုအကောင်ကို ခဏသွားခေါ်ခဲ့စမ်းပါကွာ။ (Gate Pass) လည်း ယူသွား။ ကံလှကြီးလည်း ခေါ်သွားကွာ"

"ဘယ်အကောင်လဲ သူငယ်ချင်းရ။ ဆေးရုံမှာ ဘယ်အကောင် ရှိသေးလို့လဲ"

"နှပ်သီးလူးကွာ ...အောင်စိုး"

"သြ ...အထူးမှုးယစ်ကိုင်တဲ့ ရဲအုပ်ကနေ မှုးယစ်မှုနဲ့ပဲ ထောင်ကျလာတဲ့ ပင်လယ်ဘူးက ငါတို့အကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ … ဟုတ်ပ"

ဟောသည့်ထောင်ကြီးထဲမှာ ကျွန်တော့်သူငယ်ချင်း အရင်း အချာ အကျဉ်းသားနှစ်ဦး ရှိလေသည်။ တစ်ယောက်က 'ရဲကြီး … ရဲကြီး' ဟု ကျွန်တော်နှုတ်ကျိုးနေသည့် 'ရဲစခန်းမှူး'ဘဝမှ ထောင်ကျ လာသည့် ကြည်စိန်။ ဟုမ္မလင်းဘက်ဆီမှ သူတာဝန်ယူထားရသည့် 'သောင်သွပ်' ရဲစခန်းကလေးကို နာဂသူပုန်တွေ ဝင်စီးခံရပြီး စခန်း လည်းကျ လက်နက်ခဲယမ်းတွေလည်း ပါသွားသဖြင့် ထောင်(၁၀)နှစ် ကျလာခဲ့ရသူ။

သူတို့ညီလွန်း၍ကားမဟုတ်။

ရန်ကုန်–ရွှေပြည်သာရဲစခန်းသို့ ပြောင်းရွှေ့မိန့်ရရှိပြီး စခန်း မှ တပည့်တပန်းများ နှုတ်ဆက်မိးပုံပွဲကြီး တောင့်ကြီးမားဝှဲပြီး ဆင်နွှဲ ပြီးသကာလ ဆက်ရက်မင်းစည်းစိမ်ဖြင့် 'ခလောပေး' ကောင်းနေကြ ခိုက် မောင်မင်းကြီးသား နာဂသူပုန်များက အလစ်ဝင်တိုက်ခြင်း ခံလိုက် ရ၍တဲ့ ခင်ဗျ။ ကောင်းရော …။

ရဲအုပ်မင်း'အောင်စိုး'ကလည်း တစ်မျိုးတစ်ဘာသာ။ အရေး ရှိလျှင် အအေးမိနှာစေးပြီး နှာရည်တရွဲရွဲ တတွဲတွဲနှင့်မို့ 'နှပ်ဘိလူး' ဟု ကျွန်တော်တို့ ရဲသိပ္ပံကျောင်းဆင်း။ ဒုရဲအုပ်လောင်းအမှတ်စဉ် (သီဟ– ၁၆) ၌ နာမည်ကျော်ခဲ့သော အောင်စိုးသည် အထူးမူးယစ်တွင် တာဝန် ကျခဲ့သည်။

သူ၏ စွမ်းစွမ်းတမံ လုပ်ခင်းကိုင်ခင်းများ၊ လောဘမဖက် ကိုယ်ကျိုးမငဲ့ တာဝန်ထမ်းမှုများကြောင့် သူ့လုပ်ငန်းတွေ အောင်မြင် သည်။ စစ်ဆင်ရေးတွေ အရေးလှသည်။ မူးယစ်ရာက မသမာသူတွေ တစ်ပြုံတစ်မကြီး ထောင်နန်းစံကြရသည်။





ငွေနဲ့ဝယ်၍မရ၊ ခြောက်မရ၊ ချော့မရ 'လူ့တိကျ၊ လူ့ကန့် သန့်' အောင်စိုးကို လိမ်လိမ်မာမာကာပ်ပေါင်းပြီး သူကြိုက်တတ်သည့် အရက်ထဲမှာ 'နံပါတ်ဖိုး'ထည့်၍ 'စွဲ'အောင်ဖန်တီး၍ ကြိုးကိုင်နိုင် ကြသောအခါ ဘိန်းဖြူဖမ်းရမည့်သူက ဘိန်းဖြူဖမ်းသည့်ကိစ္စတွေမှာ အကူအညီမရတော့ပဲ ကန့်လန့်ကန့်လန့် လမ်းလွှဲရှောင်တိမ်း ဝင်ဝင်လုပ် တော့သည်။ သည်လိုပုံနှင့် ဘဝဇာတ်သိမ်း၌ ထောင်ကျတန်းကျ၊ 'A' ဆိုက်ပြီး HIV ရောဂါပိုးရှိသူအဖြစ် ထောင်ဆေးရုံမှာ ကိုယ့်မသာကိုယ် ထမ်းလျက် သေမင်းအခေါ် စောင့်နေရသူ။ ကိုင်း … မှတ်ဟ။

သည်သူငယ်ချင်း နှစ်ဦးစလုံးကို ကျွန်တော် တော်တော် သံယောဇဉ်တွယ် သံယောဇဉ်ကြီးမိရသည်။ တတ်နိုင်သမျှ ကျွေးမွေး စောင့်ရှောက်နေရ၏။ 'ဘဝက်ပဲလေ' ဟု တောက်တောက်ခါးခါး ပစ် ထားရက်။ နိစ္စဓူဝ တွေ့၊ မေး၊ နှစ်သိမ့်ပေးနေရသည်။

"မောနင်းနဲ့ … သူငယ်ချင်း"

"လာ … လာ … ထိုင်သူငယ်ချင်း။ ဘယ့်နှယ်လဲ နေ ကောင်းသွားပြီလား။ ငါမနေ့က ကံလှကြီးကို နို့မှုန့်ထုပ်ပို့နိုင်းလိုက်တုန်း က စောင်ခြုံပြီး ကွေးနေဆို"

"အေးဟ … လမ်းလျှောက်တာများပြီး လေစိမ်းနည်းနည်း မိသွားလို့"

"ကြည့်လည်းလုပ်ဦး … နှပ်ဘိလူးရေ။ နင့်မိန်းမကို ညီလေး စားသွားဦးမယ်။ တစ်လောကလေးကမှ ကိုယ်အလေးချိန် အတော်တက် လာသေးတဲ့ဟာ၊ အခု နည်းနည်း ပြန်ချောင်သွားသလိုပဲ"

"ကလိုပေါ့ သူငယ်ချင်းရာ … ကံပေါ့။ ဟဲ … ဟဲ … ဟဲ။ ဟဲ … ဒါနဲ့ ဘာကိစ္စရှိ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာမေ့ ရဲ့အရာရှိမင်းလူဆိုး မင်းက မူးယစ်ကမ္ဘာမှာ နိုင်
မွေ့ခဲ့တဲ့သူဆိုတော့ မင်းကိုပဲ ရှားလော့တုမ်းကြီးလုပ်ပြီး အမှုအပ်
လို့ပေါ့"

"အမယ် ... တယ်စာတဲ့ဆိုပါလား။ ကဲ .. ကဲ ... ရ
ပါဦး။ နားထောင်ကြည့်ရအောင်"

"ဒီလိုဟာ ... သူငယ်ချင်းရေ ဒီလို ..."

ရဲကြီးကြည်စိန်ရယ်၊ နုဝ်ဘီလူးအောင်မိုးရယ်၊ မြွေပွေးသိ
မောင်ရယ်၊ ကံလှကြီးရယ်၊ ကျွန်တော်ရယ် ကြဲဖော်ကြဲဖက် 'ငါးပွ
တစ်နိုင် (The Sign of Five) 'တစ်သိုက် နှုတ်ခမ်းချင်း လိမ်မြွ
လောက်။

ဤသို့ဖြင့်လျှင် ...။

❁ ❁ ❁

[ ၆ ]

❑

"ဝုတ်"

"ဝုတ် ... ဝုတ် ... ဝုတ်"

"ဝု ... ဝူး ... ဝူး"

"ဂရား ... ဂရား ... ရား"

"ဟာ ... ဟာ ... သောက်ပလုတ်တုတ်။ ဘယ့်နှယ် ... ထောင်ထဲမှာ ခွေးတွေ ဒီလောက်များနေရတာတုံးဟ။ ထောင်ဆိုတာ မျိုးဟာ အထဲမှာ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင်မှ မရှိရဘူး အရပ်မျိုးပါ။ မင်းတို့ခေါ်ရုံကျကာမှ ဘယ့်နှယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ခွေး ... ဟဲ့ခွေး ... ရှူး ... ရှူး"

"ကိုင်းဟာ ... ကိုင်းဟာ ..."

"ဂိန် ... အိန် ... အိန်"

"ဝေါ ... ဝုန်း ... ဝုန်း"

အကြောင်းရင်းဖော်ပြစ် မသိရှော့ ဖြတ်ချည်း ကမ္ဘာပျက် ရေပြီလောဟု ထင်ရဖွယ်မည်။ မဟုတ်ပေါင်ပါ ခင်ဗျား။ ကျွန်တော်တို့ ဆရာတပည့်တစ်သိုက် အလုပ်ရုံတံခါးကိုဖြတ်၍ ဆောင်တွင်းဆေးရုံသို့ ဝင်မိလျှင်ဝင်မိချင်း မည်သို့မျှမထင်မှတ်ဘဲ ခွေးတွေ အဝိုင်းခံနေရ ခြင်းသာဖြစ်သည်။ မကြုံစဖူး ထူးထူးခြားခြား။

"ဖော်ဝမ်း ... ရမ်ဘို ... ဟဲ့ကောင် ... အာနီး ... လာ ကြစမ်း။ လာကြစမ်း ... ဒီကို။ ရှိ ... ရှိ ... ရှိ"

"ဟော ... ဆရာသမား၊ မလာစဖူး ဆေးရုံဘက်ကို မျက်စိ လည်လမ်းမှားပြီး လာလို့ပါလား"

"ဟော့ကောင် ... စန်းယု၊ နင့်ခွေးတွေခေါ်သွားစမ်း။ လာ လာ ... ဆရာဦးဇော်မြင့်၊ လာ ..."

ဆေးရုံတာဝန်ကျ တပ်သားစန်းယုက ခွေးတစ်ပြုံတစ်မကြီး ကို ဆေးရုံတိုက်ဘက် ခေါ်ချသွားေ၏။ အလဲ့ကွယ့် ... သည်မောင် 'စန်းယု'က 'ခွေးနိုင်ဂါထာ' များ ရွမ်းလေသလော။ 'ခွေးပိယဆေး' တွေများ ဆောင်ထားလေသလောမသိ။ ပွက်ပွက်ညံ ဟိန်းဟိန်းထနေ ခဲ့သည့် ခွေးပိန်ခွေးလိန် ခွေးနံချောင် ခွေးဝဲစား ခွေးဒုက္ခိတ တစ်အုပ် တစ်ထွေးကြီးမှာ သူနှင့်ကျတော့ ငြိမ်ချက်သားကောင်းလို့။ အမြီးတနွဲ့နွဲ့ လှုပ်ရည်တမြူးမြူးနှင့် ဟုတ်ပေ့ကို ဖြစ်နေတော့သည်။

ဆေးမှူးဦးကြည်မောင်နှင့် ကွန်ပေါင်ဒါကြီး ဆရာဦးသန်းထွန်း





တို့က ခွေးသံတွေကြောင့်ထင့် ခေါင်းပြူထွက်ကြည့်ကြပြီး ကျွန်တော့် ကိုမြင်လျှင် အမြေးအလွှား ခရီးဦးကြိုကြသည်။

"ဆရာကြည်ရေ ... ခွေးတွေက များလှပါတကလား။ မန္တလေး ဆောင်ခြေက 'ခွေးဂေဟာ'များ ဒီကို ရွှေ့လာလေသလားလို့ အောက် မေ့နေတာ"

"ဒေါက်တာအေးချိုနဲ့ ဒေါက်တာသန်းငွေဗျာ ... ဟိုကဒီက လူဆိုးခွေးမင်းတွေ၊ ခွေးကျိုးခွေးပဲ့တွေကို ဆေးကုပေးဖို့ဆိုပြီး ထောင် ခေါ်လာတာ။ ဟိုကဒီက အကျဉ်းသားတွေ ပေးတာကျွေးတာစား ရသာတွေပြီး အပြင်ကို ပြန်မထွက်ကြတော့တာဗျို့။ ထောင်ပိုင်က သေက ဆူလို့ဆဲလို့ တစ်ခါနှစ်ခါတော့ အကုန်ထုတ်ပစ်လိုက်သေးတယ်။ စန်းယုနဲ့ခွေးလှည်းအစ်ကိုက ပြန်ပြန်ခေါ်သွင်းလာလို့ ပြန်ရောက်,ရောက် လာကြတာ"

"ခင်ဗျား ခွေးကြီးတွေက တချို့ကောင်ကြီးတွေဆို ကြီးလှ ချင့်ကလား။ ပြီးတော့ ဆေးရုံကဝန်ထမ်းနဲ့ အကျဉ်းသားကလွဲရင် ကျန်တဲ့ အရာရှိ၊ ဝန်ထမ်း၊ အကျဉ်းသား၊ အချုပ်သားတွေကို ဟိန်းလို ဟိန်း ဟောင်လိုဟောင် ဖြဲဖြဲခြောက်သေးတယ်လို့ အတော်သတင်းကြီး နေပါရော့လား။ အထူးသဖြင့် ညကင်းသမားတွေ ကင်းတောင်ဝင်စစ် နေကြသတဲ့၊ ဟုတ်လား ... ဆရာကြည်"

"အေးဗျာ ... ဆေးရုံကကောင်တွေ ပ,တားပေးလွန်းလို့ ရောင့် တက်နေတာဖြစ်မှာပ"

"ဒေါက်တာကြီးတွေရှိလား"

"ရှိပ ... ရှိပ"

ဆေးရုံဆောင်၊ ရုံးခန်းအတွင်း ခန်းဆီးစကို မ, ၍ ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဦးအေးချို၏ ပြည့်ပြည့်ဝဝ အပြုံ
အေးအေးကြီးကိုလည်းကောင်း၊ လက်ထောက်ဆေးရုံအုပ် ဒေါက်တာ
သန်းငွေ၏ ခင်မင်နှစ်လိုဖွယ် ပြုံးရောင်သန်းနေသည့် မျက်နှာကိုလည်း
ကောင်း ဘွားခနဲ ပက်ပင်းတွေ့လိုက်ကြရတော့၏။

"လာဗျို့ ... ဆရာဦးဇော်မြင့်၊ ထောင်မှူးဦးမြင့်အောင်တ
ဒီ . အီး (ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု) တစ်ခုနဲ့ ခရီးသွားရလို့ ဦးဇော်မြင့်
က အလုပ်ရှုပ်နေတွဲပြီး ဆေးရုံအထောက်မှူးကိုင်မယ်ဆိုတာ အခုပဲ
အမိန့်စာရတယ်။ အဲ ... အရေးကြီးကေ့(စ်)နဲ့ အရေးပေါ်လူနာတော့
မရှိပါဘူး။ စခန်းတွေက ပြန်ပို့ထားတဲ့ B.M.I. (ကိုယ်အလေးချိန်
ဆင်းသည့်) ရဲဘက်လူနာတချို့ကိုပဲ နည်းနည်း ဂရုစိုက်နေတာရှိ
တယ်။ လာ ... လာ ..."

"မင်္ဂလာသတင်းပါပဲ ဒေါက်တာကြီးရယ်။ ဒီအတိုင်းဆို ရေ
နှင်းဆောင်းပဲပ"

"ဟုတ်များ"

"ဆရာဦးသန်းငွေ ... ဆရာပြုစုနေတဲ့ ဘွဲ့လွန်စာတမ်းကြီး
ကရော အဆင်ပြေပြီလား ဆရာ"

"ဝှတ်(ဒ်) ဘဲ ဦးဇော်မြင့်ရေ၊ လူနာတွေမှာ စွဲကပ်နေတဲ့
ရောဂါဘယတွေနဲ့ ပတ်သက်ပြီး စိမ်ပြေနပြေ၊ စိတ်တိုင်းကျ ခွက်ထိုး
ခွက်လှန် လေ့လာနိုင်တဲ့နေရာကတော့ ထောင်ဆေးရုံရှိတာပဲ။ ပေဘီ
ထောင်ဆေးရုံကို တာဝန်ချပေးလိုက်တဲ့ ဆရာသမားများကို ဗွေဆော်ဦး
တုန်းကတော့ စိတ်ထဲ ဘာကလိုတိုတို အရှိချင်သားခင်ဗျ။

အခုတော့ဖြင့် ထိုင်တောင်မှိုင်းချင်စိတ် ပေါက်နေပြီ။ ကျုပ်တို့
ဆေးသုတေသနသမားတွေအတွက် ရွှေတွင်းကြီး တွေ့နေရသလိုပဲ။ ကျုပ်





စ်လည်း လက်စသတ်နေပါပြီ"

"ဒေါက်တာသန်းငွေက 'အကျဉ်းထောင်အတွင်း အနေကြာ
ဉ်သားများ၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများနှင့် ဇီဝကမ္မဗေဒ
ခြင်း အကျိုးသက်ရောက်မှုများ လေ့လာချက်' စာတမ်းကြီးကို
သွန်ကြိုးကုပ်၍ သုတေသနပြုလျက် ရှိသူဖြစ်သည်။

"ရောက်မဆိုက် ပြောရတော့မှာပဲ ဆရာဦးအေးချိုရေ။ ဆရာ
နဲ့က ဓွေးတွေတစ်အုပ်ကြီးတော့ ဒီကနေ့ပဲ ထောင်မပိတ်ခင် ထောင်
ခြင်ကို ထုတ်ပစ်လိုက်မှ ဖြစ်တော့မယ်။ ဒီခွေးတွေ သောင်းကျန်းနေ
နေ့ခင်းပိုင်းလည်း ဆေးရုံဘက် စိမ်ရဆေး‌ရ, ဝင်ရထွက်ရခက်၊ ည
ာလည်း ကင်းတောင်စစ်မရဘူးတဲ့။ ကြာရင် မကောင်းဘူးနဲ့တူ
ယ် ဆရာရဲ့။

"အေးဗျာ ... ကျွန်တော်ကတော့ သနားလို့ ခေါ်ခေါ်လာပြီး
ကုပေးချင်ရုံသက်သက်ပါ။ ဆရာတို့ ထောင်အုပ်ချုပ်ရေးအမြင်ဘက်
မသင့်တော်ဘူးလို့ထင်ရင်လည်း အဆင်ပြေသလိုသာ လုပ်ကြပါ
ပြဿနာမရှိပါဘူး"

"ဆရာက ပြဿနာမရှိပေတဲ့ ကျွန်တော့်က ပြုံးတူးပြဲတဲ
ပြဿနာတန်းလန်းကြီးနဲ့ ဆရာရဲ့"

"ဩ ... ဘယ့်နှယ်ပါလိမ့်"

"ဒီလိုဆရာရဲ့ ... ဒီလို ..."

ကျွန်တော်ပြောသည့် 'ဒီလို' က အတော်ကြီး 'ထိ'သွားပုံရ
ည်။ ဆေးရုံအုပ်ကြီး ဒေါက်တာအေးချို၏မျက်လုံးကြီးတွေ လင်းကွင်း
သာက် ပြူးထွက်လာတော့၏။

"အဲ .. အဲသလိုဆိုရင် ဘယ့်နှယ်လုပ်ကြပ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်မှ မလုပ်သေးဘူးဆရာရေ။ ဆရာကောင်တွေ
အရင်ထုတ်ပစ်လိုက်မှ ကျွန်တော်တို့ ဝင်လမ်းထွက်လမ်း ကြောင့်
သွားရေးလာရေး လွယ်လိမ့်မယ်။ နို့မို့ဆိုရင် ဆရာကောင်တွေက ထဲ
ကခံပြီး 'ကင်းစောင့်'သလို စောင့် 'ဟောင်'နေကြတော့ အလို
သူခိုးကို အချက်ပေးသလို ဖြစ်နေပြီပေါ့။ မသူတော်တွေ ရှောင်ဖို့တိမ်း
သိုဖို့ဝှက်ဖို့ အချိန်ရနေတော့တာပေါ့ ဆရာရဲ့။ ဘယ်လောက် အစီအ
တော်လို့၊ ဘယ်လို အလစ်ဝိုက်ချောင်းချောင်း မမိနိုင်ဘူးခင်ဗျ"

"ရော် ... နေရင်းထိုင်ရင်း ကျုပ်နဲ့ ကိုသန်းငွေက အချောင်
အိပ်ရာအောက်ရေဝင် ဖြစ်နေရပါပကော"

"အဲသလိုလည်း သဘောမထားပါနဲ့ ဆရာရယ်။ ဆရာတို့
တော့ အရိုးခံစေတနာနဲ့ လုပ်ကြတာပါပဲ။ ဒါပေမဲ့ မထင်မှတ်ပဲ တောင်
ရဲ့ ထုံးစံ့၊ဓလေ့နဲ့ အုပ်ချုပ်ရေးသဘောအရ ခွေးတွေ့ကြောင်တွေ
တောင်ထဲ ကြာရှည်မွေးမြူထားလို့မဖြစ်တာက လာကြုံနေရတာကိုး
ပြီးတော့ ... ခုနက ကျွန်တော်ပြောတဲ့ ဟိုဒင်း ... ဟိုဟာ ..."

"အင်း ... အင်း ... နားလည်ပါပြီ။ ဆရာကြည်ရေ ...
စန်းယုကို ခေါ်စမ်းပါဦး"

"စန်းယု ... စန်းယု"

"ခင်ဗျာ ... ဆရာ၊ လာပါပြီ"

"ခြေသံတဖျပ်ဖျပ်နှင့်အတူ အရပ်ရှည်ကိုင်းကိုင်း၊ မဲ့ခြောက်
ခြောက်၊ မျက်စိက တိမ်တစ်လုံး၊ တပ်ဖွဲ့ဝင် တူညီဝတ်စုံကို နို့ကုလား
ဝတ်သလို ဖရိုဖရဲဝတ်ထားသည့် တပ်သားစန်းယုဝင်လာ၏။ မျက်နှာ
က စပ်ဖြဲဖြဲ၊ ဘယ်လိုမှ အပိုးမကျို။

"မင်းခွေးတွေကို (၁၂-၂) တောင်ပိတ်ချိန်မှာ ထုတ်ပစ်လိုက်





တော့"

"ခင်ဗျာ ... ဆရာ"

"တို့ဆေးရုံဆောင်က ခွေးတွေကို တောင်အပြင်ကို ထုတ်
လိုက်တော့လို့"

"အဲ ... အကုန်လုံးလား"

"အေးပေါ့ဟ ... အကုန်ပေါ့။ တစ်ကောင်တစ်မြီးမှ မကျန်
အစရှိ တနောင်နောင် ဘယ်တော့မှလည်း တောင်ထဲကို ထပ်
ခေါ်မလာခဲ့နဲ့တော့"

"ဒါဆို တောင်အပြင်မှာ ဒီခွေးတွေကို ဘယ်နဲ့လုပ်ရမလဲ
ဆရာ"

"မင်းကြိုက်သလိုသာ လုပ်။ ခွေးဂေဟာကို ပုန်းဆက်ခေါ်
အပ်ချင်လည်း အပ်လိုက်။ အဲ ... 'ရိုက်ကဝဲ' သားဆိုပြီး သတ်
တော့ စားမပစ်လိုက်ကြနဲ့"

"ဟာ ... ဆရာကလည်း ... မလုပ်ပါဘူး ဆရာရဲ့။ ဟို ..
ဟို ... ရမ်ဘိုရယ်၊ အာနီးရယ်၊ ဇော်ဝမ်းရယ်ကို ချန်ထားလို့မရဘူး
လား ဆရာ။ သူတို့က ခွေးကောင်းတွေပါ။ ခွေးဂိလာနတွေ မဟုတ်
ဘူး။ သူတို့သုံးကောင်တော့ ချန်ထားပါရစေ ... နော် ... ဆရာ"

"မရဘူး ... ငါ့လူ။ ဒါ တောင်ပိုင်ကြီးအမိန့်။ ပြီးတော့ အဲဒီ
သုံးကောင်က မင်းဘာသာမွေးထားတဲ့ မင်းကိုယ်ပိုင်ခွေးတွေ။ မင်း
အိမ်မှာပဲ မင်းမွေး။ နောက်ကို တောင်ထဲ ခေါ်ခေါ်မလာနဲ့ ကြားလား"

" ... "

စကားပြန်မရ။

ကျွန်တော်ကဖိပြောလေ သူကောင့်သား မျက်နှာကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



လေ။ သည်အထဲ ဘာမဆိုင် ဆေးရုံရုံးအကူအကျဉ်းသား မောင်ထူ
(ခ) တူးတူးနှင့် အိုက်ဆွေနှစ်ကောင်သားတို့ကလည်း ပြုံးတော့မည်
လို မျက်နှာကြီးတွေမည်းလို့။

‘အင်း ...မဟုတ်ကာမှလွဲရော။ ...။

သည်လိုနှင့် ‘ခွေးဖာတ်လမ်းရှုပ်’လျက် ‘ခွေးဖာတ်ထုပ်’
ရှင်းရင်း တစ်နေ့ခင်းလုံး ဖပ်ဖပ်မောခဲ့ရပါပြီမို့။

‘ဩဘ် ...ထောင်မှူးအလုပ်မှာ ခွေးတရားစီရင်ခြင်း
လည်း ပါရပေသေးသကိုး’ဟုသာ ကိုယ့်ဘာသာ မချိပြုံးကလေး ကြိတ်
ပြုံးလိုက်မိရသေးသော ဟူလို့။

✿ ✿ ✿

[ ၇ ]

❑

“ဆရာရေ ...”

“ဗျာရေ ...”

“ဗျို့ ...ဆရာ”

“ဟ ...ဘာလဲဟ ...နင့်မေလှှား။ ဒီကထူးနေတာမြင့်
ကြားဘူး။ နားပင်းကိုးကန်းနဲ့။ ကဲ ...ဘာတုံး”

“အဆောင်တွေက ‘အဖြူလိုင်း’ နဲ့ ‘ဘောလုံးသမား’ တွေ
ချင်းနဲ့ ‘ကယ်ရီ’လုပ်ပြီး ဖြန့်နေတဲ့မောင်တွေရဲ့ သတင်းတော့ ရှ
ဆရာ။ တကယ့် ‘ဖော်’ တွေ ‘ဝိတ်’ တွေပါ, ပါနေတယ်။ တစ်ဆွဲ
င်တော့ တစ်ထွေးကြီးပဲ ဆရာရေ”

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ..."

"ဟုတ်တယ် ဆရာ။ 'ပင်ရင်း' ကတော့ ဆေးရုံက ဆ
စန်းယုပဲ။ 'မောင်ထူး' ရယ်၊ 'အိုက်ခွေ' ရယ်၊ ရှမ်းတရုတ်က
'ရှောက်ရော်' ရယ်က မြန်မာ့ချိရေးသမားတွေ။ ပစ္စည်းကို တရုတ်
အိုက်ခွေတို့မရီး 'အားယဉ်' က ဆရာစန်းယုအိမ် လာလာပို့
တာတဲ့"

"သေချာရဲ့လား မြေမွှေးရယ်။ နင့်ဟာ ..."

"ဟာ ... ဆရာကလည်း 'မိုးကျရွှေကိုယ်' ရယ်၊ 'ငရှိ'ရ
'အငယ်လေး' ရယ်၊ ကျွန်တော်ရယ်၊ ကံလှကြီးရယ် တစ်ထောင်လုံး
ထားတဲ့ဥစ္စာ။ ပြီးတော့ ဆရာသူငယ်ချင်းဟို ဂီလာန 'မူးယစ်ရဲ' ပြ
က လူကသာ နေ့သေမလား၊ ညသေမလား 'ဂိ' ဖြစ်နေတာ ဦးနှော
ပြေးပြီး ဉာဏ်ပါးဉာဏ်လျင်လိုက်ပုံကတော့ လက်လန်ပဲဗျ။ သူ
ကျွန်တော်တို့ကို သင်ဉာဏ်ပေးပြီး ခြေကြောင်းကောက်နိုင်းတာ။
နိုင်းတဲ့အတိုင်း ကွက်တိချည်းပဲ"

"အော ... ငါ့ကောင် တော်စိုးကြီးလား"

"ဟုတ်တယ် ဆရာ"

"နင့်ဘိုးတဲ့မှ ..။ အထူးမူးယစ်က တကယ့်အစိပတိကြီး
ဆိုမှပဲ။ 'တစ်ကွက်မှားတဲ့ကျား' လို စီးကရက်အစွဲကြီးနဲ့ပြီး ဒုတ
လာရာတဲ့ဟာ"

"ကြော် ... အဲလိုကြီးလား"

"ကဲပါ ... ထားပါ ... သူ့ကိစ္စကိုး။ ငါတို့က ပစ္စည်းတွေ
လက်မှုးလက်ကြပ် ဖမ်းနိုင်ခဲ့ပြီဆိုရင် မင်းတို့ရဲ့ အဲဒီ 'ဖိုးငနဲ' တွေ
'ဘောလုံးငတိ' တွေ၊ 'ပွဲစား' တွေ၊ 'ကယ်ရီ' တွေကို 'ကွီ' ခနဲ ဆွဲ





အောင်သာ အပိုင်စောင့်ကြည့်ထား၊ ကြားလား"

"စိတ်ချ ... ဆရာ။ ဆရာတို့ ခွေးတွေကို ထောင်အပြင်
ဘက်ပစ်လိုက်တော့ သူတို့ရဲ့လမ်းကြောင်းကြီး ပျောက်သွားလို့ ဆရာ
အောင်တွေ ပစ္စည်းပြတ်၊ 'ယင်းထ' ပြီး ငရဲပြာလူးကို ဖြစ်လို့။ ရှုစိရှုစိ
ဒြိုးအန့်ဒန့်နဲ့။ ဆရာ့ဆီက မီးစိမ်းပြရင် အဆင်သင့် ကောက်ဆွဲရုံပဲ
ဆရာ။

"အေး ... အေး ... မင်းတို့တော်တယ်ဟေ့။ တကယ့်ကောင်
တွေပဲ"

"ဒါကတော့ ဆရာ့တပည့်တွေကိုး ဆရာရဲ့။ ဟဲ ... ဟဲ ...
ဟဲ"

"ဟယ် ... ငါ့ချိုး ... တဲ့"

"ဟား ... ဟား ... ဟား"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"ဟေ ..."

"အဲဒါ ... ဒီကနေ့ညနေ ရုံးထုတ်ရုံးပြန် လမ်းကြောင်းကားတွေအဝင်၊ အချုပ်ရုံးပြန်တွေနဲ့အတူ သူတို့ ပစ္စည်းသွင်းကြလိမ့်မယ်"

"ဟင် ... ရုံးပြန်အချုပ်တွေ၊ အကျၤတွေကို 'ကယ်ရီ' လုပ်နိုင်းမှာလား။ ပစ္စည်းထုပ်တွေထဲ ဝှက်လာမှာတဲ့လား။ ဘယ်လိုတဲ့လဲ"

"မဟုတ်ဘူး"

"ဟင် ... ဒါဖြင့် ဘယ်လို"

"ဒီလိုတဲ့ ... ဒီလို ... ဒီလို ..."

လာပြန်ပြီ 'ဒီလို ... ဒီလို ...'။ ထိုသည့် 'ဒီလို ... ဒီလို' အသံကို ကြားရတိုင်း ကျောချမ်းပြီး အူစတွန့်လှချည်။ ကိုင်း ... သည်တစ်ခါလည်း လာပြန်ချေပြီ "ဒီလို ... ဒီလို ..."

"ဟွန်း ... သောက်ခွေးတဲ့မှ ဒီလို ... ဒီလို ..."

✿ ✿ ✿

[ ၈ ]

"ဟော့ ... သူငယ်ချင်း"

"ဟေ ... ဘာလဲဟ ... ရဲကြီးရ"

"အောင်စိုးကြီးက တိုးတိုးတိတ်တိတ် မှာလိုက်တယ် သူငယ်ချင်း"

"အေး ... ဘာတဲ့တုံး ... အခြေအနေ ထူးပြီတဲ့လား"

"အေးဟ ...။ ဒီမောင်တွေ ပစ္စည်းပြတ်နေပြီး 'ယင်းထ' တဲ့သူတွေက ထနေကြတော့ မျက်ကန်းတစ္ဆေမကြောက် စွတ်ရွတ်လုပ်ကြလိမ့်မတဲ့"



www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

❑

"ဟဲ့ ... ဟဲ့ခွေး ... ဟာ ... ဒီခွေးတွေက ဖွတ်တိုးပြီ
ဖွတ်ရွတ်ဝင်လာပြန်ပြီ၊ ဟဲ့ ... ဟဲ့ကောင်တွေ ... ပြန်ထွက်စမ်း ...
ရှူး ... ရှူး ... ရှူး ..."

"အဲဒါ စန်းယုခွေးတွေပဲဟ၊ ထောင်ပိုင်လေးကရော၊ ထောင်
မှူးကြီးကရော အကုန်မောင်းထုတ်ထားတာ၊ ပြန်မောင်းထုတ် ပြ
မောင်းထုတ်"

"ဟဲ့ ... ဟဲ့ ... ရှူး ... ရှူး ..."

တံခါးမကြီးအတွင်း 'ရမ်ဘို'၊ 'အာနိုး'၊ 'ဇော်ဝမ်း' ခွေး
ကောင်နှင့် ပွက်လောရိုက်နေသည်။ သည်ခွေးသုံးကောင်က အမှ





(ဝ) နယ်မြေ ရုံးပြန်ကားအဝင်၊ အချုပ်ရုံးပြန်အဖွဲ့တွေကို တံခါးကြီးထဲ
အသွင်း ဖွတ်တိုးဝင်လာခြင်းဖြစ်၏။ တံခါးစာရေးစိုးအောင်နှင့် တံခါး
အကူတပ်သား ဝင်းနိုင်၊ တပ်သားမောင်ကံတို့ လိမ္မာလှသည့် ပေကပ်
တပ်ခွေးကြီးတွေကို ပွေ့ဖိုက်ဖမ်းလျက် တံခါးအပြင်ပို့ရန် ကြိုးစားနေ
ကြ၏။

"ဟေ့ ... ဟေ့ ... နေဦး ... နေဦး၊ နေကြဦး"

"ဟာ ... ဆရာဦးဇော်မြင့်"

"အဲဒါ ... ဟိုအကောင်စန်းယုရဲ့ ခွေးကြီးတွေ မဟုတ်လား"

"ဟုတ် ..."

"ဟာ ... ဟာ ... အပြင်မထုတ်နဲ့၊ ထောင်ပိုင်လေးရုံးခန်း
ထဲကို ပို့ကြဟ၊ ဟိုဘက်ကို ... ဟိုဘက်ကို ..."

"ဗျာ ... ဆရာ"

"ထောင်ပိုင်းလေးရုံးခန်းထဲ ပို့ကြပါဆို"

"ဟုတ် ... ဟုတ်ကဲ့"

"ဆရာကြီးဦးထွန်းမြင့် ... ထောင်မှူးကြီး သတင်းပို့လိုက်၊
ခွေးတွေရောက်လာပြီလို့၊ ပြီးတော့ ဆရာဦးထွန်းဟန်ကို ကျူဝ် ထောင်
ပိုင်လေးရုံး ခေါ်သွားဦးမယ်နော်။ ဆရာကြီးက တံခါးကို သေချာကြည့်
ထိန်းထားပေးဦး။ ပြီးတော့ ညကင်းအဖွဲ့ဝင်လာတဲ့အခါ ဆေးရုံက
'စန်းယု' ပါလာလိမ့်မယ်၊ သူ့ကို ထောင်ပိုင်လေးရုံးခန်း ခေါ်ခဲ့ပေး ..
ဗျာ ... ဆရာကြီး"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

ခွေးကြီးသုံးကောင်က ထောင်ပိုင်လေးရုံးခန်းထဲမှာ ဇော်တုတ်၊
ထောင်ပိုင်လေး၊ ထောင်မှူးကြီး၊ ဂိတ်စာရေး အရာခံဗိုလ်ကျော်မောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်တော်၊ ဦးထွန်းဟန် စသည်စသည် လူကလည်းစုံပြီ၊ ကဲ ...။

"ဆရာဦးကျော်မောင်ရေ ... ချေးကြီးတွေလည်ပတ်ကို ဖြတ်ပြီး ကြမ်းခင်းပေါ် ချပေးဗျာ။ တံခါးထောင်မှူးဆရာကြီး ဦးထွန်းဟန်က အဲဒီလည်ပတ်တွေကို အမြီးပြန် ခေါင်းပြန် ရှာပေတော့၊ တစ်ခု ထူးပါလိမ့်မယ်"

"အံမယ်မယ် ... 'ဥုဗ္ဗ ... အင်ချလောင်း' ဘိုးတော်နဲ့ လာတွေ့နေပြန်ပါပြီ"

"လုပ်ပါ ဆရာကြီး 'ယှဂိ' ရဲ့ ... အယ် ... ယောင်လို့ ကဲပါ ... ကဲပါ ... သေချာသာရှာစမ်းပါ။ တစ်ခုခုမတွေ့ခဲ့ရင် ဟောဒီ လူတစ်အုပ်ကြီးကို ကျွန်တော် လက်ဖက်ရည်တစ်ပိုင်း ဒကာခံပါ့မယ်"

"ဩော် ... အဲလိုကြေးလား၊ ဒါဆိုလဲ ရှာရတာပေါ့။ ကဲ ... လာလေရော့"

"ဟင် ... ဟယ် ... ဟာ ... အို ..."

အံ့အံ့အဲအဲအသံတွေ ဖြိုင်တူ ထွက်လာကြသည်။ မထွက်ခံနိုင်ပါရိုးလား။ 'ရမ်ဘို' ချေးကြီး၏ လည်ပတ်ကို အတွင်းဖက်သို့ပြောင်းကိုကာလျက် ချုပ်ထားသည့် သားရေတုအိတ်ကလေးတွေ အစီအရီ အိတ်တွေထဲမှလည်း၊ တစ်စုံတစ်ရာ သိုဝှက်ထည့်သွင်းထားသလို ဖုဖု ဖောင်းဖောင်း။

"ဦးထွန်းဟန် ... အိတ်တွေကို ရော ... ဟောဒီဓားနဲ့ ခွဲ ထုတ်ပစ်စမ်းဗျာ"

"ဟုတ်ကဲ့"

"အဲ ... အဲ ... ဘိန်း ... ဘိန်းဖြူတွေ"

"ဟင် ... ဒါက စိတ်ကြွဆေးပြားတွေပဲ"

စိတ်ကူးသစ်စာပေ



"အို ... အိုး"

ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် 'ဘိန်းဖြူဟုထင်ရသော အဖြူမှုန့်' အထုပ်ကလေးများ။ 'စိတ်ကြွဆေးပြား ဖြစ်တန်ရာသည့်' ဆေးပြားထုပ်ကလေးတွေ။ ဟောတစ်ထုပ် .. ဟောတစ်ထုပ်၊ 'အဖုတ်ဖုတ်' ကျကျလာသည်။

"ထောင်ပိုင်လေးရေ ... ဒီနှစ်ကောင်ရဲ့ လည်ပတ်တွေမှာ သည်း ထိုနည်းလည်းကောင်းတွေချည်းပါပဲ ခင်ဗျာ။ ဒီကောင်တွေ ချေး တွေကိုသုံးပြီး ဒီနည်းနဲ့ ခိုးသွင်းနေကြတာကိုး။ ရှာရှာဖွေဖွေ ရှိပခင်ဗျာ"

"အဲဒါ ခင်ဗျားတို့တံခါးက ရှာဖွေရေးညံ့လို့။ သောက်စည်း ... မရှိလို့ပေါ့ဗျ။ ထောင်ဆိုတာ 'ချေးတစ်ကောင် ကြောင်တစ်မြီး' ... ဝင်လို့မရတဲ့ အရပ်မျိုးပဲဟာ။ ခင်ဗျားတို့ထောင် ကျမှပဲ ထောင် ... ရုံကို ချေးဂေဟာလုပ်ထားရတယ်လို့။ ကိုယ့်သေဆေး ကိုယ်ဖော် ... နေကြတာလေ။ ဟွန်း ... ပြော ... မပြောလိုက်ချင်ဘူး"

အရေးထဲ ထောင်ပိုင်လေးက တံခါးအဖွဲ့ကို ဖွတ်မိကြိမ်းနေ ... လေရာ 'ယှဂိုကြီး' ခမျာ ခေါင်းမဖော်နိုင်ရှာတော့။

"ကိုင်းဟော့ ... ဂါတ်စာရေးရေ ... ယင်းကောင် 'စန်းယု' ... သော မလွတ်ရအောင် တံခါးမှာ စောင့်ပြီး ပိတ်ဖမ်းပေတော့"

"ဟုတ်ကဲ့ ... ထောင်ပိုင်လေး"

"ဩ ... ဦးထွန်းမြင့်ကြီး၊ ဘာသတင်းပို့မလို့လဲ။ 'စန်းယု' ... ကောင် တံခါးထဲရောက်ပလား"

"ဟို ... ဟို ... ထောင်ပိုင်လေး စန်းယုတို့လင်မယားတစ် ... ဒွေ ပြေးကြပတဲ့"

"ဟော ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တံခါးထဲမှာ သူ့ခွေးကြီးတွေကို ဖမ်းပြီး တလာစီနေတာ သတင်းရန့် ရသွားပုံပေါ်တယ်ခင်ဗျ။ ဝန်ထမ်းလိုင်းထဲကိုလာတဲ့ ငြေ တွေ့ကားနဲ့ သံသေတ္တာတွေ၊ အထုပ်အပိုးတွေကိုပါတင်ပြီး လစ်သွား ကြပြီတဲ့။ လိုင်းမှူးဒုတပ်ကြပ်သန်းဦး လာသတင်းပို့နေတယ်"

"အော် ... လထွတ်ကို မှတ်ကရောပေါ့လကွာ ... ဖူး"

ထောင်ပိုင်လေး ဦးထွန်းလှစိန်သည် သူ့နဖူးကြီးကိုသူ 'ဖြန်း' ခနဲ ပိတ်ရိုက်လိုက်ရင်း ကြိမ်ကုလားထိုင်ကြီးနောက်မှီပေါ်သို့ စိတ်ပျက် လက်ပျက် ပျော့ခွေပြီ မှီထိုင်ချလိုက်မိလေတော့သည်။

ကင်းဦးကင်း၊ ကြက်ဦးကြက် ဆိုပေသကိုး။

✿ ✿ ✿

| ၁၀ |

❏

သို့ဖြင့် ...။

တိုတိုနှင့်လိုရင်း တခေါက်ရှင်းလိုက်ရလျှင် ထောင်ထဲသို့ ဆိုလို ပေါက်ရှာပြီး ဝင်နေသည့် 'ဘိန်းမည်း' တွေကို ဆီးနိုင်ဆို့နိုင် ဟန့် တားနိုင်ခဲ့သလို၊ တစိမ့်စိမ့်လျှိုဝင်လာခဲ့သည့် 'အဖြူလိုင်း'နှင့် စိတ် ကြွဆေးပြား ဘောလုံးလိုင်း' ကိုလည်း တိတိပပ ရှင်းထုတ်နိုင်ခဲ့ပါသည်။

အဓိကတရားခံ ဝန်ထမ်းသစ္စာဖောက် 'စန်းယု' ကိုလည်း ကောင်း၊ ထောင်ထဲရောက်နေသည့်ကိုပင် ခွေးမြီးကောက် မဖြောင့်နိုင် သည့် အိုက်ဆွေ၊ မောင်တူး၊ ရောက်ရော်တို့ကိုလည်းကောင်း၊ ထောင် ပင် ပစ်မှတ်ဈေးကွက်ကြီးတစ်ခုပမာ ဉာဏ်ကစားလာသည့် မူးယစ် သည် 'အားယန်'တို့တစ်သိုက်ကိုလည်းကောင်း ဥပဒေလက်တွင်း ကုပ်'၌ လက်ရအဖမ်းနိုင်ခဲ့သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင်းက 'ဘုရှိန်း' သည် 'ဘိန်းစား' သတ္တဝါ တစ်ပြု တစ်မကြီးအားလည်း စနစ်တကျ စစ်ကြောဖော်ထုတ်လျက် ထောင်တွင်းပြစ်ဒဏ်တွေ ထိုက်ရာသင့်ရာ ချမှတ်နိုင်ခဲ့သည်။

"ကံသီပေလို့ ... ဗျာရေ။ နို့မဟုတ်ရင် အိပ်ရာလိပ်ပြင်ပြီး နှုတ်ထွက်စာ ရေးတင်ရဦးတော့မလို့ ... ကံကြီးပေလို့ပဲ"

ယခုမှသာ ရယ်နိုင်မောနိုင် ပြုံးနိုင်ရှာသည့် ထောင်ပိုင်လေးခမျာ 'လားရှိုးကြီး'ကိုပြေးဖို့ သူ့အိပ်ကပ်သုနိုက်ရင်း မှက်စိပေါက်ပိတ် မတာတ် ဖြိုးဖြိုးကြီး လုပ်နေလေ၏။

❀ ❀ ❀

| ၁၁ |

❑

"ဟော့ကောင်တွေ ... ထောင်ဝန်ထမ်းဆိုတာ ကိုယ်အုပ်ချုပ်ရတဲ့ အကျဉ်းသား၊ အချုပ်သားတွေရဲ့ လှည့်ဖျားသမျှခံပြီး 'ငါးသီ တစ်ဆယ့်ငါး' တော့ ဘယ်တော့မှ မဖြစ်စေနဲ့ကွ။ ဖြစ်ချင်ဖြစ် 'ငါးသုံးလီ အစိတ်' ပဲဖြစ်မစေ။ ကြားလား။, ဉာဏ်ဉာဏ်ချင်း ယှဉ်ထိုက်ရင် ဦးနှောက်တစ်လုံး အမြဲသာနေပေစေ။ ဟုတ်ပြီနော်"

"ဟုတ်"

(Monday Prade) ခေါ် တနင်္လာနေ့တိုင်း ပြုလုပ်မြဲ (Supre-...nt's prade) တာဝန်ခံအရာရှိ တန်းစီရှိနေ၌ ကျွန်တော်တို့၏ဆရာ ...င်ပိုင်ကလေးက သြဝါဒထူး မြွက်ကြားနေသံပင်ဖြစ်ပါ၏။

'အလဲ့ကွယ့် ... ငါးသုံးလီအစိတ် ... ဖြစ်ရဦးမတဲ့'။

ဟုတ် ... ဟုတ်သေးတော့။

မေတ္တာဖြင့်,

ဧေယျမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com



## ၁

ရှမ်းပြည်နယ်၊ မိုင်းကောဒေသရှိ ရွာလေးတစ်ရွာ။

ထိုရွာလေးကား အေးချမ်းမှုဖြင့် အစဉ်တစိုက်အိပ်စက်နေတတ်သောရွာလေးတစ်ရွာဖြစ်သည်။

သို့ရာတွင် ဤညတော့ တဖေါဖေါရွာချလိုက်သော မိုးနှင့်အတူ ...ထန်သော မိုးသက်လေက တစ်ရွာလုံးကို ပုတ်နှိုးလိုက်တော့သည်။

အိမ်များ၊ သစ်ပင်ကြီးငယ်များတို့မှာ တဖြောင်းဖြောင်း အသံ...မြည်၍ မိုးညှိုသစွာ တွန်းအားပေးနေသယောင်။

ထိုအတူ သိပ်သည်းသော အမှောင်ကောင်းကင်၌ 'ဝင်း'ခနဲ ...ဘက်' ခနဲ ပြက်လိုက်သော လျှပ်ပန်းလျှပ်နွယ်များနှင့်တကွ မိုးခြိမ်းသံ...ဒို့ ပြိုဆင်းလာကြ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

ထိုမိုးခြိမ်းသံများကြောင့် ရွာလေးတစ်ရွာလုံး သိမ့်သိမ့်တု

ဟည်း၍ လှုပ်ခါသွားသည်ဟု ထင်ရ၏။

ထိုအတူပင် ဤရွာလေးနှင့် မနီးမဝေး၌ တောရကျောင်းကြီး

တစ်ကျောင်းရှိ၏။

ထိုကျောင်းတွင် ကျောင်းထိုင်ဘုန်းတော်ကြီးတစ်ပါး တော

ဆောက်တည်လျက်ရှိ၏။ ဘွဲ့တော်မှာ ဦးလောသုန္ဒာ။ တစ်ပါးတည်

တောရဆောက်တည်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာလေပြီ။ အကျင့်

လ၊ သမာဓိနှင့်လည်း လွန်စွာမှပြည့်စုံပြီး အစဉ်အမြဲ တရားအလုပ်

သာ လုပ်ဆောင်လေ့ရှိသော ဆရာတော်ကြီးဖြစ်သည်။ ထိုရွာနှင့်

ဒေသတစ်ဝိုက်တွင် ဆရာတော်ကြီးကို အင်မတန်မှ ကြည်ညိုဆည်းကပ်

ကြသဖြင့် သြဇာလည်း ညောင်းသည်။

အဆက်မပြတ် ရွာချလိုက်သောမိုးကြောင့် တောရကျောင်

ကြီး၏သွပ်အမိုးမှ တဖြောင်းဖြောင်းအသံများ အဆက်မပြတ် ပေါ်ထွက်

လျက်ရှိသည်။

သို့သော် ဆရာတော်ကြီး ဦးလောသုန္ဒာက တရားရှုမှတ်

ပွားများနေသည့်ကြား တရားအလုပ် မပျက်ချေ။ တရားနှလုံး ပြည့်

နေသဖြင့် တရားရှုမှတ်ခြင်းအလုပ်ကိုသာ ဆက်လုပ်နေလေသည်။

သို့ရာတွင် ဆရာတော်ကြီးဦးလောသုန္ဒာ၏ အာရုံနိမိတ်၌

ထူးဆန်းသောအရာများ ပေါ်လာ၏။

ဤကျောင်းဝန်း တစ်နေရာရှိ ဆုတောင်းပြည့်စေတီနံဘေး

တောအုပ်အစပ်၌ ကြီးမားသော မြွေဟောက်ကြီးတစ်ကောင်နှင့် ရော

လိပ်ပြာကြီးတစ်ကောင် အာရုံ၌ နိမိတ်ပေါ်လာခြင်းကြောင့်ဖြစ်၏။

ထိုအခါ ဆရာတော်ကြီးသည် တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့





အာရုံနိမိတ်၌ မပေါ်ဖူးခဲ့သဖြင့် ထူးဆန်းကြောင်း သုံးသပ်မိသည်။

တရားဘာဝနာအလုပ် အစဉ်တစိုက် ပြုလုပ်ခဲ့သည်မှာလည်း

ကြာပြီ။ ဤတစ်ကြိမ်သာ ထိုကဲ့သို့ ထူးထူးဆန်းဆန်း အာရုံနိမိတ်ထင်

လာသဖြင့် တရားအလုပ်ကို လာနှောင့်ယှက်သည်အထင်နှင့် မေတ္တာ

ဓာတ်လှိုင်းများကို ပို့လွှတ်လိုက်၏။

"အိုး ... သူတော်ကောင်းအပေါင်းတို့ ငါသည် တရားကို

သုံးသွင်း၍ မေတ္တာဓာတ်များကို လွှတ်ပါသည်။ ဤမေတ္တာကို ရရှိ၍

သင်တို့ အေးချမ်းမှုအဖုံဖုံ ရရှိကြပါစေ"

ဆရာတော်ကြီး၏ စိတ်မှ ဤကဲ့သို့ မေတ္တာဓာတ်လှိုင်းများ ပို့

လွှတ်လိုက်သဖြင့် ထိုမြွေကြီးနှင့် လိပ်ပြာကြီးသည် ဆရာတော်ကြီးအား

ဦးကိုက်လျက် အောက်ပါအတိုင်း လျှောက်ထားတောင်းပန်တော့သည်။

"မှန်လှပါ ဆရာတော်ဘုရား။ တပည့်တော်တို့ လာရောက်တဲ့

အတွက် ဆရာတော်ဘုရားရဲ့ တရားအလုပ် အနှောင့်အယှက်ဖြစ်သလို

ဖြစ်မိရင် ခွင့်လွှတ်တော်မူပါ ဘုရား"

မြွေကြီးက ထိုကဲ့သို့ လျှောက်ထားလိုက်သလို၊ ကျန်ရှိသော

လိပ်ပြာကြီးကလည်း ...

"မှန်လှပါ ... သနားသဖြင့် တပည့်တော်တို့ရဲ့ဒုက္ခကို ကယ်

တင်တော်မူပါဘုရား"

ထို့နောက် မြွေကြီးက ဝင်ရောက်၍ ...

"တပည့်တော်ရဲ့ မြွေသမီးတော်လေးနဲ့ ဟောဒီက လိပ်ပြာရဲ့

သမီးတော်လေးကို ဆရာတော်ဘုရားရဲ့ အရိပ်အောက်မှာ အပ်နှံခွင့်

ပြုတော်မူပါဘုရား။

ထိုကဲ့သို့ လျှောက်ထားပြီးနောက် ကြီးမားသော မြွေဟောက်

www.burmeseclassic.com



ကြီးနှင့် ရောမလိပ်ပြာကြီးတို့မှာ မိုးသံလေသံတို့နှင့်အတူ အာရုံ၌ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့၏။

ထိုအခါ ဆရာတော်ကြီး ဦးလောသုနန္ဒာသည် ဤသို့ ထူးဆန်းသော အာရုံနိမိတ်များ မြင်ရခြင်းကြောင့် တရားဘာဝနာပွားများခြင်းအလုပ်ကို ခေတ္တရပ်နားလိုက်တော့သည်။

ထိုအချိန်၌ အပြင်တွင် မိုးနှင့် မိုးသက်လေပြင်းများလည်း တဖြည်းဖြည်း စဲသွားခဲ့လေပြီ။

✿ ✿ ✿

[ ၂ ]

❏

နောက်တစ်နေ့စောစောတွင် ဖနိးမောင်နံ့နှစ်ဦးသည် လက်ထဲချင် အရာဝတ္ထုနှစ်ခုကို ချီမလျက် ဆရာတော်ကြီး ဦးလောသုနန္ဒာရှိရာ ကျောင်းတိုက်ပေါ်သို့ ရေကြီးသုတ်ပျာနှင့် တက်လာကြသည်။

ထိုဖနိးမောင်နံ့ကား ဤကျောင်းဝန်း၏အနီး အပြင်ယာတဲသည်၌ နေထိုင်ပြီး ဆရာတော်ကြီး၏ ဝေယျာဝစ္စများကို နေ့စဉ်မပြုလုပ်ပေးလေ့ရှိခဲ့သော ကပ္ပိယဖနိးမောင်နံ့နှစ်ဦးပင်ဖြစ်သည်။ ဦးအောချမ်းနှင့် ဒေါ်ငြိမ်း။ ထိုယာတဲလေး၌ နေထိုင်ပြီး ဆရာတော်ကြီး၏ ဝေယျာဝစ္စများကို ပြုလုပ်ခဲ့သည်မှာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျောင်းထပ်ပေါ်သို့ ရောက်သည့်အခါ ...

"ဆရာတော်ဘုရား ... ဆရာတော်ဘုရား ..."

ရေကြီးသုတ်ပျာနှင့် တက်လာပြီး ခေါ်လိုက်သော ကပ္ပိယ ကြီး ဦးအေးချမ်းဖနီးမောင်နှံကို ကြည့်လျက် ဆရာတော်ကြီးက ...

"အိမ်း ... ကပ္ပိယအေးချမ်းတို့ ဇနီးမောင်နှံပါလား။ ဘယ် နှယ်ကြောင့် ရေကြီးသုတ်ပျာ ဖြစ်လာကြသလဲ"

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းက ...

"ဒီမှာ ... ကြည့်ပါဦး ဆရာတော်ဘုရား"

လျှောက်ထားလိုက်သဖြင့် ဆရာတော်ကြီးက ထိုအရာ နှစ်ခုကို ကြည့်ပြီး အံ့သြသွားလေ၏။

"အိမ်း ... လူမမယ် ကလေးနှစ်ယောက်ပါလား။ ဘယ် ခေါ်လာကြတာတုံး"

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းက ...

"ဒီလိုပါ ဘုရား ...။ ညက မိုးတွေရွာပြီး လေပြင်းတိုက် ထားတော့ ဒီမနက် စေတီဝန်းကျင်က သစ်ရွက်သစ်မှိုက်တွေ လှည်း ကျင်းနေတုန်း တောစပ်က ကလေးငိုသံကြားလို့ သွားကြည့်တော့ ဒီသမီး လေးနှစ်ယောက်ကို တွေ့ရတာပဲ ဘုရား"

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းဇနီးကလည်း ဝင်၍ ...

"မှန်ပါတယ် ဘုရား။ သမီးလေးနှစ်ယောက်က ရွယ်တူ နှစ်နှစ်သမီးအရွယ်လောက်ပဲ ရှိဦးမယ်။ သမီးလေးတွေက ချစ်စရာ လေးတွေကို ဘယ်လိုမိဘတွေကများ ရက်ရက်စက်စက် စွန့်ပစ်ခဲ့သလဲ မသိပါဘုရား"

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်း ဇနီးမောင်နှံ လျှောက်ထား





ချက်ကို ဆရာတော်ကြီး ခေါင်းညိတ်လျက် ညက တရားရှုမှတ်ရင်း အာရုံနိမိတ်၌ ပေါ်လာသော ကြီးမားသော မြွေဟောက်ကြီးကြီးနှင့် ရောမ ဆိပ်ပြာကြီးတို့၏ လျှောက်ထားချက်ကို ပြန်သတိရကာ ယခုထိုနေရာ၌ မှသားသမီးလေးနှစ်ယောက်ကို တွေ့ရသည်ဆိုတော့ ထူးဆန်းသော တိုက်ဆိုင်မှုဖြစ်ကြောင်း တွေးမိလိုက်သည်။

နှစ်ပေါင်းများစွာ တရားဘာဝနာ လုပ်ပြုလုပ်ခဲ့သည့်တိုင် ည ကတဲ့သို့ အာရုံနိမိတ်မျိုး တစ်ကြိမ်တစ်ခါသော်မျှ မဖြစ်ပေါ်ဖူး၍ ဆရာ တော်ကြီးကိုယ်တိုင် အံ့သြဆန်းကြယ်စရာကောင်းကြောင်း သတ်မှတ် မိ၏။

"အိမ်း ... သဗ္ဗေသတ္တာ ကမ္မဿကာ သတ္တဝါတစ်ခု ကံ တစ်ခုပေပဲပေါ့ကွယ်။ ကိုယ့်သားသမီးကို ဒီလောက်စွန့်ပစ်လောက်တဲ့ အထိ ကြုံရတဲ့ မိဘတွေကိုလည်း အပြစ်မတင်ကြပါနဲ့ကွယ်။ စွန့်ပစ်ရ လောက်တဲ့ အကြောင်းအရာတွေ သူတို့မှာ ရှိကြလိမ့်မပေါ့"

"ဘာပဲဖြစ်ဖြစ် ... ဒီသမီးလေးတွေကို တပည့်တော်မတော့ မြင်မြင်ချင်း သံယောဇဉ်ဖြစ်သွားမိပြီ ဘုရား။

ကပ္ပိယကြီး ဦးအေးချမ်း၏ဇနီးက ဝမ်းပန်းတသာ ဆိုသည်။ ၎င်းတို့ဇနီးမောင်နှံတွင် သားသမီးမထွန်းကားသဖြင့် ထိုကဲ့သို့ ကလေး ကို မြင်မြင်ချင်း သံယောဇဉ်စိတ်ဝင်သွားသည်မှာ မဆန်းပေ။ သား သမီးလစ်လပ်နေသဖြင့် သားသမီး လိုချင်ကြရှာပေလိမ့်မည်။

ဆရာတော်ကြီးက ထိုအခြေအနေကို ရိပ်မိသဖြင့် ကျေနပ် ဝမ်းမြောက်စွာ ပြုံးတော်မူလေသည်။

"သားသမီးမရှိတဲ့ တပည့်တော်တို့အတွက် ကံကောင်းတာပဲ ဘုရား။ ဒါ ... ဘုရား၊ သိကြားကပေးသနားတဲ့ သားသမီးရတနာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါတယ်ဘုရား''

ကပ္ပိယကြီး ဦးအေးချမ်းကပါ ဝမ်းမြောက်ဝမ်းသာစွာ ဆိုလိုက်ပြန်သည်။

ဤသို့ဖြင့် ဆရာတော်ကြီးသည် ကလေးနှစ်ယောက်၏ လည်ပင်းမှ ထူးခြားသော ကြုတ်ဘူးလေးတစ်လုံးစီ ဆွဲထားသည်ကို တွေ့သဖြင့် အနားသို့တိုးတောင်း ကြည့်ရှုလိုက်၏။

''အိမ်း ...ဒီကလေးနှစ်ယောက်ရဲ့ ထူးခြားချက်ကတော့ အံ့မခန်းစရာပါပဲ။ တစ်ယောက်ရဲ့လည်ပင်းမှာ မြွေအမှတ်အသားပါတဲ့ ကြုတ်ဘူးကို ဆွဲထားတယ်။ ကျန်တစ်ယောက်ရဲ့ လည်ပင်းမှာလည်း လိပ်ပြာအမှတ်အသားပါတဲ့ ကြုတ်ဘူးလေးတစ်လုံးကို ဆွဲထားကြတယ်''

ထိုကဲ့သို့ မိန့်တော်မူသည့်အခါ ကပ္ပိယကြီးဦးအေးချမ်းဇနီးမောင်နှံကလည်း ...

''ဟုတ်တယ်နော် ဘုရား။ ဒီကလေးနှစ်ယောက်ဟာ တကယ့်ကို ထူးခြားတဲ့ကလေးတွေပဲ ဖြစ်မယ်''

ဟု မှတ်ချက်အသီးသီး ပြုလိုက်ကြ၏။

ထို့နောက် ဆရာတော်ကြီးက ...

''ကိုင်း ... ကပ္ပိယကြီးအေးချမ်း ဒီသမီးနှစ်ယောက်ဟာ ငါ့ရဲ့သာသနာအရိပ်မှာ ရောက်လာကြသူတွေဆိုတော့ ငါနဲ့ရေစက်ပါလို့ ငါ့ရဲ့သမီးတော်တွေအဖြစ် သတ်မှတ်လိုက်ပြီ။ ဒါပေမဲ့ ငါဘုန်းကြီးကိုယ်တိုင် မွေးမြူစောင့်ရှောက်ထားဖို့က မဖြစ်ချေဘူး။ ဒီတော့ ကပ္ပိယကြီးအေးချမ်းတို့ဇနီးမောင်နှံသာ ငါဘုန်းကြီးရဲ့ကိုယ်စား သူတို့လေးတွေ လူလားမြောက်ကြီးပြင်းတဲ့အထိ စောင့်ရှောက်တာဝန်ယူကြပေတော့။

---

စိတ်ကူးသစ်စာပေ



သူတို့လည်ပင်းမှာ ဆွဲထားတဲ့ကြုတ်ဘူးလေးတွေ ကိုယ်နဲ့မကွာစောင့်ရှောက်ထားပေးပါ။ ဒီကြုတ်ဘူးကလေးတွေဟာ သူတို့အတွက်အရေးပါတဲ့ အချက်တစ်ချက်လည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူတို့မိဘအရင်းတွေ ပြန်ပေါ်လာလို့ ယူချင်တဲ့အခါ ပြန်ထည့်လိုက်ကြတာပေါ့ကွယ်။''

''မှန်လှပါ ဘုရား။ သူတို့မိဘအရင်းတွေ မပေါ်လည်း တပည့်တော်တို့ ဇနီးမောင်နှံ တစ်သက်လုံး စောင့်ရှောက်တာဝန်ယူမှာပါ ဘုရား''

''အိမ်း ... သာဓု ... သာဓု ... သာဓု''

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းတို့ ဇနီးမောင်နှံသည် ထိုသမီးလေးနှစ်ယောက်ကို ခေါ်ဆောင်ပြီး ထိုအချိန်မှစ၍ ကောင်းစွာမွေးမြူစောင့်ရှောက်ခဲ့ကြလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၃ |

❑

ရာသီပြက္ခဒိန်တွေ တစ်ရွက်ပြီးတစ်ရွက်ကြွေ၍ နှစ်တွေကြာ မြင့်ခဲ့ချေပြီ။

ယခုဆိုလျှင် မြွေမင်းသမီးလေး ချိုမေဝင်းနှင့် လိပ်ပြာမင်းသမီးလေး ပေရယ်တို့ အသက် (၂၀) ပြည့်၍ လှချင်တိုင်းလှနေသော အရွယ်သို့ ရောက်ခဲ့ကြပြီဖြစ်၏။

ချိုမေဝင်းက မြွေမင်းသမီးလေးပီပီ ထက်မြက်သည်။ နူးညံ့သည့်နေရာမှာလည်း အများနှင့်မတူ တမူထူးခြားသည်။ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ကဲ့သို့ ၎င်းအားမထိလျှင် ဘာမှုမလုပ်။ ၎င်းကို ရန်ရှာလျှင် အလွတ်မပေး။ ထိုကဲ့သို့ စရိုက်မျိုးရှိပြီး ချောမောလှပ၏။





လိပ်ပြာမင်းသမီးလေး ပေရယ်မှာမူ ချိုမေဝင်းနှင့်မတူပေ။ နူးညံ့သော လိပ်ပြာအသွင်ဆောင်၍ စိတ်ထားနူးညံ့၏။ ပျော့ပြောင်း၏။ ချိုမေဝင်းကဲ့သို့ စိတ်ဓာတ်မမာချေ။ အစဉ်သဖြင့် အားငယ်တတ်သူ ဖြစ်၏။ အသားအရေဖြူဝင်းပြီး ခန္ဓာကိုယ်သွယ်ပြောင်း၏။ ချိုမေဝင်းနှင့် သူပြိုင်ကိုယ်ပြိုင် အလှမျိုးဖြစ်သည်။

မြွေလိုထက်မြက်ပြီး စိတ်ဓာတ်မာသော ချိုမေဝင်းကိုယ်တိုင် ပေရယ်ကို အမြဲတမ်း အားပေးခဲ့ရ၏။

ထို့အတူပင် သူမတို့နှစ်ယောက်အား မြွေမင်းသမီးနှင့် လိပ်ပြာမင်းသမီးဟု အနွယ်သညာပြု၍ ထင်ပေါ်ခဲ့ခြင်းမှာလည်း ငယ်စဉ်ကတည်းက သူမတို့နှစ်ယောက်သည် အများနှင့်မတူ။ တစ်မူထူးခြားခဲ့ကြခြင်းကြောင့်ဖြစ်၏။

ချိုမေဝင်းသည် ငါးနှစ်သမီးအရွယ်ကတည်းက အဆိပ်ရှိသော မြွေသတ္တဝါများနှင့် ဆော့ကစားပြီး ပျော်ရွှင်နေတတ်ခဲ့၏။ တစ်ခါတစ်ရံ မြွေတစ်ကောင်လုံးဖမ်းကာ လက်မောင်းတွင် ပတ်ပြီးကစား၏။ သောမြင်ရသူများမှာ ရင်သပ်ရှုမော၍ အံ့မခန်းဖြစ်ခဲ့ကြ၏။

သို့ရာတွင် မြွေများသည် ချိုမေဝင်းအား မည်သည့်အခါမျှ ရန်မမူ။ ချိုမေဝင်းပြုသမျှ နခဲ့ကြရ၏။ တစ်ခါတစ်ရံ . . . မြွေများကို အမြီးမှဆွဲ၍ ပြေးလွှားဆော့ကစားနေတတ်၏။ မြွေများနှင့်လည်း ငယ်ပေါင်းတွေကဲ့သို့ စကားပြောနေ၏။

ထိုကဲ့သို့ ထူးခြားခဲ့သောကြောင့် ချိုမေဝင်းအား မြွေမင်းသမီးလေးဟု အမည်ကင်ပွန်း တပ်ခဲ့ကြခြင်းပင်။

ထို့အတူ ပေရယ်သည်လည်း ငါးနှစ်သမီးကတည်းက စိတ်ထားနှင့်စရိုက် နူးညံ့သလောက် ယာခင်းထဲရှိ ရောင်စုံလိပ်ပြာလေး



www.burmeseclassic.com

များနှင့် ပြေးလွှားဆော့ကစားနေတတ်၏။ သီချင်းဆို၍ လွတ်လပ်စွာ ပျော်ရွှင်နေတတ်၏။ လိပ်ပြာလေးများကို ဖမ်းယူကာ လက်ပေါ်တင်၍ စကားတွေ ပြောဆိုနေတတ်၏။

ရောင်စုံလိပ်ပြာများကလည်း သူမ ယာခင်းထဲရောက်ပြီဆို သည်နှင့် အနားသို့ ဝဲပျံစုပြုံ ရောက်လာကြသည်။ ဟိုမှဒီမှဝဲပျံ၍ ပေရယ် အား ဝိုင်းကြီးပတ်ပတ်ဝဲပျံပြီး အဖော်ပြု ကစားပေးခဲ့သဖြင့် လိပ်ပြာ မင်းသမီးလေးဟု ခေါ်ဆိုကြခြင်းပင်ဖြစ်တော့သည်။

ထိုအချိန်ကတည်းက သူမတို့နှစ်ဦးအား ဤဒေသတစ်ပိုင်း တွင် လူသိများ၍ အတူထင်ရှားသော ကလေးငယ်များဖြစ်ခဲ့ကြ၏။

ယခု အသက်အရွယ် (၂၀) သို့ ရောက်လာသောအခါ မိန်း ကလေးတစ်ယောက်တွင် ရှိသင့်သော အလှတရားများကြောင့် တစ်ရွာ လုံးရှိ ကာလသားများ နှစ်သက်စွဲလမ်းခဲ့ကြ၏။

သို့သော် သူမတို့နှစ်ဦးသည် ငယ်စဉ်ကတည်းက ကပ္ပိယကြီး ဦးအေးချမ်းတို့ဇနီးမောင်နှံ၏ အုပ်ထိန်းမှုနှင့်အတူ ဘဝပါရမီအဆင် ဆက်၏ကုသိုလ်ကြောင့် မိန်းမပီသ၍ တည်ငြိမ်မှုရှိကြ၏။ အခြားမိန်း ကလေးတွေကဲ့သို့ ဆတ်ကော့လတ်ကော့ မနေကြချေ။

ထို့ကြောင့် သူမတို့နှစ်ဦး၏ အလှတရားများ တစ်နေ့တခြား ထင်ရှားလာသည်နှင့်အမျှ ရွာထဲရှိ ရွယ်တူမိန်းမပျိုများမှာ မနာလိုခြင်း တို့ဖြင့် သူမတို့နှစ်ဦးအား အဆက်အဆံ မပြုကြချေ။

ထို့အတူပင် ရွာထဲရှိ ကာလသားများကိုလည်း တွေ့သည့်သူ နှင့် အရောတဝင်မနေသဖြင့် သားရှင်မိဘများကိုယ်တိုင် မကျေနပ် ဖြစ်၍ သူမတို့နှစ်ဦးအား အဖက်မလုပ်။ စိတ်ဓာတ်ပြည့်ဝ၍ သဘော တရားကိုနားလည်သော သူများသာ ဆက်ဆံအခေါ်အပြော လုပ်ကြ၏။





သို့သော် သူမတို့နှစ်ဦးစလုံး အနေမှန်နေထိုင်ကြသူများဖြစ် သဖြင့် အများက မည်မျှပင် အကောင်းမမြင်သော်လည်း အထူးတ လည် ပြဿနာမဟုတ်ခဲ့ချေ။

သို့ရာတွင် သူမတို့နှစ်ဦးနှင့် ငယ်စဉ်ကတည်းက ကစားအဖော် ဖြစ်၍ ရင်းနှီးကျွမ်းဝင်ခဲ့သော သူရမင်းထွန်းနှင့် ကမ္ဘာထွန်းဆိုသော ယောက်ျားလေး သူငယ်ချင်းနှစ်ဦးတော့ သူမတို့နှင့် တပူးတွဲတွဲရှိခဲ့ကြ ၏။ အခြားရွယ်တူ ကာလသားများမှာလည်း သူရမင်းထွန်းနှင့် ကမ္ဘာ ထွန်းကို မကျေနပ်ကြချေ။

သို့သော် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းကား ဂရုမစိုက်။ သွား မြဲအတိုင်းသာ ရှိခဲ့သဖြင့် ယခုလို အရွယ်ရောက်သောအချိန်မှာ ချိုမေ ဝင်းနှင့် သူရမင်းထွန်းသည်လည်းကောင်း၊ ပေရယ်နှင့် ကမ္ဘာထွန်းသည် လည်းကောင်း တစ်ဦးပေါ်တစ်ဦး သူငယ်ချင်းအဆင့်ထက်ပို၍ တွယ်တာ ခဲ့ကြ၏။ အထူးသဖြင့် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ချစ်သူဘဝ သို့ပြောင်းဖို့ အချိန်ကိုသာ စောင့်နေကြတော့သည်။

ဤသို့ဖြင့် တစ်နေ့တွင် ထုံးစံအတိုင်း ချိုမေဝင်းနှင့် ပေရယ် တို့နှစ်ဦးသည် မွေးစားဘဘုန်းကြီးဖြစ်သူ ဦးလောသုန္ဒရ၏ ကျောင်း ဝိုက်ဝင်းအတွင်း သစ်ရွက်အမှိုက်သရိုက်များကို လှည်းကျင်းကုသိုလ် ယူနေခိုက် သူရထွန်းနှင့်ကမ္ဘာထွန်းတို့ ရောက်လာကြသည်။

"ဟာ . . . ကိုသူတို့ပါလား၊ လာ . . . ထိုင်"

ချိုမေဝင်းက အပြုံးမျက်နှာနှင့် ဆီးကြို၍ နေရာထိုင်ခင်း ပေးသည်။ ပေရယ်ကလည်း ချိုမေဝင်းနည်းတူ အားကျမခံ အနားတွင် ရှိသော ကွပ်ပျစ်လေးပေါ်မှာ ဖျာတစ်ချပ်ကိုယူ၍ ခင်းပေးလိုက်ပြီး . . .

"ကိုကမ္ဘာက ဒီဖျာပေါ်မှာထိုင်"

www.burmeseclassic.com



သို့ဖြင့် ချိုမောင်းနှင့် သူရမင်းထွန်းက တစ်တွဲ၊ ပေရယ်နှင့် ကမ္ဘာကတစ်တွဲ ထိုင်လိုက်ပြီး စကားတွေပြောကြ၏။

သူရမင်းထွန်းသည် ဤရွာရှိ လယ်သမားကြီးဦးယကွ၏ တစ်ဦးတည်းသောသား။ စိတ်ထားပြည့်ဝ၍ တည်ကြည်သည်။ ကြိုးစားမှုရှိ၏။ မိဘများ၏ လယ်ယာလုပ်ငန်းများကို ဦးစီးလုပ်ကိုင်၍ မိဘကျေးဇူးကို ဆပ်နေသူဖြစ်၏။

ကမ္ဘာထွန်းကမူ ဤရွာမှ မဟုတ်သူ ဒေါ်အေးမြင့်၏သား။ မိခင်မုဆိုးမကြီးအား လုပ်ကိုင်ရှာဖွေ ကျွေးမွေး၍ ကျေးဇူးဆပ်နေသူလည်းဖြစ်သည်။ ရိုးသားပြီး စိတ်ရင်းကောင်း၏။ အတွေးအခေါ် ရင့်ကျက်၍ တည်ငြိမ်၏။

အတန်ကြာ စကားပြောဆိုပြီးကြသောအခါ သူရမင်းထွန်းနှင့် ကမ္ဘာထွန်းက …

"ကိုယ်တို့ … ချိုမေတို့နဲ့ ဝိုင်းလုပ်ပေးမယ်"

"ဟုတ်တယ် …။ ပေရယ်နဲ့ ကိုယ်လည်း ဝိုင်းကူပေးတာပေါ့"

"နေပါစေ ကိုသူရရယ်၊ ဘဘုန်းကျောင်းမှာ ချိုမေတို့က ဒီလိုပေါ့ဗျာ စစ္စနဲ့ သန့်ရှင်းရေးတွေ လုပ်နေကျပဲဟာ"

"ဟုတ်ပါတယ် … ကိုကမ္ဘာ။ ပေရယ် ဒီလောက်လုပ်ရတာ ဘာမှမဖြစ်ဘူး ကုသိုလ်တောင်ရသေးတယ်။

ချိုမေဝင်းနှင့် ပေရယ်က တစ်လေသံတည်း ငြင်းဆိုလိုက်သည်။

သို့သော် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းက လက်မလျှော့ကြချေ။ ချိုမေဝင်းနှင့် ပေရယ့်ထံမှ တံမြက်စည်းများကို လုယူလိုက်ကြပြီး …

"ပေးပါ … ချိုမေရယ်၊ ကိုသူရတို့လည်း ကုသိုလ်ရပြီး ချိုမေနဲ့ ရေစက်ဆုံရတာပေါ့"

"ကုသိုလ်ဆိုတာ ယူတတ်မှရသလို ရေစက်ဆိုတာလည်း ဆုတောင်းကောင်းမှရတာ"

ပြောဆို၍ သစ်ရွက်အမှိုက်သရိုက်များ လှည်းလက်စကို သူရမင်းထွန်းနှင့် ကမ္ဘာထွန်းက ဝိုင်းကူလှည်းကျင်းပေးလိုက်ကြသည်။

ချိုမေဝင်းနှင့် ပေရယ်သည် ဘာရယ်မဟုတ်။ 'ရေစက်ဆုံရတာပေါ့' ဆိုသည့် စကားအပေါ် ရှက်စိတ်ဖြင့် တွေးပြီး ရင်တွေခုန်လာ၏။

သူရမင်းထွန်းနှင့် ကမ္ဘာထွန်းလည်း စကားကျွံသွားပြီးမှ ထိုအရွက်ကို ပြန်ကာ မျက်နှာချင်းမဆိုင်ဝံ့တော့ပဲ သန့်ရှင်းရေးကိုသာ ကြိုးပမ်းနေတော့၏။

သို့သော် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းသည် ချိုမေဝင်းနှင့် ပေရယ်တို့အပေါ် တွယ်တာမှုက တစ်နေ့တခြား ကြီးထွားလာကြသဖြင့် မကြာခင် ဖွင့်ဟတော့မည်ဟုလည်း ဆုံးဖြတ်ထားကြ၏။

ဤသို့ဖြင့် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းသည် ရက်ခြားဆိုသလို ချိုမေဝင်းနှင့် ပေရယ်တို့ထံ ရောက်လာတတ်စမြဲ ရောက်လာတိုင်းလည်း နွေးထွေးသောစကားများကို ဆိုကြ၏။ ချိုမေဝင်းနှင့် ပေရယ်တို့ကလည်း တစ်နေ့တွင် သူမတို့နှစ်ယောက်အား ချစ်ရေးဆိုလာသိမ့်မည်ဟု တစ်ထစ်ချ ယုံကြည်နေခဲ့၏။

ယုံကြည်ခဲ့သည့်အတိုင်းလည်း ညနေစောင်းတစ်ခုတွင် ချိုမေဝင်းနှင့် ပေရယ်ယာခင်းထဲ၌ မွေးစားမိဘ ကပ္ပိယကြီးဦးအေးချမ်းတို့







www.burmeseclassic.com

www.burmeseclassic.com



ဖနီးမောင်နှံနှင့် ပေါင်းသင်းမြက်နှုတ်သော အလုပ်ကို ဝိုင်းကူပေး
ခိုက် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းတို့ ရောက်လာကြပြီး ဖွင့်ဟကြေ
သည်။

မကြာခင် ရက်ပိုင်းအတွင်းမှာပင် အားလုံး ချစ်သူများ
သွားကြကြောင်း ဆိုရပေတော့မည်။ ထိုကိစ္စကို ကာယကံရှင် နှစ်
မိဘတွေနှင့် မွေးစားမိဘကပ္ပိယကြီး ဦးအေးချမ်းတို့ ဖနီးမောင်
လွဲပြီး တစ်ရွာလုံးကတော့ ကျေနပ်ခြင်း မရှိကြချေ။ အမျိုးမျိုးပေ
ရှုတ်ချခဲ့ကြ၏။

သို့သော် နှစ်ဦးနှစ်ဖက် ကာယကံရှင်များကတော့ ထို
အား ခေါင်းထဲမထည့်။ ကိုယ်ယုံကြည်ရာလမ်း ကိုယ်လျှောက်ကြသည်

ဤသို့ဖြင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်ဝေဖန်ခြင်းကြားမှာ
မေဝင်းနှင့် သူရမင်းထွန်း၊ ပေရယ်နှင့် ကမ္ဘာထွန်းတို့ ချစ်သူများ
ကြသည်မှာ ရက်, မှ လ, သို့ပင် တိုင်ခဲ့လေပြီ မဟုတ်ပါလား။

✿ ✿ ✿

[ ၄ ]

တစ်နေ့တွင် အဆိုပါရွာသို့ မည်သည့်အရပ်က လာမှန်းမသိ
သော ဦးဒေဝဆိုသည့် ပယောဂဆရာကြီးတစ်ဦးဆိုသူ ရောက်လာပြီး
ဤရွာမှ ဆိုင်းနွယ်နှင့် ဆိုင်းသွယ်ဆိုသော ညီအစ်ကိုနှင့် အကြောင်း
ဆက်ဆံကာ ထိုညီအစ်ကိုတို့အိမ်၌ပင် တည်းခိုခဲ့လေ၏။

ဦးဒေဝနှင့်ဆိုင်းနွယ်တို့ ညီအစ်ကို၏ဦးလေး စိုင်းတိုးအောင်
နှင့် မြန်မာပြည်အထက်ပိုင်းတစ်နေရာ၌ ရင်းနှီးခဲ့ပြီး ထိုအဆက်အသွယ်
နှင့်ပင် ဤရွာသို့ ရောက်ရှိလာကြောင်း သိရ၏။

ဦးဒေဝသည် ပယောဂဆရာကြီးတစ်ဦးဖြစ်သဖြင့် ဤရွာအပါ
အဝင် ရွာနီးချုပ်စပ်များအထိ ရောဂါဝေဒနာရှင်များကို ကုသပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ မသိုးလှချေ။ ပျောက်ကင်းသူများပြားကြ၏။ ထို့ကြောင့် ဦးဒေ
နာမည်မှာ ဤဒေသတစ်ဝိုက် တဖြည်းဖြည်း ထင်ရှားလာသည်။

တစ်နေ့တွင် ဦးဒေဝမှ ဆိုင်းနွယ်နှင့်ဆိုင်းသွယ် ညီအ
အား ခေါ်ယူ၍ ကိစ္စတစ်ရပ်ကို ပြောဆိုလေတော့သည်။

"မောင်ရင်တို့နှစ်ယောက်ကို အရေးတကြီးကိစ္စ ပြော
တယ်။ ဒါပေမဲ့ ဒီကိစ္စ ဘေးကိုမပေါက်ကြားဖို့တော့ လိုတယ်"

ဦးဒေဝ၏စကားကြောင့် ဆိုင်းနွယ်နှင့် ဆိုင်းသွယ်ညီအ
အလွန်အမင်း စိတ်ဝင်စားသွားကြသည်။ ၎င်းတို့ညီအစ်ကိုသည်
တို့အတွက် အကျိုးရှိမည့် ကိစ္စဆိုလျှင် တုံးတိုက်တိုက်၊ ကျားကိုက်
လူစားမျိုးတွေ။ မည်သည့်တစ်ဦးတစ်ယောက်အပေါ်မှာလည်း
ထားကြသူများ မဟုတ်ချေ။

ငွေကြေးပြည့်စုံမှုကို အားကိုး၍ နေရာတကာ နိုင်ထက်စီး
ပြုချင်ကြ၏။ မိဘများကလည်း အစစပြည့်စုံနေသဖြင့် သားနှစ်ယော
ဘာလုပ်လုပ် တားမြစ်ခြင်းလည်း မရှိ။ သဘောအတိုင်းလွှတ်ထား
သည်။ ပြဿနာဖြစ်လာလျှင်လည်း ငွေနှင့်ပေါက်၍ အနိုင်ယူတတ်

ယခုကိစ္စတွင် ဦးဒေဝကို ၎င်းတို့ညီအစ်ကို ကိုယ်တိုင်အား
ယုံကြည်ပြီး အထင်ကြီးခဲ့သဖြင့် ၎င်းတို့ကြောင့် ဦးဒေဝမှာ
ညချင်း ဘင်ပေါ်လာခြင်းပင်ဆိုရမည်။

"ဘာကိစ္စများလဲ ဆရာကြီး။ ကျုပ်တို့ အရေးကြီးကိစ္စဆို
လုံပါတယ်"

"ဟုတ်ပါတယ် ဆရာကြီး။ အစ်ကိုကြီးဆိုင်းနွယ်အတိုင်း
လည်း နှုတ်လုံဖို့ အသက်နဲ့ရင်းဆိုပါ့မယ်"

ထိုအခါ ဦးဒေဝက ဝမ်းပန်းတသာဖြစ်သွားပြီး ...





"အိမ်း ... မောင်ရင်တို့ ညီအစ်ကိုစကားကြားရတာ ကျေ
နပ်ရပါပဲ။ ဒီရွာမှာ ထူးဆန်းတဲ့ပစ္စည်းနှစ်မျိုး ရှိနေတယ်လို့ သိရ
တယ်"

စကားအဆုံးတွင် ဆိုင်းနွယ်နှင့် ဆိုင်းသွယ်ညီအစ်ကို အံ့ဩ
သိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်သွားတော့၏။

"အဲဒီထူးခြားတဲ့ ပစ္စည်းက ဘာပစ္စည်းလဲဆရာကြီး"
ဆိုင်းနွယ်က မေးလိုက်ခြင်းဖြစ်သည်။
ဦးဒေဝက အတန်ကြာ စဉ်းစားလိုက်၏။ ပြီးမှ ...

"အင်း ... ဘာပစ္စည်းလဲဆိုတာ မောင်ရင်တို့ မကြာခင် သိ
ရမှာပါ။ ခုလောလောဆယ် ဆရာကြီးမှာကြားတဲ့ အချက်တွေ
အတိုင်း ဒီရွာမှာ အဲဒီပစ္စည်းနှစ်မျိုးရှိတဲ့ သဲလွန်စကို ရှာဖွေရမယ်"

"ကောင်းပါပြီ ... ဆရာကြီး၊ ကျုပ်တို့ ဆရာကြီးမှာကြားတဲ့
အတိုင်း ဆောင်ရွက်ဖို့အသင့်ပါ"

ထိုအခါ ဦးဒေဝက ဆိုင်းနွယ်နှင့်ဆိုင်းသွယ် ညီအစ်ကိုကို
မှတ်စုံစမ်းရမည့် ကိစ္စအား အသေးစိတ် ပြောပြလိုက်တော့သည်။

စကားအဆုံးတွင် ဆိုင်းနွယ်နှင့် ဆိုင်းသွယ်ညီအစ်ကို တအံ့
သြဖြစ်ကာ ထိုကိစ္စအပေါ် စိတ်ဝင်စားသွားကြတော့၏။

"စိတ်ချပါ ဆရာကြီး၊ ကျုပ်တို့ညီအစ်ကို ဒီသတင်းကို အမြန်
ရှာဖွေပြီး သဲလွန်စရှာမယ်"

ဟူ၍ ဆိုင်းနွယ်က ကတိပေးလိုက်လေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

❑

"ကပ္ပိယဦးအေးချမ်း ရောက်တာနဲ့ အတော်ပဲ"

ဆရာတော်ကြီးဦးသုနန္ဒာက ကပ္ပိယကြီးဦးအေးချမ်းကျောင်းပေါ် တက်လာလာချင်း ပြောလိုက်သဖြင့် ဆရာတော်ကြီးအား ဝတ်ပြည့်ရှေ့တွင် ကျို့ဝပ်စွာ ဝင်ထိုင်လိုက်သည်။

"အမိန့်ရှိပါ ဆရာတော်ဘုရား"

ထိုအခါ ဆရာတော်သည် ညက အာရုံနိမိတ်တွင် ထင်ပေါ်လာသော အကြောင်းအရာတို့ကို ပြန်စဉ်းစား၍ သက်ပြင်းချလိုက်သည်။





ညက ဆရာတော်ကြီး၏ အာရုံနိမိတ်ထဲတွင် ထူးခြားသော ... မြွေတစ်ကောင်နှင့် လိပ်ပြာတစ်ကောင် လေပြင်းမုန်တိုင်းသင့် ... ပျောက်ကွယ်သွားကြသော အာရုံနိမိတ်ဖြစ်သည်။

ထူးဆန်းတာတော့ ထူးဆန်းသည်။ ပထမအာရုံနိမိတ်နှင့် မတူ ... အနိဋ္ဌာရုံမြင်ကွင်းဖြစ်သဖြင့် သမီးနှစ်ယောက်နှင့် ထိုအာရုံနိမိတ် ...ဆက်နွယ်နေမလားဟူသည့် စိတ်ကြောင့် စိုးရိမ်ကြောင့်ကြမကင်းခဲ့။

ထို့ကြောင့် ကပ္ပိယကြီးဦးအေးချမ်း ကျောင်းပေါ်တက်လာလာချင်း အထက်ပါအတိုင်း ဆရာတော်ကြီးက မိန့်လိုက်ခြင်းဖြစ်သည်။

အမှန်တကယ် ထိုအာရုံနိမိတ်နှင့် သမီးလေးနှစ်ဦးဆက်နွယ် ...သက်မှုရှိလျှင် အန္တရာယ်တစ်ခုခုနှင့် ကြုံတော့မှာ သေချာသည်။

"ဘာကိစ္စအရေးတကြီး ရှိပါသလဲ မိန့်တော်မူပါ ဆရာတော်ဘုရား"

ဆရာတော်ကြီးက ချက်ချင်း မိန့်တော်မမူပဲ အဖြစ်အပျက် ...တွေ ခြင်ဆင်သုံးသပ်နေသဖြင့် စိုးရိမ်ပြီး ကပ္ပိယကြီးဦးအေးချမ်းက ...မျှော်ထားလိုက်ခြင်းပင်။

ဒီတော့မှ ဆရာတော်ကြီးက သက်ပြင်းချပြီး ညက အာရုံနိမိတ်အကြောင်းကို ရှင်းပြလိုက်သည်။

စကားအဆုံးတွင် ကပ္ပိယကြီးဦးအေးချမ်းလည်း စိုးရိမ်သွားပြီး ...

"ဒါဆိုရင် သမီးလေးနှစ်ယောက်မှာ အန္တရာယ်များရှိနေမလား ဘုရား"

"အိမ်း ... ဒါကြောင့် ငါဘုန်းကြီး ရတက်မအေးနိုင်ဖြစ်ပြီး ကပ္ပိယကြီးအေးချမ်းတို့ ဖနီးမောင်နှံကို သမီးလေးနှစ်ယောက်နဲ့ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြီး အစအဆုံး ဂရုစိုက်ဖို့ သတိပေးစကား ပြောမလို့ပါ”

“စိတ်ချပါ ဘုရား။ သမီးလေးနှစ်ယောက်ဟာ တပည့်တော်တို့နန်းဆောင်နဲ့ရဲ့ အသက်ပါဘုရား။ အသက်နဲ့ထပ်တူ သူတို့နှစ်ယောက်ကို ကာကွယ်စောင့်ရှောက်သွားမှာပါ”

“အိမ်းကွယ် ... ဒီ သမီးလေးနှစ်ယောက်အပေါ်မှာ မိဘအရင်းနဲ့မခြား မေတ္တာ၊ စေတနာထားတဲ့ ကပ္ပိယကြီးအေးချမ်းတို့ နန်းဆောင်နဲ့ကို ယုံကြည်ပြီးသားပါ။ ဒါပေမဲ့ မမြင်နိုင်တဲ့ အန္တရာယ်တို့ ကြုံတင် သတိရှိထားတော့ မိုသင့်တာပေါ့ကွယ်”

ထိုအချိန်မှစ၍ ကပ္ပိယကြီးဦးအေးချမ်းသည် ဆရာတော်ကြီးမိန့်ကြားလိုက်သည့် ကိစ္စအား ဇနီးဖြစ်သူကို အသိပေးလိုက်ပြီး သမီးလေးနှစ်ယောက်ကို အမြဲ သတိလက်လွတ်မခံပဲ စောင့်ကြည့်ကြတော့သည်။

“ဘယ်သွားသွား ဘယ်လာလာ အမေနဲ့အဖေကို အသိပေးပြီးမှ သမီးတို့ သွားလာကြနော်”

ထိုကိစ္စကို အတိအလင်း မပြောပြခဲ့သော်လည်း သတိထားဖို့နှင့် အသိပေးဖို့တော့ ကပ္ပိယကြီးဦးအေးချမ်းဇနီးက ဆိုခဲ့သည်။

သမီးဖြစ်သူ ချိုမေဝင်းနှင့် ဖေရယ်ကလည်း လိမ္မာသည်။ ဘယ်သွားသွား၊ ဘယ်လာလာ၊ အသိပေးပြီးမှ သွားလာနေထိုင်ကြသည်။

ထို့ပြင် သူမတို့နှစ်ယောက်နှင့် သူရမင်းထွန်း၊ ကမ္ဘာထွန်းတို့နှင့် ချစ်သူဖြစ်ကြသည့် ကိစ္စကိုလည်း အသိပေးပြောဆိုခဲ့၏။

ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းတို့ ဇနီးမောင်နှံမှာ အကြောင်းသိ လူတော်လူကောင်းလေးများဖြစ်သော သူရမင်းထွန်းနှင့်ကမ္ဘာထွန်းဖြစ်နေ၍ မကန့်ကွက်ခဲ့ချေ။ သို့သော် အနေအထိုင်ခြင်ဆင်ဖို့တော့ သတိ





ပေးခဲ့ကြသည်။

“စိတ်ချပါ အဖေနဲ့အမေ၊ သမီးတို့ မမိုက်ပါဘူး။ ပြီးတော့ သူတို့နှစ်ယောက်စလုံးက သမီးတို့အပေါ်မှာ ငယ်စဉ်ကတည်းက အလိုလိုက်၊ ညှာတာခဲ့တဲ့သူတွေပါ၊ သမီးတို့သာ သူတို့ကို အနိုင်ယူခဲ့တာ။ သမီးတို့အပေါ် ဘယ်တုန်းကမှ အပြုံးမပျက်ခဲ့ဘူး”

ချိုမေဝင်းက မိဘများစိတ်အေးစေရန် ပြောဆိုလိုက်ခြင်းဖြစ်သည်။ မိဘနှစ်ပါးက ခေါင်းညိတ်၍ ...

“ဒီလိုယောက်ျားမျိုးဟာ ရှားတယ်။ သမီးတို့ သူတို့ဘက်က သမီးတို့အပေါ် တကယ်မေတ္တာရှိတယ်ဆိုရင် သမီးတို့နောင်ရေးနဲ့ လုံခြုံဖို့အတွက် မကြာခင် စီစဉ်ပေးကြတာပေါ့”

မိခင်ဖြစ်သူက သူမတို့၏ အနာဂတ်ကိစ္စကိုပင် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

သူမတို့ လှူငယ်တွေကိစ္စ မကန့်ကွက်ခဲ့သဖြင့် မွေးစားမိဘနှစ်ပါးစလုံးအပေါ် ကျေးဇူးတင်မိသည်။

“ဘဘုန်းက ခွင့်ပြုပါ့မလား အမေ”

ချိုမေဝင်းက မေးလိုက်သည်။ ဖေရယ်ကလည်း ဝင်ရောက်၍ ...

“ဟုတ်တယ် အမေ၊ ဘဘုန်းက သမီးတို့ကို ခွင့်ပြုပါ့မလား”

ထိုအခါ မွေးစားဖခင်ဖြစ်သူ ကပ္ပိယကြီး ဦးအေးချမ်းက ဝင်၍ ...

“ဒီကိစ္စ စိတ်အေးအေးထားပါသမီး။ သမီးတို့နှစ်ယောက် မလုံခြုံတဲ့အတွက်တောင် စိတ်ပူနေတာ ဒီလူမှုကိစ္စတွေကို ကန့်ကွက်မယ်ထင်ပါဘူး။ ဒီကိစ္စအားလုံး အထူးသဖြင့် သမီးတို့ဘဝရေးအတွက် ပတ်



www.burmeseclassic.com

သက်တဲ့ ကိစ္စအဝဝကို အပေနဲ့အမေကို ဘာသုန်းကိုယ်တိုင် လွှဲထားခဲ့တာဆိုတော့ ပူစရာမလိုပါဘူးကွယ်"

ရှင်းပြလိုက်သဖြင့် ချိုမေဝင်းနှင့်ပေရယ် စိတ်အေးသွားကြတော့သည်။

ထိုကိစ္စကို သူရမင်းထွန်းနှင့် ကမ္ဘာထွန်းတို့ကို မကြာခင်အသိပေးရန်လည်း သူမတို့နှစ်ယောက်စလုံး တွေးမိလိုက်ကြ၏။

✿ ✿ ✿

## | ၆ |

❑

"ဒီကိစ္စ ... အမှန်ရှိတယ်ဆိုတာ လုံးဝ သေချာတယ်နော် ဆိုင်းနွယ်နဲ့ ဆိုင်းသွယ်"

ပယောဂဆရာကြီး ဦးဒေဝက ရင်းစုံစမ်းနိုင်းသော ကိစ္စအား ဆိုင်းနွယ်တို့ ညီအစ်ကိုထံမှ သိလိုက်ရသဖြင့် ဝမ်းသာသွားသည်။

"သေချာပါတယ် ဆရာကြီး။ ဒီကိစ္စ လုံးဝမလွဲနိုင်ဘူး"

"ဟုတ်ပါတယ် ဆရာကြီး၊ ချိုမေဝင်းနဲ့ပေရယ်ဆိုတဲ့ ဒီကောင်မနှစ်ယောက်ဆီမှာ ဆရာကြီးအလိုရှိနေတဲ့ ပစ္စည်းတွေ ရှိတယ်ဆိုတာ သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ဒီရွာသားတွေဆိုတော့ ငယ်စဉ်ကတည်းက ထူးခြားတဲ့ သူတို့အကြောင်းကို အသိဆုံးပဲ"

www.burmeseclassic.com



ဆိုင်းနွယ်နှင့် ဆိုင်းသွယ် ညီအစ်ကိုနှစ်ယောက်က နိုင်မာကြောင်း ပြောဆိုလိုက်သဖြင့် ဦးဒေဝ မရွယ်ဘဲစော်ကဲမင်း ဖြစ်တော့မည့်ကိန်း ဆိုက်တော့မည်ဟု တွေးကာ ဝမ်းပန်းတသာ ဖြစ်သွားတော့သည်။

"မင်းတို့ သိပ်တော်ကြတဲ့ ညီအစ်ကိုတွေပဲ။ ဒီမှာ အဲဒီပစ္စည်းကို ရလိုက်လို့ကတော့ ဒီကမ္ဘာမှာ အထူးခြားဆုံးနဲ့ တန်ဖိုးအရှိဆုံး ဖြစ်သွားစေရမယ်ကွ"

ဦးဒေဝက တက်ကြွစွာ ပြောလိုက်ပြန်သည်။

"အဲဒီမိန်းမနှစ်ယောက်ကို ကျွန်တော်တို့ညီအစ်ကို မုန်းနေတာကြာပြီဗျာ။ ခု ကျုပ်တို့ အမုန်းတရားတွေအတွက် ပြန်တောင်းရမယ်"

"ဟုတ်တယ် ဆရာကြီး။ အစ်ကိုကြီး ဆိုင်းနွယ်ပြောသလို အဲဒီမိန်းမတွေကို အသေမုန်းတာဗျ။ အဆိုးဆုံးက ကျုပ်တို့ကို လူမထင်ပဲ ဟိုသူရမင်းထွန်းနဲ့ ကမ္ဘာထွန်းဆိုတဲ့ ကောင်တွေနဲ့ ချစ်သူဖြစ်သွားတာ ကျုပ်တို့ ပိုပြီး ခံပြင်းဆုံးပဲ"

ဟု မကျေနပ်မှုများကို ထုတ်ဖော်ပြလိုက်ကြသည်။

အမှန်တကယ်လည်း ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် သူမတို့နှစ်ယောက်အား စွဲလမ်းပြီး ပိုးပန်းခဲ့ကြ၏။

သို့သော် ၎င်းတို့ညီအစ်ကို နှစ်ယောက်အား စိတ်မဝင်စားသလို အဖက်လည်း မလုပ်ခဲ့ချေ။

ထို့ကြောင့် သူမတို့နှစ်ယောက်အပေါ် ၎င်းတို့ညီအစ်ကိုနှစ်ဦး ခံပြင်းခဲ့ကြ၏။ မုန်းတီးခဲ့ကြ၏။

ယခု ဦးဒေဝအလိုရှိနေသော ထူးခြားပစ္စည်းများ သူမတို့ထံ





တွင် ရှိနေပြီ။ ထိုအခွင့်အရေးကား ၎င်းတို့ညီအစ်ကိုအတွက် မမျှော်လင့်သော ပညာစွမ်းပြခွင့်ပင်ဖြစ်သည်။

"ဒါနဲ့ ဆရာကြီးခင်ဗျာ၊ အဲဒီ မြွေတံတွေးအဆိပ်နဲ့ လိပ်ပြာဝတ်ရည်ဟာ ဘယ်လိုအသုံးချလို့ ရသလဲ"

ဆိုင်းနွယ်က စိတ်ဝင်တစား မေးလိုက်ခြင်းဖြစ်သည်။ ဆိုင်းသွယ် ကလည်း ...

"ဟုတ်တယ် ... ဆရာ၊ ဒီပစ္စည်းတွေအကြောင်း ဆရာကြီး အပြောနဲ့တင် အံ့သြစရာကောင်းနေပြီ"

ဟု ရေရွတ်လိုက်၏။

ထိုအခါ ဦးဒေဝက ကျေနပ်စွာပြုံး၍ ...

"အေး ... အံ့သြမယ်ဆိုလည်း အံ့သြစရာပဲကိုးကွယ့်။ ထူးခြား မြွေအဆိပ်တံတွေးနဲ့ လိပ်ပြာဝတ်ရည်ဟာ အကောင်တစ်သိန်းမှာ တစ်ကောင်ပါတာမဟုတ်ဘူး"

"ဘယ်လိုထူးခြားပြီး တန်ဖိုးကြီးတယ်ဆိုတာလေး ရှင်းပြပါလား ဆရာကြီး"

ဆိုင်းနွယ်၏အမေးကို ပယောဂဆရာကြီး ဦးဒေဝက တစ်ချက်စဉ်းစားဟန် ပြုလိုက်ပြီး ...

"ပြောရမယ်ဆိုရင် မြွေတွေရဲ့ ခန္ဓာကိုယ်အတွင်း(သို့) ဦးခေါင်းထဲက အဖြူရောင်ကျောက်အကြည်လေးကို မြွေအမြုတေ (သို့) သိဒ္ဓိရှင်စိန်ကျောက်လုံးလို့ ခေါ်တယ်ကွ။ အဲဒီစိန်ကိုသာ ရလိုက်လို့ကတော့ ကမ္ဘာပေါ်က မီးလျှံနာ ဘီလျှံနာတွေတောင် အရှုံးပေးရမှာကွ။ နောက်တစ်ခုက ငါအခုအလိုရှိနေတဲ့ အဆိပ်။ မြွေတံတွေးအဆိပ်၊ ဒီအဆိပ်ကို ပေါ့ပေါ့တန်တန်တော့ မတွေးလိုက်နဲ့။ အဲဒီမြွေဘုရင်ရဲ့ အဆိပ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့တွေးက ကမ္ဘာပေါ်မှာ ရှိရှိသမျှ အဆိပ်အားလုံးကို ချက်ချင်းပြေစေတယ်ကွ"

ပြောပြီး မောသွားဟန်နှင့် စကားကို ဖြတ်လိုက်ပြီးမှ ...

"နောက်ပြီး ရှီးရှီးလိပ်ပြာမဟုတ်တဲ့ လိပ်ပြာဘုရင်မရဲ့ အာခံတွင်းက ဝတ်ရည်ဟာ ပန်းပေါင်းစုံဖြစ်တဲ့အတွက် (ဂူဗီ)ပါး ရောဂါကို ချက်ချင်းပျောက်စေပြီး အသက်ရှည်တယ်ကွ။ ဒါကြောင့် အဲဒီ ထူးခြားတဲ့ ပစ္စည်းနှစ်ခုစလုံးကိုရရင် ထူးခြားတဲ့ လူတစ်ယောက်ဖြစ်ပြီလို့ ပြောခဲ့တာပေါ့"

ဟု ရှင်းပြလိုက်လေတော့၏။

ထို့နောက် ဆိုင်းနွယ်တို့ညီအစ်ကိုသည် ထိုပစ္စည်းနှစ်ခုကို ချိုမေဝင်းနှင့် ပေရယ်ထံမှ မည်သို့မည်ပုံရယူမလဲ ဆိုသည်ကို စိတ်ဝင်စားသဖြင့် မေးမြန်းလိုက်ကြပြန်၏။

ထိုအခါ ဦးဒေဝက သဘောကျစွာ ရယ်မောလိုက်၏။ ပြီးမှ-

"ငါဘယ်လိုယူပြမလဲဆိုတာ မကြာခင် မောင်ရင်တို့ သိရလိမ့်မယ်။ ငါပြောတဲ့အတိုင်း မောင်ရင်တို့ဘက်က ပိပိရိရိ လုပ်ဆောင်နိုင်ဖို့ လိုတယ်"

"ပြောပါ ဆရာကြီး၊ ကျုပ်တို့ညီအစ်ကို ဘယ်လိုလုပ်ရမလဲ"

ဆိုင်းနွယ်က သိချင်စိတ်ကို ဟန်မဆောင်နိုင်တော့ပဲ မေးလိုက်သဖြင့် ဦးဒေဝက လုပ်ဆောင်ရမည့်အချက်များကို အသေးစိတ် ပြောပြလိုက်လေတော့၏။

စကားအဆုံးတွင် ဆိုင်းနွယ်တို့ညီအစ်ကိုနှစ်ဦး လွန်စွာ သဘောကျသွားလေတော့သည်။

✿ ✿ ✿

## [ ၇ ]

❑

ဤသို့ဖြင့် တစ်ရက်တွင် ချိုမေဝင်းနှင့်ပေရယ် ယာတဲလေးတွင် ရှိနေခိုက် သူမတို့နှင့်ရင်းနှီးနေသော ရွာကျောင်းသားလေးသံချောင်းသည် ရေကြီးသုတ်ပျာနှင့် ရောက်လာပြီး တတစ်စောင်ပေးလေ၏။

ဘာစာမှန်းမသိသော်လည်း ချိုမေဝင်းနှင့်ပေရယ် တို့စာကို ဖောက်ဖတ်လိုက်ကြ၏။

ဤစာကား အောက်ပါအတိုင်းပင်ဖြစ်သည်။

သို့

မိန်းကလေးနှစ်ယောက်ရဲ့ချစ်သူ သူရမင်းထွန်းနဲ့ ကမ္ဘာထွန်းတို့ အသက်ရှင်လျက်ပြန်လိုချင်ရင် မင်းတို့ထံမှာရှိနေတဲ့ ကြွက်သွားကောင်းတွေကိုယူပြီး ရွာအနောက်ဘက်တောထဲက မရထလိုဏ်ဂူကိုလာခဲ့။ အချိန် ၂း၀၀ နာရီရမယ်။ သတ်မှတ်ချိန်ကျော်လွန်သွားရင် သူတို့နှစ်ယောက်ရဲ့ အလောင်းတွေပဲ ရလိမ့်မယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အပေးအယူလုပ်ရန် အကြောင်းကြားလိုက်သော စာ ဖြစ်၏။

ထိုစာကိုဖတ်ပြီးသည့်အခါ ချိုမေဝင်းနှင့်ပေရယ်တို့နှစ်ယောက် အကြီးမားဆုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူမတို့၏ ချစ်သူများအတွက် သူမတို့ မသွားရောက်လျှင် အသက်ဆုံးရှုံးရတော့မည်။

ထို့အတူ သူမတို့သွားပြီး သူမတို့လည်းပင်း၌ ကိုယ်နှင့်မကွာ အသက်နှင့်ထပ်တူ သိမ်းဆည်းထားသော ကြုတ်ဘူးလေးများကို ပေး လိုက်လျှင်လည်း သူမတို့၏အသက် ဆက်လက်ရှင်သန်ဖို့ မလွယ်တော့ ပေ။

"ဒါဆိုရင် တို့ ဘယ်လိုလုပ်မလဲ ချိုမေ"

ပေရယ်က ကြေကွဲစွာနှင့် မေးသည်။ ချိုမေဝင်း ရုတ်တရက် မဖြေနိုင်ပါ။ စိုးရိမ်ခြင်းများ၊ ထိတ်လန့်ခြင်းများ၊ ကြေကွဲခြင်းများ မျက်ဝန်း၌ ပြည့်နှက်နေပါသည်။

ပေရယ်လည်း ချိုမေဝင်းကဲ့သို့ပင် ရှိနေ၏။ သူမတို့ မည်သို့ ဆုံးဖြတ်ရမှန်း မသိတော့။ အချိန်ကား တဖြည်းဖြည်းကုန်လာပြီ။ နောက် ဆုံးတွင် သူမတို့နှစ်ဦးစလုံး ခိုင်မာသောဆုံးဖြတ်ချက်များ ကိုယ်စီချလိုက် ကြတော့၏။

"ကိုသူရနဲ့ ကိုကမ္ဘာ့အသက်ကို ငါတို့နှစ်ယောက်ရဲ့အသက်နဲ့ လဲယူလိုက်ကြတာပေါ့"

ချိုမေဝင်းက ကြေကွဲစွာပြောလိုက်၏။ ပေရယ်လည်း ဆို့နင့် စွာ ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူမတို့နှစ်ဦးသည် ရွာအနောက်ဘက်တောထဲ





ရှေးဟောင်းလိုဏ်ဂူရှိရာသို့ အမြန်သွားရောက်ကြလေတော့၏။

ထိုလိုဏ်ဂူသို့ရောက်သည့်အခါ ကမ်းပါးအစပ်တွင် သူမတို့၏ ချစ်သူများဖြစ်သော သူရမင်းထွန်းနှင့် ကမ္ဘာထွန်းတို့ကို လူဆိုးတို့က ကြိုးများတုပ်၍ အသင့်စောင့်နေကြ၏။

ထိုသူတို့ကို ချိုမေဝင်းနှင့်ပေရယ် တွေ့လိုက်ရစဉ်မှာ အံ့ဩ သွားသည်။

ပယောဂဆရာကြီး ဦးဒေဝနှင့် ဆိုင်းနွယ်၊ ဆိုင်းသွယ် ညီ အစ်ကို၊ လွန်စွာမုန်းတီးခဲ့သော ညီအစ်ကိုနှစ်ဦး။

"မင်းတို့ ... သတ္တိကောင်းသားပဲ။ စာထဲကအတိုင်း မင်းတို့ ရွဲ့ချစ်သူနဲ့ မင်းတို့လက်ထဲကပစ္စည်း လဲလှယ်ဖို့ သဘောတူတယ် ဟုတ်လား"

ဦးဒေဝက မေးမြန်းလိုက်သည်။ ချိုမေဝင်းနှင့် ပေရယ် ဘာမျှ မဖြေပဲ အနားသို့ တိုးကပ်သွားကြ၏။

ချိုမေဝင်းနှင့်ပေရယ်ကို မမျှော်လင့်ပဲ မြင်လိုက်ရသဖြင့် သူရ မင်းထွန်းနှင့် ကမ္ဘာထွန်း အံ့ဩထိတ်လန့်သွားကြသည်။

သူတို့နှစ်ဦးသည်လည်း သူတို့ချစ်သူ မိန်းကလေးများနှင့် ပတ် သက်ပြီး အကြောင်းသိထားသဖြင့် အလဲလှယ်ကိစ္စကို လုံးဝသဘော မတူချေ။

"ချိုမေ ... မင်းတို့အသက်နဲ့ထပ်တူ တန်ဖိုးရှိတဲ့ ပစ္စည်းကို ပေး မပေးပါနဲ့။ ကိုသူရကို မငဲ့ပါနဲ့။ ချိုမေ ကိုယ်တောင်းပန်ပါတယ်"

သူရမင်းထွန်းက ကြေကွဲစွာ တားမြစ်လိုက်သည်။ ကမ္ဘာထွန်း လည်း ဝမ်းနည်းသံကြီးနှင့် ...

"ပေရယ် ... မင်းတို့အတွက် အရေးကြီးတဲ့ ပစ္စည်းကို မပေး



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ ကိုကျွာ တောင်းပန်ပါတယ်"

ထိုအခါ ချိုမေဝင်းက သူရမင်းထွန်းကို ...

"အို ... ချိုမေ့ကို မတားပါနဲ့ ကိုသူရ။ ကိုသူရတို့ကို ချိုမေ ဒီအတိုင်း မကြည့်ရက်ဘူး။ ချိုမေ့ကို မတားပါနဲ့ ကိုသူရ"

"ဟုတ်ပါတယ် ... ကိုသူရ။ ရှင်တို့နှစ်ယောက် ဘာမှမဖြစ် စေရဘူး။ ကျွန်မတို့ တာဝန်ယူတယ်"

ပေရယ်ကပါ အော်ပြောလိုက်၏။

"ချိုမေ လုံးဝမပေးနဲ့၊ ဒီလူတွေလက်ထဲ လုံးဝ မထည့်နဲ့"

"ဟုတ်တယ် ... ပေရယ်၊ ကိုယ်တို့ကြောင့် မင်းတို့ ဘာမှ မဖြစ်စေရဘူး။ ကိုယ်တို့သေချင်သေပါစေ"

"ဟာ ... ဒီလောက်သေချင်တဲ့ကောင်တွေ သေစမ်းကွာ။ ဟဲ ကဲ"

"ရွပ်"

"ရွပ်"

"အား"

"အား"

ဦးဒေဝက လောဘဇောကပ်ပြီး သူရမင်းထွန်းနှင့် ကမ္ဘာထွန်းကို တုတ်နှင့် အဆက်မပြတ် ရိုက်နှက်လိုက်ခြင်းဖြစ်၏။

၎င်းတို့နှစ်ဦး၏ ခေါင်းတွင် သွေးစီးများ ဖြာဆင်းလာကာ အလူးအလဲ ခံစားနေကြရရှာ၏။

ထိုမြင်ကွင်းကို ချိုမေဝင်းနှင့်ပေရယ်တို့ လုံးဝမကြည့်ရက် တော့။ ထို့ကြောင့် ချိုမေဝင်းတို့ဆွဲထားကြသော ကြုတ်ဘူးကလေးများကို ဖြုတ်၍ ဦးဒေဝလက်ထဲသို့ ထည့်လိုက်လေတော့၏။





"ငါလူထူးလူဆန်းဖြစ်ပြီ၊ ငါချမ်းသာပြီ။ ဟား ဟား ဟား"

ရမ္မက်ဇောကပ်နေသော ဦးဒေဝသည် ထိုပစ္စည်းနှစ်ခုကို လက် ရောက်ကိုင်လျက် အရူးတစ်ယောက်လို အော်ဟစ်ကာ ပြေးထွက်သွား၏။

ဦးဒေဝ၏နောက်မှ ဆိုင်းနွယ်နှင့်ဆိုင်းသွယ်တို့ ညီအစ်ကိုလည်း လိုက်ပါသွားကြသည်။

သို့ဖြင့် ချိုမေဝင်းနှင့်ပေရယ်သည် သူမတို့၏ အသက်ဝိညာဉ် ကဲ့သို့ရှိသော လည်ပင်းမှ ကြုတ်ဘူးကလေးများ မရှိတော့သဖြင့် တဖြည်း ဖြည်း အားအင်ဆုတ်ယုတ်လာကာ ခြေထောက်များ ရပ်၍မရတော့ဘဲ တဖြည်းဖြည်း ခွေလဲကျသွားလေတော့၏။

သတိရလာသော သူရမင်းထွန်းနှင့် ကမ္ဘာထွန်းသည် ချစ်သူ များ၏ အဆိုးဝါးဆုံးမြင်ကွင်းကို မြင်တွေ့လိုက်ရသဖြင့် ကမ္ဘာမြေပြင် ကြီး ပေါက်ကွဲသွားသကဲ့သို့ ဖြစ်သွားကြ၏။

"ချိုမေ ... ချိုမေ"

"ပေရယ် ... ပေရယ်"

ကြိုးများ တုပ်နှောင်ခံထားရသဖြင့် လဲကျသွားသော ချစ်သူ များကို မကူညီနိုင်သဖြင့် အော်ဟစ်လိုက်ကြတော့သည်။

ထိုအချိန်မှာ ကပ္ပိယကြီးဦးအေးချမ်းတို့ ဇနီးမောင်နှံ နွား ကျောင်းသားလေး သံချောင်းနှင့်အတူ ရောက်ရှိလာပြီး သမီးလေးနှစ်ဦး ၏ မြင်ကွင်းကို အဆိုးဝါးဆုံး မြင်တွေ့လိုက်ရတော့၏။

"ဖြစ်မှဖြစ်ရလေ သမီးလေးတို့ရယ်"

"ငါတို့မစောင့်ရှောက်နိုင်လို့ ခုလိုဖြစ်ရတာ"

ကပ္ပိယကြီးဦးအေးချမ်းတို့ ဇနီးမောင်နှံသမီးလေးနှစ်ယောက် ကို ရင်ခွင်၌ပွေ့၍ ငိုကြွေးလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုမေဝင်းနှင့် ပေရယ်သည် အသက်မသေသေးသော်လည်း မျောမျောလေးသာ ရှိတော့သည်။ စကားလည်း မပြောနိုင်ကြတော့ချေ။

"တောက် ... ယုတ်မာပက်စက်တဲ့ကောင်တွေ။ ငါ့သမီးလေး နှစ်ယောက် ရေတိမ်နစ်ရပါပြီကွာ"

ကပ္ပိကြီးဦးချမ်းအေးသည် မည်သို့မျှ စိတ်မထိန်းနိုင်ပဲ အော်ငိုလိုက်၏။

ထိုအချိန်၌ သမီးလေးတို့နှစ်ဦး၏ လည်ပင်းမှ ကြုတ်ဘူးလေးများမှာ အသက်နှင့် ဆက်နွယ်နေကြောင်း နားလည်လိုက်၏။

ထို့ကြောင့် ဆရာတော်ကြီး ဦးလောသုန္ဒာကိုယ်တိုင် ထိုပုစ္ဆည်းလေးများနှင့် သူမတို့ကို ကိုယ်နှင့်မကွာ ထားစေရန်နှင့် ထိုပုစ္ဆည်းလေးများသည် သူမတို့ဘဝအတွက် အရေးပါသော အချက်တစ်ချက်ဖြစ်လိမ့်မည်ဟူသော တစ်ခါက မိန့်မှာချက်ကိုလည်း ယခုမှ ကပ္ပိယကြီးဦးအေးချမ်း သဘောပေါက်သိရှိသွားတော့၏။

ထို့နောက် ကပ္ပိယကြီးဦးအေးချမ်းသည် ကမ်းပါးတွင် ကြိုးတုပ်ခံထားရသော သူရမင်းထွန်းနှင့် ကမ္ဘာထွန်းတို့ကို ကြိုးဖြည်ပေးလိုက်ပြီး ...

"ကဲ ... မောင်ရင်တို့၊ ဒီက ဦးတို့ရဲ့သမီးလေးနှစ်ယောက်ကို သူတို့ဘဘုန်းဘုရားဆီ အမြန်သယ်ပေးကြပါကွယ်။ သူတို့ရဲ့အသက်ကို ဘဘုန်းပဲ ကယ်တင်နိုင်လိမ့်မယ်"

ပြောလိုက်သဖြင့် သူရမင်းထွန်းနှင့် ကမ္ဘာထွန်းသည် တစ်ယောက်စီပွေ့ချီ၍ ဆရာတော်ကြီး ဦးလောသုန္ဒာကျောင်းသို့ ခေါ်ဆောင်ခဲ့လေတော့၏။

✿ ✿ ✿

www.burmeseclassic.com

[ ၈ ]

❏

ကျောင်းသို့ရောက်သည့်အခါ ချိုမေဝင်းနှင့် ပေရယ်သည် အား
...င်များ ဆုတ်ယုတ်နေကြသဖြင့် မည်သို့မျှ မလှုပ်ရှားနိုင်ကြတော့ပေ။

သင့်တော်သောနေရာ၌ လဲလျောင်းစေလျက် အားလုံး တတ်သရွေ့ မှတ်သရွေ့ ပြုစုပေးကြ၏။

ကပ္ပိယကြီး ဦးအေးချမ်းတို့ ဇနီးမောင်နှံမှာ ၎င်းတို့ကြောင့် သမီးလေးနှစ်ယောက် ယခုလိုဖြစ်ရသည်ဟူ၍ အပြစ်တင် ယူကြုံးမရဖြစ်နေကြ၏။

အဖြစ်အပျက်အလုံးစုံကို သိသွားသော ကျောင်းထိုင်ဆရာကြီး ဦးလောသုန္ဒာမှာ စိုးရိမ်မကင်း ဖြစ်နေတော့သည်။

www.burmeseclassic.com



သူရမင်းထွန်းနှင့် ကမ္ဘာထွန်းသည်လည်း မိမိတို့အတွက်စွန့်လွှတ်ပေးဆပ်ခဲ့ကြသော ချစ်သူများအတွက် ယူကြုံးမရ ဖြစ်နေကြ၏။

"အိမ်း . . . အသက်တစ်ရာမနေရ၊ အမှုတစ်ရာမွေ့ရ ဆိုသလိုတယ်ကြောက်စရာကောင်းတဲ့ လောဘလူသားတွေပဲ။ ငါ့ရဲ့အပြစ်ကင်းစင်တဲ့ သမီးတော်လေးနှစ်ယောက်နဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အချက်တွေကို အားလုံးသိအောင် ပြောပြမှ ဖြစ်တော့မယ်"

ဟူ၍ အစချီကာ ဆရာတော်ကြီးသည် မိုးတစ်ညအာရုံနိမိတ်တွင် ထင်လာသော ကြီးမားသောမြွေဟောက်ကြီးနှင့် ရောမလိပ်ပြာကြီးတို့ သမီးလေးနှစ်ယောက်အား လာရောက်အပ်နှံသွားခဲ့သောအကြောင်း၊ ထိုသမီးလေးနှစ်ယောက်၏ လည်ပင်း၌ အသက်ဝိညာဉ်ကဲ့သို့ရှိခဲ့သော မြွေအဆိပ်တံတွေးနှင့် လိပ်ပြာဝတ်ရည်တို့၏ ကြုတ်ဘူးလေးများအကြောင်း၊ ထိုအတူ ယခုအဖြစ်အပျက်များ မဖြစ်ပွားမီ ရက်ပိုင်းအလိုက အာရုံနိမိတ်တွင် မြွေတစ်ကောင်နှင့် လိပ်ပြာတစ်ကောင်မှန်တိုင်းသင့်ပြီး ပျောက်ကွယ်သွားသောအကြောင်း စသဖြင့် ဆက်စပ်ဆက်နွယ်မှုတို့အား အသေးစိတ် ရှင်းပြမိန့်ကြားလိုက်တော့သည်။

ဒီတော့မှ သမီးလေးနှစ်ယောက်နှင့် ပတ်သက်ပြီး ယေစဉ်ကတည်းက ထူးခြားမှုများ၊ အံ့သြစရာများအဖုံဖုံဖြင့် ပဟေဠိဆန်ခဲ့သောအဖြေကို အားလုံး သိရှိနားလည်သွားကြတော့သည်။

"ဒါကြောင့် သူတို့ဟာ သာမန်လူသားတွေက ဆင်းသက်လာတဲ့သူတွေမဟုတ်ပဲ လူသားတွေနဲ့ ဆက်နွယ်နေတဲ့ ဘုံဘဝတစ်ခုကလူသားအဖြစ်ရောက်လာပြီး သာသနာပြုဖို့အတွက် ဖြစ်ကောင်းဖြစ်လိမ့်မယ်"

ဟု ထပ်ဆင့် မိန့်ကြားလိုက်တော့သည်။

---

စိတ်ကူးသစ်စာပေ



ထိုအခါ ကပ္ပိယကြီးဦးအေးချမ်းတို့ ဇနီးမောင်နှံမှာ သမီးလေးနှစ်ယောက်အတွက် စိုးရိမ်မှုများ ဝမ်းနည်းခြင်းများ ယူကြုံးမရခြင်းများ ပြည့်နှက်၍ လာကြပြီး . . .

"ဒါဆိုရင် သမီးလေးနှစ်ယောက်အတွက် ဘယ်လိုလုပ်ရမှာပါလဲ ဘုရား၊ ဆရာတော်ဘုရား သမီးလေးတွေကို ကယ်တင်တော်မူပါဦး ဘုရား"

ကပ္ပိယကြီးဦးအေးချမ်း ဇနီးက လွန်စွာမှ စိုးရိမ်ကြီးသောအသံဖြင့် လျှောက်ထားတောင်းဆိုလိုက်သည်။

ထို့အတူပင် သမီးလေးနှစ်ယောက်၏ ချစ်သူများဖြစ်သောသူရမင်းထွန်းနှင့် ကမ္ဘာထွန်းကလည်း ယူကြုံးမရ စိုးရိမ်စွာဖြင့် . . .

"ဆရာတော် ဘုရား၊ တပည့်တော်တို့နှစ်ယောက်ကို ကယ်တင်လို့ ခုလို သူတို့အသက်ဘေးနဲ့ ကြုံရတာပါဘုရား။ တပည့်တော်တို့ကို ခွင့်မလွှတ်ပါနဲ့။ တပည့်တော်တို့သာ သေသင့်တာပါဘုရား"

ထိုလျှောက်ထားမှုအတွက် ဆရာတော်ကြီးက ခေါင်းခါလျက်–

"အိမ်း . . . ဒကာ ဒကာမအပေါင်းတို့၊ ဝဋ်ကြွေးသံသရာဆိုတာ ဘုရားတောင်မှ ရှောင်လွှဲလို့ မရခဲ့ဘူး။ ရှေ့ဘဝ ဝဋ်ကြွေးရှိလို့ သမီးတော်လေးတွေ ပြန်ပေးဆပ်ရတယ်လို့ပဲ နှလုံးမူကြပါ။ သဗ္ဗေသတ္တာ ကမ္မဿကာ၊ သတ္တဝါတစ်ခု ကံတစ်ခုပေပဲပေါ့ကွယ်။ သမီးတော်လေးတွေ အားအင်ပြည့်ပြီး အသက်ပြန်ရှင်လာနိုင်ဖို့က တစ်နည်းပဲရှိတော့တယ်"

"ဒါဆို . . . အမြန်မိန့်တော်မူပါ ဘုရား။ ဒီသမီးလေးတွေအသက်ပြန်ရှင်မယ်ဆိုရင် တပည့်တော်တို့ ဇနီးမောင်နှံ အသက်ပေးရပေးရ ပေးပါ့မယ်ဘုရား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးဦးအေးချမ်းက လျှောက်ထားလိုက်ခြင်းဖြစ်သည်။

ထိုအတူ သမီးလေးများ၏ ချစ်သူများဖြစ်သော သူရဲထွန်းနှင့် ကမ္ဘာထွန်းကလည်း ...

"မှန်ပါ ဘုရား။ သူတို့ အသက်ပြန်ရှင်ဖို့အတွက် တပည့်တော်တို့အသက်ကိုလည်း စွန့်ရဲပါတယ် ဘုရား။ အမြန် မိန့်ကြားတော်မူပါ ဘုရား"

ထိုအခါ ဆရာတော်ကြီးက ခေါင်းခါတော်မူလျက် ...

"အိမ်း ... ဒကာ ဒကာမတို့ အသက်စွန့်လည်း သူတို့ကို ပြန်မကယ်နိုင်ကြဘူး။ သူတို့ကို ပြန်ကယ်နိုင်ဖို့က ရတနာသုံးပါးရဲ့ ဆေး တစ်မျိုးပဲ ရှိတော့တယ်"

ဟူ၍ မိန့်တော်မူလိုက်ပြီးနောက် ဆရာတော်ကြီးသည် ဘုရားကိုအာရုံပြုကာ အရပ်လေးမျက်နှာရှိ သတ္တဝါအပေါင်းကို မေတ္တာပို့သလိုက်သည်။ ကျင့်ကြံအားထုတ်ခဲ့သော တရားဘာဝနာများကို ဆင်ခြင်အောက်မေ့လျက် အောက်ပါတိုင်း အဓိဋ္ဌာန်ပြုလိုက်တော့သည်။

"ဆရာတော်သည် ... ဤနေရာ၊ ဤဌာနသို့ ရောက်ရှိစဉ်ကတည်းက သတ္တဝါအပေါင်းကို သနားကြင်နာ မေတ္တာများပေးဝေကျွန်ခဲ့၏။ ထိုမေတ္တာများကြောင့် ဘုရားတပည့်တော်၏ ကျင့်ကြံအားထုတ်မှုများ အနှောင့်အယှက်ကင်းကင်း ငြိမ်းချမ်းခဲ့၏။ ဤသို့ပြုခဲ့ တရားဘာဝနာများသည် အကျိုးတစ်စုံတစ်ရာ သက်ရောက်မှုရှိ၍ ယခုအသက်ဘေးနှင့် ကြုံတွေ့နေရသော သမီးတော်လေးနှစ်ယောက်၏ ဒုက္ခဆင်းရဲခြင်းတရားများကို သောင်ပြင်ရေမတင်သကဲ့သို့ ဖယ်ရှားပျောက်ကင်းရပါစေသား"

ထိုကဲ့သို့ အဓိဋ္ဌာန်ပြုပြီးနောက် ဆရာတော်ကြီးသည် ကျောင်း





အတွင်းရှိ ဘုရားစင်မှ ရေစင်တော်ဖြင့်၏။ ပါးစပ်ထဲသို့လည်း အနည်းငယ်ထည့်၍ တိုက်ကျွေးလိုက်၏။

ထိုကဲ့သို့ ပြုလုပ်ပေးပြီး မရှေးမနှောင်းမှာပင် မြွေအဆိပ်တက်တွေးနှင့် လိပ်ပြာဝတ်ရည် ကြုတ်ဘူးလေးများကို လောဘဇောတက်၍ ယူဆောင်သွားကြသော ပယောဂဆရာကြီးဦးဒေဝနှင့် ဆိုင်းနွယ်၊ ဆိုင်းသွယ်တို့ညီအစ်ကို ဒဏ်ရာဗရပွ၊ သွေးစိမ်းရှင်ရှင်ကျလျက် ကျောင်းတိုက်အတွင်းထဲသို့ ရောက်လာကြပြီး ဆရာတော်ကြီးအား ဦးခိုက်လိုက်ကြ၏။

"ဆရာတော်ဘုရား ... တပည့်တော်တို့ အမှားကြီး မှားသွားမိပြီဘုရား။ တပည့်တော်တို့ကို ကယ်တင်တော်မူပါ ဘုရား"

ဦးဒေဝနှင့်အတူ ဆိုင်းနွယ်၊ ဆိုင်းသွယ်တို့ ညီအစ်ကို ဝန်ချတောင်းပန်ကြတော့၏။

ထိုအခါ ဆရာတော်ကြီးက အကြောင်းစုံသိလိုသဖြင့် ...

"အိမ်း ... ဟုတ်ပါပြီ၊ ဒကာတို့ ဘယ်ပုံဘယ်လို ဖြစ်လာခဲ့ကြသလဲ။ ပြောစမ်းပါဦး"

ဟု မေးလေလျှင် ဦးဒေဝမှလွန်စွာမှ နောင်တကြီးစွာရသော အမူအရာဖြင့် ...

"မှန်လှပါ။ လောဘဇောကပ်ပြီး မမှားသင့်တဲ့သူတွေအပေါ် မှားခဲ့လို့ ဒုက္ခအကြီးအကျယ် ကြုံရပါတယ်ဘုရား။ ဒီသမီးလေးနှစ်ယောက်ဆီက မြွေအဆိပ်တက်တွေနဲ့ လိပ်ပြာဝတ်ရည် ကြုတ်ဘူးလေးတွေကို မတရားသဖြင့် ယူဆောင်သွားတဲ့အတွက် တပည့်တော်တို့ သုံးဦးစလုံး တောလည်လမ်းမှား တောမှောက်ခံရပြီး ဘယ်မှတိမ်းရှောင်လို့ မရခဲ့ပါဘုရား။ တောထဲမှာလည်း ကြောက်စရာအမျိုးမျိုး ကြုံပြီး ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ရခဲ့တာပါဘုရား။ ဒါကြောင့် တပည့်တော်တို့ရဲ့ အမှားကို ဝန်ခံပြီး ဒီပစ္စည်းလေးနှစ်ခုကို မူလပိုင်ရှင် သမီးလေးနှစ်ဦးထံ လာရောက်အပ်တာပါဘုရား။ တပည့်တော်တို့ကို ခွင့်လွှတ်တော်မူပါဘုရား"

အစအဆုံးဖြစ်ကြောင်း ကုန်စင်ကိုရှင်းပြပြီး အမှားဝန်ခံလာသဖြင့် ဆရာတော်ကြီးနှင့်အတူ အားလုံး နားလည်သိရှိသွားကြတော့သည်။

ခုချိန်တွင် သမီးလေးနှစ်ယောက်အသက်က လွန်စွာမှ အရေးကြီးနေသဖြင့် ဘာကိုမျှ အလေးမထားမိတော့ချေ။ ဆရာတော်ကြီးက–

"အိမ်း ...ဒကာတို့အမှားကို ဒကာတို့သိပြီး အမှားဝန်ခံကြပြီဆိုတော့ အားလုံးအပေါ် မေတ္တာထားပါတယ်။ ဒကာတို့လည်း သွားလိုရာ သွားကြပေတော့"

ဆရာတော်ကြီးက မိန့်ကြားလိုက်သဖြင့် ဦးဒေဝနှင့်အတူ ဆိုင်းနွယ်၊ ဆိုင်းသွယ်တို့ညီအစ်ကို နေရာမှ ထွက်ခွာသွားကြလေတော့၏။ ထိုအချိန်မှစ၍ ဦးဒေဝနှင့်အတူ ဆိုင်းနွယ်၊ ဆိုင်းသွယ်တို့ မည်သည့်အန္တရာယ် မည်သည့်တောမှောက်ခံရခြင်းများ မကြုံရတော့ချေ။

ထိုအတူ ဦးဒေဝ ပြန်လည်ပေးအပ်သွားသော မြေအဆိပ်တံတွေးကြုတ်ဘူးနှင့် လိပ်ပြာဝတ်ရည် ကြုတ်ဘူးလေးများကို သက်ဆိုင်ရာ သမီးလေးများ၏ လည်ပင်း၌ ပြန်လည်ဆွဲပေးလိုက်ကြလေတော့၏။

✿ ✿ ✿

| ၉ |

❑

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်ပိုင်းအတွင်းမှာပင် မြေမြင်းသမီးလေးချိုမေဝင်းနှင့် လိပ်ပြာမင်းသမီးလေး ပေရယ်တို့ မူလအတိုင်း ပြန်လည်နေကောင်းလာကြပြီး ဆရာတော်ကြီး၏ မိန့်ကြားချက်အရ ကပ္ပိကြီးဦးအေးချမ်းတို့ဦးဆောင်ကာ ကျောင်းအတွင်းရှိ ဆုတောင်း ပြည့်ရှိစေတီလေး၌ ကုသိုလ်ကောင်းမှုများပြုလုပ်၍ သမီးလေးနှစ် ယောက်အတွက် သာသနာပြုပေးလိုက်ကြလေတော့၏။

ထိုအချိန်မှစ၍ မြေမြင်းသမီးလေးချိုမေဝင်းနှင့် လိပ်ပြာမင်းသမီးလေးပေရယ်တို့ မည်သည့်အန္တရာယ်မျှ မကျရောက်တော့ပဲ အေးချမ်းစွာ နေထိုင်သွားကြလေတော့၏။

မကြာခင်အချိန်မှာပင် မြေမြင်းသမီးလေး ချိုမေဝင်းနှင့်သူ့ရင်းထွန်းသည်လည်းကောင်း၊ လိပ်ပြာမင်းသမီးလေး ပေရယ်နှင့်ကမ္ဘာထွန်းသည်လည်းကောင်း ချစ်သူတို့ဘဝမှ ရာသက်ပန် ပေါင်းဖက်ကြရန်အတွက် တက်ကြွစွာ ဆိုင်းပြင်းခဲ့ကြလေတော့သည်။

မြေမြင်းသခင်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

▢

နောင်နောင်သည် သေဆုံးပြီးပါလျက် သူ့နောက်ကို ဘာကြောင့် လိုက်နေရပါသနည်း။ နောင်နောင် သူ့နောက်ကို လိုက်နေသည်မှာ မနေ့ ကတည်းက ဖြစ်သည်။

ရှင်းစွာဆိုရင် ...'မိတ်ကပ်နောင်နောင်' ၏အသုဘ ပို့ပြီး ကတည်းကဆိုပါက ပိုမှန်ပေလိမ့်မည်။

မိတ်ကပ်နောင်နောင်ကို သူတို့ဗီဒီယိုရုပ်ရှင် အသိုင်းအဝိုင်း မှာ မသိသူမရှိ။ ခင်မင်ဖော်ရွေလွန်းသဖြင့် အပေါင်းအသင်းမိတ်ဆွေ တွေများသည်။ လုပ်ငန်းနှင့်ပတ်သက်၍ ဖော်ကိုသည်များသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်အလှပြင်ရာတွင် ဂျပန်လိုနိုင်ငံမျိုးမှာ သင်တန်းတက်ခဲ့ရ၍ 'ဂျပန်ပြန်' ဟူသော ဝိသေသကြောင့် သာမန်မိတ်ကပ်အလှပြင်သူများထက် တစ်ပန်းသာသည်။ နောင်နောင့်လက်ထဲတွင် နာမည်ကြီးအကယ်ဒမီမင်းသမီးများ ရှိသလို တက်သစ်စ အလှပဂေးလေးတွေရှိသည်။ မော်ဒယ်လ်ဂဲလ်လေးတွေ ပါဝင်သည်။

ငွေကြေး၊ ဂုဏ်ရှိန် ချမ်းသာကြွယ်ဝသော မင်္ဂလာဆောင်ပွဲနေ ပွဲထိုင်များတွင်လည်း မိတ်ကပ်နောင်နောင်နှင့် ခြယ်သလိမ်းမှုမှ ဂုဏ်တင့်သည်ဟု ထင်ကြသည်။ သူများမိတ်ကပ်အလှခြယ်ပေးမှ ကိုယ့်အလှထွက်သလို မိတ်ကပ်နောင်နောင်ဆိုတာကြီး သတင်းစာမှာ မပါမဖြစ်ထည့်၍ ကြော်ငြာကြရသည်။ နောင်နောင်တို့ခေတ်က ထိုမျှ စန်းပွင့်နေသည်။

နောင်နောင်သည် သာမာန်မိတ်ကပ်သမားမဟုတ်။ အဝတ်အစား ဒီဇိုင်းတွေကအစ သူ့မင်းသမီးများအတွက် ရွေးချယ်အလှဆင်ပေးရသူဖြစ်နေ၍ ဘက်စုံနောင်နောင် ဖြစ်နေရလေသည်။ အဖော်အပေါင်းများ၏ ဘက်စုံဝင်ဆန့်သည်။

ထိုဘက်စုံနောင်နောင်သည် ဘက်စုံခြင်းကြောင့်ပင် နှစ်ဆယ်တစ်ရာစု ကပ်ရောဂါတစ်မျိုးဖြစ်သော ကာလပေါ်ရောဂါဖြင့် အသက်လေးဆယ်ဝန်းကျင် ငယ်ငယ်ရွယ်ရွယ်လေးမှာပင် သေဆုံးသွားခဲ့ရရှာသည်။

ဘက်စုံနောင်နောင်နှင့် သူက ငယ်ပေါင်းသူငယ်ချင်းများဖြစ်ကြသည်။ သူ၏ကျေးဇူးရှင်ဆိုလည်း မမှားတန်ရာချေ။ ယင်းကြောင့် နောင်နောင်သေဆုံးရသည့် နှစ်ဆယ်တစ်ရာစုရောဂါဆိုးကို နောင်နောင့်ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး သူပြောမထွက်နိုင်ရက်တော့။





သူတို့နှစ်ယောက်စလုံး ရန်ကုန်အရှေ့ပိုင်းသားများ ဖြစ်ကြပြီး ပုစွန်တောင်မှာမွေး၍ ကျောင်းနေတော့လည်း အတူတူကျောင်းနေဖက် အတန်းဖော်သူငယ်ချင်းများဖြစ်ကြ၏။

မိတ်ကပ်နောင်နောင် အဖြစ်မရောက်ခင် နောင်နောင်သည် 'ဓ'ကလေးနှင့် ဖြစ်၏။

ပန်းချီပညာကို ဝါသနာပါသလို မိန်းကလေးကျောင်းသူသူငယ်ချင်းများနှင့် အပေါင်းများသည်။ မိန်းကလေးဗီဇ ဖီးထုပ်၊ မရမ်းဖြား ချိချည်စပ်ပုစာများကြိုက်သလို ဇာထိုးပန်းထိုး ဝါသနာပါသည်။ သူက ပန်းချီပညာတစ်ခုတည်းသာ အာရုံစိုက်ခဲ့သည်။

ငယ်စဉ်က အနုပညာပိုးရှိသော သူတို့နှစ်ယောက်မှာ ကျောင်းကပွဲများတွင် ပါဝင်ကပြတတ်ကြရာ သူကမင်းသား နောင်နောင်ကမင်းသမီးလုပ်၍ ကပြလေ့ရှိတတ်သည်။

ထိုမှတစ်ဆင့် အရှေ့ပိုင်း သီတင်းကျွတ်ပွဲတော်ကြီးအဖြစ်ညီစည်ကားကားလုပ်လျှင် စတိတ်ရှိုးများတွင် မိန်းကလေးအသွင် ဝင်ရောက်ကပြတတ်ပြန်သည်။

သူကလည်း ခေသူမဟုတ်၊ အနုပညာ ဇာကလေးနှင့်မို့ တက်၍သီချင်းဆိုသည်။ ပြဇာတ်တင်မည်ဆိုလျှင် မင်းသားအဖြစ်က ပြနိုင်ရန်ဒန်းချီကိုအောင်မိုးကြီးကို သူကြိုက်တတ်သော အရက်နှင့်ဆေးပြင်းလိပ်ထုပ် လာဘ်ထိုးပြီး စင်ပေါ်တက်ခဲ့သည်။

သို့သော် ဘာကြောင့်မှန်းမသိ သူသည် ခေါင်းဆောင်မင်းသားအဖြစ် ဘယ်တော့မှ သရုပ်ဆောင်ခွင့်မရခဲ့။ ဒုတိယမင်းသား၊ လူကြမ်းခေါင်းဆောင်တို့သာ ဖြစ်ခဲ့သည်။

ဒါကို သူ့သူငယ်ချင်းဖြစ်သူ နောင်နောင်က အားမနာတမ်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြခဲ့သည်။

"ကိုယ့်အရပ်က ကတဲ့ ဇာတ်မှာတောင် နင်မင်းသားမဖြစ်ရင် ဘယ်တော့မှ မင်းသားဖြစ်မှာမဟုတ်ဘူး ဖိုးကျော်။ အေးလေ ... နင် ဘယ်မင်းသားဖြစ်ပါ့မလဲ။ အရပ်က ဂင်တိုတို၊ မျက်နှာပေါက်က လူမိုက်ရုပ်"

သူ့ကို ဒီလိုပြောပြီဆိုတော့ သူကလည်း မခံချင်စိတ်နှင့် နောင်နောင့်ကို ...

"အေး ...နင်လည်း နာမည်ကြီးမင်းသမီး ဘယ်တော့မှ မဖြစ်ဘူး။ မိန်းမအစစ်မှ မဟုတ်ပဲ။ မြန်မာပြည်မှာ အချောက်မတွေ မင်းသမီးဖြစ်သွားတဲ့ရာဇဝင် မရှိခဲ့ဖူးဘူးလေ"

"အောင်မယ် ...အောင်မယ် ...လူကိုများ နှိမ်လိုက်တာ မိုးကြိုးငှက်ငယ်က ဇာဇာရတနာတို့၊ စောနန္ဒာတို့ဆိုရင် ဘွဲ့ရပညာတတ် နာမည်ကြီးမင်းသမီးတွေတဲ့။ သူတို့လှမိမယ်ကလေးများအဖွဲ့ မပါရင် ဘယ်တော့မှ ပွဲမစည်ဘူး။ တချို့ ဘုရားပွဲတွေဆိုရင်သူတို့ အဖွဲ့ပါမှ ဘုရားပွဲဂုဏ်မြောက်သတဲ့။ ဒါကြောင့် သူတို့အဖွဲ့ လက်မလည်အောင် ကနေရတာ"

"သူတို့က ဘွဲ့ရပညာတတ်တွေဖြစ်သလို ပင်ကိုယ်ကလည်း မိန်းကလေးလို နွဲ့နွဲ့နှောင်းနှောင်းနဲ့ မိန်းကလေးပုံစံ ပေါက်နေတာကိုး။ နင့်ပုံက သူတို့နဲ့မတူဘူး။ ခါးကတုတ်တုတ်၊ အသားကမဲမဲ ဒီထက်ဝရင် ဆူမိုနပန်းသမားလို့ ထင်ရမယ်"

သူတို့နှစ်ယောက် တစ်ယောက်အားနည်းချက်ကို တစ်ယောက် အပြစ်ပြောရင်း မကြာခဏ စကားများကြရသည်။ စိတ်ဆိုးပြီး မခေါ် မပြောနေပြသည်။ သို့သော် တစ်ခဏမျှသာ၊ တစ်ပိုင်းတည်းသား ကျောင်း





နေဖက်က သူငယ်ချင်းများပီပီ ပြန်ခေါ်ကြပြန်သည်။

သူတို့ငယ်စဉ်က မြို့တော်ရန်ကုန်ကြီးတွင် မြန်မာ့ရိုးရာ ပွဲလမ်းသဘင်၌ သူတို့ရန်ကုန်အရှေ့ပိုင်းက သိတင်းကျွတ်ပွဲတော်နာမည်ကြီး ကြီးကားသလို၊ ရန်ကုန်အနောက်ပိုင်း လမ်းမတော်ဘက်က တန်ဆောင် တိုင်ပွဲတော်သည်လည်း နာမည်ကြီး စည်ကားသည်။

နောင်နောင်က အဆက်အသွယ်များသူမို့ ရန်ကုန်အနောက် ပိုင်း၊ တန်ဆောင်တိုင်ပွဲမှာပင် ဝင်၍ သီချင်းဆိုနိုင်သည်။ တစ်ခန်းရပ် ဇာတ်တွေ ဝင်ကသည်။

ထိုမှာ မိုးကြိုးငှက်ငယ်လို သူတို့အမျိုးအစား အနုပညာသည် သားတွေနှင့် ပေါင်းသင်းမိပြီး နောင်နောင် နယ်တကာလှည့်၍ ကပြ နေကြောင်း သူသိရသည်။

သူကတော့မှ သူဝါသနာပါသော စာရေးဆရာဖြစ်ရေးအတွက် အင်းတိုက်တွေ၊ ဂျာနယ်တိုက်တွေ ပေါများသော ရန်ကုန်မြို့ကြီးက ခွာနိုင်ပဲ ဖြစ်နေရသည်။

သို့နှင့် တစ်နှစ်ကျော်အကြာမှာ နောင်နောင်နှင့် ပြန်ဆုံရလေ သည်။

နောင်နောင်က အစားအသောက်ကျူးသဖြင့် ဝက်မဲတစ် ကောင် အသွင်ပြောင်းလျက်ရှိချေပြီ။

"ဟော့ ... နောင်နောင် ... ဗိုလ်တထောင်ဘုရားပွဲမှာ နင်တို့ အဖွဲ့က,တော့ နင့်ကို စတိတ်ရှိုးထွက်တာ မမြင်ရပါလား"

"ငါစတိတ်ရှိုး မထွက်တော့ဘူး။ အောက်ကပရိသတ်က ငါ ထွက်က,ရင် ဟောလိဝုဒ်မင်းသား 'ဘရိုက်ပစ်' ရဲ့ညီမ 'ဘလက်ပစ်' ထွက်လို့ အော်ကြလွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မှန်နေတာပဲ။ ပရိသတ်က အမှန်ကို အော်ကြွေးတာ ဟာ။ ငါသာ နင့်နေရာမှာဆိုရင် ဗိုလ်တထောင်ဘုရားနားက ရန်ကု မြစ်ကြီးထဲခုန်ချပြီး သေပစ်လိုက်မယ်ဟာ"

"ငါက နင့်လို လွယ်လွယ်ကူကူ စိတ်ဓာတ်ကျမယ့်သူ မဟုတ် ဘူးလေ။ ဒါကြောင့် ငါ့အဖွဲ့နဲ့ နယ်တွေထွက်နေပေမဲ့ တက္ကသိုလ် ဘွဲ့လက်မှတ်ဒီဂရီတစ်ခုရအောင် ယူနိုင်တာကို ကြည့်လေ။ နင်း ရန်ကုန်မှာနေရင်း ဘွဲ့မရဘာမရ။ စားရေးဆရာအဖြစ်လည်း မအော မြင် အရက်သမားအဖြစ် နာမည်ဆိုးထွက်နေတာ"

"ဘာလို့ ငါ မအောင်မြင်ရမှာလဲ။ ငါ့ဝတ္ထုတွေ ကျော မဂ္ဂဇင်းတွေမှာ မတွေ့ဘူးလား။ အေးလေ ...ပြောမယ့်သာပြော တယ် နင်လိုဟာမျိုးတွေဟာ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေလည်း ဖတ် မဟုတ်ပါဘူး"

"ဒီလို တစ်နှစ်နေမှ လေးငါးပုဒ်လောက် ဟိုကပါ၊ ဒီကာ တာမျိုးကို အောင်မြင်တယ်လို့ ပြောလို့မရဘူးလေ။ ကိုယ်လုပ်တဲ့အလု နဲ့ ထမင်းစားလို့ရပြီလား။ မိသားစုအတွက် ကိုယ်လုပ်တဲ့အလုပ် တဲ့ငွေနဲ့ ထိန်းကျောင်းနိုင်ပြီလား။ ဒါကို အောင်မြင်မှုပေတံနဲ့ တိုင်း မယ် ဖိုးကျော်"

"ငါ့ကိုတော့ပြောတယ် နင်ကကော ..."

"ငါက အောင်မြင်နေပြီလေ။ ငါတို့အဖွဲ့မှာ ငါ စတိတ်ရှေ့ ထွက်ပြီး မကာ့ရပေမယ့် ငွေရှာနိုင်ပြီ"

"အလို ...နင့်စကား ဆန်းလှချည်လား။ စတိတ်ရှေ့ထွ ပြီး ငွေမရှာနိုင်ပေမယ့် စတိတ်နောက်မှာ နင်လိုဟာက ငွေရှာနိုင်တ ဆိုတော့ ငါမျက်စိလည်သွားပြီ။ နင် မိန်းကလေးမဟုတ်ဘူးနော် ...





နောင်နောင်"

"ဂျောက်ကောင် ... အတွေးမချောင်စမ်းနဲ့။ ငါ့စတိတ်နောက် မှာ ဝင်ငွေရှာတယ်ဆိုတာက စတိတ်ရှေ့ ထွက်ရမယ့်သူတွေကို မိတ်ကပ် ခြယ်ပေးတာ။ အဝတ်အစား ဒီဇိုင်းဆင်ဖို့တော့ ငါ့စိန်ယာမာမိကြီးဆီက သင်ယူနေတုန်းပဲ။ ဒါတောင်မှ ငါ့ဝင်ငွေက စတိတ်ရှေ့ထွက်ရသူ တွေထက် အများကြီးသာတယ်။ သူတို့က တစ်ယောက်အတွက်တဲ့ ငွေရတယ်။ ငါက တစ်ဖွဲ့လုံးအတွက် ငွေရတယ်။ ဒီကြားထဲ အငနဲ့ လေးတွေတွေ့ရင် ငါးကြောပဲ"

"အောင်မယ် ...နင်လည်း နင်တို့အဖွဲ့နဲ့လိုက်ရင်း ဇာတ် သမားအထာ 'ဗန်း' စကားတွေဘာတွေ သုံးတတ်နေပြီလား။ ဘယ် လိုအငနဲ့မျိုးနဲ့တွေ့ရင် ငါးကြောလဲ"

"တို့အဖွဲ့ရဲ့ စတိတ်စင်ပေါ်တက်ပြီး ပွဲထွက်သီချင်းဆိုချင်တဲ့ တာလေးတွေလေ။ များသောအားဖြင့် ငွေကြေးချမ်းသာပြီး မိဘတွေ က ပြောဆိုမရလို့ အလိုလိုက်ထားရသူတွေ များတယ်။ တစ်မြို့မှာ အဲဒီလိုဟာမျိုးတွေ တစ်ယောက်နှစ်ယောက်တော့ ရှိတာပဲ။

မြို့ကြီးရင်ကြီးသလို ပိုများတယ်။ သူတို့စင်ပေါ်တက်ဖို့ အလှ ပြင်ပေးရ၊ အဝတ်အစားဒီဇိုင်း ဆင်ပေးရတော့ ငါ့အတွက် ပိုပြီး ပိုက်ဆံ ရတာပေါ့။ ခု ငါက ငါ့မာမိကြီးကတစ်ဆင့် ရုပ်ရှင်နဲ့ ဗီဒီယိုလိုင်းဘက် ကူးမလို့ ဆက်သွယ်ထားတယ်"

"အေးလေ ...အဲဒီလို အပြင်ပန်းအလှတွေ အဆင်အယင် တွေ၊ ပကာသနတွေ အလေးထားတဲ့ခေတ်ကြီးမှာ ငါတို့လိုခံယူချက် ယုံကြည်ချက်နဲ့ လူတွေအတွက်အောင်မြင်ဖို့ အခက်အခဲအဆီးအတား တွေများပေမဲ့ နင်တို့လိုဟာတွေအတွက် အလွယ်ကလေးပဲ။ အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ကောင်းဖို့ အဓိကကိုး''

"ကြီးကြီးကျယ်ကျယ် ခံယူချက်၊ ယုံကြည်ချက်တွေ ပြောမနေပါနဲ့ ဖိုးကျော်။ နှင့်ခံယူချက်၊ ယုံကြည်ချက်တွေက ထမင်းအိုးတည်လို့ မရပါဘူး။ ထမင်းအိုးမတည်နိုင်ရင် ဘုန်းကြီးဆွမ်းမလောင်းနိုင်တော့ ကုသိုလ်ရေးမှာလည်း သုံးလို့မရတော့ဘူး။

တို့အဖွဲ့တွေကတော့ ရောက်လေရာအရပ်မှာ ပရိသတ်ရဲ့ လက်ခုပ်သံတွေက ဖြောင်းဖြောင်းနဲ့ အကြိုက်တွေ့လို့ ဝင်ငွေရအောင်ရှာ ရတဲ့ဝင်ငွေထဲက တစ်ပွဲစာ ဘုရားကိုလှူ။ ကုသိုလ်လဲရ ဝမ်းလည်းဝ နှင့်မှာသာ အဲဒီခံယူချက် ယုံကြည်ချက်တွေ ကြီးကြီးကျယ်ကျယ်ပြောပြီး နပ်မမှန်ဖြစ်နေရတာ''

နောင်နောင်က သူ့လိုင်းဘက်က အောင်မြင်နေသလောက် ဝင့်ကြွားစွာ ပြောနိုင်သဖြင့် နောင်နောင့်လိုခံယူချက်မဲ့ သတ္တဝါ၊ ယုံကြည်ချက်အလေးအနက်မထားသူနှင့် ဖက်ပြိုင်ပြီး သူအငြင်းအခုံမလုပ်လိုတော့။

လေးနက်သော ဆွေးနွေးမှုများသည် တချို့လူတွေနဲ့မတန်ဟု သူထင်သည်။

❁ ❁ ❁

[ ၂ ]

□

နောင်နောင့်အောင်မြင်မှုတွေကလည်း အတော်မြန်ဆန်သည်။

နောင်နောင် ဗီဒီယိုရုပ်ရှင်လောကသို့ သူပြောသည့်အတိုင်း ရောက်သွားချေ။

အဆက်အသွယ်ကောင်းပြီး ကံကလည်းလိုက်သဖြင့် မိတ်ကပ် နောင်နောင်ဆိုသော နာမည်တစ်လုံး ရလာသည်။

နောင်နောင့်အခြေအနေ ပြောင်းပေမည့်သူကတော့ အခြေအနေမပြောင်း။ ဝတ္ထုကျောတွေ၊ ဆောင်းပါးတွေ၊ မဂ္ဂဇင်းဂျာနယ်တိုက်တွေ၊ တစ်တိုက်ဝင်တစ်တိုက်ထွက်၍ ခြေထောက်အားကိုးနှင့် ရန်ကုန်မြို့ကြီး ကတ္တရာလမ်းတွေပေါ်မှာ သူလျှောက်နေရတုန်း ရှိသေးသော်လည်း၊ နောင်နောင် ကားဝယ်စီးနိုင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုရုပ်ရှင်၊ ကြော်ငြာမင်းသမီးတွေကို လက်မလည်အောင် မိတ်ကပ်အလှတွေ၊ အဝတ်အထည်ဒီဇိုင်းတွေ ခြယ်မှုန်းဆင်နေသည့်ကြားမှ နာမည်ကြီးလူကုံထံ မင်္ဂလာဆောင်တွေမှာလည်း မိတ်ကပ်နောင်နောင် မပါမဖြစ် ဂုဏ်ဒြပ်တစ်ခုအဖြစ် ပါဝင်နေရသည်။

ထိုလူကုံထံအဆက်အသွယ်ဖြင့်ပင် ဂျပန်နိုင်ငံသို့ အလှဝန်တီးရှင် ပညာထပ်ယူရန် ခြောက်လကြာ ခရီးထွက်သွားရပြန်သည်။

သူကတော့ ပင်လယ်ရပ်ခြား ဂျပန်လိုနိုင်ငံ မပြောနှင့် မြန်မာနှင့် မြောက်ဘက်ကုန်းသွယ်တံခါးပေါက် တရုတ်ပြည်နယ်စပ်သို့ မရောက်ဖူးသလို တောင်ဘက်ကုန်းသွယ်တံခါးပေါက် မဲဆောက်သို့ပင် ခြေမချဖူးပဲ ရန်ကုန်မြို့၏ ကတ္တရာလမ်းတွေပေါ်မှာ မနသကြဲတိစက် ဖြစ်နေရသည်။

သို့နှင့် နောင်နောင် ဂျပန်ပြည်ကပြန်လာပြီး ခြောက်လလောက်အကြာမှာ သူ့ဇာတ်စာရေးတော်တစ်ဦးရဲ့ လုံးချင်းဝတ္ထု ဗီဒီယိုကားတစ်ကားရိုက်ရန် ကန်တော့ပွဲပေးအခမ်းအနားတစ်ခု၌ သူ့သူငယ်ချင်း မိတ်ကပ်နောင်နောင်နှင့် ဆုံဖြစ်ကြသည်။

"ဟယ် . . . မိုးကျော် . . . နင် အရင်အတိုင်းပါပဲလား"

"အေး . . . နင်ကတော့ အရင်နဲ့မတူဘူး။ ချစ်တီးရုပ် လျှော့ပြက်သလိုပဲ"

"အောင်မယ် . . . ငါ့ကိုယ်ပေါ်က ရွှေတွေစိန်တွေကိုကြည့်ပြီး နင့်ထုံးစံအတိုင်း မနာလိုဖြစ်ပြန်ပြီမဟုတ်လား။ နင်ကတော့လေ မတွေ့လိုက်နဲ့ တွေ့လိုက်ရင် ဒီလိုချည်းပဲ။ ငါက နင့်ကို မ,စမလို့စိတ်ကူးထားတာ"

"ငါက နင်တို့ကို မ,စနေတဲ့ ကိုယ်တော်ကြီးကိုယ်တော်လေး



တွေကို ကိုးကွယ်ပသတဲ့လူမှ မဟုတ်ပဲ။ နင်က ဘယ်လိုမ,စမလို့ စိတ်ကူးထားတာလဲ"

"ယင်ယင်တုန်းကလို ရိုတာတွေ ကလိတာတွေ လုပ်မနေနဲ့။ ငါ့မှာ အချိန်မရှိဘူး။ မိနစ်နဲ့အမျှ အလုပ်တွေက တန်းစီနေတယ်။ ဒီသောကြာနေ့မှာ ငါနေတဲ့အခန်းကိုလာခဲ့။ သောကြာနေ့ဆိုရင် ငါအလုပ်နားတယ်။ လာ . . . ညီမလေးရေ၊ မမကဒ်ကလေး ပေးလိုက်ပါဦး"

ဂျပန်ကပါလာသော နောက်ဆုံးပေါ် အလှပြင်သေတ္တာ ကောက်ကိုင်ကို တောင်ခနဲ နောင်နောင့်ညီမလေးဆိုသူက ဖွင့်ပြီး ရောင်စုံလိပ်စာကတ်ပြားလေးတစ်ခု ထုတ်ပေးသည်။ နောင်နောင့်ညီမလေး ဆိုသူမှာလည်း နောင်နောင်တို့လို အမျိုးအစား။

ဒီလိုအမျိုးအစားတွေ ပြန့်ပွားအောင် နောင်နောင်တို့ လက်ဆင့်ကမ်းနေသည်မှာ ဦးရေမည်မျှ ရှိလေမည်နည်း။

မဆိုစကောင်း ဆိုစကောင်း တိုင်းတစ်ပါးမှ ကူးကျော်လာ၍ ဖြစ်ကြမည်ဆိုလျှင် ထိုအမျိုးအစားတွေကို ဘယ်ထဲထည့်၍ သုံးရပါမည်နည်း။

နောင်နောင်နှင့်သူ အနေအထားချင်းအတူပေမဲ့ ငယ်သူချင်းညီအဖြစ်၊ အရေးတယူလည်းရှိနေသော နောင်နောင့်ကို အလေးထား၍ နောင်နောင်ချိန်းဆိုသော သောကြာနေ့တွင် မြို့လယ်ခေါင်ရှိ တိုက်ခန်းဆီသို့ သူရောက်သွားသည်။

နောင်နောင့်အခန်းမှာ ပထမထပ်တွင်ရှိနေပြီး ရှေ့ပိုင်းကို ဆိုင်ခန်းဖွင့်ထား၍ နောက်ဆုံးပေါ် ခေတ်မီအလှပြင်ကရိယာများနှင့် ဝန်ဆောင်မှုပြေးလျက်ရှိ၏။

သို့သော် ဝင်လိုက်သည်နှင့် လော်ပန်နံ့၊ အမွှေးနံ့အနံ့ရှင့်အတူ

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးတွေအူထွက်နေခြင်းက နတ်ကနားပွဲတစ်ခုကို ရောက်သွားသ ထင်ရသည်။

"ဟော ... မိုးကျော် ရောက်လာပြီလား။ ဒီနေ့ သောကြာ ဆိုတော့ ငါ့အလုပ်ကို ငါ့ညီမလေးတွေနဲ့ လွှဲပေးထားပြီး ငါက ငါ့အ မှာ ဧည့်ကို စောင့်ရှောက် မ,စနေတဲ့ ကိုယ်တော်ကြီးကိုယ်တော်လေ ကိုကြီးကျော်တို့ကို ထိုင်ကနားပေးနေရတယ်။ ကဲ ... ရောက်တု ဒံပေါက်စားသွားပါဦး။ ထိုင်တာတော့ တို့လိုပဲ ကော်ဇောပေါ်မှာထို ပေါ့"

ထိုင်စရာ ဆိုဖာကြီးတွေရှိပါလျက် နောင်နောင်ညွှန်ပြသ အတိုင်း နောင်နောင်တို့နည်းတူ သမံတလင်းပေါ်ခင်းထားသည့် ကော် ဇောပေါ် ထိုင်လိုက်ရသည်။ တော်ပါသေးသည်၊ နောင်နောင်ကိုးကွ သော အစိမ်းသေတွေကို မကန်တော့ရခြင်းက သူ့အဖို့ သက်သ လိုက်သည်။

ထိုအတွင်းခန်းကလေးမှာ ကျဉ်းသည်ဆိုပေမည်၊ နောင်နော ၏ လက်ရွေးစင်လူရင်းတွေနှင့် ပြည့်နေသည်။ ထိုအထဲမှာ အကယ်ဒ မင်းသား၊ တက်သစ်စမင်းသား၊ အကယ်ဒမီမင်းသမီး၊ တက်သစ် မင်းသမီး၊ ဒါရိုက်တာ ကုမ္ပဏီပိုင်ရှင်တွေ ပါသည်။ ထို့ထက် အံ့ဩစ ကောင်းသည်မှာ အရှေ့ဘက်ကတော်၊ အနောက်ဘက်ကတော် အ ကတော် ညကတော်တွေ ပါဝင်နေခြင်းပင်။

သူ့ကို လူရင်းအဖြစ် နောင်နောင်က ပွဲပြီးလျှင် ကုမ္ပဏီပိုင် ရှင်၊ ဒါရိုက်တာတွေနှင့် မိတ်ဆက်ပေးသည်။

ထိုမှတစ်ဆင့် ဇာတ်ညွှန်းရေးနိုင်ရန် အလုပ်ပါရှာပေးခဲ့သည် နောင်နောင်၏ ဆက်သွယ်ပေးမှုကြောင့် သူ ထိုနေ့က ဇာ





ညွှန်းရေးဆရာအလုပ် ရခဲ့သည်။ သူ့လွယ်လွယ်နှင့် ထိုသို့မမှန်းရဲ။ သူ့ အဆက်အသွယ်နှင့်သူတော့ ဟုတ်လို့ပါမဲလား။

ထိုနေ့က ပွဲသိမ်းညနေတိုင် သူမပြန်နိုင်သေး။ သူ့ရှေ့မှာချ ပေးထားသော ဒံပေါက်ထမင်းကိုပင် သူတစ်ဇွန်းတစ်လေ ကော်၍မစား။ ကိုကြီးကျော်ပွဲမှ ကြက်ကောင်လုံးကင်နှင့် ရှိုးဗားဗီစကီအကောင်းစား ပုလင်းဆီသို့ သူ့မျက်လုံးတွေ ရောက်နေသည်။

နောင်နောင်၏ ရွှေပွဲလာ ထိုင်ကနားအဖွဲ့များ ပြန်အသွား တွင် အကယ်ဒမီမင်းသားနှင့် အကယ်ဒမီဒါရိုက်တာ သူတို့လူယုံသား တပည့်လေးများနှင့် နောင်နောင့်အခန်းမှာ ကျန်ရစ်ခဲ့ကြသည်။

"ဟယ် ... မိုးကျော်၊ နင့်ရှေ့ကဒံပေါက်လည်း မစားပါလား။ ဘာလဲ ဒံပေါက်မကြိုက်လို့လား"

နောင်နောင့်အမေးကြောင့် သူအခက်တွေ့နေစဉ် အကင်းပါး သော အကယ်ဒမီဒါရိုက်တာကြီးက ဝင်ပြောမှ သူသက်သာရာရသွား သည်။

"နောင်နောင် ... နင့်သူငယ်ချင်းက စာရေးဆရာပီပီ ဒံပေါက် ကို စိတ်မဝင်စားဘူး။ ကိုကြီးကျော် ရှိုးဗားပုလင်းနဲ့ ကြက်ကောင်လုံး ကြော်ကို စိတ်ဝင်စားပုံရတယ်"

"အဲဒါဆို စာရေးဆရာကို စွန့်လိုက်လေ။ သူ့မှာလည်း အလုပ် ကိစ္စတွေ ရှိမှာပေါ့၊ သူပြန်ချင်ရင် ပြန်လို့ရတာပေါ့။ မနက်ဖြန်ကျမှ ဒါရိုက်တာကြီးနဲ့ ကုမ္ပဏီကြီးကို ချိန်းကြလေ"

အကယ်ဒမီမင်းသားက သူတို့အဝန်းအဝိုင်းမှာ သူစိမ်းဖြစ် နေသောသူ့ကို ပြန်စေချင်ပုံရသည်။ သူ နောင်နောင့်အခန်းမှာ ရှိမနေ စေရန် တမင်ပထုတ်နေမှန်း သူရိပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်ကလည်း သူ့လူတွေအထဲ ပေါက်ပါသည်။

ကိုကြီးကျော်၏ ဝိဇကိုပုလင်းနှင့် ကြက်ကြော်ကို အနေမြော အတွန့်အတိုမရှိ စွန့်၍ သူကိုပေးသည်နှင့် သူ မိနစ်ပင်မဆိုင်းပဲ အလိုက်သိစွာ ထွက်ခွာလာခဲ့သည်။

ဒါတောင်မှ နောင်နောင်သည် သူ၏ သူငယ်ချင်းကောင်းပီသစွာနှင့် အလုပ်ကိစ္စအတွက် ကုမ္ပဏီသို့ ဆက်ဆက်သွားရန် မှာလိုက်ပါသေးသည်။

✿ ✿ ✿

| ၃ |

❑

မျက်နှာအလှအပခြယ်မှုန်းသော မိတ်ကပ်ဖန်တီးရှင်သည် လူ ...စ်ယောက်၏ဘဝကိုလည်း လှပအောင် ဖန်တီးနိုင်စွမ်းသည်ဟု သူယုံ ...ည်ရလေပြီ။

မိတ်ကပ်နောင်နောင်သည် အမှန်တကယ်ပင် သူ၏ကျေးဇူးရှင် ...်လာခဲ့ချေပြီ။

ရိုးရိုးဝတ္ထုတွေ ရေးခြင်းထက် ဇာတ်ညွှန်းလိုင်းသို့ သူကူးလာ ...သာအခါ မူလကတည်းက စာရေးဆရာအဖြစ် နာမည်ရှိခဲ့သောသူကို ...ည် ကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ) ဗီဒီယိုရုပ်ရှင်လောက... ... စားအထင်ကြီးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောင်နောင့်အဆက်အသွယ်နှင့် ကုမ္ပဏီကြီးတွေက အလုပ်အပ်ခဲ့သည်။ ကုမ္ပဏီကြီးဆိုတော့ ငွေကြေးနိုင်သည်။

အကယ်ဒမီဒါရိုက်တာ၊ အကယ်ဒမီမင်းသား မင်းသမီးအားလုံး နာမည်ကြီးတွေနှင့် ရိုက်ရတော့ သူဇာတ်ညွှန်းရေးရသော ရုပ်ရှင်ဗီဒီယို၊ ဒီဗီဒီကားတွေမှာ နာမည်ကြီးပြီး 'ပေါက်ကား' တွေဖြစ်ခဲ့သည်။ 'ကျွဲကူးရေပါ' သူသည်လည်း နာမည်ရခဲ့သည်။

ဒါပေမဲ့ စာရေးဆရာဘဝမှလာရသော သူက သူဇာတ်ညွှန်းရေးရသည့် ဝတ္ထုဇာတ်လမ်းတွေကို မကြိုက်တာများသည်။

ဒါရိုက်တာ၊ သရုပ်ဆောင်မင်းသားတွေနှင့် ထိုက်စွာ အခြေအတင်မဖြစ်ပေမည့် မူရင်းလုံးချင်းဝတ္ထုရေးသော ပေါ်ပင်စာရေးဆရာလေးတွေနှင့် မကြာခဏ အခြေအတင်ဖြစ်ရသည်။

ဒါကို နောင်နောင့်ဆီ သတင်းတွေရောက်ရောက်သွား၍ နောင်နောင်က သူ့ကို ဖုန်းနှင့်လှမ်းဆက်သွယ်ပြီး ဖျောင်းဖျခဲ့သည်။

"ဖိုးကျော် ...အဓိကအလုပ်လုပ်နေတာ ငွေရဖို့ပဲ မဟုတ်လား။ ခု နင့်အခြေအနေကို ကြည့်စမ်း။ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ကိုယ်ပိုင်တိုက်နဲ့ တယ်လီဖုန်းနဲ့ တင့်တယ်တယ် ဖြစ်နေပြီမဟုတ်လား။ မကြာခင် နင်ကိုယ်ပိုင်ကားဝယ်စီးနိုင်တဲ့ အခြေအနေကို ရောက်တော့မဲ့ဟာပဲ။ သူတို့လိုချင်တာ အကုန်လုပ်ပေးလေ။ ဘာလို့သူတို့နဲ့ အခြေအတင် ဖြစ်နေမလဲ"

"မူရင်းရေးထားတဲ့ စာရေးဆရာမလေးရဲ့ဝတ္ထုက သဘာဝမှမကျပဲ။ မင်းသားက စိတ္တဇဝေဒနာသည်၊ သူ့ အိမ်သူအိမ်သားတွေဆိုရင် သူ့ စိတ်ဝေဒနာတွေဟာ ဖောက်ဖောက်လာတယ်။ အဲ ... မင်းသမီးနဲ့တွေ့ရင်တော့ တစ်ခါမှ စိတ်ဝေဒနာဖောက်လာတာကို မမြင်





ဘူး။

ဒါဆို မင်းသားဟာ တဏှာရူးအဖြစ် ပရိသတ်အထင် ရောက်သွားမှာပေါ့။ ဒါကြောင့် မင်းသမီးနဲ့တွေ့တဲ့အခါမှာ တစ်ကြိမ်တစ်လေလေး စိတ်ဖောက်ပြန်ပြတာလေး ထည့်ပေးဖို့ ကြိုးစားကြည့်တာပါ။ ဒါက စေတနာနဲ့လေ"

"အမယ်လေး ...မင်းသားကို တဏှာရူးအဖြစ် ပရိသတ်အထင်ရောက်မှာတွေ ဘာတွေ နင်စိုးရိမ်မနေပါနဲ့။ အဲဒီစာရေးဆရာမလေးက ပေါ်ပင်လုံးချင်းဝတ္ထုလိုင်းမှာ နာမည်ကြီးပဲ။ သူ့ဝတ္ထုကို ရိုက်ရင်ရောင်းရတာချည်းပဲဆိုတော့ အဲဒီစာရေးဆရာမလေးရဲ့ အညိုအညင်ကို ကုမ္ပဏီက နောက်ထပ်ဝတ္ထုမရမှာစိုးလို့ မခံနိုင်ဘူး"

"ဒါဆို မင်းသားနစ်နာမှာပေါ့"

"မင်းသားကလည်း ဒါတွေ ဂရုမစိုက်နိုင်ပါဘူး။ တစ်ကားပြီးတစ်ကားထွက်ဖို့နဲ့၊ တစ်ဆင်းပြီး (secne)တစ်ဆင်း ပေများများဝင်သွားဖို့ပဲ အရေးကြီးတယ်။ တစ်ခါတစ်လေ မနေ့က သူဘယ်မှာ ဘယ်လိုသရုပ်ဆောင်သွားမှန်းကို မှတ်ထားတာမဟုတ်ဘူး။ အင်တာဗျူးတွေ၊ အနုပ်ဇင်းတွေက လာလုပ်ရင်သာ သူက ဝတ္ထုဖတ်ပြီး သူနဲ့လိုက်မယ့်ဇာတ်ကောင်မို့ ရွေးရိုက်ရတာလေး ဘာလေး ရှိုးထည့်လွှတ်လိုက်တာပဲ။

အားလုံး လုပ်စားနေကြတဲ့ ကြားထဲမှာ နင်ကသဘာဝကျတာတွေ ဘာတွေ ဝင်လုပ်မနေနဲ့။ ဝတ္ထုတစ်ပုဒ်ကို သူတို့က စာရေးဆရာနာမည်ကြောင့် ကြိုက်တယ်လုပ်ရင် နင်လည်း အကြိုက်ဆောင်ပြီးရေးလိုက်။ ဒါရိုက်တာတောင် ကုမ္ပဏီက နောက်ထပ် သူ့ကို မငှားမှာစိုးလို့ ဘာမှဝင်မပြောတာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



နောင်နောင်က ထိုလောကသို့ သူ့ထက်စော၍ ရောက်နေ မို့ နောင်နောင်ပြောသည့်အတိုင်း ထိုလောက၌ မိုးခါးရေ မျှသောက် ရသည်။

သူနှင့် ကဗျာရေးဘက် စာရေးဘက် စာပေလိုင်းမှ ရုပ်ရှ ဗီဒီယိုလိုင်းသို့ အရင်ကူးဝင်လာသော '....'က ဆိုလျှင် ...

"ကိုယ့်လူ စာရေးဆရာလုပ်နိုင်ရင် စာရွက်တွေပေါ်ပြန်နေ ပြီး နေပေတော့။ တိတ်သားတွေ၊ ဖလင်တွေနဲ့ လာရှုပ်ပြီး ဇာတ်ညွှ ရေးဆရာ လုပ်မနေနဲ့။ ငါတို့ ဒွန်နီယာကြီးမှာ စာရေးဆရာစိတ်နဲ့ ဇာ ညွှန်းရေးဆရာစိတ် ခွဲခွဲခြားခြား ကွဲကွဲပြားပြားပဲ။

ငါတောင်မှ သဘာဝသရုပ်ဆောင်လုပ်ချင်တာ ခုဖြစ်နေ က လူတွေကို အတင်းဂလိထိုးရယ်ခိုင်းတဲ့ ဟာသရုပ်ဆောင်လုပ်နေ တာကြည့်။ အင်း ...ထမင်း ...ထမင်း ...အတင်းဘဝတွေ ပြောင်းပစ်တော့တာပါပဲကွာ ..."

စာပေသမားအချင်းချင်း ဘာသာရပ်တူတော့ သူတို့ကြုံ နေရသည့် ဘဝပေးသင်ခန်းစာလေးတွေကို ဆွေးနွေးခွင့်ရသည်။

သို့နှင့်ပင် သဘာဝမကျသော လောကကြီးအတွင်း မှ မတန်မှုတွေဖန်တီးရင်း အသက်မွေးဝမ်းကြောင်းခဲ့ရသည်မှာ ဆယ်စု တစ်ခုသို့ပင် တိုင်ခဲ့ပြီ။

သူနှင့်နောင်နောင်တို့မှာ ဗီဒီယိုရုပ်ရှင်လောက တစ်လော တည်းသားတွေ ဖြစ်သွားသော်လည်း လုပ်ငန်းချင်းမတူကြသဖြင့် အ တမ်း ဆုံကြရသည်မဟုတ်။

ထိုဆယ်စုနှစ်အတွင်းမှာ နောင်နောင်နှင့်ပတ်သက်၍ ခင် ခဲ့သော အကယ်ဒမီဒါရိုက်တာကြီးလည်း ခေတ်ပေါ်ရောဂါဆန်းနှင့် ကွ





လွန်သွားခဲ့ရှာပြီ။

ထိုဒါရိုက်တာကြီးမှာ လူပျိုကြီး ဖြစ်နေသည့်အတွက် သူ၏ နှစ်ဆယ်တစ်ရာစုရောဂါအတွက် မျိုးဆက်မကျန်ရစ်နိုင်ကောင်း၍ တော် သေးသည်ဟု ဆိုရမည်။ ဒါတောင်မှ သူမွေးစားထားသော လက်သင် တပည့်သားလေးတွေ ဘယ်နှယောက်များ ရောဂါအမွေပေးခဲ့သည် မသိ တန်ရာချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

တစ်နေ့သော ညနေချမ်းမှာအပြင် Out door အောက်မှ ထွက်ပြီး ကားရိုက်ကြရာမှ မိုးသည်းလာ၍ ရှူတင်ဖျက်ပြီး ရိုက်ကွင်းမှ သူတို့ပြန်ကြသည်။

ရိုက်ကွင်းပျက်၍ အချိန်ပိုလေးရသဖြင့် သူတို့အဖွဲ့ထိုင်နေကျ သမ္မတရုပ်ရှင်ရုံရှေ့ 'မြယမုန်' စားသောက်ဆိုင်မှာ စောစောစီးစီး ဝိုင်းဖွဲ့ ဖြစ်ကြသည်။

ထိုစဉ် သူငယ်ချင်း လူရွှင်တော်မင်းသား 'ဗေထုပ်' ရောက်ကြ သုတ်ပျာနှင့် ရောက်လာခဲ့သည်။





"ဟာ ... မိုးကျော် ... ငါနင့်ကို လိုက်ရှာနေတာ။ ရိုက်ကွင်း ကိုဖုန်းဆက်တော့လည်း မရ။ နင့်ဟန်းဖုန်းကို ဆက်တော့လည်း ပြင်ပ သို့ရောက်နေပါသဖြင့်ချည်းဖြစ်နေလို့ စိတ်ပျက်ပြီး ဒီရန်ကုန်မြို့ကြီးနဲ့ အလှမ်းကွာပြီး ဖုန်းဆက်လို့မရတဲ့ သမ္မတရုံရှေ့ မြယမုန်ကို တန်းလာ ခဲ့တာ"

"ဒီကောင်က စားသောက်မယ်ဆိုရင် သူ့ဟန်းဖုန်းကို ပိတ် ပိတ်ထားတာကိုး။ ဒါကြောင့် ဒီကောင့်ဟန်းဖုန်းထဲက ကောင်မလေး တြာခဏ မှသာဝါဒကံထိုက်နေတာ"

"အသံနဲ့ ငရဲရောက်တယ်ဆိုတာ ဒါမျိုးပေါ့"

ယမကာလေးဝင်နေကြတော့ သူတို့ဝိုင်း အာသွက်ခရေဇန်တွေ ဖြစ်နေကြတော့။

"ဘာလဲ ... ဗေထုပ် ... အရေးကြီးချင်ယောင်ဆောင်ပြီး နောက်မလို့မဟုတ်လား။ မပြောင်နဲ့၊ မနောက်နဲ့။ ဒါ ရှူတင်မဟုတ်ဘူး ယမကာဝိုင်း။ နင်ပြောင်လို့နောက်လို့ ဒီမှာ ဝိုက်ဆံမရဘူး"

"ငါ မနောက်ပါဘူးကွာ။ ခုဟာက ပြောင်စရာနောက်စရာမှ မဟုတ်ပဲ။ ဒါကြောင့် နင့်ကို မတွေ့တွေ့အောင် လိုက်ရှာနေရတာ။ ဒါ ပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ။ အရေးကြီးတဲ့စကားဆိုရင် မြန်မြန် ပြောလေ"

ဗေထုပ် ဝိုင်းထဲမှ ယမကာခွက်ကိုကြည့်၍ တံတွေးတစ်ချက် မျိုချရင်း ချည်ခြင်းတပ်စွာ စကားကို ဖြတ်ပြောသည်။

"ဒါပေမဲ့ ထုံးစံအတိုင်း အရင်တစ်ခွက်ပေး"

"ဒါပဲ ... ဒါပဲ ... ဒါနဲ့ပတ်သက်ရင် ဘယ်တော့မှ နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



ခံမယ့် လူစားမဟုတ်ဘူးဆိုတာ သိနေတယ်လေ"

"နောက်ကျတဲ့ပါးစပ် ဝေါ်ပြီလို့မှတ်တဲ့"

ကမ်းပေးသော ဖန်ခွက်ကိုယူ၍ မော့ချသည်။

"ဂွပ် ..."

"ဒါ ပုစွန်တောင်အရက်ခြောက ပိုင်းမဟုတ်ဘူး။ အနီပိုင်း ဆေး ရှင်ကိုမော့ မမော့နဲ့"

"တဲ ... ဟဲ ... ဟဲ တောတွေ ဘီအီးတွေနဲ့ အကျင့်ပါလာ လို့ပါကွာ။ 'ရှောက်သက်' မခွဲကြနဲ့လေ။ မင်းတို့က ခုမှ ကိန်းကြီးခန်း ကြီး လုပ်မနေကြနဲ့။ ဘဝမေ့တာလောက် 'ရှောက်မြင်' ကပ်တာ မရှိ ဘူး"

ပြောရင်း နောက်တစ်ခွက် ယူသောက်သည်။

"ဂွပ် ..."

"ဟူး ... စောစောက မိုးတွေစိုလို့ ချမ်းတုန်နေတာ ခု နွေးနွေးရှိန်းရှိန်း ပြန်ဖြစ်သွားတယ်"

"ဟေ့ ... ဖေထုပ်၊ စောစောကအရေးကြီးလို့ မိုးကျော်ကို လိုက်ရှာနေတယ်ဆို။ အရက်မြင်တော့ ဒါပေမဲ့ဆိုပြီး လိုက်ရှာရတဲ့ အကြောင်း မဆက်တော့ဘူးလား"

"ဟာ ... အဲဒါပြောမလို့။ မိုးကျော်သူငယ်ချင်း မိတ်ကပ် နောင်နောင် ဆုံးသွားလို့ကွ"

"ဟေ ..."

"ဟာ ..."

တစ်ဝိုင်းလုံး အံ့အားသင့်ကုန်သည်။ သူ့နှုတ်မှ အာမေဋိတ် အံ့ပင် ထွက်သွားရသည်။ သူပခုံးတစ်ဖက်မှာ အမြဲတမ်းလွယ်ထားသော





ဒွယ်အိတ်ကို စလွယ်သိုင်းပြင်လွယ်ကာ မိုးရေထဲထထွက်ရန် လှုပ်ရှား သည်အထိ ဖြစ်သွားရသည်။

"ဟေ့ ... မိုးကျော်၊ မင်းကချက်ချင်းကြီး ဘယ်ကိုထွက်သွား ဦးမလို့လဲ"

"နောင်နောင်သေတဲ့ဆီ"

"နေဦးလေ ...။ နောင်နောင်က ဆေးရုံကြီးမှာ သေတာ ... ဘယ်အထူးကုဆေးခန်းမှာ သေတာလဲ ... အိမ်မှာသေတာ ... ဘာမှမသိရသေးပဲ မင်းက ဘယ်လိုသွားမှာလဲ"

တစ်ယောက်ကလှမ်းပြောမှ သူသတိရပြီး ပြန်ထိုင်မိသည်။

"ဟော့ကောင် ... ဖေထုပ်၊ ဒီကိစ္စ နောက်ပြောင်နေရမယ့် ကိစ္စ မဟုတ်ဘူးနော်။ မိုးကျော်နဲ့နောင်နောင် ဘယ်လောက်ခင်ကြတယ် ဆိုတာ မင်းအသိပဲ"

လှကျော်နေက ဝင်ဟန့်သော်လည်း ဖေထုပ် မှုပျက်မသွား။

သည်တော့မှ ဖေထုပ်သည် သရုပ်ဆောင်ရာတွင် အပြောင် အချက်လုပ်သည်မဟုတ်ပဲ အမြင်မှာလည်း ခပ်တည်တည် နောက်ပြောင် နေ့ရှိသည်ကို သူ အမှတ်ရလိုက်သည်။ ယင်းကြောင့် နောက်ပြောင် တာပဲဖြစ်ပါစေလို့ သူ ဆုတောင်းမိ၏။

သို့သော် ဖေထုပ်ထံမှ ထပ်မံ၍ကြားရသော စကားက သူ့ ဆန္ဒ ဆုတောင်းမပြည့်နိုင်တော့ကြောင်း သူလက်ခံရတော့သည်။

"တကယ်ဆုံးလို့ ဆုံးတယ်ပြောတာပေါ့ကွာ။ ငါ့ဘဝ တကယ် ဆိုးပါလားကွာ။ အမယ်လေး ... အမေရေ အမေ့သား လူရှင်တော် သင်စားကာမှ တကယ်အတည်ပြောတာကို ရယ်စရာနောက်ပြောင်ပြော တယ်လို့ ထင်ကြတယ်ဗျာ။ အမေ့သားအချောအလှလေး ကံဆိုးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မျှာ။ အဟီး ... ဟီး ... ဟီး ... ပေးစမ်းတစ်ခွက် ... ဝမ်းနည်း
လွန်းလို့"

မေထုပ်လုပ်ပုံက သူ့အဖို့ မယုံရဲရဲ ယုံရဲရဲ ဖြစ်နေရတော့
သည်။

နောက်ဆုံးတော့ နောင်နောင် တကယ်ပင်ဆုံးကြောင်း သူ
အလောင်းကိုပင် သူဆေးတက်ကုရာ အထူးကုဆေးရုံမှ ရေဝေးအ
တိုက်သို့ ချက်ချင်းပို့လိုက်ပြီဖြစ်ကြောင်း အတည်သိရှိလိုက်ရတော့သည်။

"မင်းတို့ ယုံချင်လည်းယုံ မယုံချင်လည်းနေ၊ ငါနဲ့ကားမှ
နေတဲ့ အကယ်ဒမီမင်းသားက နောင်နောင်ရဲ့ ကနားပေးဘက်
ကွာ။ ခု ... သူ့ရောဂါအရ ချက်ချင်းသေ ချက်ချင်းသဂြိုဟ်ပဲ။ ည
လေးနာရီမှာ သဂြိုဟ်မယ်လို့ မင်းသားဆီက ငါသိရလို့ ဖိုးကျော်
မတွေ့တွေ့အောင် လိုက်ရှာရတာ။ ဖိုးကျော်နဲ့ နောင်နောင်က ငယ်
လင်မယားတွေလို့ မဟုတ်လားကွ"

"ဟာ ... ဒါဆို ဖိုးကျော်ကိုလည်း နောင်နောင့်ဆီက ရော
ပိုးကူးမကူး ဆေးစစ်ရလိမ့်မယ်။ ဖိုးကျော် ကိုယ့်ခွက်နဲ့ကိုယ်သော
ငါတို့ခွက်မကိုင်နဲ့"

"ဒီလိုခွက်ကိုင်ရုံနဲ့ အဲဒီရောဂါ ကူးစက်တယ်ဆိုရင် သူမိတ်
ပြင် အလှဆင်ပေးရတဲ့လူတွေ သူ့လက်နဲ့ထိလို့ ရောဂါပိုးတွေ ကူး
ခံရပြီပေါ့နော်။ အိုး ... ဘုရားသခင်ကာကွယ် စောင့်ရှောက်တော်မူ

သူတို့ ယမကာရှိန်နှင့် လျှောက်ပြောနေကြသည်ကို သူ
နေသူ နောင်နောင့်အတွက် မခံချင်စိတ်တွေပင် ဝင်သွားရသည်။

"မင်းတို့ကွာ ... စိတ်မကောင်းစရာကြားမှာ တော
မြောက်ပြောတွေ ထင်ကြေးနဲ့ ပြောမနေကြစမ်းပါနဲ့။ ခုမှသဂြိုဟ်





အောင် ရေဝေးသုသာန်ကို သွားကြမယ်။ လိုက်ချင်တဲ့လူ လိုက်ခဲ့
ကွာ။ ငါကတော့ မသွားမဖြစ် သွားရမယ်။ နောင်နောင်ဟာ ငါ့ငယ်သူ
ငယ်ချင်းဖြစ်သလို၊ ငါ့ရဲ့ကျေးဇူးရှင်လည်း ဖြစ်တယ်ကွာ"

သည်တော့မှ မေထုပ်နှင့်လှကျော်နေတို့ပါ ရှိမနေကြတော့
ဘဲ သူနှင့်အတူ ယမကာဝိုင်းဖျက်ပြီး ရေဝေးသုသာန်သို့ ထွက် လိုက်ခဲ့
ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၅ |

သူတို့ကားကလေး ရေဝေးသုသာန်သို့ ရောက်သွားတော့ အချိန် မမိတမိလေးဖြစ်သည်။

နောင်နောင့်ရုပ်ခန္ဓာကို မီးသဂြိုဟ်စက်ထဲထည့်၍ မီးဖိုတံခါး ပိတ်လိုက်ချိန်ဖြစ်ကာ အလောင်းကို ကြည့်ခွင့်ပင်မရလိုက်ချေ။ မီးသဂြိုဟ် စက် မီးခိုးခေါင်းတိုင်မှ ငွေ့ငွေ့ထွက်လာသော မီးခိုးငွေ့ကိုသာ သံဝေ ယူ၍ တမြေ့မြေ့လွမ်းရုံသာ ရှိတော့သည်။

ထိုစဉ် တစ်စုံတစ်ယောက်က သူ့လက်ထဲသို့ ယပ်တောင် ကလေးတစ်ချပ် လာ၍ပေးသည်ကို သတိရလိုက်သည်။





"ချက်ချင်းပဲ စီစဉ်လိုက်ရတော့ အပေါင်းအသင်း မိတ်ဆွေ တွေကို အကြောင်းမကြားလိုက်နိုင်ဘူး"

ယပ်တောင်ပေး၍ ပြောနေသူမှာ နောင်နောင်၏ ညီမလေး သောက်ျား ဖြစ်နေသည်ကို တွေ့ရသည်။

ယပ်တောင်ကလေးကို မှိုင်းမှုန်သော အကြည့်ဖြင့် ယူကြည့်မိ ပြန်သည်။

"ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ၊ ကန္တားစီး၊ မိတ်ကပ်နောင်နောင်"

"ကျွန်တော့်ယောက်ဖအတွက် တစ်ခုဝမ်းနည်းတာက သူက သာ တခြားလူတွေကို ရဟန်းခံ သင်္ကန်းစည်းပေးခဲ့ပေမဲ့ သူကိုယ်တိုင် သင်္ကန်းစည်းမသွားနိုင်တာပဲ"

ထိုစကားကိုကြားတော့ သူနှင့်အတူရှိနေသော ဗေထုပ်ဆီမှ အလျှင်စလို စကားစုတစ်ခု ဘရိတ်ပေါက်သလို ခုန်ထွက်သွားသည်။

"သူ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းစည်းလို့ ဘယ်ဖြစ် မလဲ။ ဘုန်းကြီးကျောင်းမှာက ..."

"ဟော့ ...ဗေထုပ်၊ ဘာဝမ်းနည်းစရာတွေ ပြောဦးမလို့လဲ။ အားလုံး ပူဆွေးသောက ရောက်နေကြတာကွ။ လာ ...ပြန်ကြမယ်"

လှကျော်နေ အချိန်မီ တားဆီးလိုက်၍သာ ဗေထုပ်စကား ဘရိတ်ဆက်၍ မပေါက်မိပဲ ဖြစ်သွားသည်။

ဒါတောင်မှ ပြောစရာလေးစကားရှိလျှင် အကြွေးမထားတတ် သော ဗေထုပ် ကားပေါ်ပြန်ရောက်၍ သူတို့အချင်းချင်းပဲရှိစဉ် မပြော ဖြစ်လိုက်သော စကားကို ပြန်ဆက်သည်။

"နောင်နောင်က ယောက်ျားဖြစ်ပေမဲ့ မိန်းမစိတ်ပေါက်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘုန်းကြီးကျောင်းသွားပြီး သက်န်းစည်းလို့ ဘယ်ဖြစ်မလဲ။ ဘုန်းကြီးကျောင်းမှာက ယောက်ျားတွေချည်း သင်္ကန်းစည်းနေကြတာ"

"မဆိုင်တာကွာ။ မင်းဟာလေ ဗေထုပ်ဆိုတဲ့အတိုင်း အလကား ခေါင်းအရှုပ်ခံပြီး စဉ်းစားတယ်။ ဒီလမ်းက မင်းအိမ်နဲ့နီးတယ်၊ မင်းရုပ်ကွက်ပဲ။ မင်း ငါတို့ကိုလိုက်တိုက်"

"အေး ... ငါလည်း မြယမုန်မှာ မဆတ်တင့်နဲ့ ထလိုက်လာရတာ။ ငါ့အိမ်မှာ ငါးရှဉ့်ဟင်းရှိတယ်။ အိမ်မှာ လိုက်သောက်ကြ"

"အိုး ... ဒီအစီအစဉ်ဟာ ဒီနေ့အဖို့ အကောင်းဆုံး အစီအစဉ်ပဲ။ ဖိုးကျော် ... ဗေထုပ်အိမ်ကိုပဲ မောင်းကွာ။ ဗေထုပ်မိန်းမက သဘောကောင်းတယ်ကွ။ သူ့ယောက်ျား အိမ်မှာသောက်ရင် သဘောကျတယ်"

သူ ဗေထုပ်အိမ်သို့ ကားကို မောင်းလိုက်ရသည်။

စိတ်ထဲမှာကား နောင်နောင်နှင့်ပတ်သက်၍ ဗေထုပ် အမှတ်မထင်ပြောလိုက်သော စကားက ထွက်မသွား။

"မိန်းမစိတ်ပေါက်တဲ့လူ ဘုန်းကြီးကျောင်းသွားပြီး သင်္ကန်းစည်းလို့ ဘယ်ဖြစ်မလဲ"

ဒီစကားလုံးတွေက အမှတ်မထင်ဆိုပေမည့် နောင်နောင်တို့လို လူမျိုးတွေအတွက် အလေးအနက်ထားတွေးရမည့် စကားတွေဖြစ်နေသည်။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊
မနုဿတ္တဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ၊
ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော ..."

စိတ်ကူးသစ်စာပေ



"လောက၌ ဘုရားသာသနာ၌လည်း ကြုံရခဲ၏။ လူအဖြစ်ကိုလည်း ရခဲ၏။ သဒ္ဓါစိတ်, ယုံဖိတ် မှန်ကန်မြဲမြံခဲ၏။ လယ်ယာမြေကောင်း၌လည်း မျိုးစေ့မှန်စွာ ကြဲရခဲ၏။ တရားဓမ္မ အစစ်အမှန်တို့ကိုလည်း ကြားနာရခဲ၏"

"ထိုအရာအားလုံးတို့သည် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းနေသည့် အခါအခိုက်တွင်သာ ရရှိထိုက်သော အခွင့်အလမ်းပေတည်း"

ရခဲအပ်သော ဒုလ္လဘတရားကို ကားမောင်းရင်း သူဆင်ခြင်မိသည်။

ခု ... သူ့သူငယ်ချင်း နောင်နောင်သည် လူအဖြစ်ကိုလည်း ရပါ၏။ ကိုရင်, ရဟန်း၊ ပဉ္စင်းအဖြစ် စည်းနိုင်ရန် ယောက်ျားဝင်စစ်ကန်ဖြစ်ခဲ့ပါ၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်၌လည်း ကြုံခဲ့ပါ၏။

သို့သော် ဗုဒ္ဓဘာသာယောကျ်ားတို့၏ အမြတ်ဆုံး အခွင့်အရေးဖြစ်သော သင်္ကန်းစည်းနိုင်ခွင့် အခွင့်အရေးကို ရအောင်မယူနိုင်ရှာသွားသည်မှာ အတိတ်ကံဝိပါက ဝဋ်ကြွေးများ ပါလာခဲ့သည်လား။ သူသည် သူ့တစ်ပါးကိုသာ သင်္ကန်းစည်းပေးပြီး ရဟန်းဒကာပြုခဲ့သည်။

"ဟော့ ... ဟော့ ... ဖိုးကျော်၊ ဘာတွေစဉ်းစားလာတာလဲ။ ဗေထုပ်အိမ်ရှေ့ ရောက်ပြီလေကွာ။ ဘရိတ် ... ဘရိတ် ..."

လှကျော်နေ့ သတိပေးလိုက်မှ ကားကို ရပ်လိုက်ရသည်။ ဒါတောင်မှ ဗေထုပ်တို့ခြံကို အနည်းငယ်လွန်လာသောကြောင့် နောက်ပြန်ဆုတ်ပြီး ကားရပ်လိုက်ရသည်။

ဗေထုပ်၏မိန်းမ မသေးမျှင်ကား သူ့လင်တော်မောင် ရုပ်ချောအော့ကြောလန်နှင့် အပေါင်းအသင်းများကိုမြင်တော့ ပျာပျာသလဲကြိုဆိုရှာသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကိုပေ၊ ရှင် မူးလာလို့ လိုက်ပို့ရပြန်ပြီလား"

"ဟာ ... ဘယ်က မူးလာရမှာလဲ။ နောင်နောင့်အသုဘာပို့ပြီး ပြန်လာတာ စိတ်ညစ်လို့ ခံစားပြီး ခုမှ တို့သူငယ်ချင်းတွေ နောင်နောင့် အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ သောက်ကြမလို့ကွ"

"ရှင်တို့မှာလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ စိတ်ညစ်ပြီး သောက်ရတာနဲ့၊ ဝမ်းသာလို့ဆိုပြီး စိတ်ပျော်ပြီး သောက်ရတာနဲ့ အိမ်မှာသောက်ရင် အရင်တစ်ခါကလို မဆူကြနဲ့နော်။ ရှင်တို့ပြန်ရင် ကျွန်မတို့ပဲ နာမည်ပျက်ပြီး ကျန်ရစ်ခဲ့တာ"

"အေးပါဟာ ... ငါတို့မဆူပါဘူး စိတ်ချပါ။ ပေထုပ်က ဆိုင်မှာသောက်ရင် ငွေကုန်မှာစိုးလို့ တို့က ထိန်းပြီးခေါ်လာရတာ။ ဒီတစ်ခါ ဝမ်းနည်းတဲ့ အထိန်းအမှတ် ပါးစပ်ပိတ်ပြီးသောက်မှာပါ"

"ဟော့ကောင် ... လှကျော်နေ၊ ပါးစပ်ပိတ်ပြီး ဘယ်လိုသောက်မှာလဲ။ မင်းဟာက မျက်လုံးပိတ်ပြီး အိပ်ကြည့်စမ်းပါလို့ ကြောင်တောင်တောင်မလုပ်နဲ့။ ကဲ ... မိန်းမ ဖန်ခွက်တွေချ၊ ပုလင်းထုတ်။ ပြီးတော့ မနက်ကချက်ထားတဲ့ ငါးရှဉ့်ဟင်းချ"

"ငါးရှဉ့်တော့မရှိဘူး ကြွက်ပဲရှိတယ်"

"ဟာ ... ကြွက်ဆိုတော့ ကောင်းတာပေါ့။ ခုလိုအချိန်မှာ လယ်ကြွက်ရှားတယ်။ ဘယ်ကရတာလဲ"

"မဟုတ်ပါဘူးကွာ ...။ ငါ့မိန်းမက ငေါ့ပြောတာဟ။ မိုးတွင်းကြီး လယ်ကြွက်ဘယ်ကရမှာလဲ။ ငါ့စာအုပ်တွေ လာလာကိုက်ပြီး ဖျက်ဆီးတဲ့ အိမ်ကြွက်တွေကို ငါကြွက်ထောင်ချောက်နဲ့ ထောင်ဖမ်းထားလို့ မိနေတာကို မင်းတို့ကို ပြည်းခိုင်းမလို့ပြောတာ။ မိန်းမ အဲဒီလိုတော့ မလုပ်နဲ့ကွာ၊ မြန်မြန်ကြော်လိုက်။ မူးမှ ဒီကောင်တွေကိုချကြွေး





သိလား"

ပေထုပ်တို့လင်မယား ထုံးစံအတိုင်း ပါးစပ်လေ့ကျင့်ခန်း ဆင်းပြီး စေတနာအပြည့်နှင့် ညှော်ခံကြသည်။

အရက်ကလေး ခပ်ထွေထွေနှင့် ပေထုပ်က သူ့ထုံးစံအတိုင်း ဒွေဖောက်သည်။

"နောင်နောင်နဲ့ပတ်သက်ပြီး ဒီအထဲမှာ ဖိုးကျော်ကို နောင်နောင်က အခင်ဆုံးသူငယ်ချင်းဆိုတော့ နောင်နောင့်ဝိညာဉ် ဖိုးကျော်နဲ့ အတူတူကပ်ပါလာသလားမသိဘူး။ ငါ့မျက်လုံးထဲမှာ ဖိုးကျော်မျက်နှာဟာ နောင်နောင့်မျက်နှာကြီး ဖြစ်နေတယ်ကွ"

ပေထုပ်၏ ထိုသို့အပြောမျိုးကို သူကအကြောင်းသိမို့ မဖြုန်းသော်လည်း လှကျော်နေကပါ သူ့မျက်နှာကို လှမ်းကြည့်ပြီး ...

"အဲ ... ဟုတ်ပ ... ဟုတ်ပ၊ ငါလည်း အဲဒါပြောမလို့။ ခုနေးက ထွက်လာကတည်းက ဖိုးကျော်မျက်နှာအစား နောင်နောင့်မျက်နှာကြီး မြင်မြင်နေရတယ်"

"နောင်နောင့်မျက်နှာ မြင်ရမှာပေါ့၊ နောင်နောင်နဲ့ဖိုးကျော်ဟာ လင်မယားလိုချစ်ကြတဲ့ သူငယ်ချင်းတွေလေ"

"ဟော့ကောင် ... ပေထုပ်နဲ့ အစုတ်ပလုပ် လှကျော်နေ၊ မင်းတို့ငါ့ကို ကြောက်မယ်ထင်ပြီး နောက်သလိုနဲ့ ခြောက်နေကြတာလား"

"ဟာ ... နောက်လည်းမနောက်ဘူး၊ ခြောက်လည်းမခြောက်ဘူး။ မင်းမျက်နှာကြီးကိုက ဖိုးကျော်မဟုတ်တော့ဘူး နောင်နောင့်မျက်နှာကြီး။ ဟော့ ... မိန်းမ, မသေးမျှင်ရယ် လာပါဦး။ ဖိုးကျော်မျက်နှာကြီးဟာ နောင်နောင့်မျက်နှာကြီးအဖြစ် ပြောင်းမနေဘူးလား။ မင်းကော တို့အထဲမှာ ကြားလူအမှန်ပြောနော်"



www.burmeseclassic.com

www.burmeseclassic.com



ပေထုပ်နှင့် မသေးမျှင်တို့ လင်မယားနှစ်ယောက်က တော်တော် အတိုင်အဖောက် ညီကြပုံရသည်။ မသေးမျှင် အိမ်ထဲမှ ထွက်လာပြီး အခန်းဝမှနေ၍ သူ့မျက်နှာကိုကြည့်ကာ ...

"ဟာ ... ဟုတ်ပါရဲ့။ ကိုဖိုးကျော်မျက်နှာက နောင်နောင့်မျက်နှာကြီး"

ပါးစပ်မှလည်း ပြောရင်း ထိတ်လန့်ကြောက်ရွံ့သွားဟန်ဖြင့် မကြည့်ရဲသလို အိမ်ခန်းထဲ အမြန်ပြန်ဝင်သွားသည်။

"နောင်နောင်ရေ ... ငါတို့ကိုချစ်ရင် ဒီလိုမကြည့်စားပါနဲ့ကွာ ငါတို့ကြောက်လွန်းလို့ပါ။ အိမ်မှာလည်းမနေခဲ့နဲ့ ကြောက်လန့်ပြီး ငါ့ကလေးတွေ ဖျားနာကုန်ပါဦးမယ်။ ဖိုးကျော်ပြန်ရင် မင်းအချစ်ဆုံး ဖိုးကျော်နဲ့သာ လိုက်သွားပေတော့"

သူတို့ အတည်ပေါက်နှင့် လုပ်နေတော့ သူပင်လျှင် သူ့ကိုယ်သူ သံသယတွေ ဝင်လာခဲ့သည်။ ဒါပေမဲ့ သူက အရက်ရှိန်နှင့် ဟန်လုပ်ရသည်။

"ဟေ့ ... ပေထုပ် အစုတ်ပလုပ်ကောင်။ ငါ့ကို ကြောက်တတ်တယ်ထင်ပြီး မင်းတို့ ဝိုင်းပြီး ခြောက်နေတာလား။ ဘယ်ရမလဲ ငါ မကြောက်တတ်ဘူးကွ။ အဲဒီအတွက် ပေးစမ်းနောက်တစ်ခွက်"

ဟာ ... နောင်နောင် တော်ပြီ။ အဲ ... ဖိုးကျော် တော်ပြီ။ မင်းက ကားမောင်းရမှာလေကွာ။ မောင်းရင် ကြောက်နဲ့။ အဲ ... အဲ ... မှားပြန်ပြီ မောင်းရင် မမူးနဲ့လေကွာ။ တို့အသက်တွေက မင်းလက်ထဲမှာ"

လူတော်နေစကားကြောင့် သူ ဆက်မသောက်ဖြစ်တော့။

ထိုနေ့က သူပင် အားလုံးကို အိမ်တိုင်ရာရောက် ကားရှိသူ





သူငယ်ချင်းတို့ထုံးစံအတိုင်း မသဒ္ဓါရေစာမောင်း၍ ပို့ခဲ့ရသည်။

ထိုနေ့က အိမ်ပြန်ရောက်၍ အိပ်ရာဝင်စဉ် ပေထုပ်စကားကိုစွဲပြီး နောင်နောင်သည် သူ့အိပ်မက်တွေထဲကို ရောက်လာသည်။

"သူငယ်ချင်း ... မင်းနဲ့ငါအချစ်ဆုံးမို့၊ ငါအခု နေစရာမရှိလို့ မင်းနဲ့လာနေပါရစေကွာ"

နောင်နောင် သူ့ကို အသနားခံမျက်နှာကလေးနှင့် ပြောရှာသည်။ နောင်နောင့်ကို သူခင်မင်ပေမည့် နောင်နောင်သေသွားပြီဟူသော အသိနှင့် ထိတ်လန့်ချောက်ခြားနေသည်။

"အို ... ဘာလို့ ငါနဲ့နေရမှာလဲ။ မင်းက သေပြီ။ မင်းနဲ့ငါ ဘဝခြားနေပြီ။ မင်းဘာသာမင်း ရေစေးမှာပဲနေ။ ငါ့ကို လာမရှုပ်နဲ့"

သူ့ အိပ်မက်ထဲမှာ ယောင်ယမ်း၍ အော်ဟစ်လိုက်မိသည်။ အိပ်ရာကလည်း လန့်နိုးလာခဲ့သည်။

ညက သူ့သူငယ်ချင်းတွေကို ကားနှင့် လိုက်ပို့ပေးခဲ့ရသဖြင့် သူည်ဉ့်နက်မှ အိမ်ပြန်ရောက်ပြီး အိပ်ရာဝင် နောက်ကျခဲ့ရသည်။

အိပ်ရာထဲဝင်တော့ မျက်လုံးတွေ ကြောင်နေသဖြင့် ဗီဒိုထဲမှာ လိုရမည်ရသိမ်းထားသော အရက်ပုလင်းကိုယူ၍ အိပ်ဆေးအဖြစ် နှစ်ပက်ခန့်သောက်ပြီး အိပ်လိုက်ရသည်။

ဒါတောင်မှ ပေထုပ်၏စကားတွေ သူ့နားထဲမှာ ပြန်ကြားနေပြန်သည်။

"နောင်နောင့်ဝိညာဉ် ဖိုးကျော်နဲ့ ကပ်ပါလာသလားမသိဘူး။ ငါ့မျက်လုံးထဲမှာ ဖိုးကျော်မျက်နှာဟာ နောင်နောင်မျက်နှာကြီး ဖြစ်နေတယ်ကွ"

ပြီးတော့ လူကျော်နေ၏ အသံ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . ဟုတ်ပါ့။ ငါလည်း အဲဒါပြောမလို့။ ရေးဝေးကထွက်လာကတည်းက ဖိုးကျော်မျက်နှာအစား နောင်နောင့်မျက်နှာကြီး မြင်မြင်နေရတယ်"

အဲဒီအသံတွေကြားက . . .

ဗေထုပ်မိန်းမ မသေးမျှင် အိမ်ထဲမှထွက်လာပြီး အခန်းဆီမှနေ၍ သူ့မျက်နှာကြီးကြည့်ကာ . . .

"ဟာ . . . ဟုတ်ပါရဲ့။ ကိုဖိုးကျော်မျက်နှာက နောင်နောင့်မျက်နှာကြီး . . ."

ပြောရင်း ကြောက်ရွံ့သွားဟန်ဖြင့် မကြည့်ရဲသလို အိမ်ခန်းထဲ အမြန်ပြန်ဝင်ပြေးသွားသည့် မြင်ကွင်းတွေ . . .။

ဒါတွေကို နားထဲမှာ ကြား၊ မျက်လုံးထဲမှာ မြင်ပြီး အိပ်ရာထဲရောက်ခဲ့လို့ နောင်နောင့်ကို သတိရစိတ်စွဲပြီး ထိုသို့သောအိမ်မက်တွေ မက်ခဲ့လေသည်လားဟူသော သံသယစိတ်ဖြင့် လန့်နိုးလိုက်၊ အိပ်ပျော်သွားလိုက် ဖြစ်နေခဲ့ခြင်းကြောင့် မနက်နေမြင့်မှ အိပ်ရာက လန့်နိုးလာခဲ့သည်။

ဒါတောင်မှ ရိုးရိုးနိုးလာခြင်းမဟုတ်။ မိုက်ကွင်းမှ ရွတင်ကားလာခေါ်သည်ဟု သူ့အိမ်သားတစ်ယောက် အခန်းအပြင်မှ တံခါးခေါက်နှိုး၍ သူနိုးလာခြင်းဖြစ်၏။

သူနိုးနိုးချင်း စားပွဲတင်နာရီကို ကြည့်လိုက်တော့ မနက်ကိုးနာရီ သုံးဆယ်မိနစ်။ ထိုမှ . . .

သူ မျက်နှာတစ်ချက် ပျက်သွားသည်။

သူ့နှာခေါင်းထဲကို အပုပ်နံ့တစ်ခု ဝင်ရောက်လာသောကြောင့် ဖြစ်၏။





အို . . . တကယ့် အပုပ်နံ့ပါပဲ။

နာရီကိုကြည့်နေရာက နာရီဒိုင်ခွက်မမြင်ရတော့ပဲ သေသွားသည့် နောင်နောင်မျက်နှာကြီးကို လှမ်းမြင်နေရပြန်သည်။

အပုပ်နံ့က နောင်နောင်မျက်နှာကြီးဆီသို့ သူ့အား ဆွဲခေါ်သွားပြန်သည်။

နာရီဒိုင်ခွက်သည် နောင်နောင်၏ကိုယ်လုံးနှင့် မဆန့်၍လားသိ။

နောင်နောင့်ခေါင်းကြီးပဲ ပေါ်နေသည်။

ဟုတ်ပါသည်။ နောင်နောင့်ခေါင်းကြီးပါပဲ။

ခေါင်းကြီးမှ ခေါင်းပြတ်ကြီး။

ဟာ . . . ခေါင်းပြတ်ကြီးရဲ့ ပါးစပ်ကြီးကလည်း လှုပ်လို့ပါသား။

"သူငယ်ချင်း . . . မင်းနဲ့ငါ အချစ်ဆုံးမို့ . . . ငါအခု နေစရာမှာလို့ မင်းနဲ့ငါ လိုက်နေပါရစေကွာ"

သူအခန်းထဲမှာ ဆက်နေ၍ မဖြစ်တော့။

မျက်နှာကိုပင် မသစ်နိုင်တော့ အခန်းထဲမှ မြန်မြန်ထွက်မှဖြစ်မည်။

နောင်နောင် . . . မင်း . . . မင်း . . . အခန်းထဲမှာ နေခဲ့။ နေခဲ့စမ်းကွာ . . . နေခဲ့စမ်း။

သူ ထိုအခန်းနှင့်ဝေးရာသို့ ပြေးမှဖြစ်တော့မည်။

အပုပ်နံ့ဆိုတာ လူသေကောင်တွေဆီက ရတတ်တာမျိုး။

အလှအပ အမွှေးနံ့သာတွေ လူတွေကို ခြယ်မှုန်းဆင်သတတ်သော နောင်နောင်၊ သူ့ရဲ့ အသုဘမ,သာရုပ်အလောင်းကို အခုတော့



www.burmeseclassic.com

www.burmeseclassic.com



အမွှေးနံ့သာတွေ မခြယ်မှုန်း မဆင်သ,သွားနိုင်တော့ပါပဲလား။

အပုပ်နံ့တွေနဲ့ နောင်နောင်။ ပုပ်နေတဲ့ နောင်နောင်။

မင်းအခန်းထဲမှာပဲ နေခဲ့၊ နေခဲ့ပါတော့။

သူ ဓာတ်ညွှန်းဖိုင်ထည့်ထားသည့် လွယ်နေကျ လွယ်အိတ်ကြီးကို အလျင်အမြန် ကောက်လွယ်ပြီး အိပ်ခန်းတံခါးဖွင့်၍ ထွက်လိုက်သည်။

အခန်းအပြင်သို့ ရောက်သည့်တိုင် နောင်နောင့်အပုပ်နံ့က ပြယ်မသွား။

သူ့နောက်ကို လိုက်လာနေဆဲ ရှိသေးသည်။

သူ စိတ်ကို တင်းသည်။

ထိုစဉ် ကုမ္ပဏီမှ ရှုတင်မန်နေဂျာက မျက်နှာလိုမျက်နှာ သူ့ဆီလျှောက်လာပြီး ကြိုပြန်သည်။

"အာစရိ ... ညကများသွားလို့ အိပ်ရာထနောက်ကျ ... အဲ ... အဲ ... အဲ့ဒီအာစရိကိုယ်က ပုပ်စော်နံပါလား"

"ဟင် ... ပုပ်စော် ဟုတ်လား ... မင်း ... မင်းလည်း နောင်နောင့်အနံ့ကို ရပြန်ပြီလား။ နောင်နောင့်ရဲ့ မသာအပုပ်နံ့ နောက်ကို လိုက်လာပြီပေါ့လေ"

သူရုပ်ပြီး ရုတ်တရက် နှာခေါင်းကို ရှုံ့ချည်ပွချည် လုပ်ပြီး ရှူရှိုက်မိသည်။ အို ... သေချာပါပြီ။ ခုမှ အပုပ်နံ့တွေ ပို၍ စူးပြင်းလာသည်။

ဒါ ... ဒါဆို ...

"နောင် ... နောင် ... မင်း ... မင်း ... ငါ့နောက် လိုက်မလာနဲ့လေ။ အခန်းထဲမှာ နေခဲ့။ လိုက်မလာနဲ့ ... လိုက်မလာနဲ့ ... လိုက်မလာနဲ့ ..."





သူ အပုပ်နံ့ကြောင့် သွေးပြတ်လုခမန်း ဟစ်အော်ပြီး လဲကျသွားတော့သည်။

နောက်တစ်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားသော သူ့အလောင်းကို သူ့သူငယ်ချင်းတွေ စိတ်ထိခိုက်စွာနှင့် ရေဝေးသုသာန်သို့ ပို့ဆောင်ကြရပြန်သည်။

ထိုအထဲမှာ စိတ်အထိခိုက်ဆုံး အကြေကွဲဆုံး ခံစားရတာက သူ့သူငယ်ချင်း လူရွှင်တော်ဇေထုပ် ဖြစ်သည်။

လှကျော်နေတို့လို တခြားလူငယ်ချင်းတွေ မျက်ရည်ကျတာထက် သူက ပိုကျသည်။ နှုတ်တွေလေးပြီး အာစေးအထည့်ခံရသလို ဖြစ်နေခဲ့ပြီ။

"ငါ ... အနောက်လွန်သွားတယ် သူငယ်ချင်းရယ်။ မင်းအမြဲတမ်းလွယ်တတ်တဲ့ လွယ်အိတ်ထဲကို နောင်နောင်အသုဘချတဲ့နေ့က ငါ့အိမ်မှာ အရက်သောက်ကြရင်း ကြွက်ထောင်ချောင်ထဲမှာ မိပြီး သေနေတဲ့ ကြွက်သေကို ငါတိတ်တိတ်ကလေး မင်းမသိအောင် ထည့်လိုက်မိတာကို ငါ နောင်တရလို့ မဆုံးပါဘူးကွာ။ ငါ့ကိုယ်ငါလည်း ခွင့်လွှတ်နိုင်တော့ပါဘူး"

သည်စကားတွေကို ဇေထုပ် ဘယ်လိုများ ဖွင့်ဟ၍ ပြောနိုင်စွမ်းတော့ပါမည်နည်း။ ။

ကျော်မင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



❑

အောက်တွင်ဖော်ပြမည့် ဖာတ်လမ်းကလေး ပေါ်ပေါက်ခဲ့သည့် အချိန်က ကြာခဲ့ပါပြီ။ ကျွန်ုပ်သည် ဘိုကလေးမြို့နှင့် အတော်ဝေးသော မြို့တစ်မြို့တွင် အလုပ်ရ၍ မိန်းမရကာ ဘိုကလေးမြို့သို့ နှစ်နှစ်မှာ တစ်ခေါက် သုံးနှစ်မှတစ်ခေါက် တစ်ခါတစ်လေ ငါးနှစ်လောက်မှ တစ်ခေါက်သာ ရောက်သည်။

နှစ်ပေါင်းအတော်ကြာပြီဖြစ်၍ ဘိုကလေးမြို့က မိတ်ဆွေသူငယ်ချင်းများပင်လျှင် အဝေးသို့ ရောက်နေကြသူများ၊ မြို့မှာမနေကြသူများ ကွယ်လွန်ကြသူများ စသည်ဖြင့် တစ်ယောက်ပြီးတစ်ယောက် ပျောက်ကုန်ကြပြီ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လွမ်းရောက်သော်လည်း တစ်ခါတစ်ရံ ဖုန်းအဆက်အသွယ် နှင့် အပေါင်းအသင်းများ၏ မာကြောင်းသာကြောင်း မေးရသည်။ ကျွန် ၏ စာပေမျိုးစေ့ကို ချပေးခဲ့သော ဘိုကလေးမြို့အား ကျွန်ုပ်၏ အ တစ်သက်တာတွင် မေ့မရ။ ထို့ကြောင့် သူငယ်ချင်းများကို သတိရတိ ဘိုကလေးမြို့ကို ပြန်ဖြစ်သည်။

ကျွန်ုပ် ဘိုကလေးမြို့ကိုလွမ်းကြောင်း ရှည်လျားစွာ ရေး နေခြင်းမဟုတ်ပါ။ ကျွန်ုပ်ဘိုကလေးမြို့ကို ပြန်ရင်း အပြန်ခရီးမှာ ကျွန် ၏ ထူးဆန်းသော မော်တော်ကားဇာတ်လမ်းကို ရခဲ့သောကြောင့် စကား သန်းနေခြင်းဖြစ်ပါသည်။ (ဤကားစကားချပ်)

ကျွန်ုပ် လိုရင်းကို ဆက်ပါမည်။ တစ်ခုသောမိုးရာသီ၏ တစ် တွင်ဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေ ဗဟိုတရားရုံးရှေ့နေ ဦးတင်ဝင်းအောင် က ကျွန်ုပ်အား ဘိုကလေးမြို့အတူပြန်ကြရန် အဖော်စပ်သည်။ လည်း ဘိုကလေးသားဖြစ်သော်လည်း မရောက်သည်မှာ ငါးနှစ်ခန့်ရှိ ဖြစ်သောကြောင့် ကျွန်ုပ်နှင့်အတူသွားကြရန် အဖော်စပ်သည်။

ဤသို့ဖြင့် သူအားသောရက်နှင့် ကျွန်ုပ်အားသောရက် ညှိ ကာ အဆင်ပြေသောနေ့တစ်နေ့တွင် ဘိုကလေး-ရန်ကုန် နေ့သင်္ဘော ကြီးစီးကာ ပြန်ခဲ့ကြသည်။ ဘိုကလေးကိုရောက်တော့ မတွေ့ကြ ကြာပြီဖြစ်သော သူငယ်ချင်းများအိမ်တွင် တစ်ယောက်တစ်လှည့် အ ကာ ငယ်ကြောင်းနှောင်းဖြစ်များ ပြောကြ၊ လက်ဖက်ရည်ဆိုင်ထိုင် ပျော်ကြပါးကြ ငယ်ဘဝကလေးတွေ ပြောကြနှင့် အချိန်ကုန်ခဲ့ကြ သုံးရက်မြောက်သောနေ့တွင် 'ထော်ပိုင်' ဟူသော သင်္ဘောကြီးကိုစီး ပြန်ခဲ့ဖြစ်ကြသည်။ ရန်ကုန်သို့ နံနက် (၃း၃၀) ခန့်တွင် သင်္ဘော သည်။





ကျွန်ုပ်လည်း အိမ်သို့ (ကက) ငှားစီးကာ ပြန်ရန်ရည်ရွယ်၍ တစ်စီးငှားလိုက်သည်။ အသက် (၅၀) ဝန်းကျင် လူကြီးတစ်ဦး ဖြစ်သည်။ စကားပြော ဖော်ရွေသည်။ ဥပဓိရုပ် ကောင်းသည်။ ကားငှား လည်း သူများတကာတွေလို မတန်မဆ မတောင်းသောကြောင့် ကားကို ငှားလိုက်သည်။

ကျွန်ုပ်၏ တိုလီမိုလီ အထုပ်အပိုးများကို သင်္ဘောပေါ်မှ ပိုင်း ၍ သယ်ပေးသည်။ သူ့ကို အကူအညီမတောင်းသော်လည်း သူ့အသိ သူ ပိုင်းသယ်ခြင်းဖြစ်သည်။ သင်္ဘောပေါ်မှ ပန်းထမ်းအလုပ်သမား ကာ သိပ်မကြည်သော်လည်း သူက ...

"ဟေ့ ... ဒါ ငါ့ညီ၊ နယ်ကပြန်လာတာကွ။ ငါ့ညီပစ္စည်း သယ်တာ ဘာဖြစ်မလဲကွ"

ဟု ဆိုသောကြောင့် အားလုံး ငြိမ်သွားကြသည်။ မိတ်ဆွေ ပေါင်းအသင်းလည်း ပေါဟန်တူပါသည်။ ပန်းထမ်းအလုပ်သမားက ၊ ရှာဖွေရေးအလယ်၊ ရဲအမှုထမ်းအားလုံး သူအကုန်သိသည်။ သူ့ နှုတ်ဆက်ကြသည်။ နောက်ကြပြောင်ကြသည်။ ကျွန်ုပ်ကလည်း ကဲ့သို့သော လူမျိုးကို သဘောကျသောကြောင့် ငှားခြင်းဖြစ်သည်။

နောက်တစ်ချက်က ထိုကဲ့သို့သော (ကက) မောင်းသည့်လူ ၏ ကားပေါ်တွင် တစ်စုံတစ်ရာ မေ့ကျန်ခဲ့ပါက ပြန်၍ရရန် လမ်းစ သောကြောင့်ဖြစ်သည်။ (ဤကား စကားချပ်)

ကားမောင်းထွက်လာသည်နှင့် သူ့ကားအခြေအနေကို ကျွန်ုပ် သဘောကျသည်။ စက်နှိုးလိုက်သည်နှင့် ဒေါက်ဆို ဂူးခနဲဖြစ်သည်။ စက်သံက ညက်နေသည်။ ကားကိုလည်း သန့်ရှင်းအောင် သုတ် သည်။ ထုံးစံအတိုင်း ကျွန်ုပ်က အတွေ့အကြုံရှာချင်သူပီပီ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ။ ။ "ဆရာကြီးရဲ့ကားစက်သံလေးက ညက်နေတာပဲ"

ကားဆရာ ။ ။ "ညက်ဆို ကျွန်တော်က ကားကို ရှိသေတာကိုး ကားမောင်းလာတဲ့ နှစ်ပေါင်းကလည်း မနည်းတော့ ကားအသံ ကျွန်တော်က သိနေတာ။ ကားမောင်းနေပေမဲ့ နားကို စွင့်ထားတာ ကားထဲ အသံတစ်ခုခုကြားရင် ချက်ချင်း အမြေရှာတော့တာ။

စက်သံကအစ ပုံမှန်ရှိရဲ့လားဆိုတာ အမြဲနားစွင့်နေတာ။ လမ်း တောင် ကောင်းမှလိုက်တာ။ လမ်းမကောင်းရင်တော့ မအားဘူးရှေ့ လိုက်တာ။ ဆရာ့အိမ်ပို့မယ့်လမ်းက ကောင်းလို့လိုက်တာ ဆရာရေ့"

ကျွန်ုပ် ။ ။ "ဒါပေါ့ဗျာ ...။ ဘာပစ္စည်းမဆို ရှိသေရင် ကြာ ကြာသုံးရတာပေါ့။ ပစ္စည်းဆိုပေမဲ့လည်း အရိပ်တကြည့်ကြည့်လုပ်နေရ အပျက်အစီးနည်းတာပေါ့။ ဆရာကြီးက ကားမောင်းတာ ဘယ်လောက် ကြာပြီလဲ"

ကားဆရာ ။ ။ "အနှစ် (၂၀) ကျော်ပါပြီ။ ဒါပါနဲ့ဆို ကားခြောက် စီးကျော်ကိုလည်း လုပ်ကျွေးခဲ့သေးတယ်။ မြတ်လည်း မြတ်သေးတယ်။ ကျွန်တော့်လက်ထဲရောက်လာတဲ့ ကားမှန်သမျှကတော့ ပြန်ရောင်းရင် တန်ဖိုးတက်လာတာပဲ။ အဲ ... ဒါပေမဲ့ ကားစမောင်းတုန်းက ပါပလေကား လေးတစ်ခုပဲ မရောင်းချင်ရောင်းချင်နဲ့ ပြန်ရောင်းလိုက်ရလို့ မမြင် လိုက်ဘူး။ အရင်းအတိုင်းပဲ။ ဒါပေမဲ့ ခြောက်လလောက်တော့ လုပ် ကျွေးသွားပါသေးတယ်"

မိုးပွိုင့်တစ်ခုမှာ ကားရပ်သွားသည်။ ကျွန်ုပ်က သူ့မျက်နှာ ကို အမှတ်တမဲ့ ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းက စာတ်တိုင်မှ မီးရောင်နှင့်အတူ သူ့မျက်ဝန်းက ခပ်ဝေးဝေးတစ်နေရာကို တွေးနေ မှန်း ကျွန်ုပ်သဘောပေါက်မိသည်။ သူ့စကားထဲမှာလည်း 'ကားစမောင်း





တုန်းက ပါပလေကားကလေးတစ်ခုပဲ မရောင်းချင်ရောင်းချင်နဲ့' ဆို သော စကားကို ကျွန်ုပ် စိတ်ဝင်စားမိသည်။

ကျွန်ုပ် ။ ။ "ဘာဖြစ်လို့လဲဗျ။ ဆရာကြီးစကားထဲမှာ မရောင်း ချင် ရောင်းချင်နဲ့ ရောင်းလိုက်ရတယ်ဆိုတော့ ထူးဆန်းနေသလားလို့"

ကားဆရာ ။ ။ "ထူးဆန်းနေသလားဆိုတော့ ထူးဆန်းနေလို့ပါဗျာ။ ဆရာ စိတ်ဝင်စားသလားမသိဘူး"

ကျွန်ုပ် ။ ။ "ဟာ ... ဘယ်နည်းပြောပါလိမ့်။ ထူးဆန်းတာဆို ကျွန်တော်လည်း စိတ်ဝင်စားတာပဲ"

ကားဆရာ ။ ။ "ဒါဆိုရင် ကျွန်တော်ဆက်ပြောမယ် ဆရာ။ ဒီလို ဆရာရေ့ ...။ ကားအကြောင်းမပြောခင် ကျွန်တော့်ဘဝအကြောင်း ကို အရင်ပြောမှ ဆရာ လိမ့်ပတ်လည်မယ်။ ကျွန်တော် ကားမောင်း လာတာ အနှစ် (၂၀)ကျော်ပြီ။ ကျွန်တော်ကားမမောင်းခင်က မိဘလုပ်စာ ထိုင်စားပြီး ပေတေနေတာ။

ကျွန်တော် တက္ကသိုလ်မှာ ဒုတိယနှစ်အောင်တဲ့အထိ နေဖူး တယ်။ ဒုတိယနှစ်မပြီးခင်မှာ မိန်းမရပြီး ကျောင်းကထွက် အလုပ်လုပ် မယ်ဆိုတော့ ဘာမှ မလုပ်တတ်မကိုင်တတ်နဲ့ တစ်နှစ်လောက်မိဘကို ဒုက္ခပေးနေသေးတယ်။ ဒါပေမဲ့ ကံကောင်းချင်တော့ သဘော်သား ကျွန် တော့်အစ်ကိုကြီးက ...

"မင်း အလကားမနေနဲ့၊ မိန်းမလည်း ရပြီ။ အလုပ်လုပ်ဖို့ သင့်ပြီ။ မင်းကို ကားတစ်စီးဝယ်ပေးမယ်။ မင်းမောင်းပေတော့။ ဒါပေမဲ့ နေ့စဉ်နေ့တွက်တော့ မှန်မှန်အပ်ရမယ်။ ပိုတာ မင်းယူ"

ဆိုပြီး ပါပလေကားလေး ဝယ်ပေးတယ်။ နံပါတ်အနက်ပေါ့ ဆရာရယ်။ အော်ဒါလိုက်တာပေါ့။ အဲဒီခေတ်က တစ်သိန်းခွဲပေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားကလည်း အသစ်နီးပါးသန့်တယ် စီးတာတင်းနေတာပဲ။ တစ်နေ့ တစ်ရာပဲပေးရတယ်။ တစ်နေ့မှာ အိမ်နားကဘုန်းကြီး အရုပ်ဆွမ်း ကပ်ဖို့ဆိုပြီး ကျွန်တော့်ကားကို လာငှားတယ်။ ဘုန်းကြီးငါးပါးပင့်ဖို့ နံနက်စောစော လေးနာရီခွဲလောက်ထပြီး ပြင်ဆင်ထားတယ်။

အဲဒီ ကျွန်တော့်ကားကလေးဟာ ဘယ်လောက် အကျင့်ကောင်းသလဲဆိုရင် ဝယ်လာပြီးကတည်းက တစ်ခါမှ ခက်ခက်ခဲခဲ စက်မနှိုးရဘူး။ ဒေါက်ခနဲဆိုရင် ဂူးခနဲပဲ။ ဘုန်းကြီးပင့်မယ့် လူတစ်ယောက်နဲ့ ဘုန်းကြီးကျောင်းကို သွားကြတယ်။ ကျောင်းဝိုင်းထဲမှာ ကားစက်ရပ်ပြီး အဲဒီလူက ကျောင်းပေါ်တက် ဘုန်းကြီးပင့်နေတယ်။

ဘုန်းကြီးတွေနဲ့ ကျောင်းပေါ်က ဆင်းလာတာလည်း တွေ့ရော ကျွန်တော်က အဆင်သင့်ဖြစ်အောင် ကားစက်နှိုးထားတယ်။ ဝါတော်ကြီးကြီးတစ်ပါးက ကျွန်တော့်ခေါင်းခန်းမှာ လာထိုင်တယ်။ ကျန်တဲ့ ဘုန်းကြီးတွေက နောက်ခန်းကိုတက်တယ်။ ထူးဆန်းလိုက်တာ ဆရာရယ် ဘုန်းကြီးတွေလည်း ကားပေါ်တက်ရော စောစောကနှိုးထားတဲ့ စက်က အလိုလိုရပ်သွားတယ်။

ကျွန်တော်လည်း တတ်သရွေ့မှတ်သရွေ့ ဟိုကလိ ဒီကလိ လုပ်ကြည့်တယ်။ ကားမောင်းကာစဆိုတော့ မပြင်တတ်ဘူးပေါ့ ဆရာရယ်။ ကားက လုံးဝမနှိုးဘူး။ အဲဒါနဲ့ လက်လျှော့ပြီး ကားငှားတဲ့လူကို တောင်းပန်းရတာပေါ့ ဆရာရယ်။ အဲဒီလူလည်း မျက်နှာမကောင်းပဲ ကျောင်းပြင်ထွက် ဆိုက်ကားသုံးစီးကို ခက်ခက်ခဲခဲငှားပြီး ဘုန်းကြီးတွေကို ပင့်သွားရတယ်။

မိုးထိန်ထိန်လင်းမှ ကျွန်တော်လည်း မက္ကင်းနစ်တစ်ယောက် ကိုခေါ်လာပြီး ပြကြည့်တော့ သူစက်နှိုးလိုက်တာနဲ့ ကားက ဒေါက်ဆို





ဂူးခနဲပဲ။ သူလည်း အံ့သြနေတယ်။ ခင်ဗျားကားက ဘာမှ[illegible]တဲ့။ ကျွန်တော်လည်း မယုံလို့ စက်ရပ်ပြီး ကျွန်တော်ကိုယ်တိုင် [illegible]ကြည့်တော့ အကောင်းပဲ။ ကျွန်တော်လည်း အံ့သြသွားတယ်။ အဲဒီက [illegible]စပေါ့ ဆရာရယ်။

တစ်ခါက လေဟာပြင်ဈေးမှာ ကားရပ်ထားတုန်း မိသားစု [illegible]စ်ယောက်ရှစ်ယောက်လောက်ရှိမယ် ထင်တယ်။ တောကတက်လာ [illegible]ပုံပါပဲ။ ရွှေတိဂုံဘုရား သွားချင်တယ်ဆိုလို့ လိုက်ပို့ပါတယ်။ တောင် [illegible]မုခ်မှာ သူတို့ဆင်းပြီး ကားစက်တောင် မရပ်ရသေးဘူး ဘုန်းကြီး [illegible]စ်ပါးက လာငှားတယ်။ အလှူအတွက် ရွှေတိဂုံဘုရားဈေးက သင်္ကန်း [illegible]ရိက္ခရာတွေတင်ပြီး သီတာဆိပ်ကိုသွားမှာပါ။

ကျွန်တော်လည်း ကားစက်မရပ်သေးပဲ ပရိက္ခရာဆိုင်က လူ [illegible]စ်ယောက်အကူအညီနဲ့ ပစ္စည်းတွေ ကားပေါ်ပိုင်းတင်တယ်။ အဲဒီ [illegible]ချိန်မှာ ဘုန်းကြီးက ကားတံခါးဖွင့်ပြီး ကားပေါ်တက်ထိုင်လိုက်ရော [illegible]က စက်ရပ်သွားပါလေရောဗျာ။ ကျွန်တော်လည်း ကားပေါ်တက် [illegible] စက်နှိုးတယ်။ လုံးဝ နှိုးမရတော့ဘူး။

အဲဒီတော့ ပစ္စည်းတွေပြန်ချပြီး အနားကကားတစ်စီး ငှား [illegible]လိုက်ရတယ်။ ဘယ်တော့မှ ဒုက္ခပေးလေ့မရှိတဲ့ကားက အခုမှ ဘာ [illegible]ရပါလိမ့်ပေါ့။ ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေတုန်း [illegible]နားကကျွန်တော့်လိုဘဲ အငှားလိုက်တဲ့ ကားဆရာတစ်ယောက်က [illegible]န်တော့်အဖြစ်ကိုတွေ့ပြီး သူလည်း တတ်သရွေ့ မှတ်သရွေ့ လုပ်ပေး[illegible]ယ်ဆိုပြီး ကားစက်နှိုးကြည့်လိုက်တယ်။ အဲဒီတော့ ကားက ဒေါက် [illegible]ပဲဗျာ။ ကျွန်တော်လည်း အံ့သြသွားတယ်။

ဘာများလုပ်လိုက်လို့လဲလို့ ကားပြင်တဲ့လူကို မေးကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဘာမှတောင် မလုပ်လိုက်ရသေးပါဘူးတဲ့။ ကျွန်တော်လည်း ဒီကားကို မောင်းသာမောင်းနေရပေမဲ့ စိတ်ထဲမှာ သိပ်တော့ မသက်သာဘူး ဆရာရေ။ အင်မတန်သန့်ကောင်းတဲ့ ကျွန်တော့်ကားဟာ အခုလိုမျိုးဖြစ်တာ နှစ်ခါရှိပြီဆိုတော့ တိုက်ဆိုင်တာကတော့ မဖြစ်နိုင်ဘူးလို့ စိတ်ထဲမှာ သံသယရှိနေတယ်။

နောက် တစ်လလောက်နေတော့ တစ်ရက်မှာ အဲဒီနေ့က မိုးသဲသဲမဲမဲ ရွာနေတဲ့နေ့။ ကျွန်တော်က သာကေတကို လူတစ်ယောက်နဲ့ ကုန်စိမ်းခြင်းတောင်းကြီးပို့ပြီး ပြန်လာတော့ ဒီနေ့က ရာသီဥတုမကောင်းဘူး နားဦးမယ်လို့စိတ်ကူးပြီး သာကေတတံတားကြီးမရောက်မီ ဝါးဆိပ်မှတ်တိုင်နားလောက်မှာ ထီးဆောင်းပြီး မိုးရေတွေစိုရွှဲနေတဲ့ ဘုန်းကြီးတစ်ပါးက လှမ်းတားတယ်။

"ဒကာကြီးရယ် ဘုန်းကြီးမိုးမိနေလို့ နေကလည်း သိပ်မကောင်းဘူး။ ပုဇွန်တောင်ထဲက ....ကျောင်းတိုက် လိုက်ပို့ပေးပါ"

ဆိုတော့ ကျွန်တော်လည်း ဒုက္ခရောက်နေတာကို ကူညီချင်တာနဲ့ ...

"တက်ပါဘုရား"

ဆိုပြီး ကားတံခါး ဖွင့်ပေးလိုက်တယ်။ အဲဒီအချိန်မှာ ကားစက်ကို ရပ်မထားဘူးနော်။ ဘုန်းကြီးလည်းထိုင်ရော ကားစက်က ရပ်သွားရော။ အဲဒီတော့မှ ကျွန်တော့်ကားအကြောင်းကို ကျွန်တော် သတိရတယ်။ ကျွန်တော် သတိရတဲ့အချိန်မှာ ငါတော့ မှားပြီဆိုတာ သဘောပေါက်သွားတယ်။

ကူညီချင်ပေမယ့် ကျွန်တော့်ကားအကျင့်က အဲဒီလိုမျိုးရှိနေ



BURMESE CLASSIC .com



တော့ ဘုန်းကြီးကိုတောင်းပန်ပြီး ဆိုက်ကားတစ်စီး ငှားစီးလိုက်ရတယ်။ နောက်ပြီးတော့ ကားစက်ကိုပြန်နှိုးတော့ ကားစက်က အကောင်းပဲဆရာ။ အဲဒီတော့ မထူးဆန်းဘူးလားဆရာ"

ကျွန်ုပ် ။ ။ "ဆန်းပါ့ဗျာ၊ ဆန်းပါ့"

ကားဆရာ ။ ။ "ဒီကားအကျင့်ကို သိနေတော့ ကားဝယ်ခဲ့တဲ့ ကျွန်တော့်အစ်ကိုကြီးကို ဒီအကြောင်းပြောပြမိတယ်။ ဒီကားက အစ်ကိုကြီးဝယ်တုန်းက ဘာသာခြား အသိတစ်ယောက်ဆီက ဝယ်လိုက်တာတဲ့။ သူတို့လည်း အခုမရှိတော့ဘူး နိုင်ငံခြား ပြန်သွားပြီတဲ့။ သူတို့လက်ထက်တုန်းက ဘာတွေလုပ်ထားခဲ့တယ် ဆိုတာကတော့ ကာယကံရှင်တွေပဲ သိမှာပေါ့နော်။

ကားကလေးက အကျင့်ကောင်းပေမဲ့ ဒီလိုမကောင်းတဲ့ ညာဉ်ဆိုးကလေးတစ်ခုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးနဲ့ မသင့်တော်ဘူးထင်တယ်နော် ဆရာ။ အဲဒီကားလေးကို ခြောက်လလောက်မောင်းပြီးတော့ ပြန်ရောင်းပစ်လိုက်တယ်။ အရင်းအတိုင်းပဲ။ ခြောက်လလောက်တော့ လုပ်ကျွေးသွားသေးတယ်လို့ ပြောရမှာပေါ့"

ကျွန်ုပ် ။ ။ "ဆရာကြီးကားစီးရတာ ဗဟုသုတရတယ်ဗျာ။ ဆန်းဆန်းပြားပြားလည်း ကြားရတယ်။ ရှေ့ကလမ်းကြားထိပ်က အိမ်က ကျွန်တော့်အိမ်ပဲ"

အိမ်ရှေ့မှာ ကားရပ်သံကြားသည်နှင့် ကျွန်ုပ်၏ဇနီး မရွှေနုက အိပ်မှုန်စုံမွှားနှင့် တံခါးလာဖွင့်သည်။

ကားဆရာ ။ ။ "အချိန်မရတော့လို့ ဆရာ။ နောက် ဒီထက်ဆန်းတဲ့ အတွေ့အကြုံတွေ ပြောချင်သေးတယ်။ ဆရာတို့လို စာရေးဆရာတွေကိုပြောရတာ အများကြီး အကျိုးရှိတယ်။ ဒီအကြောင်းလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာ့အတွက် ဇာတ်လမ်းကလေးတစ်ပုဒ် ရနိုင်ပါတယ်နော်"

ကျွန်ုပ် အံ့ဩသွားပါသည်။ လမ်းတစ်လျှောက်လုံး သူပြောတာတွေကို ဂရုစိုက်နားထောင်လာပြီး တစ်ခါမှလည်း သူ့ကို ကျွန်ုပ်သည် စာရေးဆရာပါလို့ မပြောခဲ့သော်လည်း သူက ကျွန်ုပ်အား စာရေးဆရာလို့ သိနေခြင်းကို အံ့ဩနေခြင်းဖြစ်ပါသည်။

ကျွန်ုပ် ။ ။ "ဆရာကြီးပြောတာ ဇာတ်လမ်းတစ်ပုဒ်ရပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ စာရေးဆရာလို့ ပြောနိုင်တာလဲ။ ကျွန်တော်ကလည်း တစ်ခါမှ မပြောခဲ့ပါဘူး"

ကားဆရာ ။ ။ "အငှားကား နှစ် (၂၀) ကျော် မောင်းလာမှတော့ ဆရာကိုင်ထားတဲ့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံအိတ်ကြီးကို မြင်ကတည်းက သိပါတယ်။ စကားပြောပုံဆိုပုံ အကဲခတ်ရုံနဲ့လည်း ဆရာဟာ စာရေးဆရာဆိုတာ သိပါတယ်"

ကျွန်ုပ် ။ ။ "လေးစားပါတယ်ဗျာ။ အခု ဆရာကြီး ကျွန်တော့်အိမ်ကို မှတ်မိပြီမဟုတ်လား။ နောက်လမ်းကြုံရင် ဝင်ခဲ့ပါဗျာ။ ဆရာကြီးကားနံပါတ် ကျွန်တော် မှတ်ထားပါတယ်။ နောက် အေးအေးဆေးဆေး ဆရာကြီးဆီက ဇာတ်လမ်းတွေ ကြားချင်ပါသေးတယ်"

ကားဆရာ ။ ။ "သွားပြီ ဆရာရေ၊ နောက်လမ်းကြုံရင် ဝင်ခဲ့ပါ့မယ်"

ကျွန်ုပ်သည် ဆရာကြီးပြောသော ဇာတ်လမ်းက ခေါင်းထဲတွင်စီထားကာ စာတစ်ပုဒ်အဖြစ်ရေးထုတ်ရန် အကြံနှင့် ကားထွက်သွားရာနောက်သို့ ငေးကြည့်နေမိသည်။ ထိုအခါ အိမ်မှန်တံခါးနှင့် ထွက်လာသော ဇနီးသည်မရွှေနုက ...

မရွှေနု ။ ။ "ဘယ်ကကားသမားနဲ့ ဘယ်လိုသိလာပြီး စကားတွေ ပြောနေနေတာလဲ။ အပြင်မှာ မှောင်နေတယ်။ အထဲဝင်လေ"

ကျွန်ုပ် ။ ။ "အော် ... အေး ... အေး"

မရွှေနု ။ ။ "ရောက်ရာနေရာ အသိတွေများတယ်။ အခု ဘယ်က ကားသမားနဲ့ သိလာတာလဲ။ တော်ကြာ လမ်းကြုံလို့ဆိုပြီး ဝင်လာလို့ ထမင်းကျွေးနေရဦးမယ်"

ဇာတ်လမ်းကိုရေးရန် တွေးနေသော ကျွန်ုပ်က မရွှေနုအား ထုံးစံအတိုင်း ...

ကျွန်ုပ် ။ ။ "မင်းမသိပါဘူးကွာ"

မောင်မြင့်မား (ဘိုကလေး)





BURMESE CLASSIC .com

www.burmeseclassic.com